
ရွှေအာရုဏ်
design : bo bo htoon

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၈၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၂၁၀၄၀၇
ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ ဇွန်လ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (ဖိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ရွှေအညာသိ

# မုန်းရခက်သူ



ဖိုးမိုးစာပေ

## အခန်း (၁)

"ကိုကို"

"ဟာ…လန့်လိုက်တာကွာ၊ ဒီကောင်မလေး"

ဘုန်းခော်ဟာန် အလန့်တကြား ဖြစ်သွားသဖြင့် သက်ထားကို မကျေမနပ်ပုံစံနှင့် မော့ကြည့်လာသည်။ သက်ထားကလည်း မမှု။

အလုပ်အားရက်မို့ တစ်ခါတလေ အိမ်ပြန်လာခိုက်မှာ ခါတိုင်းလို မောင်နှမနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေရမလား အောက်မေ့ကာမှ စာအုပ်ကြီးရှေ့ချကာ အတွေးလွန်နေရသော အစ်ကိုဖြစ်သူကို ကြည့်မရချင်တော့သည်မို့…

"လန့်မှာပေါ့…ကိုကို့ပုံစံက တစ်ချိန်လုံး အဆွေးမင်းသား လုပ်နေတာကိုး၊ ဘာလဲ ကိုကို နွယ်နဲ့ အဆင်မပြေဘူးလား"

"တော်စမ်းပါ…ကလေး…ကလေးလိုမနေဘူး၊ ငါ့ဘာ သာငါ နွယ်နဲ့အဆင်ပြေပြေ မပြေပြေ နင့်အလုပ်မဟုတ်ဘူး၊ ကိုယ့် ဘာသာကိုယ် ကျောင်းသွားစရာရှိတာသွား"

"ကိုကို…ကိုကို ပြောပြန်တော့လည်း မကြိုက်ဘူး၊ ကိုကို့ စိတ်တွေ တကယ်ကို ဘယ်ရောက်နေပြီလဲ"

"ဘာလဲ…နင် ငါ့ကို ဘာတွေပြောနေတာလဲ သက်ထား"

ဘုန်းဇော်ဟန်မှာ သူ့ကိုယ်သူ မလုံမလဲဖြစ်စွာ မေးလိုက် သည်။

"ဒီနေ့ ဘာနေ့လဲဆိုတာတောင် ကိုကိုမသိတော့ဘူးလား တို့အစ်ကိုတော့ လုံးဝကို မရှိးသားတော့ဘူးနော်"

သက်ထား၏ မချိုမချဉ်မျက်နှာပေးနှင့် မထိတထိ စကား များကြောင့် ဘုန်းဇော်ဟန်မှာ မေ့မေ့လျော့လျော့ ဖြစ်သွားရသည် အတွက် ရှက်အမ်းအမ်းကြီး ဖြစ်သွားရပြီး လက်ကလည်း သက်ထားခေါင်းကို ထုပြီးသား ဖြစ်သွားရ၏။

"ကောင်မလေးနော်…အဲဒါ နင်နဲ့ ဘာဆိုင်လဲ၊ ငါ့ဘာ





သာငါ ရိုးသား မရိုးသား နင့်အလုပ်မဟုတ်ဘူး၊ နင် လူကြီးတွေကိစ္စ ကို မစပ်စုနဲ့၊ နင်လုပ်ရမယ့်အလုပ်က စာပဲကြိုးစား နားလည်လား သက်ထား"

"သက်ထားတို့က ကိုယ့်စာကို ကိုယ်ကြိုးစားပြီးသားပါ နော်၊ ကိုကို့လို ကြိတ်ပြီး ဆွေးနေတာမဟုတ်ဘူး"

"ငါ ဘာကြိတ်ဆွေးနေလို့လဲ"

"ဟွန်း…ဒါကတော့ ကိုကိုပိုသိမှာပေါ့၊ နွယ် ဒီမှာမရှိ ဘူးဆိုတာနဲ့တင် ပုံပျက်နေလိုက်တာ၊ သက်ထားလို ဘေးကလူ တောင် ကိုကို့အဖြစ်ကို ရိပ်မိနေပြီသိလား"

"ကြည့်စမ်း…နင် ငါနဲ့နွယ်အကြောင်းကို ဘယ်လိုလုပ် သိတာလဲ၊ ငါ့အခန်းထဲဝင်ပြီးပြီပေါ့လေ ဟုတ်လား သက်ထား"

"အမယ်…သက်ထားတို့က တမင်ဝင်ပြီး စပ်စုတာ မဟုတ်ပါဘူးနော်၊ ကိုကို့ဘာသာ ကိုကို စည်းမရှိကမ်းမရှိ ဒီအတိုင်း ထားပြီးတော့များ၊ သက်ထားကို အပြစ်မပြောပါနဲ့"

"အေး…ငါက ငါ့အလုပ်အကိုင်၊ ငါ့အသက်အရွယ်နဲ့ ရည်းစားထားတာ ဘာဖြစ်လဲ"

"ဒါဆို သက်ထားဖေဖေနဲ့ မေမေ့ကို ကိုကို ရည်းစား ထားတဲ့အကြောင်း ပြောလိုက်ရမလား"

"ဟော့…ဟော့ သက်ထားနော်၊ နင် ငါ့ကိစ္စထဲ ဝင်မရှုပ်နဲ့၊ ကလေး ကလေးလိုနေလို့ ငါပြောထားတယ်မဟုတ်လား"

ဘုန်းဇော်ဟန်အသံမှာ စောစောတုန်းကလို မဟုတ်တော့။ လေသံက ချက်ချင်းပျော့သွားရသလို သူ့အကြည့်များကလည်း မလုံမလဲဟန်ဖြင့် ဧည့်ခန်းထဲသို့ လှမ်းကြည့်မိသွားရသည်။

ထို့အတူ။

စောစောက သူမကို ဆူဖို့ပြင်နေသည့် စကားများကလည်း သူ့ပါးစပ်ဖျားမှာပင် ပျောက်ကွယ်သွားရကာ သူမကိုပင် သူပြန်၍ ချော့ရမည့်ပုံ ဖြစ်နေရသည်။

"သက်ထား နင်ဘာလုပ်နေတာလဲ၊ အားနေရင်လည်း စာလေးဘာလေး ကျက်ပါလား၊ လူက ငယ်တော့တဲ့အရွယ် မဟုတ်တော့ဘူး၊ ဟိုကိစ္စထဲဝင်ပါ၊ ဒီကိစ္စထဲဝင်ပါနဲ့၊ နင် အဲလို ကျပ်ကျပ်လုပ် ယောကျ်ားရရင် အရိုက်ခံရမယ်သိလား"

"ကိုကိုနော်…ကိုကို ဒါဘာစကားပြောတာလဲ၊ ကိုယ့်ညီမကို ဒီလိုပဲပြောရလား၊ သက်ထားတို့က ကိုကို့လို ချစ်သူလည်း မရှာဘူး၊ ယောကျ်ားလည်း မယူဘူး သိလား၊ ဖေဖေ မေမေတို့နဲ့ အတူနေပြီး အပျိုကြီးလုပ်မှာ"

"အဟွန်း…ဟွန်း ဟုတ်ပါ့မလားဟ၊ အစားကိုကုန်





အောင်စား၊ စကားကို ကုန်အောင်မပြောနဲ့၊ ခုတောင် အိမ်မှာ မျိုးနောင် အဝင်အထွက်များနေတာ ဘယ်အချိန်မှာ မျိုးနောင်နောက် ပါသွားမလဲမသိဘူး"

"ဟာ…ကိုကို"

ဘုန်းဇော်ဟန် စကားကြောင့် သက်ထားမှာ ရှက်မျက်နှာရဲရဲလေးနှင့် ရှက်ဒေါသများ ဖြစ်သွားရကာ ရှက်ရှက်နှင့် ဘုန်းဇော်ဟန်၏ ကျောပြင်ကြီးကို တဖုန်းဖုန်း ထုရိုက်ပစ်လိုက်သည်။

"ဟိတ်ကောင်မလေး…နာတယ်ကွ၊ ဘာလုပ်တာလဲ၊ ငါက အမှန်တွေပြောတာပဲ မဟုတ်လို့လား"

"ကိုကိုနော်၊ မပြောနဲ့ဆိုတာ"

မျက်စောင်းလေးထိုး၊ နှုတ်ခမ်းလေးစူရင်းက သက်ထားရိုက်သမျှကို ဘုန်းဇော်ဟန်သည် လှည့်ပတ်ရှောင်တော့ သက်ထားသည် မကျေမနပ်ပုံစံလေးနှင့် နေရာမှာတင် ခြေလေးဆောင့်ပစ်လိုက်သည်။

ဘုန်းဇော်ဟန်မှာ သူ့ကို မရိုက်ရတာနှင့် ခြေလေးဆောင့်၊ နှုတ်ခမ်းလေးစူနေသော ညီမဖြစ်သူ ကလေးဆန်မှုကို အပြုံးများဖြင့် ကြည့်မိသွားရသည်။

ဘာလိုလိုနဲ့ ညီမဖြစ်သူ သက်ထားပင် တက္ကသိုလ်

ကျောင်းသူကြီးဖြစ်ကာ အပျိုကြီးလုံးလုံး ဖြစ်နေပြီပဲ။

မျက်နှာအကျ လှလှလေးနှင့်အတူ ဖြူစင်ဝင်းမွတ်နေရသည့် မျက်နှာလှလှလေးထက်တွင် မျက်ခုံးထူထူအောက်မှ မျက်တောင်ကော့ကော့များ ဝန်းရံနေသော မျက်ဝန်းနက်နက်နှင့် လှပပေါ်လွင်သော နှာတံ၊ ဆေးမကူပါဘဲ သဘာဝအတိုင်း နီမြန်းနေရသည့် နှုတ်ခမ်းစူစူ ထူထူထော်ထော်လေးနှင့် မပြင်မဆင်ပါဘဲနှင့်ကို ပင်ကိုယ်အလှများဖြင့် ထူးထူးကဲကဲ လှလွန်းနေရသည့် သက်ထားကို ဘုန်းဇော်ဟန်သည် အမှတ်မထင် စိုက်ကြည့်မိရင်းက သက်ပြင်းချလိုက်မိသည်။

အရွယ်က ငယ်တော့သည့်အရွယ် မဟုတ်ပေမယ့် ဒီကောင်မလေးသည် ကလေးစိတ် မပျောက်တပျောက်နှင့် ဘုန်းဇော်ဟန် မျက်စိထဲမှာတော့ အနေအထိုင်က ကိုးလိုးကန့်လန့်နှင့် တစ်မျိုးဖြစ်နေရသည်။

အပျိုစင်…အပျိုသွေးတို့ အပြည့်ဖြင့် တကယ် အပျိုမလေးတစ်ယောက်လို အလှသွေးကြွယ်ကာ သူမကို မြင်သူတိုင်းက စွဲမက်စဖွယ် ငေးမောချင်စဖွယ် ဖွံ့ဖြိုးနေသော သက်ထားသည် ကိုယ့်ကိုယ်ကို ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်းနှင့် မိန်းကလေးပီပီသသနေဖို့ သင့်ပြီဟု ဘုန်းဇော်ဟန် ထင်သည်။





ခုတော့ သူမက ဒီလိုမဟုတ်။

သူမပုံစံက သူ့မျက်စိ အကြည့်ရခက်နေရသလိုပါပဲ။ ခက်တာက ဖေဖေနဲ့မေမေကလည်း သက်ထား ဘယ်လိုနေနေ သဘောကျနေပုံရသည်။ သူမကို ဘာတစ်ခုမှဆူတာ ငေါက်တာ မရှိ။ အဆုံး သူမကို ဟဲ့တစ်ခွန်းပင် မဟန့်ခဲ့ပါ။

သည်တော့လည်း သူမလေးသည် ပို၍ဆိုးနေရသည်ပေါ့။

"ကိုကို"

"ဘာလဲဟ"

အနားကပ်ကာ ခေါ်လိုက်သော သက်ထားအသံကြောင့် အတွေးများ လွန်သွားရသော ဘုန်းဇော်ဟန်မှာ ကိုယ်ကြီး ဆတ်ခနဲ တွန့်သွားရသလို လူကလည်း မျက်မှောင်ကြီး ကုတ်သွားရကာ…

"မိန်းကလေးတဲ့…ဒါလား မိန်းကလေး၊ နေရာတကာ အော်ကြီးဟစ်ကျယ် ရှုပ်ပြာရှုပ်ပြာနဲ့ ကြည့်လိုက်တိုင်းလည်း ဘယ်တော့မှ အချိုးမပြေဘူး၊ နင်သတိထားနေနော် သက်ထား"

ဘုန်းဇော်ဟန်မှာ သက်ထားကို ကြည့်ကာ စိတ်ပေါက်ပေါက်နှင့် ပြောချပစ်လိုက်သည်။

"တကတည်းဗျာ…အိမ်ပြန်ရောက်လာလို့ လူက စိတ်အေးလက်အေး နေရမလားမှတ်ပါတယ်၊ သူတစ်ယောက်တည်းနဲ့

ကို မျက်စိရော နားရော ရှုပ်နေတာပဲ''

''ကိုကိုနော်...သက်ထားကို အဲလိုမပြောပါနဲ့၊ သက်ထားကိုဆို ကိုကို ဘယ်တော့မှ အကောင်းမပြောဘူး၊ သက်ထားနေရာမှ နွယ်ဆိုတဲ့ မိန်းမသာဖြစ်ကြည့် ကိုကို ခွင့်လွှတ်မှာမဟုတ်လား''

''ခုတော့ ကိုယ့်ညီမကို ကိုယ်ပြောလိုက်တာများ ရစရာမရှိဘူး၊ အစ်ကိုမျိုးနောင်က ကိုကို့သူငယ်ချင်း မဟုတ်ဘူးလား၊ သက်ထားကို ပါသွားမှာကြောက်ရင် ဘာလို့ သူ့ကို အိမ်ခေါ်လာသေးလဲ''

သက်ထားမှာ သူမနှင့်သာမက တစ်အိမ်လုံး ခင်မင်ရင်းနှီးကာ အိမ်ကို ဝင်ထွက်သွားလာနေသော သူ့သူငယ်ချင်း အင်ဂျင်နီယာ မျိုးနောင်နှင့် သက်ထားကို စနေသော ကိုကိုဘုန်းဇော်ဟန်ကြောင့် ရင်မှာ မခံမရပ်နိုင်သည့် ဒေါသများဖြင့် စိတ်ဆိုးစွာပြောလိုက်သည်။

တကယ်တော့လည်း အစ်ကိုမျိုးနောင် ကိုယ်တိုင်က သက်ထားထံက အချစ်ကို တောင်းခံထားသူတစ်ယောက်ဖြစ်သည်။

သို့သော် သက်ထားကတော့ အစ်ကိုမျိုးနောင်အပေါ် အစ်ကိုတစ်ယောက်၏ သံယောဇဉ်ထက် မပိုခဲ့ပါ။





''ဘာလဲ...ငါပြောတာ မှန်နေပြီလား သက်ထား''

''မမှန်ဘူး...မမှန်ဘူး ကိုကိုပြောတာ ဘယ်တော့မှ မမှန်ဘူး၊ အစ်ကိုမျိုးနောင်ကို သက်ထားက အစ်ကိုရင်းတစ်ယောက်လိုပဲ သဘောထားတယ်၊ အဲဒီစိတ်ကလည်း သက်ထားအသက်ရှင်နေသရွေ့ အစ်ကိုမျိုးနောင်အပေါ်မှာ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး၊ အဲ...ပြောင်းလဲချင်းပြောင်းလဲ ကိုကို့ရည်းစား နွယ်သာ ကိုကို့အပြင် နောက်တစ်ယောက်ဆီကို ပြောင်းသွားမှာသိလား''

ပြောပြီး သက်ထားသည် ဘုန်းဇော်ဟန်အား စကားနှင့်အနိုင်ပိုင်းခဲ့ပြီမို့ သူ့အနားကနေ လှစ်ခနဲ ပြေးထွက်သွားတော့ ဘုန်းဇော်ဟန်မှာ မချင့်မရဲနှင့် ကျန်ရစ်ခဲ့ရလေသည်။

သက်ထားမှာလည်း သူ့အနားက ပြေးထွက်ခဲ့ရပေမယ့် ကိုကို့အပေါ် အနိုင်ရလိုက်သည်မို့ မျက်နှာလှလှလေးထက်ဝယ် ကျေနပ်မှုပီတိများ လွှမ်းနေရသည်။

တကယ်ဆို ဒီစကား သက်ထားမကြိုက်မှန်း သိရက်နှင့် ပြောချင်လွန်းသည့် ကိုကို၊ သူ့အပြစ်နှင့်သူ ခံပေဦးတော့ပေါ့။

သက်ထားမှာ ပြောချင်သည့်စကားကို ပြောလိုက်ရ၍ မျက်နှာလှလှလေးမှာ အပြုံးများဖြင့် ရှိနေရသည်။

ထိုစဉ်...

၈

"ဟယ်…မေမေတို့ပြန်လာပြီ"

သက်ထား၏ ဝမ်းသာအားရ အော်ဟစ်သံနှင့်အတူ ဆင်ဝင်အောက်သို့ တစ်ရှိန်ထိုး ပြေးထွက်သွားသည်မှာ ဘုန်းဇော်ဟန်ပင် တားချိန်မရလိုက်ပါ။

ဒီကောင်မလေးသည် ပါးစပ်က ငြိမ်ငြိမ်နေသည်မဟုတ်။ ဖေဖေနဲ့မေမေကို မျက်နှာလုပ်ချင်တာနှင့်ပင် သူနှင့်နွယ်အကြောင်းကို သွားပြောမှဖြင့်…

အို…ဖွင့်ပြောလည်း ဘာဖြစ်လဲ၊ သူ ဒီလိုပြောတော့ ဖေဖေနဲ့မေမေလည်း သူနဲ့နွယ်အကြောင်းကို မြန်မြန်သိသွားတာပေါ့။

ဘုန်းဇော်ဟန်မှာ ကိုယ့်ကိုယ်ကို အားပေးရင်း နှစ်သိမ့်လိုက်သည်။

သူလည်း အသက်အရွယ်ရကာ သူ့ပညာ၊ သူ့အလုပ်အကိုင်နှင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့်အရွယ်ပဲ။ ဆယ်ကျော်သက်တွေလို မလိမ်မိုးမလိမ္မာအရွယ်မှ မဟုတ်တော့တာပဲလေ။ သူ့ချစ်သူ ရည်းစားထားသည့်ကိစ္စကို မိဘနှစ်ပါးကလည်း ကလေးတစ်ယောက်လို ကန့်ကွက်နေမည်တော့မဟုတ်ပါ။

မိဘနှစ်ပါးကိုယ်တိုင်က ဘုန်းဇော်ဟန်အား သားအကြိုက်တွေ့လျှင် ပြောပါဟု အတိအလင်းဆိုထားပြီးပြီပဲ။





သည့်အပြင် နွယ်ကိုယ်တိုင်ကလည်း ခေတ်ပညာတတ်တစ်ဦးဖြစ်သည့်အပြင် ရုပ်ရည်အဆင်းကြပြန်တော့လည်း ချောမောပြေပြစ်လှပလွန်းသူမို့ ဘာပဲပြောပြော ဖေဖေနဲ့ မေမေကတော့ နွယ်နှင့် သူ့ကို သဘောမတူစရာအကြောင်း ရှိမည်မဟုတ်ပါ။

ဘုန်းဇော်ဟန်မှာ ကိုယ့်အတွေးနှင့်ကိုယ်တော့ အဆင်ပြေနေရသလောက် အဆင်မပြေသူ သက်ထားမှာတော့ သူမ မကျေနပ်သမျှကို မိဘနှစ်ပါးအား ရင်ဖွင့်နေလေသည်။

"ဖေဖေနဲ့မေမေကို သမီး တိုင်စရာရှိတယ်သိလား"

"ဟော…ဘာများလဲသမီးရ"

ကလေးတစ်ယောက်လို မျက်နှာလေးစူပုပ်ကာ ပြောလာသည့် သမီးဖြစ်သူ၏ စကားကြောင့် ဦးဘအောင်တစ်ယောက် မျက်ခုံးကြီးပင့်တက်သွားကာ သမီးဖြစ်သူကို မေးလိုက်လေသည်။

ဒေါ်ကြည်ကြည်မှာ ဘာမှမပြော။ သမီးဖြစ်သူကိုသာ အပြုံးနှင့် ကြည့်နေလေ၏။

"ကဲ…သမီး ဆိုစမ်းပါဦးကွာ ဘာများလဲ၊ ငါ့သမီး ဖေဖေနဲ့ မေမေကို တိုင်စရာရှိတယ်ဆို၊ ဘယ်သူ့အကြောင်းများလဲကွ"

"ကိုကိုပေါ့"

"ကိုကို ဟုတ်လား၊ ကိုကို ဘာဖြစ်လို့လဲသမီး၊ သမီး ကိုကို သမီးကို ဘာတွေစလိုက်ပြန်ပြီလဲ"

ကိုကိုပေါ့...ဆိုသည့်အသံကြောင့် ဘုန်းဇော်ဟန်မှာ မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားသည်။

ဒီကောင်မလေး ဖေဖေနဲ့မေမေကို သူ့အကြောင်းတွေ မဟုတ်က ဟုတ်က ဘာတွေလျှောက်ပြောတော့မည်မသိ။

သူမ ဘာပြောပြော သူမပြောသမျှစကားများကို ဖေဖေ နှင့်မေမေသည် ယုံမည်ဆိုတာကို ဘုန်းဇော်ဟန် သိနေသည်မို့ အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

သူ့ကိုမြင်တော့ သက်ထားမျက်နှာလေး ပို၍မဲ့သွားရသည် ကို ဘုန်းဇော်ဟန်သည် အသည်းယားစွာ မြင်နေရသည်။

"ဟော့...သား မင်း ငါ့သမီးကို ဘာတွေစိတ်ဆင်းရဲ အောင် စလိုက်ပြန်ပြီလဲ"

သက်ထားအောင်ဆိုတာ အောင်ဂေဟာကြီး၏ အိမ်ဆည်း လည်းဖြစ်သည်မို့ သူမကို စိတ်ဆင်းရဲအောင် မဆိုထားနှင့် စိတ်ဆိုး အောင်ပင် ဘယ်သူမှ မလုပ်ရက်ကြပေ။

ဒီလိုမျိုး တစ်အိမ်လုံး၏ ဖူးဖူးမှုတ်အလိုလိုက်ခြင်းကို ခံထားရသော သက်ထားသည် ဘုန်းဇော်ဟန် အိမ်ပြန်ရောက်သည်





နှင့် တစ်မျိုးမဟုတ် တစ်မျိုးတော့ တစ်နည်းနည်းနှင့် စိတ်ဆိုးစိတ် ကောက်ရသည်က သူတို့မောင်နှမနှစ်ယောက်၏ ထုံးစံပင်ဖြစ်သည်။

ဒါကိုသိနေ၍လည်း ဦးဘအောင်သည် သမီးချောဘက်မှ နေ၍ သားဖြစ်သူကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"အလကား ဖေဖေ၊ ဖေဖေ့သမီးက အရူးမ၊ သူ့ကို ဘာမှမပြောဘဲနဲ့လည်း သူ့ဘာသာသူ တစ်ယောက်တည်း စိတ်ဆိုး စိတ်ကောက်နေတဲ့လူ"

"အမယ်...ကိုကိုနော်၊ သက်ထားကို ကိုကို အဲလိုမတရား မပြောပါနဲ့၊ သက်ထားကို စိတ်ဆိုးအောင် မလုပ်ဘဲ သက်ထားက အလကားစိတ်ဆိုးပါ့မလားလို့ ကိုကို့အပြစ်ကို ဖုံးချင်တာနဲ့ သက်ထား ကို အပြစ်မပြောပါနဲ့"

"ဟင်...ငါက ဘာအပြစ်လုပ်ထားလို့လဲ၊ ပြောစမ်းပါ ဦး ဒေါ်သက်ထား"

"ကိုကိုနော်...ကိုကို သက်ထားက ကိုကို့ကိုသနားလို့ ဖေဖေနဲ့ မေမေကို ဘာမှမပြောသေးတာ၊ သက်ထားတကယ် ပြောလိုက်ရမလား"

မျက်နှာလေးတည်ကာ တကယ်အတည်ပေါက်ဟန်လေး နှင့် မေးလာတော့လည်း ဘုန်းဇော်ဟန် သူမကို နည်းနည်းလန့်သွား

ရသည်။

ပြောလို့ရသည်မဟုတ်။

မတော်လို့ သူမလေးသာ နွယ်အကြောင်းများကို ပိုပိုသာသာလေးနှင့် ဖေဖေနှင့် မေမေအား မကောင်းကြောင်း ပြောလိုက်လျှင် နွယ်နှင့် သူ၏ချစ်ခရီးတွင် အနှောင့်အယှက်ဖြစ်သွားနိုင်သည်။

သူ့အနေနှင့် ဒီလိုတော့လည်း အဖြစ်မခံနိုင်ပါ။ နွယ်ဆိုတာက သူ့ဘဝတွင် ပထမဦးဆုံး ချစ်ခဲ့ရသည့် အချစ်ဦး၊ ရည်းစားဦး ဖြစ်လေသည်။ အချစ်ဦးမို့လို့လည်း သူ နွယ်ကို ရူးအောင်ချစ်ရပါ၏။

ထို့ကြောင့် နွယ်နှင့် သူ့ကြားမှာ မလိုလားအပ်သည့် ပြဿနာများလည်း အဖြစ်မခံနိုင်ပါ။ ဒါကြောင့်မို့ ဘာပဲဖြစ်ဖြစ် ခုအနေအထားမှာ သက်ထားကိုပဲ ချော့ရမည်ဖြစ်သည်။

အတွေးနှင့် သက်ထားကို ကြည့်လိုက်တော့ သက်ထားသည်လည်း သူ့အကြည့်ကို သဘောပေါက်သလို နှုတ်ခမ်းလေးတစူစူဖြင့် သူ့အား မျက်စောင်းလေးထိုးရင်းက…

"မရဘူးနော် ကိုကို၊ အခုမှသက်ထားကို လာချော့လို့မရဘူး၊ သက်ထားကို ပြောတုန်းကဖြင့် ပြောထားပြီးတော့၊ ခုမှလာမချော့နဲ့"





ညီမဖြစ်သူ၏ ကလေးဆန်ဆန် အပြောလေးကြောင့် ဘုန်းဇော်ဟန် မရယ်ဘဲမနေနိုင်အောင် ဖြစ်သွားရသည်။

ဒီကောင်မလေးဟာ အမြဲတမ်း ဒီလိုပါပဲ။ သူမကိုယ်သူမလည်း အရွယ်ရောက်နေတဲ့ အပျိုမလေးလို့လည်း သတိထားမိရဲ့လားမသိ။ ဘယ်တော့မဆို သူမ ကြည့်လိုက်တိုင်း ကလေးဆန်ဆန် အမူအရာလေးများနဲ့ မိဘနှစ်ပါးနဲ့ အစ်ကိုဖြစ်သူကို ချွဲနွဲ့သည့်နေရာမှာ တကယ့်ပီဘိကလေးတစ်ယောက်လို ဖြူစင်လွန်းရသူလေး ဖြစ်သည်။

ဒါတွေကြောင့်လည်း သူမလေးသည် ဖေဖေ မေမေရဲ့ အသည်းစွဲ ဖြစ်နေရတာဖြစ်သည်။

"ညီမလေး"

ကြည့်…အသံနှင့် အခေါ်အဝေါ်ကိုက စောစောက သူမကိုခေါ်တာ ပြောတာနှင့် တခြားစီမှ တကယ့်ကို တခြားစီ ဖြစ်သည်။

ဒါ…သူမကို နှုတ်ပိတ်တဲ့သဘောနှင့် ချော့နေတာ သက်ထားမသိဘဲ နေပါ့မလား။ ဒီအစ်ကိုနဲ့ ဒီညီမနှစ်ယောက်တည်း ရှိသည်မို့ ကိုကို့အကြောင်းကို သက်ထားတို့သိသည်မှာ နောကျေအောင်ကို သိနေရပါသည်။

သူမကို ဒီလိုလေသံမျိုးနှင့် ခေါ်ပြီဆိုရင်ဖြင့် သက်ထား သတိထားရတော့မည်ဖြစ်သည်။

ထို့ကြောင့် အစ်ကိုဖြစ်သူခေါ်တာကို ကြားပေမယ့် သက်ထားသည် တမင်ပင်မသိဟန်၊ မကြားဟန် ပြုတာ။

"သိလား ဖေဖေနဲ့မေမေ၊ ကိုကို့မှာလေ ရည်းစားရှိနေပြီ အဲဒါကို သမီးကသိတော့ ကိုကိုက သမီးကို ဆူလိုက်ငေါက်လိုက် တာများ သမီးတော့ သိပ်ဝမ်းနည်းတာပဲ"

တိုင်တဲ့သူကလည်း အသံလေးတုန်တုန်၊ မျက်နှာလေးငိုမဲ့ မဲ့နှင့် တိုင်နေသလို အတိုင်ခံရသူ ဘုန်းဇော်ဟန်မှာလည်း မျက်နှာ ကြီးရဲခနဲဖြစ်သွားကာ မိဘနှစ်ပါးရှေ့တွင် အနေခက်သွားရလေ သည်။

သက်ထားထံမှ သားဖြစ်သူ ဘုန်းဇော်ဟန်တွင် ရည်းစား ရှိနေကြောင်း သိရတော့ ဦးဘအောင်နှင့် ဒေါ်ကြည်ကြည်တို့မှာ အံ့သြသွားရသလိုမျိုး အကြည့်များက ပြိုင်တူပင် ဘုန်းဇော်ဟန် ထံသို့ ရောက်ရှိလာရသည်။

သည်အကြည့်များကြောင့် ဘုန်းဇော်မှာ မိဘနှစ်ပါးရှေ့ တွင် ရှက်ကိုးရှက်ကန်းနှင့် အနေခက်ခက် မျက်နှာပူရကာ…

"သက်ထားနော်…နင် ငါ့အကြောင်းတွေကို ဖေဖေနဲ့





မေမေကို ဘာတွေလျှောက်တွန်းနေတာလဲ"

"အို…သက်ထားတို့က ဘာမှလျှောက်မတွန်းဘူး၊ အသိကို အသိအတိုင်း အမှန်ကိုအမှန်အတိုင်း ပြောပြနေတာ၊ ကိုကိုသာ ကိုယ့်မှာ ရည်းစားရှိနေရက်နဲ့ ဖေဖေနဲ့မေမေကို ညာချင်တာ ကောင်း သား"

"ဟင်…ဒါ နင့်အလုပ်လား ဖေဖေနဲ့ မေမေကို ငါဘာမှ ညာဘူး၊ တစ်နေ့ အားလုံးဖွင့်ပြောမှာပဲ အလကားလူရှုပ်မလေး"

"ကြည့်စမ်း…ကြည့်စမ်း သက်ထားကိုများ ပြောလိုက် တာ၊ ဖေဖေမြင်တယ်၊ ကြားတယ်မဟုတ်လား၊ ဖေဖေနဲ့ မေမေရှေ့ မှာတောင် သက်ထားကို ဆူငေါက်နေတာ"

"ဆူမှာပေါ့၊ နင်က နေရာတကာ ဝင်ပါတာကို"

"ပါမှာပေါ့…သက်ထားက သူစိမ်းလားလို့၊ ကိုကို့ကိစ္စ သက်ထားကိစ္စမဲ့၊ အမြင်မတော်ရင်တော့ သက်ထားလည်း ကိုကို ညီမပဲ ဝင်ပြောရမှာပဲ၊ ဟုတ်တယ်မဟုတ်လား ဖေဖေ"

"ငါ့သမီးပြောတာ ဟုတ်တာပေါ့"

ဖခင်ဖြစ်သူကပါ သက်ထားဘက်က ပါနေသည်မို့ သက်ထား၏ မျက်နှာလှလှလေးက မော့နေရသည်။

မေမေကတော့ ဘာမှဝင်မပြော သားအဖတတွေကို

ကြည့်ကာ ပြုံးနေလေသည်။

သည်မောင်နှမနှစ်ယောက် အမြဲဒီလိုပါပဲ။ နှစ်ယောက် မျက်နှာချင်းဆိုင် တွေ့လိုက်လျှင် ဘုန်းဇော်ဟန်သည် ညီမဖြစ်သူကို တုန့်နေအောင်ချစ်ပေမယ့်လည်း ညီမဖြစ်သူကို မငိုငိုအောင် အစအနှောက်သန်လွန်းသည်မို့ သက်ထားနှင့်မတည့်။

မတွေ့ရပြန်တော့လည်း မတွေ့ရလို့ ဆိုကာ အလွမ်းတွေ ပိုနေရသလောက် နှစ်ယောက်တွေ့ရပြန်တော့လည်း ဘုန်းဇော်ဟန်နှင့် သက်ထားတို့နှစ်ဦးက ခဏသာတည့်ကြသည်မို့ သူတို့နှစ်ဦးကို အိမ်သားအားလုံးကပါ လက်ဖျားခါရသည်။

ယခုလည်း တောင်ပေါ်ဒေသတစ်ခုတွင် တာဝန်ကျနေသော အင်ဂျင်နီယာ ဘုန်းဇော်ဟန်မှာ ခွင့်နှင့် ရန်ကုန်မှာရှိသော မိဘထံကို ခဏပြန်လာစဉ်မှာ ရောက်စရှစ်ရက်နှစ်ရက်ကတော့ မောင်နှမနှစ်ယောက် အလွမ်းသယ်လို့ မပြီးအောင် ကိုကိုညီမလေးနှင့် အသည်းပို အဖြစ်ပိုနေရသလောက် ရက်လေးနှစ်ရက်မှ သုံးလေးရက် မြောက်လာသည်နှင့် သူတို့နှစ်ဦး၏ ထုံးစံအတိုင်း ရန်ဖြစ် စိတ်ဆိုး စိတ်ကောက်ကြပြီဖြစ်သည်။

ယခုလည်းကြည့် ဘာမဟုတ်သည့် ကိစ္စလေးနှင့် ကလေးတွေလို ရန်ဖြစ်နေကာ မိဘနှစ်ပါးကို တိုင်နေသည့် သားနှင့်သမီး





ကို ဦးဘအောင်သည် ကြည်နူးပီတိများဖြင့် ပြုံးလျက်ကြည့်ရင်းက ယခုထက်တိုင် နှုတ်ခမ်းစူထားဆဲဖြစ်သော သမီးဖြစ်သူ၏ ကလေးဆန်မှုကို ဦးဘအောင်သည် သဘောကျလို့ မဆုံးနိုင်တော့သည်မို့ သမီးသက်ထားအား စချင်လာရကာ…

"အင်း…ငါ့သမီးမှာလည်း နှုတ်ခမ်းကြီးစူ စိတ်ကောက်လို့ သမီးပြောတော့ ဒီတစ်ခါ သမီးကိုကိုပြန်လာရင် ရန်မဖြစ်တော့ဘူး၊ တည့်အောင်နေပါမယ်ဆိုကွ"

"ဟင်…ဖေဖေကလည်း"

အပြုံးနှင့်စလိုက်သည့် ဖခင်ဖြစ်သူ၏စကားကြောင့် သက်ထားမျက်နှာလေး ရဲတက်သွားရသည်အထိ ရှက်သွားရလေသည်။

"ဖေဖေကလည်း သမီးဘက်က တည့်အောင်နေတာပဲ၊ ကိုကိုက သမီးနဲ့တည့်အောင်မှ မနေတာ၊ အဲဒါ သမီးအလွန်လား လို့"

"ဟား…ဟား…ဟား ဟုတ်ပါတယ်ဗျာ၊ အဲဒါ ငါ့သမီး အလွန်မဟုတ်ပါဘူးတဲ့"

"အေး…ဒါမှသမီးဖေဖေကွ"

ဖခင်တစ်ယောက်လုံးက သက်ထားဘက်က လုံးလုံးလျား

လျှားကြီး ထောက်ခံလိုက်ပြီမို့ သက်ထားသည် ကလေးတစ်ယောက်လို ပျော်ရွှင်မြူးသွားရကာ ဖခင်ကြီး၏ ရင်ခွင်ထဲသို့ ကလေးတစ်ယောက်လို တိုးဝင်လိုက်လေသည်။

ဒါကိုကြည့်ပြီး ကြည့်မရနိုင်အောင်ဖြစ်ရသူက ဘုန်းဇော်ဟန် ဖြစ်သည်။

"အလကား…မိချွ၊ ဖေဖေနဲ့မေမေကို နင် အဲလိုနဲ့ ညာစားနေတာမဟုတ်လား"

"ကိုကိုနော်…သက်ထားကုသိုလ်နဲ့ သက်ထား၊ အလကားနေ အူပုပ်မနေနဲ့၊ နောက်ဘဝကျရင် ရုပ်ဆိုးလိမ့်မယ်သိလား"

"ငါက ဘာလို့ရုပ်ဆိုးရမှာလဲ၊ နင့်လို အလကားနေ သူများမကောင်းကြောင်း လိုက်ပြောနေတဲ့သူကသာ ရုပ်ဆိုးမှာ"

"အင်း…သက်ထားတို့က သူများမကောင်းကြောင်း ပြောတာ ဝါသနာမပါဘူး၊ ပြောလည်းမပြောဘူး၊ ဒါကြောင့် ရုပ်ဆိုးစရာလည်း မရှိဘူး၊ ကိုကိုသာ"

"ငါက ဘာဖြစ်လဲ"

"အို…ကိုကို့ကိုယ်ကိုကို ပိုသိမှာပေါ့"

"အေး…သိတယ်ကွ၊ သိတယ်၊ ညည်းသာ အဲလိုစိတ်ထားမျိုး ကြပ်ကြပ်မွေး၊ ရုပ်ဆိုးဆိုးလူကြီးနဲ့ကို ရလိမ့်မယ်သိလား"





"ဟင်…ကြည့်ပါလား၊ ဒီစကားက အစ်ကိုတစ်ယောက်က ညီမကို ပြောရမယ့်စကားလားလို့၊ ကိုကိုသာ နွယ်နဲ့လွဲပြီး ရုပ်ဆိုးဆိုးမိန်းမကြီးနဲ့ရမှာ၊ အလကား ကိုကိုအစုတ်ပလုတ်"

ကလေးတွေလို တစ်ယောက်တစ်ခွန်း စကားများနေသော မောင်နှမနှစ်ယောက်ကို မိဘနှစ်ပါးမှာ အပြုံးများနှင့် ကြည့်ရင်းက…

"ကဲ…ကဲ တော်ကြတော့ သမီးဖေဖေ အပြင်သွားစရာရှိသေးတယ်၊ ဖေဖေ စားဖို့သောက်ဖို့ သမီးပြင်ဆင်လိုက်တော့"

တစ်ယောက်နှင့်တစ်ယောက် စကားအချေအတင်များနေကြသော ဘုန်းဇော်ဟန်နှင့် သက်ထားကို မိခင်ကြီး ဒေါ်ကြည်ကြည်ကိုယ်တိုင် စကားဖြတ်ပေးလိုက်တော့မှ သူတို့နှစ်ဦး စကားရပ်သွားရလေသည်။

ဒါတောင် သက်ထားမျက်နှာလေးမှာ ဘုန်းဇော်ဟန်အပေါ် အနိုင်မရလိုက်၍ မျက်နှာလေးက စူတင်းတင်းလေးရှိနေရဆဲ ဖြစ်သည်။

ဘုန်းဇော်ဟန်မှာ ညီမဖြစ်သူအကြောင်းကို သိနေရသည်မို့ မျက်နှာက ပြုံးစိစိနှင့် မချိုမချဉ်ဖြစ်နေလေသည်။

"သား…ခဏနေ ဖေဖေ့အခန်းကို လာခဲ့ဦး"

ထိုစကားကြောင့် သက်ထားမျက်နှာလေး ဝင်းခနဲလက်သွားရ၏။ မေမေသည် ကိုကို့အား သူ့အခန်းထဲသို့ ခေါ်ပြီဆိုကတည်းက သက်ထားပြောလိုက်သည့်စကားများကြောင့်သာ ဖြစ်ရမည်ကို သက်ထားသိလိုက်သောကြောင့်ဖြစ်သည်။

သက်ထားသိသလို ဘုန်းဇော်ဟန်သည်လည်း ရင်မှာ ထိတ်ခနဲဖြစ်သွားရသည်။

မှန်သည်။

အကြောင်းထူးတစ်ခုခုရှိမှသာ သားသမီးများကို မေမေသည် သူ့အခန်းထဲသို့ခေါ်ကာ စကားပြောလေ့ရှိသည်ဆိုတာကို ဘုန်းဇော်ဟန် သိထားသောကြောင့်ဖြစ်သည်။

မျက်နှာကြီး သိသိသာသာ ပျက်သွားရသော အစ်ကိုဖြစ်သူကိုကြည့်ပြီး သက်ထားသည် ကျေနပ်အားရသွားရသလိုမျိုး ဘုန်းဇော်ဟန်အား မခံချင်အောင် လျှာထုတ်ပြလျက် လက်ညှိုးလေးကွေးကာဆန့်ကာ လုပ်ပြရင်း အစ်ကိုဖြစ်သူကို စဖြစ်အောင် စနေတာမို့ ဘုန်းဇော်ဟန်မှာ သူမအား မျက်နှာတည်တည်ကြီးနှင့် ကြည့်လိုက်တော့ သက်ထားသည် ထမင်းစားခန်းထဲသို့ လှစ်ခနဲ ပြေးဝင်သွားလေသည်။

ကျန်ခဲ့သူ ဘုန်းဇော်ဟန်မှာ လျှာရှည်လွန်းသည့် သူမ





ကြောင့် မေမေသည် နွယ်နှင့် သူ့ကိစ္စကို မေးမြန်းတော့မည်ကို သိနေရကာ ရင်ထဲဒေါသများက သက်ထားထံကိုသာ အစုလိုက်အပြုံလိုက် ရောက်ရှိနေရလေတော့သည်။

## အခန်း (၂)

ဘုန်းဇော်ဟန် တွေးထင်ထားသည့်အတိုင်းပင် မေမေသည် နွယ်နှင့် ပတ်သက်သမျှကို မိန်းမသားပီပီ သေချာစေ့စပ်စွာ မေးမြန်းလေတော့သည်။

"နွယ်ဆိုတာ သားနဲ့ဘယ်လို ပတ်သက်သလဲသား၊ သူ့မိဘတွေကရော ဘယ်သူလဲ၊ ဘာလုပ်လဲ၊ သားနဲ့ရော ဘယ်မှာတွေ့ကြတာလဲ၊ သူကရော ဘာလုပ်လဲသား"

စေ့စပ်သေချာစွာမေးလာသည့် မေမေ့စကားတွေကို ဘုန်းဇော်ဟန်မှာ စကားမမှားရလေအောင် သေချာစဉ်းစား၍ ဖြေရလေသည်။





သူနှင့်နွယ့်ကို မိဘနှစ်ပါး အလွယ်တကူ ခေါင်းညိတ်သဘောတူရန် နွယ့်အကြောင်း၊ နွယ်ကောင်းကြောင်းများကို ဘုန်းဇော်ဟန်သည် နွယ်နှင့် သူ့ဘဝတစ်သက်တာအရေးမို့ အမှားအယွင်းမရှိစေရန် ဘုန်းဇော်ဟန် ဖြေနေရပေမယ့် သူ့အတွက်တော့ မေမေ၏ ထိုမေးခွန်းများသည် မလိုအပ်ဟုထင်ပါသည်။

ဘဝတစ်ခုကို တကယ်တမ်း ထူထောင်ပေါင်းသင်းရမည်က ချစ်သူနှစ်ဦးသာ ဖြစ်လေသည်။ တကယ်ချစ်မိပြီဆိုလျှင် ဂုဏ်၊ အဆင့်အတန်းဆိုတာ မလိုပါဘူးဆိုပေမယ့် မေမေ့ကို ဘုန်းဇော်ဟန် ထိုသို့ စောဒကမတက်ရဲပါ။

ထို့ကြောင့် ဘုန်းဇော်ဟန်သည် နွယ်နှင့်ပတ်သက်ကာ နွယ်ပြောပြထားသမျှ သူသိသလောက်ကို မေမေ့ကို ပြန်၍ပြောရတော့သည်။

"နွယ်က နယ်ကပါမေမေ၊ သူ့မိဘတွေကလည်း နယ်မှာပဲနေတယ်၊ သူကတော့ အဆောင်မှာနေရင်း ကျောင်းတက်တယ်၊ နယ်က သူ့မိဘတွေကလည်း စီးပွားရေးအခြေအနေ မဆိုးပါဘူး၊ ပြည့်ပြည့်စုံစုံထဲကပါပဲ"

"အေးလေ . . သားက မိန်းကလေးကို ကြိုက်နေမှတော့ အကောင်းချည်းပြောတော့မှာပေါ့၊ အဲဒီမိန်းကလေးလိပ်စာ မေမေ့ကို

ပေး မမေတော်ရမယ့် ချွေးမကို မေမေကိုယ်တိုင် အကဲခတ်ကြည့်မယ်၊ မေမေ့စိတ်ကြိုက် လုံးလုံးမဖြစ်ရင်တောင် သားအတွက် အဆင်ပြေမယ်၊ သားနဲ့ သင့်တော်မယ်ဆိုရင် သားချစ်တဲ့မိန်းကလေးကို မေမေ ချွေးမအဖြစ် လက်ခံပေးရမှာပေါ့”

အပြုံးနှင့်ဆိုလာသည့် မေမေ့စကားကြောင့် ဘုန်းဇော်ဟန် ရင်မှာ နေသာထိုင်သာ ရှိသွားရသည်။

နွယ်နှင့် သူ့အတွက် ပထမအဆင့်အနေနှင့်က အောင်မြင်လုနီးပါးပါး ရှိနေရသည်မို့ နောက်တစ်ဆင့် တက်ဖို့ဆိုတာ သိပ်မခက်ခဲလှတော့မှန်း ဘုန်းဇော်ဟန် သိလိုက်ရတော့ ရင်မှာ လှိုက်ခနဲဖိုသွားရသည်။

ချစ်စဖွယ်ကောင်းလွန်းသော စကားများကို အပြုံးချိုချိုနှင့် ဆိုတတ်သော နွယ်၏ လှပလွန်းသော မျက်နှာလေးကို မေမေမြင်ပါက နွယ့်ကို မေမေ ချက်ချင်းပင် သဘောကျသွားမည်ကို ဘုန်းဇော်ဟန် တွေးမိတော့ ကြည်နူးမှုတို့ဖြင့် ပီတိများ ဖြာဝေသွားရသည်။

သို့သော်…

ဘဝတစ်သက်တာအရေးမို့ မမှားရလေအောင် မေမေသည် သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ဟု ဆိုသည်။





ဘုန်းဇော်ဟန်သည် မေမေ့စကားကို အလွယ်တကူ ခေါင်းညိတ်ပြလိုက်သော်လည်း ရင်ထဲမှာတော့ နွယ်နှင့်ပတ်သက်ကာ စကားတွေ ဆိုဖြစ်လိုက်ပါသည်။

“စိတ်ချပါ မေမေရယ်… သား နွယ်ကိုချစ်တာ တစ်ဘဝလုံးအတွက် သေချာစဉ်းစားပြီးမှ ချစ်ရတာပါ၊ အဲဒီအတွက် သားဘဝမှာ နွယ်နဲ့ပတ်သက်ပြီး အမှားဆိုတာ ရှိလာမှာမဟုတ်ပါဘူး”

ဘုန်းဇော်ဟန်သည် ထိုစကားကို စိတ်မှာ တိုးတိုးလေး ရေရွတ်ရင်းက သူ့အတွေးများက နွယ်နှင့်ဆုံခဲ့ရသည့် နေ့ရက်များကို ပြန်လည်ရောက်ရှိသွားရသည်။

မှန်သည်…

နွယ်နှင့် ဆုံတွေ့ခဲ့ရသည့် ထိုနေ့လေးကိုတော့ ဘုန်းဇော်ဟန် ဘဝအတွက် ဘယ်တော့မှ မေ့လိမ့်မည်မဟုတ်တော့ပါ။

ကျောင်းပြီးလို့ အလုပ်အကိုင်နှင့် အခြေတကျ ရှိနေသည့်တိုင် တစ်ကိုယ်တည်း အေးအေးဆေးဆေး နေလာခဲ့သော ဘုန်းဇော်ဟန်အတွက် ချစ်သူရည်းစားဆိုတာ မူးလို့ပင် ရှာစရာမရှိ။ ထိုအထိ မိန်းကလေးများနှင့် ကင်းရှင်းခဲ့သူဖြစ်သည်။

ထိုသို့ မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်းနေခဲ့သော ဘုန်းဇော်ဟန်အတွက် နွယ်နှင့်ဆုံတွေ့ဖို့ရာ အကြောင်းက ကြုံဖန်

တိုက်ဆိုင်လာရသည်။

အကြောင်းမှာ…

ထိုနေ့က ဘုန်းဇော်ဟန်သည် ရန်ကုန်ကို ခွင့်နှင့် ခဏပြန်လာစဉ် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ထည့်ပေးလိုက်သည့် ပစ္စည်းများကို သူ့မိသားစုထံ သွားပေးရင်းက နှယ်နှင့်တွေ့ဆုံရင်းနှီးခဲ့ရတာဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည်။ ဘုန်းဇော်ဟန် ရောက်ရှိသွားသည့်အချိန်တွင် သူငယ်ချင်းစိုးသန့်၏ညီက သူ့အရင် ကြိုရောက်နေသည့် နှယ်နှင့် သူ့ကို မိတ်ဆက်ပေးခဲ့လေသည်။

"အစ်ကို…ဒါ ကျွန်တော်နဲ့ ကျောင်းနေဖက်ပဲ နှယ်တဲ့"

"နှယ်…ဒါက ငါ့အစ်ကိုနဲ့ အတူတူတာဝန်ကျတဲ့ အစ်ကို့သူငယ်ချင်း ကိုဘုန်းဇော်ဟန်တဲ့"

ရွှေရောင်ဆံနွယ်ညိုညို ပျော့ပျော့လေးများက ပခုံးတွင် ဝဲဖြာကျလျက်၊ ဖြူနုသော အသားအရေနှင့်အတူ ရောင်စုံမျက်နှာလေးနှင့် သူမသည် သက်ရှိကော်ရုပ်မလေးလို သိပ်ကိုလှပသည်။

ထိုလှပလွန်းသည့် မျက်နှာလေးထက်က မျက်ဝန်းအကြည့်များက မိန်းကလေးဖြစ်ပေမယ့် စူးစူးရဲရဲလေး စိုက်ကြည့်လိုက်သည့်အခါမှာတော့ ဘုန်းဇော်ဟန်ရင်မှာ ရင်ခုန်သံတွေ မြန်ဆန်သွား





သည်။

"ကိုဘုန်းဇော်ဟန်လို လူမျိုးနဲ့ နှယ် သိခွင့်ရတာ အရမ်းကို ဂုဏ်ယူပါတယ်ရှင်"

လှသောမျက်နှာလေးထက်ဝယ် အပြုံးချိုချိုနှင့် ဆိုလာသည့် နှယ့်စကားကို ဘုန်းဇော်ဟန်သည် အလိုက်သင့် ပြန်လည်ပြုံးပြရင်းက နှယ်၏ ချစ်စဖွယ် ပြုံးတုံ့တုံ့ အမူအရာလေးကို စိုက်ခနဲ ငေးကြည့်မိသွားရရင်း…

"အဟွန်း…ကျွန်တော်ကလည်း နှယ်လိုပါပဲ၊ နှယ်နဲ့အခုလို သိခွင့်၊ ခင်မင်ခွင့်ရတာကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"

တွေ့ကြသည့် အချိန်နာရီလေးက ဘယ်လောက်မှ မကြာပေမယ့် ဘုန်းဇော်ဟန်နှင့် နှယ်ကြားတွင် ခင်မင်မှုသံယောဇဉ်ကြိုးက နှစ်ဦးစလုံး၏ ရင်ထဲကို မြန်မြန်ပင် ရစ်ပတ်သွားရသည်။

နှယ်သည် ထိုနေ့က ဘုန်းဇော်ဟန်အား သူ၏အဆောင်ကို အလည်လာဖို့ကိုပါ အပြုံးချိုချိုနှင့် တစ်ခါတည်း ဖိတ်ခေါ်သွားလေသည်။

"ကဲ…နှယ်လည်း ရောက်တာကြာပြီ၊ ပြန်ဦးမှ"

နှစ်ဦးစလုံးကို အကြည့်ချွေချွေလေးဖြင့် တစ်ချက်ကြည့်

ကာ ကားဖြူလှလှလေးကို ကျင်လည်စွာ မောင်းထွက်သွားလေမှ စိုးသန့်၏ အစ်မ ကျောင်းဆရာမအပျိုကြီး ဒေါ်နီနီသည် ဘုန်းဇော်ဟန်တို့ရှိရာ ဧည့်ခန်းထဲသို့ ထွက်လာပြီး…

"ဘယ့်နှယ်လဲ…ယောကျ်ားလေးမြင်ရင် သူ့အဆောင်ကို လာခဲ့ဖို့ မောင်ဘုန်းဇော်ဟန်ကို ဖိတ်ခေါ်သွားပြန်ပြီမဟုတ်လား"

"ဟာဗျာ…မမကြီးကလဲ"

နွယ်နှင့်ပတ်သက်ကာ မဲ့ကာရွဲ့ကာ ပြောလာသည့် အစ်မဖြစ်သူစကားကြောင့် မျိုးသန့်မှာ ဘုန်းဇော်ဟန်ကို အားနာသလို အစ်မဖြစ်သူကိုလည်း ဟန့်တားလိုက်လေသည်။

"မျိုးသန့်နော်…မင်းကို အဲဒီမိန်းကလေးနဲ့ အပေါင်းအသင်း အဆက်အဆံမလုပ်ပါနဲ့လို့ မှာထားရက်နဲ့ မောင်မျိုးဇော်ဟန်ကို အားနာပေမယ့် မမကြီးကတော့ အဲဒီမိန်းကလေးနဲ့ ပတ်သက်ပြီး ပြောစရာရှိတာတော့ ပြောရမှာပဲကွဲ့၊ မိန်းကလေးက လူလေးကြည့်တော့ လှပါရဲ့၊ ဒါပေမယ့် နေတာထိုင်တာ ပြောဆိုတာကအစ တစ်စက်ကလေးမှ မိန်းကလေးမပီသဘူး၊ ကြည့်လိုက်တိုင်း လတ်လျားလတ်လျားနဲ့၊ အဲ…သူ့ရဲ့ အဆိုးဆုံးက ယောကျ်ားလေးမြင်ရင် တန်းပြီး အခွင့်အရေးပေး၊ သူ့ဘက်ပါအောင်လုပ်တော့ တာပဲ၊ မမကြီးဖြင့် အဲဒီမိန်းကလေးကို ကြည့်မရပါဘူး"





ဘုန်းဇော်ဟန်ရှေ့တွင် နွယ်အား နှစ်ပြားမတန် ရက်ရက် စက်ဝေဖန်နေသော အစ်မအပျိုကြီးကို မျိုးသန့်သည် မှမပြော ချင်တော့သည်မို့ အရှုံးပေးလိုက်ကာ…

"တော်ပါတော့ မမကြီးရာ၊ သူနဲ့မပတ်သက်နဲ့ဆို နောက် တော်မပတ်သက်တော့ပါဘူး၊ နွယ်နဲ့ပတ်သက်ပြီး မမကြီးစကား ရပ်လိုက်ပါတော့၊ အခု အစ်ကိုရှေ့မှာပြောနေတာ အားနာဖို့ ကောင်းနေပြီ"

"မောင်ဘုန်းဇော်ဟန်က မမကြီးတို့နဲ့ မိသားစုလိုဖြစ်နေ ၊ ဘာအားနာစရာလိုလဲ၊ မမကြီးပြောနေတာ အားလုံးအမှန်တရား ပဲ၊ သူ့ကို မနာလိုစိတ်နဲ့ ရှုတ်ချနေတာမဟုတ်ဘူး၊ မောင်ဘုန်း ဇော်ဟန်လည်း မှတ်ထားနော်၊ မင်းကိုလည်း မမကြီးက ကိုယ့်မောင် သဘောထားလို့ သတိပေးလိုက်မယ်၊ နွယ်လို မိန်းကလေးမျိုး မင်းဘယ်တော့မှ မပတ်သက်မိစေနဲ့၊ ဝေးဝေးသာရှောင်ပေတော့"

"အဟွန်း…ဟုတ်ကဲ့မမကြီး"

မျိုးသန့်တင်မက ဘုန်းဇော်ဟန်ပါ အပျိုကြီးမမ၏စကား ကွင်းထဲက မလွတ်တာမို့ မျိုးသန့်နည်းတူ သူပါရောယောင် ကျ်ရင်း ခေါင်းညိတ်လိုက်ရသည်။

"မမကြီးကတော့ တကယ့်မလွယ်ဘူးဗျာ၊ အစ်ကိုဘုန်း

ဇော်ဟန်ပါ မမကြီးပါးစပ်အောက်က မလွတ်ဘူး၊ ဒါကြောင့်လည်း မမကြီးကို ကြောက်နေရတာ၊ တကတည်းဗျာ တွေ့တဲ့လူတိုင်းကို သူ့တပည့်လို သဘောထားနေတော့တာပဲ"

"မျိုးသန့်နော်…နင်ငါလုပ်လိုက်ရ"

အစ်မဖြစ်သူကို မချိုမချဉ် မျက်နှာပေးနှင့် စဖြစ်အောင် စ,နေသော မျိုးသန့်ကို အပျိုကြီးဒေါ်နီနီမှာ မျက်စောင်းခဲလိုက်ရင်း ကြိမ်းလိုက်တော့မှ မျိုးသန့်သည် ငြိမ်ကျသွားရလေသည်။

ဒါကိုကြည့်ပြီး ဘုန်းဇော်ဟန်မှာ ပြုံးမိသွားရသည်။

မမကြီးပါးစပ်ကို မျိုးသန့်နည်းတူ ဘုန်းဇော်ဟန်ပါ ကြောက်ရပါသည်။ အမြင်မတော်တာတွေ့လျှင် မထင်ရင်မထင်သလို ပြောတတ်သည့် မမကြီးမှာ စကားကို ရှင်းရှင်းနှင့်ဘွင်းဘွင်း ဖွင့်ပြောတတ်သူဖြစ်သည်။

ဘုန်းဇော်ဟန်ကို စိုးသန့်နှင့်ပတ်သက်ကာ မောင်တစ်ယောက်လို သူတို့၏မိသားစုဝင်အဖြစ် ချစ်ခင်ပြောဆိုဆက်ဆံကာ ဆုံးမစရာရှိလည်း မောင်တစ်ယောက်လိုပင် ဆုံးမတတ်သူမို့ နောက်ဆုံး စည်းကမ်းကြီးလှပါသည်ဆိုသော မေမေကိုယ်တိုင်က မမကြီးထံ သူ့အား စိတ်ချလက်ချ အပ်ထားရသည့်အထိပင်ဖြစ်သည်။





သည်တော့ မမကြီးရှေ့မှာ မမကြီး ဘာပြောပြော သူပြောသမျှစကားများကို ဟုတ်ကဲ့ဟုဆိုကာ ခေါင်းညိတ်ပြခြင်းက အကောင်းဆုံးပင်ဖြစ်သည်။

မမကြီးတို့ မိသားစုတွင် မမကြီးသည် ဩဇာရှိသူဖြစ်သည်။ စေ့စပ်သေချာကာ စည်းစနစ်ကြီးလွန်းသော အပျိုကျောင်းဆရာကြီး မမကြီး၏ ဆိုစကားများအောက်မှာ အငယ်အားလုံးသည် တစ်ယောက်မှမလှုပ်ရဲကြ။

ထိုအထဲ မမကြီးကို ချစ်ကြောက်ရိုသေကြသူများဖြစ်သည်။ ဒီအထဲမှာ ဘုန်းဇော်ဟန်ကပါ မဆီမဆိုင် အဆစ်ဝင်ပါနေရ၍ အောင့်သက်သက်နှင့် မကျေမနပ် ဖြစ်ရသော်လည်း မမကြီးကိုက ဘာတစ်ခုမှ ပြန်မပြောရဲပါ။

ပြန်ကာနီး မမကြီးအလစ်တွင် ဘုန်းဇော်ဟန်သည် မျိုးသန့်နှင့် နွယ်ထံသွားရန် အဖော်ညှိရသည်။

သို့သော် အဆင်မပြေပါ။

အစ်မဖြစ်သူမသိဘဲ အစ်မ မကြိုက်တာကို ဘာမှမလုပ်ရဲသည့် မျိုးသန့်ကြောင့် ဘုန်းဇော်ဟန် မောသွားရသည်။

"အစ်ကို နွယ် အဆောင်ကို သွားချင်တာဆိုတော့ ကျွန်တော် ဘာမှမပြောလိုပါဘူး၊ ဒါပေမယ့် နွယ်ဆိုတာက မမကြီး

ပြောသလို ကျွန်တော်တို့ အစ်ကိုတို့အတွက် ေးဝေးကရှောင်သ
ဘဲ့ မိန်းကလေးပါပဲ"

မျိုးသန့်စကားက လျှို့ဝှက်လွန်းသည်။ သူဘာ
ရည်ရွယ်ပြောသည်မှန်း ဘုန်းဇော်ဟန် မသိပေမယ့် လောလေ
ဆယ် ဘုန်းဇော်ဟန် သိနေသည်က သူ့မျက်ဝန်းထဲတွင် ဘယ်လို
မထွက်နိုင်တော့သည့် ကြည်သာချိုမြသော စွဲမက်ဖွယ် အပြုံးပိုင်
နွယ်နှင့် ထပ်မံတွေ့ဆုံလိုခြင်းဖြစ်ပါသည်။

တွေ့ကြသည်မှာ အချိန်မကြာပေမယ့် နွယ်၏ရုပ်ရည်
နွယ်အရိပ်လေးသည် ဘုန်းဇော်ဟန်၏ အသည်းထောင့်တစ်နေ
ဘွင် နစ်စူးစွာ စိုက်ဝင်ခဲ့ရပြီဖြစ်သည်။

ထို့ကြောင့် ဘုန်းဇော်ဟန်သည် နှလုံးသား၏ စေညွှန်
အတိုင်း မျိုးသန့်မပါဘဲ သူတစ်ဦးတည်း စွန့်စားကာ နွယ်ဆီ
သွားခဲ့သည်မှာ သူ၏ခြေရာတွေပင် ထပ်ခဲ့သလို နွယ်နှင့်သူသ
သည်း ရင်းနှီးရာမှ ပို၍ရင်းနှီးကာ ချစ်သူများဘဝသို့ပင် ရောက်
ရပြီဖြစ်သည်။

ပြန်တွေးလျှင် နွယ်နှင့် သူ၏တွေ့ဆုံမှုသည် အချိန်အ
ဖြင့် ဘယ်လောက်မှ မကြာသေးပေမယ့် နွယ်အပေါ် ချစ်ရသ
သူ့အချစ်များကတော့ အချိန်နာရီ၊ နေ့ရက်များနှင့်မဆိုင် အချစ်





အင်အားကြီးမားမှုက တကယ့်ကို ခိုင်မာလေးနက်လွန်းရသည်ကို
တော့ ဘုန်းဇော်ဟန်သည် သူကိုယ်သူသာ အသိဆုံးဖြစ်တော့သည်။

ဘုန်းဇော်ဟန် ဘဝအတွက်တော့ နွယ်သည် သူ့ဘဝ၏ အချစ်ဦးမို့ ရူးနေအောင်ချစ်ရပါသည်။ ချစ်လွန်း၍လည်း အရာအားလုံးကို နွယ့်သဘောကျ၊ နွယ့်ဆန္ဒအတိုင်း ရှိနေခဲ့သည့်အထိ သူမအပေါ် စွဲလမ်းမြတ်နိုးမှုများဖြင့် ဘုန်းဇော်ဟန် ချစ်ခဲ့ရသည်။

အခုတော့ သူနှင့်နွယ်၏ အချစ်ဇာတ်လမ်းကို ညီမသက်ထားထံမှတစ်ဆင့် မိဘနှစ်ပါးစလုံး သိရှိသွားခဲ့ပြီမို့ နွယ်နှင့်ပတ်သက်သမျှကို ဘုန်းဇော်ဟန်သည် မကွယ်မဝှက် မေမေ့အား ပြောပြခဲ့ရသည်။

တကယ်တမ်း သူနှင့်နွယ်အဖြစ်ကို မေမေ သိသွားပေမယ့် အခြေအနေက ထင်သလောက်မဆိုးသည်မို့ ဘုန်းဇော်ဟန်မှာ ကြိတ်ကာ ဝမ်းသာနေရသူဖြစ်သည်။

သို့သော် ခက်နေသည်က နွယ်ပင်ဖြစ်သည်။ မှန်သည်…

နွယ်သည် သူ ပြန်လာမည့်ရက်ကျမှ နယ်က သူ့မိဘတွေဆီကို ခဏပြန်သွားရသောကြောင့် ဖြစ်သည်။ တကယ်ဆို မတွေ့ရတာကြာပြီဖြစ်တဲ့ ချစ်သူတစ်ယောက်လုံး အဝေးကရောက်လာမည်ကို သိရက်နှင့် သူမသည် အလိုက်မသိစွာ နယ်ကိုပြန်သွား

ဖို့ ကောင်းဆိုတာ သူမ မသိဘူးတဲ့လား။

ဘုန်းဇော်ဟန်သည် ချစ်သူကို တွေ့ချင်ဇောနှင့်သာ လာရ ပေမယ့် သူ့အတွက် ခွင့်ကသိပ်မရ။ ဒီလိုရက်ကြမှ ပြန်သွားရသည့် ချစ်သူကိုလည်း ဘုန်းဇော်ဟန် စိတ်လည်းတိုရ မချင့်မရဲလည်း ဖြစ်ရနှင့် ချစ်သူနှင့် မတွေ့ရပါဘဲ အချိန်ကလည်း မကုန်စေချင် ကာမှ အကုန်လွယ်နေရသည့်အဖြစ်က သူ့အတွက် စိတ်ညစ်ချင် စရာ။

အလုပ်ကိစ္စကလွဲလို့ အပြင်လည်း သိပ်မထွက်ဖြစ်သည့် ဘုန်းဇော်ဟန်မှာ ချစ်သူအလာကိုမျှော်ရင်း အိမ်မှာပင် ဟိုလုပ်ဒီလုပ် နှင့် အချိန်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာရသည်မို့ လူက စိတ်တိုချင်သလိုလို ဘာလိုလိုနှင့် ချစ်သူအပေါ် နည်းနည်းကျွဲမြီး တိုချင်လာရသည်။

သူ့ရင်ထဲက ခံစားချက်များကို ဘာမှမသိတဲ့ မရွှေနှယ် ကတော့ နယ်မှာ သူ့မိသားစုတွေနဲ့ ပျော်နေလောက်ပြီဖြစ်သည်။

ဘုန်းဇော်ဟန်မှာ ရင်မှာ မကျေမချမ်း ဖြစ်ရသောစိတ် အတွေးများကြောင့် မျက်နှာချောချောကြီးမှာ မှုန်တည်လျက် စိတ် အလိုမကျမှုများကြောင့် လူက ရှုတည်တည်ကြီး ဖြစ်နေရသည်။

“ဟူး...ရင်မောရပါလား နွယ်ရယ်”





ချစ်သူအမည်ကို တမ်းတမ်းတတ ခေါ်ညည်းရင်းက ဘုန်းဇော်ဟန်သည် ရင်မှလာသည့် သက်မတစ်ချက်ကို ခပ်ပြင်းပြင်း ရှိုက်ထုတ်ပစ်လိုက်တော့သည်။

သည်တစ်ခါလာရင် ချစ်သူနှင့် ပျော်ပစ်မည်ဟူသော အတွေးများက ခဲလေသမျှ သဲရေကျ ဖြစ်နေပါရော့လား။

ချစ်သူနှင့်တွေ့ရတော့မည်ဟု တစ်လမ်းလုံး အတွေးများ ဖြင့် ပျော်လာခဲ့ရသမျှ တကယ်တမ်းမှာတော့ သူ၏အထင်နှင့် အမြင်လွဲခဲ့ရတဲ့အဖြစ်များကြောင့် ဘုန်းဇော်ဟန်သည် စိတ်မှာ မရွှင် ပြနိုင်တော့ဘဲ စိတ်အညစ်ကြီး ညစ်နေရတော့သည် မဟုတ်ပါလား။

## အခန်း (၃)

“သက်ထား…ဟိုမှာကြည့်စမ်း ကြည့်စမ်း၊ ဟိုဟာ နင်တို့အိမ်ကကား မဟုတ်လား”

ကြည်ပြာပြရာဆီသို့ သက်ထားအကြည့်များ ရောက်သွားတော့ သူမတို့အိမ်ကကားကို တွေ့ရလေသည်။

“အေး…ဟုတ်တယ်၊ အဲဒါ အိမ်ကကားပဲ”

“အိမ်ကကားပဲ လုပ်မနေနဲ့ မသက်ထား၊ ကားထဲမှာ ဘယ်သူတွေလဲဆိုတာ နင်သေချာကြည့်ဦး”

ကြည်ပြာပြောကာမှ သက်ထားလည်း ကားဖဲကို အသေအချာ ပြန်၍ကြည့်မိသွားရသည်။





ကိုကို…ကိုကိုပါလား…

ဟင်…ကိုကို့ဘေးမှာ ခပ်ချောချော၊ ခပ်လှလှ မိန်းမတစ်ယောက်ပါလား။

“ဟဲ့…သက်ထား နင့်အစ်ကိုမဟုတ်လား၊ သူ့ဘေးက အမျိုးသမီးက နင့်အစ်ကိုရည်းစားနဲ့ တူတယ်နော်၊ ဘယ်တုန်းက ရည်းစားရသွားတာလဲဟ”

“အေး…ဟုတ်ပါရဲ့နော်၊ နင့်အစ်ကို လူရိုးကြီးက ဒီလိုဆိုတော့လည်း ဖိုးစွံပါပဲလား၊ ဟဲ့…နေဦး…နေဦးဟဲ့၊ သူ့ဘေးက အမျိုးသမီးက နယ်လီ၊ နယ်လီမဟုတ်လား”

“ကြည်ပြာ…နင့်စကားက ဘာလဲဟ၊ ဘယ်ကနယ်လီလဲ၊ ရှင်းအောင်ပြောစမ်းပါ”

“ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ သက်ထား၊ နင့်အစ်ကိုဘေးက မိန်းမက ငါသိတဲ့ နယ်လီဆိုရင်တော့ နင့်အစ်ကို ကောင်းကောင်း ဒုက္ခရောက်ပြီမှတ်ကော့”

ကျူရှင်ပြီး၍ သူငယ်ချင်းများစုကာ ပြန်ရန်ပြင်ဆင်ရင်း သူမတို့ရှိရာ လမ်းမကနေ ဖြတ်မောင်းသွားသည့် ကိုကိုဘုန်းဇော်ဟန်ကားနှင့် ကိုကို့ဘေးတွင် အပြုံးလှလှလေးနှင့် ပါသွားသော မိန်းမကို မြင်လိုက်တွေ့လိုက်ရသည့် ကြည်ပြာမှာ မျက်စိပျက် မျက်နှာ

ပျက်နှင့် ထိုစကားကို ဆိုလိုက်ခြင်းဖြစ်သည်။

"သက်ထား"

"ဟင်"

"စောစောက နင့်အစ်ကိုဘေးမှာပါသွားတဲ့ မိန်းမကို နင်သေချာမြင်လိုက်တယ်မဟုတ်လား"

"အေး…ငါသေချာမြင်လိုက်ပါတယ်"

"အဲဒါ နယ်လီမဟုတ်လား"

ကြည်ပြာမှာ သူမသိချင်နေသည်ကို သက်ထားအား ထပ်ခါထပ်ခါ မေးလိုက်သည်။

"ဘယ်ကနယ်လီလဲ…နင်ပြောတဲ့နယ်လီကို ငါမမြင်ဘူးတာ၊ ငါသိတာကတော့ ကိုကို့ဘေးမှာ ပါသွားတဲ့အမျိုးသမီးဟာ သူ့ရည်းစား နွယ်ဆိုတာပဲဖြစ်မယ်၊ ဟုတ်တယ် နွယ်ပဲဖြစ်နိုင်တယ်"

သက်ထားမှာ ထိုစကားကို တွေးတွေးဆဆနှင့် ချိန်ဆကာ ပြောလိုက်သည်။

အဘယ်ကြောင့်ဆိုရသော်…

ကိုကိုဘုန်းဇော်ဟန်သည် သူမသိသလောက်တော့ မိန်းကလေးများနှင့် ကင်းရှင်းလွန်းကာ နွယ်ဆိုတဲ့ မိန်းမကိုသာ တမ်းတမ်းစွဲဖြစ်နေသည်မို့ သူ့ကားပေါ်ပါသွားသူမှာ နွယ်ဆိုတဲ့ ရည်းစားမှလွဲ





ပြီး တခြားဘယ်မိန်းကလေးမှ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။

"ဟုတ်တယ် ကြည်ပြာ…ကိုကို့ကားပေါ်မှာ ပါသွားတာ နွယ်ပဲနေမှာ၊ သေချာပါတယ် နွယ်မှနွယ်ပါ၊ ကိုကို့အကြောင်းကို ငါ ကောင်းကောင်းသိပါတယ်၊ သူက ဒါဆိုဒါမှ အဲဒီလိုလူစားမျိုး၊ သူ နွယ့်ကို ဒီလောက်ချစ်နေတာ သူ့ကားပေါ်မှာ နွယ်ကလွဲပြီး တခြား ဘယ်မိန်းကလေးမှ မဖြစ်နိုင်ဘူး"

သူမတို့ရှေ့ကနေ လေအလျင်ကဲ့သို့ မောင်းသွားသော ဘုန်းဇော်ဟန်နှင့် ကြွေရုပ်လေးတစ်ရုပ်လို လှပစွာပါသွားသည့် အမျိုးသမီးကိုကြည့်ပြီး သက်ထားသည် သူမစကားကို သူမ ပြန်၍ ထောက်ခံနေလိုက်၏။

"ဒါနဲ့ နေပါဦး ကြည်ပြာ၊ နင်ပြောတဲ့ နယ်လီဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

သူမမျက်စိရှေ့က ကားလေး ပျောက်ကွယ်သွားမှ သက်ထားသည် သူမသိချင်သည့်စကားကို ကြည်ပြာအား ဆက်လာပြန်သည်။

"ဒီမယ်သက်ထား…နင် ငါပြောတာကို သေချာနား ထောင်သွား၊ နင့်အစ်ကိုနဲ့ တွဲနေတဲ့ အဲဒီအမျိုးသမီးဟာ နယ်လီဆို ရင်တော့ နင့်အစ်ကို ဝေးဝေးကရှောင်ခိုင်းတော့၊ သူနဲ့ပတ်သက်ပြီး

နင့်ကို ငါပြောစရာလည်းရှိတယ်၊ ပြစရာလည်းရှိတယ်''

''ကြည်ပြာရယ် နင့်စကားက အဆန်းပါလား၊ အဲဒီမိန်းမ နဲ့ ပတ်သက်ပြီး နင်ဘာတွေသိထားလဲ၊ နင်သိထားသလောက် ငါ့ကို ပြန်ပြောစမ်းပါ''

''ဟုတ်ပါရဲ့ကြည်ပြာ…နင်ပြောတဲ့စကားကို ငါတို့လည်း နားသိပ်မရှင်းဘူး၊ ရှင်းအောင်ပြောစမ်းပါ''

သက်ထားနည်းတူ နိုင်နိုင်ကလည်း ကြည်ပြာစကားကို နားမရှင်းသည်မို့ ဝင်ပြောလိုက်သည်။

''အေး…နင်တို့အားလုံး နားလည်အောင် ငါပြောပြမယ်၊ အဲဒီအမျိုးသမီးသာ နယ်လီဖြစ်တယ်ဆိုရင်တော့''

''နယ်လီဖြစ်တာနဲ့ နင်နဲ့ ဘာဆိုင်လို့လဲ ကြည်ပြာ''

''ငါပြောချင်တာက အဲဒါပဲ၊ နယ်လီဆိုတာက ငါ့အစ်ကို ရဲ့ ဘဝတစ်ခုလုံးကို ပျက်လုနီးပါး သူ့အတတ်ပညာတွေနဲ့ ဖြားယောင်းဆွဲဆောင်ပြီး သူ့ကို တမ်းတမ်းစွဲအောင် အရူးကြီးလုပ် ပြီး ပစ္စည်းချူစားတဲ့ အကျင့်ပျက်နေတဲ့ မိန်းမပေါ့၊ ငါ့အစ်ကိုက လည်း ဒါကိုမသိတော့ အဆိပ်တက်နေတဲ့အချိန်မှာ နယ်လီမှနယ်လီ တမ်းတမ်းစွဲနေတာ မနည်းခွာထုတ်ယူရတယ်''

''ငါ့အစ်ကိုနဲ့ကွဲပြီးတော့လည်း …မယားရှိတဲ့ ယောက်ျား





တစ်ယောက်နဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာ၊ သူနဲ့ပတ်သက်တဲ့လူတိုင်း သိတယ်၊ အဲဒီလူကပဲ သူ့အတွက် နေစရာ စားစရာ၊ စီးဖို့ကား၊ အိမ်…အကုန်လုံးပါပဲ၊ တာဝန်ယူပေးထားရတာ၊ နယ်က သူ့မိဘတွေ ဆိုတာကလည်း ဟန်သာရှိတာ တကယ်တမ်းကြတော့ ဘာမှရှိတာ မဟုတ်ဘူး''

''နေပါဦး…နင်က အဲဒါတွေ ဘယ်လိုလုပ်သိတာလဲ ကြည်ပြာ''

''သူ့ရဲ့မကောင်းသတင်းက အားလုံးပေါ်နေတာပဲ၊ သူ့ အကြောင်းသိတဲ့လူတွေကဆို သူ့ကို ဝေးဝေးကရှောင်ကြတယ်''

''နင်ပြောသလိုဆိုရင်တော့ ဒုက္ခပါပဲ ကြည်ပြာရယ်၊ ကိုကို တော့ အရူးအမဲသားကျွေးထားသလို အဲဒီမိန်းမမှ အဲဒီမိန်းမ တမ်းတမ်းစွဲဖြစ်နေတာ၊ နွယ်ဆိုတာ'နင်ပြောတဲ့ နယ်လီ တကယ် ဖြစ်နေရင်တော့ ငါ ကိုကို့အတွက် မတွေးရဲတော့ဘူး''

သက်ထားမှာ အစ်ကိုဖြစ်သူ ဘုန်းဇော်ဟန်အတွက် ရင် လေးစွာ မျက်စိပျက် မျက်နှာပျက်နှင့် အထိတ်တလန့် ဆိုလိုက် သည်။

နယ်လီဆိုတာက ကြည်ပြာပြောသလိုဆိုရင်ဖြင့် တကယ့် ကို ကြောက်စရာကောင်းတဲ့ မိန်းမလည်းပါလားနော်။

နွယ်သာ ထိုမိန်းမဆိုရင်တော့ ကိုကိုသည် ကြားထဲကနေ မလည်မဝယ်နှင့် ခံရပေတော့မည်။ သက်ထားမှာ တွေးရင်းက အစ်ကိုဖြစ်သူအတွက် အစိုးရိမ်ပိုလာရ၏။

"ဟဲ့ . . . သက်ထား နင်ကလည်း ငါပြောလိုက်တာနဲ့ မျက်စိမျက်နှာကို ပျက်နေတာပဲ၊ အဲဒီမိန်းမသာ နယ်လီဖြစ်တော့ရော ဘာဖြစ်သေးလဲ၊ ငါ့မှာ သူ့ကိုနိုင်တဲ့နည်း ရှိပါသေးတယ်၊ နင် အဲလောက်ကြီးလည်း နင့်အစ်ကိုအတွက် စိုးရိမ်မနေပါနဲ့၊ သူသာ နယ်လီ အစစ်အမှန်ဖြစ်ကြည့် နင့်အစ်ကိုနားက သူ့ကိုခွာထုတ်နိုင်ဖို့ ငါ့အစ်ကိုတုန်းကလို လုပ်ရတော့မှာပေါ့"

"နင့်အစ်ကိုတုန်းက နင်တို့ ဘယ်လိုလုပ်လိုက်လဲ ကြည်ပြာ၊ ပြောစမ်းပါဦး"

"ငါ့အစ်ကိုတုန်းကတော့ဟာ နယ်လီနဲ့ပတ်သက်ပြီး ဘယ်လိုမှပြောလို့မရတာနဲ့ ငါတို့တစ်မိသားစုလုံး စိတ်ဆင်းရဲကြတာပေါ့၊ ဒါနဲ့ ငါ့အစ်ကိုလတ်က မိသားစုတွေအားလုံး စိတ်ဆင်းရဲနေတာ မကြည့်ရက်တာနဲ့ သူ့နည်းသူ့ဟန်နဲ့ ကြံရတော့တာပေါ့၊ အဲဒါ ဘာလဲဆိုတော့ နယ်လီသွားတဲ့နောက်ကို ငါ့ အစ်ကိုလတ်က လိုက်ချောင်းပြီး ဟိုလူနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ပုံကို သေချာ ဓါတ်ပုံရိုက်ယူခဲ့တယ်လေ"





"ဟယ် . . . နင့်အစ်ကိုလတ်ကလည်း အကြံပိုင်လိုက်တာ၊ ဓါတ်ပုံပြလိုက်တော့ နင့်အစ်ကိုက နောက်ဆုတ်သွားရော"

ကြည်ပြာစကားကို မစောင့်နိုင်တော့သလို နိုင်နိုင်သည် မေးလိုက်လေသည်။

"ဆုတ်တာပေါ့ဟ . . . ငါ့အစ်ကိုက သူ့ကို တကယ်ချစ်မယ့် ဒီလိုမျိုး အကျင့်စာရိတ္တပျက်နေတဲ့ မိန်းမတစ်ယောက်ကို တော့ သူလက်မထပ်ရဲပါဘူးဆိုပြီး သူ့အလိုလိုနောက်ဆုတ်သွားပြီး မေတို့ပေးစားတဲ့ မိန်းမနဲ့ လက်ထပ်သွားတယ်လေ"

"ဒါဆို . . . နင့်အစ်ကိုဆုံးဖြတ်တာ မှန်သွားတာပေါ့"

"မှန်သွားတာပေါ့ သက်ထားရဲ့၊ အခုဆို ငါ့အစ်ကိုက နယ်လီဆိုတဲ့အသံကြားတာနဲ့ ကျောစိမ့်နေတဲ့လူ သိလား၊ သူ့ဘဝမှာ သားနဲ့မယားနဲ့ သာယာစိုပြေနေပြီလေ၊ တကယ်လို့ သူ နယ်လီကို ယူခဲ့ရင် အခုချိန် သူ ဘဝပျက်နေပြီဆိုတာကို နားလည်သဘောပေါက်သွားပြီ"

သူ့အကြောင်း ကိုယ့်အကြောင်း ရင်ဖွင့်ပြောပြရင်းက သက်ထားတို့ ပြန်လာခဲ့ကြသည်။

အပြန်လမ်းမှာတော့ သက်ထားသည် အလာတုန်းကလို

မျက်နှာလေး မပြုံးရွှင်နိုင်တော့။ ကိုကို့ချစ်သူနွယ်နှင့် ပတ်သက်သည့် အတွေးများက သူမရင်ထဲတွင် နေရာပြည့်ဝင်ယူထားသလ နွယ်သည် နယ်လီမဟုတ်ပါစေနဲ့ ဆိုတာလည်း ရင်မှာကျိတ် ဆုတောင်းနေမိရသည်။

အကြောင်းကား...

ကိုကိုချစ်သော နွယ်သာ နယ်လီ အမှန်တကယ်ဖြစ် ပါက တစ်သက်လုံး ရည်းစားမထားဘဲ ရိုးရိုးအေးအေးကြီး နေလ ခဲ့သော ကိုကိုဘုန်းဇော်ဟန်သည် နွယ်နှင့် ပတ်သက်၍ ခံစား မည်ဖြစ်သည်။

ချစ်သောကိုကို့ကို သက်ထား ထိုသို့ မခံစားစေချင်ပါ သက်ထားအနေနှင့် ကိုကို၏ ချစ်ခရီးလမ်းကို သာယာဖြောင့်ဖြူ စေချင်သည်က သက်ထား၏စေတနာပင် ဖြစ်သည်။

သက်ထားမှာ အိမ်ပြန်ရောက်သည့်အထိ ထိုအတွေး သူမထံ ကပ်ငြိပါလာရဆဲဖြစ်သည်။

ထိုအတွေးကြောင့် သက်ထားသည် အိမ်ပြန်ရောက်သည နှင့် အဝတ်အစားပင် မလဲနိုင်တော့ဘဲ ကိုကို့အခန်းထဲသို့ တန်း လာခဲ့သည်။

တော်ပါသေးသည် ကိုကိုလည်း အိမ်ပြန်မရောက်သေး





အေးလေ...သူလည်း သူ့ချစ်သူနှင့်တွေ့တုန်း အချိန်တွေကြာဦးမည် ပေါ့။ သက်ထားသည် ကိုကို ပြန်မရောက်သေးသည်ကို စိတ်မှာ ကျိတ်၍ ဝမ်းသာသွားရသည်။

ဒါ သူမအတွက် အခွင့်အရေးပင် မဟုတ်ပါလား။

နွယ်နှင့်ပတ်သက်ကာ သူမသိချင်တာတွေ သိခွင့်ရရန် အတွက် သက်ထားသည် ပိုင်ရှင်မရှိသည့် ကိုကို့အခန်းထဲ ဝင်လာ ခဲ့ရင်းက နေရာအနှံ့ နွယ်နှင့်ပတ်သက်သမျှကို ရှာဖွေနေမိရသည်။

ကိုကိုကပဲ အသိမ်းကောင်းသလား၊ သက်ထားကပဲ ရှာတာညံ့လို့လားမသိ နွယ်နှင့်ပတ်သက်သည့်အရာမှန်သမျှကို ဘာ တစ်ခုမှ ရှာမတွေ့နိုင်အောင် ရှိနေရသည်။

သို့ပေမယ့် သက်ထားဆိုတာ တခြားသူမှ မဟုတ်ဘူး။ ကိစ္စတစ်ခုကို လွယ်လွယ်နှင့် အလျှော့မပေးတတ်တာက သူမရဲ့ အကျင့်ပေမို့ မကျေနပ်စိတ်ဖြင့် ကိုကို့အခန်းထဲရှိ နေရာအနှံ့ကို သက်ထားသည် ဖွမလျှော့ ခေါင်းမာမာနှင့် ဆက်၍ရှာဖွေနေသည်။

ကြည့်စမ်း...တွေ့ပါပြီ။

သက်ထားရဲ့ မလျှော့တဲ့ဇွဲကြောင့် ထင်ပါသည်။ ကိုကို့ ဒိုင်ယာရီစာအုပ်လေးကြားကနေ ထွက်ကျလာသည့် ဓါတ်ပုံလေး ကြောင့် သက်ထားမျက်နှာလေး လက်ဖြာသွားရပြီး ဓာတ်ပုံလေးကို

ထမင်းကတန်း ကောက်ယူကာ အမြန်ယူကြည့်လိုက်တော့...

"ဟင်"

သက်ထားမှာ အံ့သြလွန်းသဖြင့် ကိုယ့်ပါးစပ်ကိုပင် ကိုယ်ပြန်၍ မပိတ်နိုင်တော့။ ကြည့်စမ်းပါဦး...သူ...သူ ကိုကို့ ကားပေါ်မှာ သူမကိုယ်တိုင်တွေ့လိုက်သည့် သိပ်လှလွန်းသည့် နှယ်ဆိုတာ သူမပါပဲလား။

ဘုရားရေ...ဒါ...ဒါဖြင့် ... ကြည်ပြာပြောသည့် နယ်လီဆိုတာကရော ဒီနှယ်ဆိုတဲ့ အမျိုးသမီးပဲလား။ ဟင့်အင်း... မဟုတ်ပါစေနဲ့။

သူမသာ နယ်လီဆိုရင်တော့ သက်ထား ကိုကို့အတွက် ကြားထဲကနေ လူမိုက်ဝင်လုပ်ရပေတော့မည်။ ဒါ တကယ်မဟုတ်ပါစေနဲ့။

စွဲမက်ဖွယ် အပြုံးပိုင်ရှင် ကော်ရုပ်လေးလို သိပ်လှလွန်းသည့် ဓာတ်ပုံထဲက အမျိုးသမီးကို သက်ထားသည် တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးနောက် ဓာတ်ပုံကို သူ့နေရာမှာ ခြေရာလက်ရာမပျက် ပြန်ထားလိုက်ပြီး သက်ထားသည် ကိုကို့အခန်းထဲကနေ ပြန်ထွက်လာခဲ့လိုက်သည်။

အင်း...ကိုကိုများ သက်ထား ခုလို သူ့အခန်းထဲကို တိတ်





တိတ်လေး ဝင်မွှေသွားတာသိရင် ဘယ်လောက်များ ဒေါပွလိုက်မလဲမသိဘူး။

သက်ထား ကိုယ့်အတွေးနှင့်ကိုယ် မျက်နှာလေးငယ်သွားရသည်။ ကိုကိုသာ သက်ထား အခုလို လုပ်နေတာကိုသိလျှင် သက်ထားအပေါ် သူ့ဒေါသဖြစ်လို့ပြီးမှာမဟုတ်။

ညီမဖြစ်သူကို အလိုလိုက်စရာရှိလျှင် ကမ်းကုန်အောင် အလိုလိုက်တတ်သော ကိုကိုသည် သူမကြိုက်သည့်အလုပ်ကို လုပ်ပြီဆိုဆိုရင်လည်း ကမ်းကုန်အောင် စိတ်ဆိုးဒေါသဖြစ်တတ်သူဖြစ်သည်။

ကိုကို စိတ်ဆိုးဒေါသဖြစ်မှာကိုတော့ သက်ထား သေအောင်ကြောက်ပါသည်။ ကိုကိုဒေါသဖြစ်လျှင် သက်ထားအတွက် နေစရာမရှိတော့ပြီမဟုတ်ပါလား။

ယခုလည်း သက်ထားသည် ကိုကိုမကြိုက်သည့် ကိစ္စကို လုပ်ထားသည်မို့ ကိုယ့်ကိုယ်ကို လိပ်ပြာမလုံဖြစ်ကာ အပြစ်ရှိသူမို့ သက်ထားသည် ကိုယ့်ကိုယ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် လုပ်ရင်း ဟန်မပျက်ပုံစံလေးနှင့် ကိုကို့အလာကို စောင့်နေလိုက်သည်။

သက်ထားသည် ကိုကို့အား ထူးထူးခြားခြား စောင့်နေမိလို့လားမသိ။ ကိုကိုသည်လည်း ဒီနေ့မှ စောစောနှင့် အိမ်ပြန်မလာ

ကြည့်ရတာ နှယ်နှင့် တစ်နေ့ကုန်တစ်နေ့ခမ်း ဘယ်တွေလျှောက်သွားနေသည်မသိ။ အပျော်လွန်နေပုံရလေသည်။

ညနေထမင်းစားချိန်အထိ ပြန်မလာသည့်အခါမှာတော့ မေမေသည် ထုံးစံအတိုင်း ပျစ်တောက် ပျစ်တောက်နှင့် ပြောလာတော့သည်။

"သားတော့ မဟုတ်တော့ဘူး၊ တစ်နေ့လုံး ဘယ်ကိုများသွားနေသလဲမသိဘူး၊ အလုပ်က ခွင့်နဲ့ပြန်လာလို့ နားနားနေနေ အိမ်မှာနေမလား အောက်မေ့ပါတယ်၊ အိမ်ကိုမကပ်တော့ဘူး၊ ကြည့်စမ်းပါဦး ခုဘယ်အချိန်ရှိနေပြီလဲ၊ မိဘတွေ စိတ်ပူနေမှာလား ဘာလားလဲမတွေးတော့ဘူး၊ သိပ်ခက်တဲ့သားပဲ"

"အမေကြီးကလည်းကွာ...သားက ကလေးမဟုတ်တော့ပါဘူး၊ အလုပ်နဲ့အကိုင်နဲ့ အင်ဂျင်နီယာကြီးတစ်ယောက်လုံး ဖြစ်နေပြီပဲ၊ သူ့ကိုယ်သူ ထိန်းတတ်ပါတယ်ကွာ"

"အဖေကြီးပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် သားသမီးတွေ အရွယ်တွေ ဘယ်လောက်ရရ မိဘတွေရဲ့ မျက်စိထဲမှာတော့ သူတို့ကို ကလေးလိုပဲ မြင်နေတုန်းပဲ၊ ဒါကြောင့် ကျွန်မသားကို ကျွန်မ စိတ်မချနိုင်ဘူး အဖေကြီးရေ"

"ဟုတ်တယ် မေမေ၊ ဟုတ်တယ်၊ ကိုဇော်ကို စိတ်မချနဲ့





...ား၊ နေ့လယ်က သမီးကျူရှင်ကအပြန်မှာ ကိုကို့ကို သူ့ကားပေါ်... မိန်းကလေးတစ်ယောက်နဲ့ သမီးတွေ့လိုက်တယ်၊ ကြည့်ရတာ ...ကိုရည်းစားနဲ့ တူပါတယ်၊ ကားပေါ်မှာ ပြုံးလို့ရွှင်လို့ မောင်းသွား...က်တာများ သမီးကိုတောင် မမြင်နိုင်ဘူးသိလား"

လေပြေလေးနှင့် မေမေ့အားပြောလာသည့် ဖေဖေ့စကားကို ...က်ထားသည် မခံနိုင်သလို နေ့လယ်က သူမတွေ့ခဲ့မြင်ခဲ့ရသည့် ...ကိုတို့စုံတွဲအကြောင်းကို သက်ထားသည် မေမေ့အား ပြန်၍ပြော...က်လေသည်။

အစကတော့ သက်ထားသည် မေမေ့အား ပြန်မပြောဘူး... စိတ်မှာတွေးထားပေမယ့် ဘာမှမသိဘဲ သားဖြစ်သူကိုကိုဘက်...နေ အာမခံကောင်းနေသည့် ဖေဖေစကားကို သက်ထားမခံချင်...ကြောင့် ပြောလိုက်ခြင်းဖြစ်သည်။

ဒါတောင် သက်ထားသည် ကိုကိုနှင့်ပတ်သက်က...ည်ပြာပြောသမျှစကားများကို သူမဘက်က မသေချာသည်မို့ ...ဖေနဲ့မေမေအား ဘာမှမပြောဘဲ ချန်ထားလိုက်သည်။

ပြောလိုက်ပါက ဖေဖေနဲ့မေမေသည် နှယ်နှင့်ပတ်သက်... ကိုကို့အား ခါးခါးသီးသီးဖြစ်သွားမှာက သေချာလေသည်။

သက်ထားအနေနှင့် ဒီလိုလည်း မဖြစ်စေချင်ပါ။ ကြည်ပြာ

ပြောသော နယ်လီနှင့် နှယ်သည် တစ်ယောက်တည်းမဟုတ်ခဲ့
လျှင် တစ်ဖက်က မိန်းကလေး နစ်နာသွားမှာကိုလည်း သက်ထာ
သည် မိန်းကလေးချင်း ကိုယ်ချင်းစာနာစိတ်နှင့် ထိန်းရမည်ဖြ
သည်။

ထို့ကြောင့် သက်ထားသည် ထိုကိစ္စကို မိဘနှစ်ပါးအာ
တမင်ဖွင့်မပြောခြင်းဖြစ်သည်။

"အမေကြီး မင်းသားမိန်းကလေးနဲ့ပတ်သက်ပြီး သား
သေချာမေးမြန်းပြီးပြီလား"

"အင်း...မေးသင့်တာတွေတော့ မေးပြီးပါပြီ အဖေကြ
ရယ်၊ သားကြည့်ရတာ အဲဒီမိန်းကလေးကို တော်တော်စွဲလမ်းနေ
ရတယ်၊ မိန်းကလေးကိုတော့ ကျွန်မလည်း မလှေလာရသေးဘူ
ဒါပေမယ့် သားရွေးထားတဲ့ မိန်းကလေးက မဆိုးလောက်ဘူးထ
တာပဲ"

"အေးလေ...ဘာပဲဖြစ်ဖြစ်ပေါ့ သားကလည်းချ
မိန်းကလေးကလည်း မဆိုးဘူးဆိုရင်တော့ မိဘတွေက ကြည့်စီ
ပေးရမှာပေါ့"

သား၏အိမ်ထောင်ရေးကိစ္စကို အခုကတည်းက ကြိုတ
စဉ်းစားနေသော မိဘနှစ်ပါးကို သက်ထားသည် အကြည့်ငေးေ





လေးနှင့် အတွေးနက်နေရသလောက် ကာယကံရှင် ဘုန်းဇော်ဟန်
ကတော့ သူ့အိမ်ထောင်ရေးနှင့် ပတ်သက်ကာ လေးလေးနက်နက်
တွေးနေသည့် မိဘတွေရဲ့ စီမံမှုကို ဘာမှမသိဘဲ ချစ်သူနှင့်အတူ
အပျော်ကြီး ပျော်နေရတော့သည်။

# အခန်း (၄)

“ဗျာ”

“ဘယ်လို အစ်ကိုဘုန်းဇော်ဟန်၊ အစ်ကိုက နွယ်နဲ့ လက်ထပ်တော့မယ် ဟုတ်လား”

“အေးကွာ…နွယ်ကလည်း ငါ့ကိုချစ်တယ်၊ ငါကလည်း နွယ်ကိုချစ်နေတော့ နှစ်ဦးနှစ်ဖက် အဆင်ပြေနေပြီပဲ၊ ဒီတော့ ငါတို့ နှစ်ယောက် အချိန်ဆွဲမနေချင်တော့ဘူး မိဘတွေကိုဖွင့်ပြောပြီး လက်ထပ်တော့မယ်”

“ဟာ အစ်ကိုရာ ကျွန်တော်…ကျွန်တော် အစ်ကို့ကို ဘယ်လိုပြောရမှန်းတောင် မသိပါဘူးဗျာ၊ တကယ်…တကယ်





ကျွန်တော် အရမ်းအံ့သြတယ် အစ်ကိုရာ”

“ဟကောင်ရ…ငါနဲ့နွယ် လက်ထပ်တော့မယ်ဆိုတာ မင်းအတွက် အဲဒီလောက်တောင် အံ့သြစရာကောင်းနေလို့လား”

“အံ့သြတာပေါ့ အစ်ကိုရာ၊ နွယ်ဆိုတာက ကျွန်တော် မိတ်ဆက်ပေးမှ အစ်ကိုနဲ့သိသွားရတဲ့လူပါ၊ အဲဒီလူနှစ်ယောက်က ကျွန်တော်တောင်မသိလိုက်ရဘဲ ဘယ်လိုကနေ ဘယ်လို လက်ထပ် ဖို့အဆင့် ရောက်တဲ့အထိ ဖြစ်သွားတာလည်းဆိုတာ ကျွန်တော် နည်းနည်းလေးမှ မရိပ်မိ၊ မသိလိုက်လို့ အံ့သြနေတာပါ အစ်ကိုရာ”

“ဪ…ဒါလား၊ အဟွန်း…ဟွန်း …ဟွန်း ဒါက တော့ကွာ မင်းလည်းသိသားနဲ့ မျိုးသန့်ရယ် မမကြီးက မင်းကို နွယ်နဲ့အပေါင်းအသင်းလုပ်တာတောင် မကြိုက်တာ၊ ငါနဲ့ အခုလို ဖြစ်သွားတယ်ဆိုတာသာ မမကြီးသိရင် မိုးမီးလောင်မှာ မောင်၊ ဒါကြောင့် မင်းအပါအဝင် ဘယ်သူမှမသိအောင် ငါ့နည်းငါ့ဟန်နဲ့ မင်းတို့မရိပ်မိအောင် ရှောင်ရတာပေါ့ကွာ”

“လုပ်တော့အစ်ကိုရေ…လုပ်သာလုပ်ချလိုက်တော့၊ နွယ့်ကို ဘဝဖာစ်သက်တာအတွက် အစ်ကိုလက်တွဲဖို့များ စဉ်းစား ရင် ကျွန်တော့်ကိုများ စောစောစီးစီး ကြိုပြီးတော့ တိုင်ပင်ပါတော့ လားအစ်ကိုရာ…အခုတော့”

"ခုတော့ ဘာဖြစ်လဲကွ"

"ဘာမှတော့မဖြစ်ဘူးပေါ့ အစ်ကိုရာ၊ ဒါပေမယ့် ကျွန်တော် အစ်ကို့ကို ဘာအကြံမှ မပေးလိုက်ရတော့ဘူးပေါ့"

နွယ်နှင့်လက်ထပ်တော့မည်ဆိုတာနှင့် မျက်နှာမသာမယာ ဖြစ်သွားကာ စကားကို ဘာကိုဆိုလိုချင်မှန်းမသိ ပြောနေသော မျိုးသန့်၏ မအီမလည် ဝေ့လည်လည်နိုင်လှသည့် စကားများကြောင့် ဘုန်းဇော်ဟန်မှာ မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားရတဲ့အထိ စဉ်းစားရခက်သွားသည်။

"မျိုးသန့်…မင်း ဘာကိုပြောချင်တာလဲ၊ ငါ့ကိုရှင်းရှင်းပြောစမ်းပါ"

"ပြောချင်ပါတယ်အစ်ကို၊ သိပ်ကိုပြောချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မပြောတော့ပါဘူး"

မပြောတော့ပါဘူးဆိုကာမှ ပို၍သိချင်လာရသူက ဘုန်းဇော်ဟန်ရယ် ဖြစ်လေသည်။

မှန်သည်။

ဘုန်းဇော်ဟန်ကား မျိုးသန့်၏ အင်တင်တင်ဖြစ်သွားရသည့် စကားကြောင့် ရင်မှာ သိချင်စိတ်များ ပိုလာရကာ…

"နွယ်နဲ့ပတ်သက်ပြီး မင်း ငါ့ကိုပြောစရာများ ရှိနေသလား





မျိုးသန့်၊ ရှိနေရင်လည်း မင်းနဲ့ငါတို့က ညီအစ်ကိုရင်းလို နေလာကြတာ ပွင့်ပွင့်လင်းလင်းပေါ့ကွာ"

"အစ်ကို အဲလိုပြောတော့ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ရှိသူလို ခံစားရတယ်အစ်ကို၊ အဲဒီနေ့ကသာ နွယ်နဲ့အစ်ကို့ကို ကျွန်တော် မိတ်မဆက်ပေးလိုက်ရင် ကောင်းမှာ"

"မျိုးသန့်…မင်းကွာ ဘာဆိုင်လဲ၊ နွယ်နဲ့ငါ့ကို မိတ်ဆက်ပေးတာနဲ့ မင်းပြောမယ့်စကားနဲ့ ပတ်သက်နေလို့လား"

"ပတ်သက်တာပေါ့အစ်ကို၊ ပတ်သက်တာမှ သိပ်ကို ပတ်သက်နေတာပေါ့၊ ပြောရမယ်ဆိုရင် နွယ်ဟာ အစ်ကို့လိုလူနဲ့ မထိုက်တန်ပါဘူးဗျာ"

"ဟေ"

မျိုးသန့်စကားကြောင့် ဘုန်းဇော်ဟန်မှာ မျက်နှာ အကြီးအကျယ်ပျက်သွားရကာ မျိုးသန့်စကားကို အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရသည်။

ဒါကိုကြည့်ပြီး မျိုးသန့်မှာ သူ့စကားကို ရှေ့ဆက်ပြောသင့်မပြောသင့် စဉ်းစားနေရသည်။

ကြည့်လေ…သူ့မှာ နွယ်နှင့်ပတ်သက်ပြီး ဘာမှတောင် မပြောလိုက်ရသေး ဟန်မဆောင်နိုင်လောက်အောင် မျက်နှာပျက်

သွားရသူ ဘုန်းဇော်ဟန်ရယ် ဖြစ်သည်။

"ဘယ်လိုလဲအစ်ကို…ကျွန်တော် နွယ့်အကြောင်းကို ဆက်ပြောရင် အစ်ကို ခံနိုင်ရည်ရှိပါ့မလား"

"ငါယောကျ်ားပါ မျိုးသန့်၊ ဘာပဲဖြစ်ဖြစ် နွယ်နဲ့ပတ်သက်ပြီး ကောင်းကောင်းဆိုးဆိုး ခံနိုင်ရည်ရှိအောင် ငါကြိုးစားရမှာပေါ့"

"ကျွန်တော်လည်း အစ်ကို့ဆီက အဲဒီစကားမျိုးကိုပဲ ကြားချင်ပါတယ်အစ်ကို၊ တကယ်တော့ နွယ်ဆိုတာ အစ်ကိုထင်သလို အပျိုစင်လေးမဟုတ်ဘူး အစ်ကို၊ သူဟာ ယောကျ်ားပေါင်းစုံနဲ့တွဲနေတဲ့ မိန်းကလေးဖြစ်တဲ့အပြင် မိန်းမရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့လည်း မကင်းရှင်းဘူးလို့ သိရတယ်၊ ကျောင်းမှာလည်း သူဟာ နာမည်ပျက်ရှိတဲ့ မိန်းကလေးအပြင် ယောကျ်ားတွေရဲ့ ပါးစပ်ဖျားမှာ သူဟာ မာယာများတဲ့ မိန်းကလေးအဖြစ် ရှိနေတဲ့သူပါ အစ်ကို"

"ပြီးတော့ …သူ့မိဘတွေက နယ်မှာ စားဝတ်နေရေးတောင် အနိုင်နိုင် ရုန်းကန်နေတဲ့လူတွေ၊ အဲဒါကို သူနဲ့တစ်မြို့တည်းနေတဲ့ ကျောင်းသူဆီက သိခဲ့ရတာ၊ အဲဒီလို စားဝတ်နေရေးကို အနိုင်နိုင်ကြိုးစားနေရတဲ့ သူ့မိသားစုက သူ့အတွက် အခုစီးနေတဲ့ကားကို ဘယ်လိုဝယ်ပေးနိုင်မှာလဲအစ်ကို စဉ်းစားကြည့်ပါဦး"





"ဒါကတော့ကွာ…အဲဒီကျောင်းသူက နွယ့်ကို မနာလိုလို့ပြောတာရော မဖြစ်နိုင်ဘူးလား"

မျိုးသန့်စကားကို ဘုန်းဇော်ဟန်သည် လက်မခံသလိုမျိုး ပြောလိုက်တော့ မျိုးသန့်သည် ခေါင်းခါပြရင်းက…

"မဖြစ်နိုင်ဘူးအစ်ကို လုံးဝမဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က နွယ်နဲ့အတူ သူ့မြို့ကို လိုက်သွားဖူးလို့ပဲ"

"ဟင်"

သည်တစ်ခါတော့ ဘုန်းဇော်ဟန်မှာ မျိုးသန့်စကားကို ဘာမှစောဒကမတက်နိုင်တော့ဘဲ သူ့ကိုယ်ကြီးက ရုတ်ခြည်းမတ်သွားရ၏။

အဘယ်ကြောင့်ဆိုရသော်…

မျိုးသန့်သည် နွယ်နှင့်အတူ သူမမြို့ကို လိုက်သွားဖူးသည်ဆိုသော စကားကြောင့်ဖြစ်သည်။

"ဒါဖြင့်ပြောပါဦး…မင်းပြောသလိုဆို နွယ်အခုစီးနေတဲ့ကားက"

"ဟုတ်တယ်အစ်ကို…နွယ် အခုစီးနေတဲ့ကား က သူနဲ့ တိတ်တိတ်ပုန်းဆက်သွယ်နေတဲ့ လူက ဝယ်ပေးထားတဲ့ကားပဲ"

"ဖြစ်နိုင်ပါ့မလား မျိုးသန့်၊ နွယ်က မင်းပြောတဲ့ မိန်းက လေးမျိုး ဖြစ်နိုင်ပါ့မလား"

ကြားလိုက်ရသည့်စကားက အနားမှာ ဗုံးတစ်လုံးပေါက် ကွဲသွားတာထက် နားမှာအဝင်ဆိုးသွားရပေမယ့် ဘုန်းဇော်ဟန်သည် ချစ်သူကိုချစ်တဲ့စိတ်နှင့် မခံမရပ်နိုင်အောင်ပင် ချစ်သူနွယ်ဘက်က နေ ကာကွယ်ပြောလိုက်သည်။

"အဲလိုပြောရင် အစ်ကိုမယုံဘူးဆိုတာ ကျွန်တော်လည်း သိပါတယ်၊ ဒါပေမယ့် အစ်ကို့ကို ကျွန်တော် ခင်လည်းခင်တယ်၊ အစ်ကိုတစ်ယောက်လိုလည်း သံယောဇဉ်ရှိတယ်၊ ဒါကြောင့် အစ်ကို့ ကို စေတနာနဲ့ ကျွန်တော်သတိပေးတာပါ၊ ယုံတာမယုံတာကတော့ အစ်ကို့ဘာသာ အစ်ကိုဆုံးဖြတ်ပါ"

လူငယ်ပေမယ့် စကားပြောတည်တံ့လွန်းသည့် မျိုးသန့် စကားကို ဘုန်းဇော်ဟန် မယုံနိုင်စရာ မရှိသလို လက်မခံစရာလည်း မရှိပါ။ သို့သော် ယခုကိစ္စက သူ့ဘဝ သူ့နှလုံးသားပြဿနာမို့ ဒီတစ်ခါတော့ဖြင့် ဘုန်းဇော်ဟန်သည် မျိုးသန့်ပြောစကားများကို နှလုံးသားက လက်မခံနိုင်အောင် ဦးနှောက်က အသိများက မယုံ တစ်ဝက် ယုံတစ်ဝက် ဖြစ်နေရကာ ရင်ထဲမှာတော့ ထင့်ခနဲဖြစ်သွား ရသည်။





သူ့အားပြောလာသည့် နွယ်နှင့် ပတ်သက်သမျှ စကား အားလုံးသည် သူ့နှလုံးသားကို အဆိပ်လူးမြားနှင့် ထိုးဖောက်စိုက်ဝင် သွားရသလို နာကျင်သွားစေရသည်။

တစ်ဆက်တည်း မယုံကြည်နိုင်အောင် ဖြစ်နေရသည့် …ကြားက ဟုတ်များဟုတ်နေသလားဆိုသည့် အတွေးသံသယစိတ် …လည်း သူ့ကိုယ်ထဲ သူ့အတွေးထဲကို ရောက်ရှိလာရသည်။

စားဝတ်နေရေးတောင် အဆင်မပြေသည့် မိသားစုက သူမ …ကျောင်းတက်ဖို့အတွက် ကိုယ်ပိုင်ကားတစ်စီးကို ဝယ်ပေးထားနိုင် …သည်ဆိုတာ မဖြစ်နိုင်မှန်း သိလိုက်ရတော့ ဘုန်းဇော်ဟန်ရင်ထဲ …ျင်ခနဲ နာကျင်သွားရသည်။

အကြောင်းသိမို့ နွယ်နှင့်လက်ထပ်ဖို့အရေးမှာ သူ့ဘက်က … မေမေ့ကိုများ ကူပြောဖော်ရမလားဆိုပြီး အားကိုးလိုစိတ်နှင့် …သန့်ထံ တိုင်ပင်ရန်လာခဲ့သမျှ ခုတော့ ကိုယ့်ဒုက္ခကို လာရှာ …လိုဖြစ်နေရသည်။

ပြဿနာပါလား…ပြဿနာမှ တကယ့်ကို မဟာပြဿနာ …သည်။ အကြောင်းကား…

မျိုးသန့်ဆီကသာ မေမေသည် နွယ်နှင့်ပတ်သက်၍ …အကြောင်းများကိုသိလျှင် သူ့ကို မေမေသည် ဘယ်နည်းနှင့်မှ

နွယ်နှင့် သဘောတူလိမ့်မည်မဟုတ်။

သဘောတူဖို့နေနေသာသာ မေမေသည် သူ့အကြောင်းကို ကြားတာနှင့်ပင် သွေးတက်သွားနိုင်သည်မို့ ဘုန်းဇော်ဟန် စိတ်အိုက် လျက် ရှေ့ဆက် ဘာလုပ်လို့လုပ်ရမှန်းမသိအောင် အကြံအိုက်နေ တော့သည်။

ဘုန်းဇော်ဟန် သူကြားထားသည့်အကြောင်းအရာများကို နွယ့်ကို ပြန်မေးရအောင်ကလည်း ထိုအကြောင်းသည် မေးလို့ ကောင်းတဲ့အရာမဟုတ်။ မိန်းကလေးဖြစ်တဲ့ နွယ် ဂုဏ်သိက္ခာကို ငဲ့သောအားဖြင့် သူ့အနေနှင့် မေးရန်မသင့်တော်သည်မို့ သူ့အနေနှင့် နွယ့်ကို ထိုသို့လည်း မမေးရက်ပါ။

ဘယ်သူတွေဘာတွေပြောပြော ဘုန်းဇော်ဟန်ကတော့ အချစ်ဦးနွယ်ကို အသည်းမှာစွဲနေအောင် ချစ်မိရပြီမို့ သူမသိက္ခာ ကို သူ ယုံကြည်ပေးရမည်ဖြစ်သည်။

တကယ်တော့ မျိုးသန့်ပြောသည့် စကားများကလည်း နွယ်နှင့်ပတ်သက်လို့ သိပ်သေချာရေရာလှသည်တော့ မဟုတ်ပါ။ သူငယ်ချင်းများကတစ်ဆင့်စကား တစ်ဆင့်ကြားကာ သိရတာမို့ သူမအပေါ် မနာလိုစိတ်နှင့် မိန်းကလေးချင်း အတင်းအဖျင်းပြော တာရော မဖြစ်နိုင်ဘူးတဲ့လား။





နွယ်ဆိုတာက နေကာယိုင်တာ ဝတ်တာစားတာကအစ သူမတူအောင် လှပကာ အဆင့်အတန်းမြင့်မြင့် နေတတ်သူလေး ဖြစ်သည်။ ဒီတော့ သူမအပေါ် မိန်းမချင်း မနာလိုဖြစ်ကြမည်ပေါ့။

ဘုန်းဇော်ဟန်မှာ ကိုယ့်ကိုယ်ကို ဖြေသိမ့်တွေး တွေးရင်း က ဆက်နေလို့ကလည်း အကြောင်းမထူးပြီမို့ မျိုးသန့်ကို နှုတ်ဆက် ကာ ပြန်ရန်ထလိုက်သည်။

"ကဲ…ငါသွားတော့မယ်ကွာ၊ အားလုံးကို နှုတ်ဆက်သွား တယ်လို့ ပြောလိုက်ဦး၊ မနက်ဖြန်ပြန်မှာ၊ သြော်…ဒါနဲ့ မျိုးသန့် နွယ်နဲ့ငါ့ကိစ္စကို မင်း မမကြီးကို ဘာမှမပြောနဲ့နော်၊ တော်ကြာ မကြီးက မေမေ့ကို သွားပြောနေဦးမယ်"

"ဒါဖြင့် အစ်ကိုက နွယ်ကို တကယ်ပဲ လက်ထပ်တော့ မယ်ပေါ့"

"အေးကွာ…လောလောဆယ်တော့ ဒီအတိုင်းပဲ ငါဆုံး ဖြတ်ထားတယ်၊ မင်းပြောတဲ့စကားတွေ မှန်မမှန် ဟုတ်မဟုတ် ငါစုံစမ်းကြည့်ရဦးမှာပေါ့၊ မမှန်ဘူးဆိုရင်တော့ မင်းတို့ဆီကို မကြာ ခင် မင်္ဂလာဖိတ်စာ ရောက်လာလိမ့်မယ်၊ မင်းတို့ ကောင်းကောင်း စာက်ဖွဲ့ဖို့သာ ပြင်ထားတော့"

"မှန်နေရင်ရော အစ်ကို"

"ဟာကွာ…မင်းစကားက နိမိတ်မရှိ"

ရယ်ကျဲကျဲမျက်နှာနှင့် စလိုက်သည့် မျိုးသန့်စကားကို ဘုန်းဇော်ဟန်သည် စကားနှင့်ပင် အစမခံနိုင်လောက်အောင် မျက်နှာတည်တည်ကြီးဖြင့် ပြောရင်းက ကားလေးကို နေရာမှ မောင်းထွက်လာခဲ့လိုက်သည်။

နွယ့်ကို ချစ်ရလွန်းသည့်စိတ်ဖြင့် နွယ်နှင့်ပတ်သက်သမျှ သူကြားရသမျှ စကားများကို လုံးဝမမှန်ဟု ယုံကြည်ထားသည်မို့ ဘုန်းဇော်ဟန်အတွက် အဖြေမရှိပါ။

သူ့အချစ်တွေသည် နွယ်အပေါ် ဘယ်လောက်ထိ လေးနက်တယ်ဆိုတာ မျိုးသန့်သိအောင်တော့ ဒီကောင်ဆီ သူနှင့် နွယ်၏ မင်္ဂလာဖိတ်စာကို အမြန်ပို့မှ ဖြစ်ပေတော့မည်။

မျိုးသန့်မှာတော့ ဘုန်းဇော်ဟန်ကားလေး သူ့မျက်စိ အောက်က ပျောက်သွားသည်အထိ မျက်စိတစ်ဆုံးကြည့်ရင်း ရင်မှာ မသက်မသာနှင့် သက်ပြင်းတွေ အခါခါချနေမိတော့သည်။

မှန်သည်…

အဘယ်ကြောင့်ဆိုရသော်…။

နွယ်မှနွယ် လုံးလုံးဖြစ်နေရသော လူရိုးကြီး အစ်ကို ဘုန်းဇော်ဟန်အား နွယ်အကြောင်းကို ခုချိန်တွင် သူမပြောနိုင်





သိကြားမင်းဆင်းပြောရင်လည်း နားဝင်တော့မည်မဟုတ်။

အကြောင်းကား…

အစ်ကိုဘုန်းဇော်ဟန်သည် နွယ်အား အရူးအမူး စွဲလမ်း သွားရသောကြောင့် ဖြစ်သည်။

တကယ်တော့ နွယ်ဆိုတာက ယောကျ်ားတွေကို အရူး လုပ်သည့်နေရာတွင်တော့ တကယ့်ကို စံတင်လောက်သည့် မိန်းမ ဝင်ဖြစ်သည်။

သူသည်လည်း တစ်ချိန်က သူမနောက်ကို လိုက်ခဲ့ဖူးပါ သည်။ သို့သော် သူမ၏အကြောင်းများကို တစ်ဆင့်စကားများမှ ကြားသိတာအပြင် သူကိုယ်တိုင် မြင်တွေ့လိုက်ရသည့်အခါမှာ တော့ မျိုးသန့်သည် သူမအား ဘယ်လိုမှ အထင်ကြီးလို့မရတော့ ဘဲ သူ့ခြေလှမ်းများကလည်း အလိုလိုရပ်တန့်သွားခဲ့ရသည်။

ယခုလည်း သူ နိုင်ငံခြားသွားမည်ကို သူမ ဘယ်လိုက နေ ဘယ်လို သိသွားသည်မသိ အကြံနှင့် သူ့ကို ပြန်ချဉ်းကပ်လာ ညဉ် ကံဆိုးသူ အစ်ကိုဘုန်းဇော်ဟန်နှင့် မမျှော်လင့်ဘဲ ဆုံတွေ့ကာ သူမအတွက် အကွက်ဖန်တီးပေးလိုက်သလို ဖြစ်သွားရသည်။

တကယ်တော့ အစ်ကိုဘုန်းဇော်ဟန်ဆိုတာ-အချစ်ရေးနှင့် ပတ်သက်လို့ ဘာအတွေ့အကြုံမှမရှိ တကယ့်အစိမ်းသက်သက်

လူရိုးလူအေးကြီးဆိုတာ မျိုးသန့်အသိဆုံးပင် ဖြစ်သည်။

ထိုသို့ အချစ်ရေးနှင့် စိမ်းလွန်းသည့် လူရိုးလူအေးကြီး ဘုန်းဇော်ဟန်အား နွယ်သည် မလူးသာမလွန့်သာအောင် အပိုင်ချည်နှောင်ထားလိုက်ပြီဆိုတာ မျိုးသန့် သိလိုက်လေသည်။

အစ်ကိုဘုန်းဇော်ဟန်လို ရုပ်ချော၊ ဥစ္စာပေါ ပညာတတ် လူပျိုလူချော မိဘနောက်ခံအသိုင်းအဝိုင်း ဆိုတာကလည်း တကယ့် ဆွေကြီးမျိုးကြီး ကျိုကျိုတက်ချမ်းသာသည့် တစ်ဦးတည်းသော အင်ဂျင်နီယာ ဘုန်းဇော်ဟန်လို လူမျိုးကိုမှ နွယ်သည်လည်း အပိုင်ဖမ်းချင်သူဖြစ်သည်။

တခြားလူတစ်ယောက်ဆိုလျှင် အကြောင်းမဟုတ်ပေမယ့် အစ်ကိုဘုန်းဇော်ဟန်လို လူရိုး လူအေးတစ်ယောက်ကိုမှ မာယာ အပလီနဲ့ လှည့်ဖြားကာ အပိုင်ဖမ်းရန်ကိုတော့ မျိုးသန့် မခံနိုင်ပါ။

နွယ်ကိုသာ အစ်ကိုဘုန်းဇော်ဟန် တကယ်လက်ထပ် လိုက်ပါက အစ်ကိုသည် သူမ၏မာယာစက်ကွင်းအောက်တွင် တစ်သက်လုံး ခေါင်းမဖော်ရဲတော့မည့်အဖြစ်။ ဒီအပြင် သူမ၏ ရှုပ်ထွေးလှသည့် လူမှုရေးကိစ္စတွေကြောင့် အစ်ကို၏ ဂုဏ်သိက္ခာများ ပျက်ပြားကာ လူပုံအလယ် မျက်နှာမပြရဲအောင် ဖြစ်ပေတော့မည်။





ဒီလိုအဖြစ်ကိုတော့ မျိုးသန့်အနေနှင့် အဖြစ်မခံနိုင်ပါ။ အစ်ကိုဘုန်းဇော်ဟန်၏ ဂုဏ်သိက္ခာနှင့် ဘဝကို ကယ်တင်ရန် မျိုးသန့်သည် မတတ်သာသည့်အဆုံးမှာတော့ မမကြီးနှင့် တိုင်ပင်ရတော့မည် ဖြစ်သည်။

မမကြီးသာ ဒီကိစ္စကို သိပါက ဘယ်လိုနည်းနှင့်မှ လက်ခံလိမ့်မည်မဟုတ်။ ထင်သည့်အတိုင်းပင် မမကြီးအား မျိုးသန့် အကြောင်းစုံ ပြောပြလိုက်သည့်အခါမှာတော့…

"ကြည့်စမ်း…ငါအတန်တန်ပြောထားရက် မှာထားရက်နဲ့ ဘုန်းဇော်ဟန်မို့ မိုက်ရက်တယ်၊ မဖြစ်ဘူး…မဖြစ်ဘူး ဒီမိန်းမနဲ့လည်းဝေးအောင် အန်တီကြည်ကြည်ကို ဒီကိစ္စ အသိပေးရမယ်"

မျိုးသန့်မှာ မမကြီးပြောသမျှ စီစဉ်သမျှကို ဘာတစ်ခုမှ ပြန်မပြောပါတော့။

အဘယ်ကြောင့်ဆိုသော်…

နေရာတကာ စေ့စပ်သေချာလှသော မမကြီးသည် မျိုးသန့်ပြောလိုက်သည့် စကားများ ချက်ချင်းပင် သဘောပေါက်းလည်ကာ သူဘာကိုဘယ်လို စီစဉ်ရမည်ဆိုတာကို အကွက်ကျကျနှင့် ရှေ့ကိုပို၍ မြင်တတ်သောကြောင့် ဖြစ်သည်။

ခုချိန်တွင် အစ်ကိုဘုန်းဇော်ဟန်သည် သူတို့မောင်နှမ၏

စေတနာကို အချစ်ဆိုပ်တက်နေချိန်မို့ နားမလည်နိုင်ပေမယ့် အမှန်တရားကို သိမြင်နားလည်လာသည့် အချိန်မှာတော့ အစ်ကို ဘုန်းဇော်ဟန်သည် သူတို့အား ကျေးဇူးပင်တင်လာမည်က သေချာသည်ပဲလေ။





# အခန်း (၅)

သည့်နေ့တော့ ဘုန်းဇော်ဟန်သည် သူတာဝန်ကျရာ မြို့လေးကို ပြန်သွားပြီမို့ အိမ်တွင် ခြောက်သွေ့သွားသယောင် ဖြစ်သွားရသည်။

မုန်သည်…

ဘုန်းဇော်ဟန် အိမ်မှာရှိစဉ်တုန်းကတော့ မောင်နှမနှစ်ယောက် မတည့်သမျှ ယခုလို အစ်ကိုဖြစ်သူ အဝေးကိုသွားရချိန်မှာတော့ သက်ထားသည် ကိုကို့အား သတိရလွမ်းဆွတ်စိတ်နှင့် ရင်မှာ ဝမ်းနည်းသလို ရှိနေရသည်။

ပြေးကြည့်မှ ဒီမောင်နှမနှစ်ယောက်သာ ရှိတာမို့ ကိုကို့ကို

သက်ထား သိပ်ချစ်သလို သက်ထားကိုလည်း ကိုကိုချစ်သည်မှန်း သက်ထားသိပါသည်။

သို့သော် ငယ်ငယ်ကတည်းက သမီးအငယ်ဆုံးပီပီ လူတကာကို အနိုင်ရရမှ ကျေနပ်တတ်သော သက်ထားသည် သူမကို အမြဲနောက်တတ်သည့် ကိုကို့ကိုလည်း အနိုင်လိုချင်သည်မို့ သူမကို မခံချင်အောင် စတတ်သော ကိုကိုနှင့် သက်ထားသည် တည့်လျှင် ခဏသာဖြစ်သည်။ ရန်ဖြစ်နေရသည်က များနေရသည်။

အခုလို ကိုကိုမရှိပြန်တော့လည်း သက်ထားသည် ကိုကို့အပေါ် စိတ်ဆိုး၊ စိတ်ကောက် ဆိုးနွဲ့အနိုင်ယူခဲ့သမျှအတွက် စိတ်မကောင်း ဖြစ်ရလေသည်။

အတူတူနေရစဉ် ရက်လေးမှာပင် မောင်နှမနှစ်ယောက် မတည့်ပေမယ့် အဝေးမှာ ခွဲနေရပြီဆိုတော့ ကိုကို့ကို သတိရသည့်စိတ်က သက်ထားအတွက် အမြဲပိုရလေသည်။

ဒါကို ကိုကိုကလည်း သိပါသည်။ သူ့အပေါ် ချစ်ခင်ကာ သည်းခံတတ်သော ကလေးဆန်လွန်းသည့် ညီမငယ် သက်ထားကို ဘုန်းဇော်ဟန်ကလည်း အိမ်ပြန်ရောက်သည်ဆိုတာနှင့် သက်ထားမကြိုက်သည့် စကားများဖြင့် မငိုငိုအောင် စနောက်တတ်





သူဖြစ်သည်။

သက်ထားကလည်း သက်ထား။ သူမကို ဘုန်းဇော်ဟန် ဘယ်လိုစစ စနေတုန်းခဏသာ စိတ်ဆိုးစိတ်ကောက်ကာ အသံကုန် အော်ဟစ်ကာ ငိုတတ်သူဖြစ်သည်။ ပြီးသည်နှင့် ဘုန်းဇော်ဟန် အနားသို့ ပြန်ကပ်ကာ ကိုကို…ကိုကိုနှင့် ပြန်ချွဲတတ်သူဖြစ်သည်။

ဒီအပြင် ဘုန်းဇော်ဟန် ကြိုက်တတ်သည့် ဟင်းအမျိုးမျိုးကိုလည်း သူမမှာ မမောနိုင်မပန်းနိုင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးတတ်သလို ဘုန်းဇော်ဟန်အတွက် လိုအပ်သမျှကို အသေးစိတ်က မကျန် စိတ်ရှည်ရှည်နှင့် မညည်းမညူ ဆောင်ရွက်ပေးတတ်သူဖြစ်သည်။

ကြာတော့ ဒီမောင်နှမနှစ်ယောက်အကြောင်းကို တစ်အိမ်လုံးလိုလိုက အကြောင်းသိဖြစ်သွားကာ သူတို့နှစ်ယောက်ကြားဘယ်သူမှမဝင်တော့။

နှစ်ဦးသား မတည့်စကားများလို့ စိတ်ဆိုးစိတ်ကောက်ကြသည်း လူကြီးများက အကြောင်းသိပီပီ ရယ်လို့သာနေတော့သည်။

မရယ်လို့ကလည်းမဖြစ်…

အဘယ်ကြောင့်ဆိုသော်…

သက်ထားသည် ဘုန်းဇော်ဟန်အပေါ် စိတ်ဆိုး စိတ်

ကောက်လည်း တခဏသာဖြစ်၏။ ဘုန်းဇော်ဟန် ပြန်မချော့လိုက်နှင့် သူမသည် နှစ်ခါမချော့လိုက်ရ အလိုလိုစိတ်ကောက်ပြေနေပြီးသား ဖြစ်သည်။

ဒါကလည်း သက်ထား၏ အကျင့်လို့ပင် ပြောရမည်။ သူမသည် ဘယ်တော့မဆို စိတ်ဆိုးစိတ်ကောက်လည်း ခဏသာ ဖြစ်သည်။ စိတ်ပြေမြန်သည်လို့ ပြောရမည်ဖြစ်၏။

ဤသည် သက်ထား၏ ချစ်စရာကောင်းသော အကျင့်ပင် ဖြစ်သည် ဆိုရမလားမသိပါ။

ယခုလည်း ဘုန်းဇော်ဟန်သည် သွားခါနီး သက်ထားကို စိတ်မဆိုးဆိုးအောင် စသွားသည်မို့ ဘုန်းဇော်ဟန်ရှိတုန်းကတော့ ခဏစိတ်ဆိုးလိုက်သည်။ ဟော...အခု သူတကယ်အဝေးကိုထွက်သွားပြီဆိုတော့ သက်ထားသည် ထုံးစံအတိုင်း စိတ်ကောက်ပြေကာ အစ်ကိုဖြစ်သူကို လွမ်းလွမ်းဆွတ်ဆွတ် သတိရနေမိသည်။

အစ်ကိုဖြစ်သူကို သတိရသည့်စိတ်ကြောင့် သက်ထား၏ မျက်နှာလှလှလေးမှာ ညှိုးနွမ်းသလိုလေး ဖြစ်နေရကာ မျက်ရည်ကြည်လေးများပင် မျက်ဝန်းမှာ ရစ်ဝဲချင်လာရ၏။

သက်ထားသည် ရစ်ဝဲလာရသော မျက်ရည်စများကို မျက်တောင်ရှည်များဖြင့် ပုတ်ခတ်သိမ်းဆည်းရင်းက သက်ထား





အား မငိုငိုအောင် စကာ ကိုကိုဆွဲညှစ်သွားသည့် နှာခေါင်းချွန်ချွန်လေးကို ကိုကို့အား သတိရစိတ်နှင့် ဖွဖွစမ်းကိုင်ရင်း သက်ထားမျက်နှာဝယ် အပြုံးတစ်ချက် လက်ဖြာသွားရသည်။

ဟွန်း...တော်တော်ဆိုးသည့်ကိုကို။

နေဦးပေါ့...ဒီတစ်ခါပြန်လာရင် သူ့ကို ဘာမှလုပ်မပေးဘဲ ပစ်ထားလိုက်ဦးမယ်။

သက်ထားသည် ကိုကို့အား စိတ်ဝယ် ကြိမ်းဝါးရင်းက ဓာတ်ပုံထဲက ကိုကို့ကို စူးခနဲ တစ်ချက်ကြည့်ရင်း မျက်နှာစူပုပ်ပုပ်လေးဖြင့် နေရာမှ ကျောခိုင်းခဲ့လေသည်။

မှန်သည်...

သက်ထားကား ကျောင်းသွားရန်အတွက် ပြင်ဆင်ရဦးမည် မဟုတ်ပါလား။

ကျောလယ်မှာ ဝဲကျနေသည့် ဆံပင်ထူထူပျော့ပျော့လေးများက တဝဲဝဲနှင့် အချိုးကျကာ သွယ်လျကျစ်လစ်သည့် ခန္ဓာကိုယ်တွင် စိမ်းပြာလွင်လွင် ဝတ်စုံလေးနှင့် အချိုးအစားကျနစွာ သိပ်လှနေရပါသော သက်ထားသည် ဘာကိုမှ အထူးတလည် ပြင်ဆင်ထားဘာမဟုတ်ဘဲနဲ့ကို သူမအလှက ထင်းခနဲ၊ ရှင်းခနဲ ပေါ်လွင်လှပနေရသည်က ဘဝဆုတောင်းကောင်းမှုကြောင့်ပင် ဖြစ်သည်။

ကိုယ်တိုင်က တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်သည့်အပြင် မိဘမျိုးရိုးဆိုတာကလည်း ကျိုကျိုတက်ချမ်းသာသည့် မိဘများက မွေးဖွားလာသည့် တစ်ဦးတည်းသောသမီး အချော အလှကလျာ သက်ထားသည် မြင်သူတိုင်းက နှစ်ခါပြန် လှည့်မကြည့်ဘဲ မနေနိုင်အောင် အလှဆုတောင်းရော ဘဝဆုတောင်းပါ ကောင်းရှာလွန်းသူလေး ဖြစ်သည်။

သနပ်ခါးမှုန်မှုန်လေးမှလွဲ၍ အပြင်အဆင် အခြယ်အသလုံးဝမရှိသော သက်ထား၏အလှသည် မြင်သူတကာ ငေးလောက်အောင် မိန်းမချင်းပင် အရှုံးပေးရမည့် အလှမျိုးဖြစ်သည်။

သည့်အပြင် သက်ထားဘဝက ရွှေမရှား ငွေမရှားဘဝဖြစ်ရုံမက ရုပ်ရည်ကလည်း မြင်သူတိုင်း စွဲမက်ငေးချင်စဖွယ် ဖူးစင်နေသော အလှများကို ပိုင်ဆိုင်ထားသော သက်ထားသည် မာန်မာနမရှိ ပကတိဖြူစင်ရိုးသားသူလေး ဖြစ်သည်။

ယခုလည်း သက်ထားသည် ကြည်ပြာ၊ နိုင်နိုင်တို့နှင့်အတူ အတန်းထဲရောက်သည်နှင့် ကိုယ့်နေရာကိုယ် ဝင်ထိုင်လိုက်သည်နှင့်

"သက်ထား"

"ဘာလဲ ကြည်ပြာ"

သက်ထားမျက်နှာလှလှလေးကို ကြည့်ကာ ခေါ်လာ





သည့် ကြည်ပြာ့ကို သက်ထားသည့် အပြုံးလေးနှင့် ပြန်၍ထူးလိုက်လေသည်။

"နင့်ကို ငါပြစရာရှိတယ်သိလား"

"နင့်စကားကလည်း အထူးအဆန်းပါလား ကြည်ပြာ၊ ဘာများအထူးအဆန်းပြစရာရှိနေလို့လဲ"

"ထူးဆန်းတယ်ဟဲ့ သက်ထားရဲ့၊ နင်မြင်ရင် အရမ်းအံ့သြသွားမယ်၊ ပြီးတော့ ငါ့ကိုလည်း နင် ကျေးဇူးတင်သွားရမယ်"

"အမယ်လေးဟယ်…တော်တော်လည်း ဆိုတဲ့စကားပါလား၊ ဘာတွေမို့ ငါက နင့်ကို ကျေးဇူးတွေတင်ရမှာလဲ မိကြည်ပြာရဲ့"

"အေး…ဘာလဲဆိုတာ ဒီမှာကြည့်"

"ဟင်"

"အို"

"ဟယ်"

သက်ထားသာမက အနားမှာရှိနေသည့် နိုင်နိုင်ထံမှပါ အံ့သြရလွန်းသည်မို့ အသံလေးတွေက နှုတ်မှ ကိုယ်စီထွက်သွားကြလေသည်။

ထို့အတူ ချစ်သူရည်းစားဆိုတာ မရှိကြသည့် အပျိုစင်

လေးတွေမို့ သက်ထားတို့ သူငယ်ချင်းတစ်စုမှာ မျက်နှာလေးတွေ ရဲတက်သွားရလေသည်။

မှန်သည်…။

စာအုပ်ကြားထဲက ကြည်ပြာ ပြလိုက်သည့်အရာက နှယ် ခေါ် နယ်လီနှင့် အသက်ကြီးကြီး ယောကျ်ားတစ်ယောက်တို့၏ ဖြစ်ချင်တိုင်းဖြစ်နေသည့် ပုံကို ရိုက်ယူထားသည့် ဓာတ်ပုံပင်ဖြစ်သည်။

"ဘုရားရေ…ကြည့်စမ်းပါဦးဟယ် ငါတော့ ဒီဓာတ်ပုံကို ကြည့်ရမှာတောင် ရှက်တယ်"

နိုင်နိုင်က ရှက်မျက်နှာရဲရဲလေးဖြင့် ဆိုလိုက်သည်။

"ဒီဓာတ်ပုံထဲက အမျိုးသမီးက ကိုကို့ရဲ့နှယ် မဟုတ်လား ကြည်ပြာ၊ ဒါဆို …သူ…သူက…"

"ဟုတ်တယ်၊ သူက နယ်လီပဲ သက်ထား၊ ငါ ဒီဓာတ်ပုံကို နင့်အတွက် အသုံးကျမယ်ထင်လို့ ယူလာတာ၊ နင့်နှယ်ရဲ့ ဓာတ်ပုံကို သေချာမြင်ဘူးလား သက်ထား"

"မြင်ဘူးတယ်…ကိုကိုမသိအောင် ငါ ကိုကို့အခန်းထဲ ကိုဝင်ပြီး နှယ် ဓာတ်ပုံကို ကြည့်ခဲ့ပြီးပြီ၊ ဓာတ်ပုံထဲက နှယ်က သူမှသူပါပဲ"





"ဒါဆို သေချာပြီသက်ထား"

"ဘာသေချာတာလဲ သက်ထားရဲ့"

"ဟဲ့…ဘာသေချာရမှာလဲ သက်ထားရဲ့၊ နင့်အစ်ကိုနဲ့ ကြိုက်နေတဲ့နှယ်ဟာ နယ်လီမှနယ်လီဆိုတာ ဒီထက်သေချာတာ ဘာရှိဦးမှာလဲ"

"ဟုတ်တယ်နော်…ကိုကိုတော့ ဒုက္ခပါပဲ၊ နှယ်ဟာ နယ်လီဆိုတာ ကိုကိုမသိဘူးနဲ့ တူပါတယ်"

သက်ထားသည် ဓာတ်ပုံလေးကို ခဏမျှစိုက်ကြည့်ပြီး မျက်နှာလွှဲကာ အစ်ကိုဖြစ်သူ ဘုန်းဇော်ဟန်အတွက် စိုးရိမ်ပူပန်မှု များဖြင့် ညည်းညည်းညူညူလေး ဆိုလိုက်သည်။

"နင့်အစ်ကို မသိဘူးဆိုတာ ဖြစ်နိုင်တယ် သက်ထား၊ ဘာဖြစ်လို့လဲဆိုတော့ နယ်လီက သူ့ကိုယ်သူ နာမည်အမျိုးမျိုးနဲ့ ပြောင်းပြီး ယောကျ်ားတွေကို လှည့်စားနေတာ ကြာပြီကွ"

"နင့်အစ်ကို လူရိုးလူအေးဆိုတော့ ဒီမိန်းမအတွက် နင့်အစ်ကိုလိုလူမျိုးကို ချဉ်းကပ်ရတာ ပိုလွယ်တာပေါ့ သက်ထား …"

တွေးတွေးဆဆလေး ပြောနေသည့် ကြည်ပြာစကားကို သက်ထားသည် ထောက်ခံပါသည်။

အဘယ်ကြောင့်ဆိုသော်…

ကိုကိုသည် ဒီအသက် ဒီအရွယ်ရောက်တဲ့အထိ အချစ်နှင့် ပတ်သက်လာလျှင် တကယ့်အစိမ်းသက်သက်ဆိုတာ သက်ထား သိထားသောကြောင့်ဖြစ်သည်။

"သက်ထား…အခု ဒီကိစ္စကို နင့်မိဘတွေကို နင် ဖွင့်ပြော မှာလား"

"အေးဟယ်…ငါတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိ ပါဘူး၊ ဒီကိစ္စ မေမေသိလို့ကတော့ ချက်ချင်းကို သွေးတက်မှာ သေချာတယ်၊ ငါ မေမေ့ကိုလည်း သနားတယ်၊ ဖွင့်လည်း မပြော ရက်ဘူး၊ မပြောဘဲနေပြန်ရင်လည်း ကိုကို့ဘဝက ဟိုမိန်းမရဲ့ မာယာ ထဲမှာ ပျက်စီးသွားမှာ၊ ငါတော့…ငါတော့ ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး သူငယ်ချင်းတို့ရယ်"

သက်ထား၏အဖြစ်ကို ကိုယ်ချင်းစာမိသလို နိုင်နိုင်နှင့် ကြည်ပြာမှာ စာနာစိတ်နှင့် သက်ထားအပေါ် ကရုဏာသက်သွား ရလေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ…အခုလောလောဆယ် မဟုတ် တောင်မှ အခြေအနေကိုကြည့်ပြီး ဒီကိစ္စကို လူကြီးတွေကို ပြောသင့် မပြောသင့် စဉ်းစားရမှာပေါ့၊ အခုတော့ မင်း ဒီဓာတ်ပုံကိုယူပြီ





သေချာသိမ်းထားလိုက်၊ လိုအပ်လာရင် လူကြီးတွေကို ထုတ်ပြသင့် င် ပြလိုက်ပေါ့ သက်ထားရယ်၊ မဟုတ်ဘူးလား"

"အင်း…အခုအခြေအနေမှာတော့ မင်းပြောသလို လုပ်ရ ပဲ ကြည်ပြာ၊ ကျေးဇူးပါပဲကွာ၊ ငါ့ကို အခုလိုကူညီတဲ့အတွက်"

သက်ထားသည် ကြည်ပြာပေးလိုက်သော ဓာတ်ပုံကို မ်းလိုက်ရင်းက ကြည်ပြာအား ရင်မှလာသည့် ကျေးဇူးတင်စကား ် လှိုက်လှိုက်လှဲလှဲ ဆိုလိုက်လေသည်။

"မလိုပါဘူး သက်ထားရယ်၊ ငါတို့မိသားစုတုန်းက ည်း ဒီမိန်းမကြောင့် ဒီလိုပဲ ခံစားခဲ့ရဘူးတော့ အခု မင်းတို့ကို ည်း ငါတို့လို မခံစားစေချင်ဘူး၊ နယ်လီဆိုတဲ့ မိန်းမကြောင့် တို့လိုပဲ မိသားစုတွေ ဘယ်လောက်များများ စိတ်ဆင်းရဲခဲ့သလဲ ဘူး၊ ဒီမိန်းမကို ရွံလည်းရွံတယ်၊ မုန်းလည်းမုန်းတယ်၊ ဒီလို မျိုးရှိနေတာဟာ ငါတို့မိန်းမတွေအတွက် သိပ်ကို နစ်နာတာပဲ"

နယ်လီအပေါ်မှာ ကြည်ပြာသည် ဘယ်လောက်တောင် ကျင်နေရသည်မသိပါ။ ထိုစကားများကို တည်ကြည်လေးနက် သော မျက်နှာလေးနှင့် တကယ့်ခံစားချက်အတိုင်း ပြောနေခြင်း ကြောင်းကို သူမ၏ မျက်ဝန်းရူးရူးလေးကို ကြည့်ပြာနဲ့ဝင် သာလွန်းနေရသည်။

သက်ထားမှာတော့ နွယ်နှင့်နယ်လီဆိုတာ တစ်ယောက်တည်းဖြစ်တဲ့အကြောင်းကို မိဘနှစ်ပါးနှင့် ကိုကို့အား ဘယ်လိုပြောရမှန်းမသိအောင် ရင်မှာ လေးလံနေရသည်။

နွယ်သာ နယ်လီဖြစ်သည်ဆိုတာကို ဖေဖေနှင့်မေမေသာ သိပါက ကိုကိုတစ်ယောက် လုံးလုံးဆွေးရတော့မည့်အဖြစ်။

ထိုအပြင် ထိုသတင်းကို ယူဆောင်လာခဲ့သည့် သက်ထားကိုလည်း ကိုကိုသည် သူတို့၏ အချစ်ရေးကို နှောင့်ယှက်သူအဖြစ် ခွင့်လွှတ်တော့မည်မဟုတ် ဆိုတာကိုလည်း သက်ထားသည် ကိုကို့စိတ်ဓာတ်ကို ကောင်းကောင်းကြီး သိနေရလေတော့သည်။





# အခန်း (၆)

"ဘယ်လို...ဘယ်လို နီနီ"

ခင်ခင်၏စကားကို နားစိုက်ထောင်ရင်းမှ ဒေါ်ကြည်ကြည်သည် လှုပ်လှုပ်ရှားရှားဖြင့် အလန့်တကြား မေးလိုက်တော့ နီနီ ... မောင်ဖြစ်သူ မျိုးသန့်ဘက်ကို မေးငေါ့ပြကာ...

"နီလည်း သူပြောပြမှသိရတာ၊ အန်တီကြည် အကြောင်းစုံသိချင်ရင်တော့ သူ့ကိုသာမေးကြည့်တော့၊ သူက နီ့ထက် ...ဒီမိန်းကလေးအကြောင်းကို ပိုသိတယ်"

"ဟုတ်လား...သား၊ ပြောပါဦး အဲဒီမိန်းကလေး အကြောင်းကို သားသိသလောက် အန်တီကို ပွင့်ပွင့်လင်းလင်း

ပြောပြစမ်းပါကွယ်''

ထာဝစဉ် အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နှင့် အေးအေးဆေးဆေးနေတတ်သော ဒေါ်ကြည်ကြည်မှာ ယခုအခါမှာ တော့ သားဇောနှင့်မို့ နီနီတို့မောင်နှမနှစ်ယောက်ရှေ့တွင် ဟန်မ ဆောင်နိုင် မျက်နှာပျက်ပျက်နှင့် စိတ်လှုပ်ရှားစွာ သူသိလိုသမျှ မျိုးသန့်ကို မေးလိုက်သည်။

မျိုးသန့်မှာလည်း ဒီအကြောင်းကို ပြောချင်လွန်းလို့ အန်တီ ဒေါ်ကြည်ကြည်ဆီကို မရောက်ရောက်အောင် လာခဲ့ရသည်မို့ သူသိ သမျှ နွယ်နှင့်ပတ်သက်သည့် အကြောင်းများကို တစ်လုံးမကျန် ပြန်၍ပြောလိုက်သည်။

မျိုးသန့်စကားကို နားထောင်ပြီး ဒေါ်ကြည်ကြည် မျက်လုံး များ ပြူးသထက်ပြူးလာရသည်။

ဘုရား...ဘုရား ဘာတွေဘယ်လိုများ ဖြစ်ကုန်ပြီလဲ တစ်သက်လုံး ရိုးရိုးသားသားနဲ့ အချစ်ရေးဆိုတာကို စိတ်မဝင်စား ခဲ့သည့်သား ဟော...အခု အချစ်ရေးကို စိတ်ဝင်စားပြန်တော့လည်း သားဘဝနှင့် ဘယ်လိုမှ မအပ်စပ်သည့် မိန်းကလေးနှင့်မှ လာ နေရသည့်အဖြစ်က မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်၏ရင်ကို မုန်တိုင်း ငယ်တစ်ခု မွှေ့ယမ်းသွားသလို ခံစားလိုက်ရသည်။





အိမ်ထောင်ရှိယောကျ်ားကိုတောင် အလွတ်မပေးဘဲ အပိုင် နိုင်သော ဒီမိန်းကလေးသည် ဘုန်းဇော်ဟန်လို လူရိုးလူအေး ယောက်ကိုတော့ သူ့မာယာစက်ကွင်းထဲမှာ အလွယ်တကူ းသွင်းနိုင်ခဲ့သည်က နွယ့်အတွက် မဆန်းပေမယ့် ဆန်းနေသူ ကြည်ကြည်ရင်ထဲမှာတော့ မီးတောင်တစ်ခု ပေါက်ကွဲနေရ သည်။

သည်လိုမျိုး အခြေအမြစ်မရှိ၊ ရုပ်လေးလှတာတစ်ခုတည်း အကျင့်စာရိတ္တ ပျက်နေသော ခပ်ပေါ့ပေါ့ မိန်းကလေးကိုမှ ဖွေဖွေ ရွဲလမ်းကြိုက်တတ်လွန်းသည့် သားဖြစ်သူကိုလည်း ကြည်ကြည်ရင်မှာ သနားကရုဏာစိတ်များနှင့် ဒေါ်ပွလို့မဆုံး ။

ကိုယ့်အနားတွင် ကိုယ်နှင့် ဂုဏ်ရည်တူ၊ မိဘအသိုင်း င်း အဆင့်အတန်းမြင့်မြင့်နှင့် သူ့ကို စိတ်ဝင်စားနေကြသည့် ချော မိန်းမလှလေးတွေ ရှိပါလျက်နှင့် ဒီလိုမိန်းကလေးကိုမှ ယ်ခဲ့သည့် သားဖြစ်သူ ဘုန်းဇော်ဟန်အပေါ် ဒေါ်ကြည်ကြည် ည် တွေးလေတွေးလေ စိတ်ဆိုးမပြေလေ ဖြစ်လာရသည်။

''အန်တီ စဉ်းစားကြည့်ပါ၊ နီကလည်း မိန်းမချင်း ချင်းမစာလို့ ပြောတာမဟုတ်ပါဘူး၊ နွယ်ဆိုတဲ့ မောင်ဘုန်းဇော်

ဟာန်ရဲ့ မိန်းကလေးက မောင်ဘုန်းဇော်ဟာန်နဲ့ မတွေ့ခင်ကတည်းက ယောကျ်ားတော်တော်များများလက်ထဲမှာ ပျက်စီးနေတဲ့ မိန်းကလေး၊ ဒီလိုမိန်းကလေးလက်ထဲကိုသာ မောင်ဘုန်းဇော်ဟာန်ရဲ့ ဘဝ အပ်လိုက်ရင်တော့ နီတော့ မစဉ်းစားရဲတော့ပါဘူး အန်တီရယ်"

သားဖြစ်သူ ဘုန်းဇော်ဟာန်ဘက်ကနေ နစ်နာလွန်းသဖြင့် ဝင်ပါပေးနေရသည့် နီနီတို့ မောင်နှမနှစ်ယောက်ကို ဒေါ်ကြည်ကြည် ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်ရုံကလွဲလို့ ဘာမှမပြောနိုင်ပါတော့။ ရင်မှာ သားဖြစ်သူနှင့်ပတ်သက်လို့ အရှမ်းကိုခံစားနေရသည်လေ။

မိခင်ဖြစ်သူတစ်ယောက်အနေနှင့် သားမိန်းကလေးနှင့် ပတ်သက်တဲ့ ထိုအကြောင်းများကို သိသိကြီးနှင့် ထိုမိန်းကလေး လက်ထဲကို သားဖြစ်သူရဲ့ဘဝကို ထိုးအပ်ဖို့ဆိုတာ ဘယ်မိဘက များ ကြည်ကြည်ဖြူဖြူနဲ့ သဘောတူနိုင်မှာတဲ့လဲ။

ဘယ်မိဘမဆို ကိုယ့်သားသမီးကို ဒုက္ခရောက်မည့်အဖြစ် ကို ကြည့်ရက်တဲ့ မိဘဆိုတာမရှိပါ။ ဆင်းဆင်းရဲရဲ ချမ်းချမ်းသာ သာ ကိုယ့်သားသမီးများကို အကောင်းဆုံး၊ အတော်ဆုံးဖြစ်စေချင် ကြသည်က အားလုံးသော မိဘတွေရဲ့ တူညီသော ဆန္ဒတွေပင် ဖြစ်သည်။





ဒါကြောင့်လည်း ကိုယ့်ထမင်းကိုယ်စားကာ ကြားထဲကနေ သားဖြစ်သူ ဘုန်းဇော်ဟာန်ကို မဖြစ်သင့်တာ ဖြစ်စေရန်အတွက် စိုးရိမ်စွာ စေတနာနှင့် လာသတိပေးသည့် နီနီတို့ မောင်နှမ နှစ်ယောက်ကို ဒေါ်ကြည်ကြည် ကျေးဇူးတင်လွန်းသဖြင့် ဘယ်လို ပြောရမှန်းပင် မသိတော့ပါ။

သည်အကြောင်းများကို နီနီတို့မောင်နှမနှစ်ယောက်သာ အခုလိုလာမပြောပါက သူမသည်လည်း နွယ်နှင့်ပတ်သက်သမျှ ဒီလောက်ပြည့်ပြည့်စုံစုံကြီး သိခွင့်ရလိမ့်မည်မဟုတ်ပါ။

ခုတော့ နီနီတို့မောင်နှမကြောင့် ဒေါ်ကြည်ကြည်အနေ နှင့် နွယ့်အကြောင်းများကို စုံစုံလင်လင် သိခွင့်ရခဲ့ခြင်းဖြစ်၏။

"နီတို့ ခုလိုလာသတိပေးတာကို မောင်ဘုန်းဇော်ဟာန် ကို ဘာမှပြန်မပြောပါနဲ့ အန်တီ၊ တော်ကြာ မောင်ဘုန်းဇော်ဟာန် က နီတို့မောင်နှမကို ကိုယ်နဲ့မဆိုင်ဘဲ ဝင်ပါရမလားဆိုပြီး တစ်မျိုး ထင်နေပါဦးမယ်"

"ဟုတ်ပါတယ် အန်တီ၊ အစ်ကိုက သူ့ကို ကျွန်တော် သတိပေးတာကို နွယ့်ကို သူများတွေက မနာလိုလို့ပြောတယ်ထင် ပြီး ကျွန်တော့်စကားကို လက်ခံတာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်မမနဲ့ တိုင်ပင်ပြီး အန်တီဆီကို ခုလိုရောက်လာခဲ့တာပါ"

"မျိုးသန့်ပြောတာ ဟုတ်တယ်အန်တီ၊ အခုချိန်မှာ

မောင်ဘုန်းဇော်ဟန်အနေနဲ့ကလည်း အဆိပ်တက်နေချိန်မို့ ဒီကိစ္စကို အန်တီအနေနဲ့ လိမ္မာပါးနပ်စွာ ကိုင်တွယ်မှ ဖြစ်မှာ၊ ပြီးတော့ ခုကိစ္စမှာ နီတို့မောင်နှမ လာပြောတာသိရင်လည်း သူအထင်လွဲမှာသေချာတယ်”

မောင်နှမနှစ်ယောက်စလုံး သူတို့စိုးရိမ်သမျှကို ဒေါ်ကြည်ကြည်အား တစ်ယောက်တစ်မျိုး ထောက်ပြနေတော့ သားဖြစ်သူအပေါ်တွင် စေတနာထားကောင်းရှာလွန်းသည့် မောင်နှမနှစ်ယောက်စလုံးကို ကျေးဇူးတင်လို့မဆုံးနိုင်ပါတော့။

ဩော်…လောကကြီးတွင် ဒီလိုမျိုး သွေးရင်းသားရင်းထက် ကောင်းလွန်းသည့် မိတ်ဆွေများလည်း ရှိပါသေးလား။

ဒေါ်ကြည်ကြည်သည် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ရင်းက…

“နီနီရော…မောင်မျိုးသန့်ပါ စိတ်ချပါကွယ်၊ ခုအကြောင်းတွေကို သား ဘာမှမသိစေရပါဘူး၊ အန်တီ့ကို အခုလို သွေးသားရင်းလို စေတနာထားပြီး လာပြောတာကိုပဲ အန်တီမှာ ကျေးဇူးတင်ရလွန်းလို့ ကျန်တဲ့ကိစ္စကို နီနီတို့မောင်နှမ ဘာမှမပူနဲ့၊ အားလုံးအန်တီတာဝန်ယူတယ်”

သည်တော့မှ မောင်နှမနှစ်ယောက် ဒေါ်ကြည်ကြည်ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။





နီနီတို့မောင်နှမ ပြန်သွားကြသည်နှင့် ဒေါ်ကြည်ကြည်သည် သားနှင့်ပတ်သက်ကာ သူမဘက်က စီစဉ်စရာရှိသည်တို့ကို စီစဉ်ရန် စဉ်းစားရပေတော့သည်။

သားဖြစ်သူ ဘုန်းဇော်ဟန်နှင့် ပတ်သက်ပြီး ဒေါ်ကြည်ကြည်အနေနှင့် ဆုံးဖြတ်ချက်တစ်ခုကို သူ့အဖေနဲ့ တိုင်ပင်ကာ ချရပေတော့မည်။

တစ်သက်လုံး သားလိမ္မာတစ်ယောက်အဖြစ် ရှိခဲ့ပါသော သားသည် ယခု ဘာမဟုတ်သည့် မိန်းမတစ်ယောက်အတွက်နှင့် သူ့ဘဝကို သူ ဖျက်ဆီးပစ်တော့မည်ဆိုတာ သားသည် သိမည်မထင်ပါ။

ယောကျ်ားတကာနှင့် ဖြစ်ချင်တိုင်းဖြစ်နေရပါသော မိန်းကလေးနှင့် သားသည် ပတ်သက်နေရုံမက လက်ထပ်ဖို့အထိပါ စိတ်ကူးနေသည်ကို သိရတော့ ဒေါ်ကြည်ကြည် ခေါင်းတစ်ခုလုံး မူးဝေလာရကာ လူက အင်အားချိနဲ့သွားရသလို အားအင်များကုန်ခမ်းသွားရသည်မို့ အရုပ်ကြိုးပြတ်ဆိုသလို အနီးရှိ ခုံတစ်လုံးတွင် အားလျော့စွာ ထိုင်ချလိုက်ရပါတော့သည်။

"ဟာ…မေမေ…မေမေ"

"ဖေဖေ…ဖေဖေ လာပါဦး၊ ဒီမှာ မေမေဘာဖြစ်တယ် မသိဘူး၊ သတိလစ်လဲသွားလို့"

"မေမေ…မေမေ"

သက်ထားမှာ သတိလစ်နေသူ မိခင်ကို ပွေ့ယူထားရင်းက တစ်ဆက်တည်း ဧည့်ခန်းအလယ်တွင် သတင်းစာဖတ်နေသည့် ဖခင်ကိုပါ လှမ်းအော်လိုက်လေသည်။

"ဟာ…ကြည်ကြည်…ကြည်ကြည် ဘယ်လိုဖြစ်တာလဲ"

"သမီးလည်းမသိဘူး ဖေဖေ၊ မေမေ့အသံ မကြားလို့ ဝင်ကြည့်မှ မေမေ သတိလစ်နေတာကိုတွေ့တာ"

မျက်နှာပျက်ပျက်လေးနှင့် သက်ထားသည် ဖခင်ဖြစ်သူ





ကို ရှင်းပြရင်းက မိခင်ကိုယ်ကြီးကို လှုပ်ကာခေါ်လိုက်သည်။

"မဖြစ်ဘူး…သမီး မဖြစ်ဘူး ဖေဖေတို့ မိသားစုဆရာဝန်ကို ဖုန်းဆက်ခေါ်စမ်း၊ မြန်မြန်လာပါလို့"

"ဟုတ်…ဟုတ်ကဲ့ဖေဖေ"

ဖေဖေ့စကားမှမဆုံးသေး သက်ထားသည် မေမေ့အတွက် စိုးရိမ်စိတ်များဖြင့် အခန်းထဲက လှစ်ခနဲ ပြေးထွက်သွားရပြီဖြစ်သည်။

မကြာလိုက်…ဆရာဝန်ရောက်လာသည်။ မေမေ့အတွက် လိုအပ်သည်များကို စမ်းသပ်ပြီးသည်နှင့်…

"ဘာမှမပူပါနဲ့၊ ခဏနေ သတိရလာပါလိမ့်မယ်၊ ဒေါ်ကြည်ကြည်စိတ်ထိခိုက်စရာ တစ်ခုခုနဲ့ ကြုံသွားလို့ ရှော့ဖြစ်သွားတာပါ၊ နှလုံးကလည်း အားတော်တော်နည်းနေတယ်၊ ဖြစ်နိုင်ရင် ဒေါ်ကြည်ကြည်ရှေ့မှာ စိတ်ဆင်းရဲစရာပြောတာမျိုး လုပ်တာမျိုး မရှိပါစေနဲ့၊ သူ့ကို စိတ်ချမ်းသာအောင် ထားနိုင်ရင် အကောင်းဆုံးပါပဲ"

"ဟုတ်ကဲ့ပါဆရာ"

"ကဲ…ဒေါ်ကြည်ကြည်အတွက်က စိတ်ချရပြီမို့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီခင်ဗျာ…ကျေးဇူးပါပဲ"

ဖေဖေသည် ဆရာဝန်အား ကျေးဇူးတင်စကားပြောပြီး သူကိုယ်တိုင် ကားဆီသို့ လိုက်ပို့ပေးလိုက်သည်။

မေမေ့အနားတွင် ကျန်ခဲ့သည့် သက်ထားမှာ စိုးရိမ်စိတ်များကြောင့် မျက်နှာလှလှလေးက ဖြူဖျော့နေရသည်။

မေမေ့မှာ ဘာတွေများ စိတ်ဆင်းရဲစရာရှိလို့ ဒီလိုသတိလစ်သည့်အထိ ဖြစ်သွားရတာလဲ။ သက်ထားသည် ခုတင်ပေါ်တွင် လဲလျောင်းနေသည့် မိခင်၏နံဘေးတွင် ဝင်ထိုင်ရင်းက မေမေ့ မျက်နှာလေးကိုကြည့်ကာ ထိုအတွေးများကို တွေးနေလိုက်ခြင်း ဖြစ်သည်။

ဆရာဝန်က စိတ်မပူဖို့ပြောပေမယ့် သက်ထားသည် မေမေ့ အတွက် ဘယ်လိုမှ စိတ်မအေးနိုင်ပါ။

ထိုစဉ် ဖေဖေ အခန်းထဲသို့ ပြန်ရောက်လာသည်။

ဖေဖေမျက်နှာသည်လည်း မေမေ့အား စိတ်ပူရသောကြောင့် ဖြစ်မည်ထင် မျက်နှာကြီး အုံ့မှိုင်းနေရသည်။

"ဖေဖေ"

"သမီးကိုကိုစာကြောင့်ပဲ ဖြစ်မယ်"

"ရှင်"





သက်ထား ဘာမေးမည်ကို ကြိုသိနေသည့် ဖေဖေက သက်ထား ဘာမှမမေးခင်မှာပင် ပြောလိုက်သည့်စကားကြောင့် သက်ထားမှာ အံ့သြသွားရလေသည်။

"ဖေဖေ ဘာပြောတာလဲဟင်၊ ကိုကို့ဆီက စာဆိုတာ ဘာကိုပြောတာလဲ"

"ဟိုမိန်းကလေးနဲ့ လက်ထပ်မယ့်အကြောင်း သမီးကိုကို စာရေးလိုက်တယ်နဲ့တူပါတယ် ဒါကြောင့် သမီးမေမေ စိတ်ထိခိုက်ပြီး အခုလိုဖြစ်သွားတာနေမှာ"

"အို"

သက်ထား နားမရှင်းသမျှ ဖေဖေပြောပြမှ နားရှင်းတော့သည်။ လက်စသတ်တော့ မေမေ ဒီလိုဖြစ်ရတာ ကိုကို့ကြောင့်ကိုး။

မေမေ ဒီလောက်ထိ စိတ်ထိခိုက်ပြီး သတိလစ်သွားအောင် ကိုကိုသည် မေမေ့ထံ ဘယ်လိုစာများ ရေးလိုက်သည်မသိပါ။

သက်ထား၏အကြည့်လေးများက ဖျတ်ဆို မေမေ့မှန်တင်ခုံပေါ်ရှိ ဖတ်လက်စဖြစ်ဟန်တူသော စာလေးထံသို့ အကြည့်များ ရောက်ရှိသွားလေသည်။

သက်ထားမှာ စာထဲတွင် ဘာတွေပါ ။ည်ကို သိလိုဇောဖြင့် ကမန်းကတန်းပင် စာကိုဖတ်လိုက်သည်။

*မေမေ...*

*သား စာရေးလိုက်ပါတယ်။ နွယ်နဲ့ကိစ္စကို မေမေ့ကို သားပြောပြထားပြီးပါရက်နဲ့ မေမေက နွယ်နဲ့သားကို သဘောမတူဘူးဆိုတော့ သား စိတ်ထိခိုက်ရပါတယ်၊ တကယ်တော့ နွယ်ဟာ မေမေတို့ထင်သလိုမျိုး မိန်းကလေး မဟုတ်ပါဘူး၊ သူ့အကြောင်းကို သားကို အားလုံးပြောပြထားပြီးသားပါ၊ မေမေတို့ ကြားတာတွေက နွယ့်ကို မနာလိုလို့ တမင်လုပ်ကြံပြောတဲ့စကားတွေပါမေမေ၊ သား နွယ်ကိုပဲချစ်တယ်၊ ဒါကြောင့် နွယ်ကိုပဲ သား လက်ထပ်ပါရစေ၊ နွယ့်ကို လက်ထပ်မယ်လို့လည်း သား ကတိပေးပြီးပြီ၊ ဒီတစ်ခါတော့ သားဆန္ဒကို မေမေတို့ ခွင့်ပြုပေးပါ၊ ဘာပဲဖြစ်ဖြစ် သားကတော့ နွယ့်ကိုပဲ လက်ထပ်မှာမို့ သားကို မေမေတို့ ခွင့်လွှတ်ပေးကြပါတော့...*

ဖေဖေ၊ မေမေနဲ့ မိသားစုအားလုံးကို
သတိရနေတဲ့
ဘုန်းဇော်ဟန်

"ဟင်"

စာလေးဆုံးသွားသည်နှင့် သက်ထားမှာ အံ့သြလွန်းသဖြင့် အသံလေးပင် ကျယ်ကျယ်ထွက်သွားရလေသည်။





ကြည့်စမ်း...ကိုကို...ကိုကို...

မေမေ ဒီလိုမျိုးဖြစ်ရတာ ကိုကို့ရဲ့ ဒီစာကြောင့်ပါလား။ သက်ထားမှာ မေမေ့ကို သနားလွန်းရသောစိတ်ကြောင့် မေမေ့ မျက်နှာကို ငေးစိုက်အကြည့် မေမေ့မျက်လုံးများသည်လည်း ဖျတ်ခနဲ ပွင့်လာရတော့ သက်ထား အားရဝမ်းသာဖြင့် မေမေ့ကို ပြေးဖက်လိုက်လေသည်။

"မေမေ...မေမေ သတိရလာပြီနော်၊ ဟုတ်လား...ဟင့်...ဟင့်...ဟင့်"

သက်ထားမှာ ဝမ်းသာလွန်းသဖြင့် မေမေ့ကိုဖက်ထားရင်း မျက်ရည်များပင် ကျလာရသည်။

"မငိုပါနဲ့သမီးရယ်...မေမေ ဘာမှမဖြစ်ပါဘူးကွယ်၊ တိတ်...တိတ်"

သက်ထားပါးပြင်ပေါ်က မျက်ရည်စများကို မေမေသည် လျလျအပြုံးနှင့် သုတ်ပေးရင်းက သက်ထားအား ကလေးတစ်ယောက်လို ချော့နေလိုက်သည်။

"မေမေ နေလို့ကောင်းတယ်နော်၊ သမီးဖြင့် မေမေ့အတွက် အရမ်းစိုးရိမ်သွားတာပဲ၊ မေမေ နေကောင်းအောင် နေရမယ်နော်"

မိခင်ဖြစ်သူအတွက် စိုးရိမ်စွာ ကလေးဆန်ဆန် ပြော
သော သက်ထားကြောင့် ဒေါ်ကြည်ကြည် မျက်နှာထက်
အပြုံးလွှန့်လွှန့်သန်းသွားရသည်။

မိခင်အပေါ် အလိုက်သိညှာတာတတ်သော သမီးကြော
ဒေါ်ကြည်ကြည်သည် ရင်မှာချမ်းမြေ့ရသလောက် မညှာတတ်
ကမ်းကုန်အောင်မိုက်ချင်သည့် သားအကြောင်းကို တွေးမိ
ဒေါ်ကြည်ကြည်ရင်မှာ မီးစအထိုးခံလိုက်သလို နာကျင်ပူလော
သွားရသည်။

သားသည် မိမိလက်ခံသဘောမတူပါဘူးဟု ပြော
သော မိန်းကလေးကိုမှ လက်ထပ်ရန် ဆုံးဖြတ်ပါသည်ဟု စာ
အကြောင်းပြန်ခြင်းက ဒေါ်ကြည်ကြည်အတွက် အခက်တွေ့
သည်။

သည်ပုံစံအတိုင်းဆို မဖြစ်တော့။ သားနှင့် ဒီမိန်းက
ကိစ္စကို ဒေါ်ကြည်ကြည်အနေနှင့် ပေါ့ပေါ့တန်တန် သဘောထ
မဖြစ်တော့သည်မို့ ထိုကိစ္စကို အလေးအနက်ထား စဉ်းစား
ဆိုတာ ဒေါ်ကြည်ကြည် နားလည်လာရသည်။

တစ်သက်လုံး မိဘစကားကို မဖယ်ရှားခဲ့သော သ
သည် ယခုတော့ မဘက်လိုက်ကာ မိုက်ဘက်ပါနေလေသည်





ကိုယ့်ပညာ ကိုယ့်အဆင့်အတန်းနှင့် ရိုးရိုးအေးအေးကြီး
နေလာခဲ့သော သားသည် မာယာအပလီတစ်သိန်းနှင့် အလှအပ
ကို ဗန်းပြကာ ယောကျ်ားတွေကို မြူဆွယ်ဖြားယောင်းတတ်သည့်
ယ့်လိုမိန်းကလေးမျိုးကို သားသမီးချင်း ကိုယ်ချင်းစာနာစိတ်နှင့်
ဘာမှမပြောလိုပေမယ့် သူမလိုမိန်းကလေးမျိုးနှင့်တော့ သားဖြစ်သူ
ကိုတော့ ဘယ်လိုမှ သဘောမတူနိုင်ပါ။ ထို့ကြောင့်လည်း သား
အဖေနဲ့တိုင်ပင်ကာ သားထံကို ထိုအကြောင်း စာရေးလိုက်တော့
သားသည်လည်း အရွယ်ရောက်လာသောကြောင့်ထင် တစ်သက်လုံး
ပယ်ဘူးသည့် မိဘစကားကို နားမထောင်တော့ဘဲ နွယ်ကိုသာ
က်ထပ်ပါမည်ဆိုလာလေသည်။

ထိုစိတ်ကြောင့်ပင် ဒေါ်ကြည်ကြည်သည် သား၏စာကို
တ်ပြီးသည်နှင့် နေရာမှာတင် သတိလစ်မူးလဲသွားရတဲ့အထိ
တ်မှာ ထိခိုက်နာကျင်သွားရခြင်းဖြစ်သည်။

သြော်…သားရယ် မင်းဖေဖေနဲ့ မေမေရဲ့ စေတနာကို
းမလည်ပါလားကွယ်။

## အခန်း (၇)

သားဖြစ်သူ ဘုန်းဇော်ဟန်ကြောင့် သတိလစ်မူးလဲပြီးကတည်းက အိပ်ရာထဲ ဘုန်းဘုန်းလဲသွားရသော ဒေါ်ကြည်ကြည်သည် တော်တော်နှင့် ပြန်၍မမာနိုင်တော့။

စိတ်ကြောင့်ဖြစ်ရသည်မို့ မိသားစုတွေ ဘယ်လိုပင် ဖျောင်းဖျနှစ်သိမ့်ပါသော်လည်း သားစိတ်က ဒေါ်ကြည်ကြည်ရင်အား အလူးအလဲ နှိပ်စက်နေရသည်မို့ အစားနဲ့ဆေးတခြားဆီလို ဖြစ်နေရသည်။

ဘုန်းဇော်ဟန်မှာလည်း မိခင်ကြီး၏ ရောဂါဝေဒနာကြောင့် အလုပ်ကခွင့်ယူကာ မေမေ့အနားကို ရောက်နေရပြီဖြစ်သည်။





သို့သော်...

ကိုကို့မျက်နှာက ခါတိုင်းလိုတော့မဟုတ်။ တစ်စုံတစ်ရာကို အလိုမကျဟန်နှင့် မျက်နှာချောချောကြီးက မှုန်တည်နေသဆောက် ကိုကိုနှင့်ဆန့်ကျင်ဘက် မျက်နှာလန်းဆန်းနေရသူက မေမေငယ် ဖြစ်သည်။

မှန်သည်...

မေမေသည် ကိုကို သူ့အနားရောက်လာပြီးမှ ခါတိုင်းရက်တွေကနှင့်မတူ ထူထူထောင်ထောင်နှင့် လူက သိသိသာသာရှင်လန်းနေသည်ကို သက်ထား သတိထားမိနေရ၏။

မေမေ ဒီလိုမျိုး မျက်နှာလေး ရွှင်လန်းနေပြန်တော့လည်း သက်ထားသည် မေမေ့အတွက် စိတ်ချမ်းမြေ့ရလေသည်။ မေမေ ဒီလိုမျိုး အမြဲရွှင်လန်းနေပါစေဟု စိတ်မှာကျိတ်၍ ဆုတောင်းရသလိုရှစ်ခေါက်ချိုးမျက်နှာကြီးနှင့် အချိန်ပြည့် မှုန်တည်နေရသော ကိုကို့ကိုလည်း သက်ထားသည် ဘာဖြစ်သည်ဆိုတာကို မမေးရဲပါ။

မေးလို့ကောင်းကောင်းပြန်ဖြေလျှင် တော်ပါရဲ့၊ မဖြေဘဲဆုငေါက်လွှတ်လိုက်မှ အခက်ဟုဆိုကာ ကိုကို့မျက်နှာကို သက်ထားသည် အဝေးကသာ အကဲခတ်နေရလေသည်။

ခါတိုင်းပြန်လာလျှင် မိသားစု စုံစုံညီညီနှင့် အမြဲပြုံးပျော်နေ

တတ်သော သူက ယခုတော့ ခါတိုင်းလို ရွှင်ရွှင်ပျပျမရှိဘဲ တည်တည်တင်းတင်းကြီးနှင့် ခပ်မှန်မှန် ဆက်ဆံနေသည်မို့ သက်ထားသည်လည်း ငြိမ်ကုပ်နေရသည်။

သို့တိုင် စိတ်ထဲမှာတော့ ကိုကို့ပုံစံကို နည်းနည်းလေးမှ ကြည့်မရအောင် ဖြစ်နေရသည်။

ဟွန်း…ပုံစံကိုက ဖြစ်နေလိုက်တာ၊ မိသားစုနဲ့တော့ မျက်နှာကြီး တည်တင်းလို့ သူ့နှယ်နဲ့ကြရင်တော့ ဖြစ်နေလိုက်မယ့် မျက်နှာကြီး မုန်းဖို့ကောင်းလိုက်တာနော်။

အစ်ကိုဖြစ်သူကို သက်ထားမှာ ပါးစပ်က ဖွင့်မပြောရဲလို့သာ မပြောပေမယ့် စိတ်ထဲမှာတော့ အစ်ကိုဖြစ်သူကို ပြောနေသည်မှာ စကားအခွန်းရေပေါင်းပင် မနည်းတော့။

သက်ထားအဖြစ်ကို ဘုန်းဇော်ဟန်ကတော့ မသိပါ။ နှယ်နှင့်ပတ်သက်လို့ သူ့မှာ အဆွေးမင်းသားကြီးလုံးလုံး ဖြစ်နေရလေသည်။

သည်တော့လည်း သက်ထားသည် အစ်ကိုဖြစ်သူအနားကို မကပ်ရဲတော့ဘဲ ကြီးကြီးနှင့် မေမေ့အနားမှာသာနေကာ သူ့လုပ်စရာရှိတာများကို လုပ်ကိုင်ပေးရင်း သူငယ်ချင်းများအလာကို စောင့်နေရတော့သည်။





ဘုန်းဇော်ဟန် ခါတိုင်း အိမ်ပြန်လာလျှင် ကားတစ်စီးနှင့် …မကပ်သလောက် ရှိခဲ့ပေမယ့် အခုတစ်ခေါက်တော့ ဘာကြောင့် …မသိ ခြေငြိမ်နေရသည်ကိုကြည့်ပြီး သက်ထား ကျိတ်၍ သဘော …နေရသည်။

အဘယ်ကြောင့်ဆိုရသော်…

ကိုကို ခြေငြိမ်နေရသောကြောင့် ခါတိုင်းလို ကိုကိုနှင့် …းလုစရာမလိုတော့ဘဲ သူမတစ်ဦးတည်း ပြိုင်ဘက်ကင်းကင်းနှင့် …းကို လိုသလိုသုံးလို့ ရနေရသည်မဟုတ်ပါလား။

သက်ထားမှာ ကိုကို့အဖြစ်ကို စဉ်းစားမိရင်းက မျက်နှာ …လှလေးက မြူးသွားရသည်။

အင်း…ဒီအကြောင်းတွေကို သူငယ်ချင်းတွေလာရင် …၍ပြောရပေဦးမည်။

သူငယ်ချင်းများဆိုမှ သက်ထားလည်း ကျောင်းပိတ်က …သည်းက ကြည်ပြာနှင့် နိုင်နိုင်ထံကို တစ်ခေါက်မှ မရောက်ဖြစ်ခဲ့ …၊ မေမေ့အနားတွင် မေမေလိုအပ်သမျှကို ပြုစုလုပ်ကိုင်ပေးသလို …းပြန်တော့လည်း ကြီးကြီးနှင့်အတူ အိမ်မှုကိစ္စများကို ဝိုင်းလုပ် …းနေသည်မို့ တစ်နေ့တစ်နေ့ အချိန်ဘယ်လိုကုန်သွားလို့ ကုန်သွား …း မသိလိုက်ပါ။

သူငယ်ချင်းတွေ ဖုန်းနှင့်တော့ အဆက်အသွယ်ရှိပေမယ့် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်း တွေ့နေသလောက်တော့ အားမရပါ။

သူငယ်ချင်းတွေ မျက်နှာချင်းဆိုင် ဆုံမိပါက တစ်ယောက် တစ်မျိုး ဆူညံပွက်လောရိုက်နေရသည်ကိုပင် တစ်မျိုးပျော်စရာ ကောင်းသည်ဟု သက်ထား ထင်လေ၏။

ထိုစဉ်…

“တီ…တီ…တီ”

အတွေးမှမဆုံးသေး ဟွန်းသံပေးကာ ခြံထဲသို့ မောင်းဝင် လာသည့် ကြည်ပြာကားလေးကို တွေ့လိုက်ရတော့မှ သက်ထား သည် ကလေးတစ်ယောက်လို ပျော်မြူးသွားရသည်။

“ကြည်ပြာ…ကောင်စုတ်၊ နင်တော့ အသက်ရှည်ဦးမယ် သိလား၊ အခုလေးတင် ငါ နင့်အကြောင်း တွေးနေတာသိလား”

“အမယ်…မယ် နင်က ငါ့အကြောင်း ဘာတွေများ တွေးနေရတာလဲ သက်ထား”

“ဩော်…တခြားမဟုတ်ပါဘူးဟာ ခုချိန် နင်တို့လာရင် သိပ်ကောင်းမှာပဲလို့ တွေးနေတာပေါ့ဟဲ့၊ အိမ်မှာ ငါတစ်ယောက် တည်းရယ်၊ ဘယ်လောက်ပျင်းဖို့ကောင်းလဲဆိုတာ နင်တို့သိလား”



“အပိုတွေ မလုပ်စမ်းပါနဲ့ သက်ထားရယ်၊ အိမ်မှာ နင့် ကိုကို ပြန်ရောက်နေပြီဆို၊ ခါတိုင်း သူ့အစ်ကိုပြန်လာရင် သူငယ်ချင်း တွေကို တစ်စက်မှ သတိမရတဲ့မိန်းမက အခု သူ့အစ်ကို တစ်ယောက်လုံး ရှိရက်နဲ့ အပိုတွေပြောနေတယ်”

“ဟဲ့…ငါတကယ်ပြောတာ ကြည်ပြာရဲ့၊ ကိုကိုရှိပေမယ့် အခုကိုကိုက ခါတိုင်းကိုကို မဟုတ်တော့ဘူးဟဲ့”

“သက်ထား…နင့်စကားက ဘာလဲဟ၊ အခုကိုကိုက ခါတိုင်းကိုကို မဟုတ်တော့ဘူးဆိုတော့ အခုသူက ဘာဖြစ်သွားလို့ လဲ”

“အေး…ငါလည်း နင့်ကို အဲဒီအကြောင်း ပြောပြချင် နေတာ နင်ရောက်လာတာ အတော်ဖြစ်သွားတာပေါ့”

“အင်း…ပြောစမ်းပါဦး၊ ဘာလဲ နင့်အစ်ကိုပြန်လာတာ ဟိုမိန်းမအတွက်ကြောင့်လား”

ကြည်ပြာသည် ပြောရင်းက သက်ထားအနီးသို့ လာထိုင် လာလေသည်။ သက်ထားမှာ သူမ ဘာမှမပြောရသေးခင် ကြိုပြီး သိနေသည့် ကြည်ပြာကို အံ့ဩသလိုပြန်ကြည့်ရင်းက…

“ငါတောင် ဘာမှမပြောရသေးဘူး၊ နင်က ဘယ်လိုလုပ် သိနေတာလဲ ကြည်ပြာ”

"နှင့်အစ်ကို ပတ်သက်ပြီး နှင့်မှာ ပြောစရာစကားဆိုလို့ အဲဒါပဲရှိတာ ငါသိတာပေါ့"

"အေး…ဟုတ်တယ်ကြည်ပြာရယ်၊ ကိုကိုပေါ့ ဖေဖေနဲ့ မေမေက နှယ်နဲ့ကိုကို့ကို သဘောမတူဘူးပြောထားရက်နဲ့ ဖွတ်တိုး လက်ထပ်မယ်ဆိုလို့ မေမေ သတိလစ်မူးလဲသွားတာ နင်တို့သိတယ် နော်"

"အေးလေ…သိလို့ ငါတို့တောင် အန်တီကို လာမေး သေးတာပဲ၊ အခု ဘာဆက်ဖြစ်နေလို့လဲ"

"မေမေကတော့ ဘာမှမဖြစ်ပါဘူးဟာ၊ ဖြစ်နေတာက ကိုကိုဟာ"

"နှင့်အစ်ကိုက ဘာဖြစ်လို့လဲ"

"မပြောချင်ပါဘူးဟာ အခုတစ်ခေါက်ပြန်လာတာ မျက်နှာတည်တည်ကြီးနဲ့ ငါနဲ့လည်း စကားမပြောနိုင်၊ မဆိုနိုင်နဲ့ မျက်နှာရှုစ်ခေါက်ချိုးကြီးနဲ့ဟာ၊ သူတစ်ယောက်တည်း အဆွေးမင်း သားကြီးလုပ်နေတာ အမြင်ကပ်ဖို့တောင် ကောင်းပါတယ်။ ငါ့မှာ မောင်နှမနှစ်ယောက်ဆိုတုန်း ပျော်ပျော်ပါးပါးရှိမလား မှတ်ပါတယ် သူ့နှယ်အတွက် သိပ်ကိုအဖြစ်သည်းနေတယ်လေ၊ မေမေကလည်း ဒါကိုသိလို့ သူ့ကို ဘယ်မှမသွားရဘူးလို့ အမိန့်ထုတ်ထားတော့



ပိုဆိုးတာပေါ့ဟာ"

"အင်း…ဒီအတိုင်းဆို နှင့်အစ်ကိုရောဂါက တော်တော် ကျွမ်းနေပြီနော် သက်ထား၊ ဟို ငါပေးတဲ့ဓာတ်ပုံတွေရော နှင့်အစ်ကို ကို မပြလိုက်ဘူးလား"

"အမယ်လေး ကြည်ပြာရယ်၊ အဲဒီပုံတွေကို ကိုကို့ပြဖို့ နေနေသာသာ ငါ့မှာ သူနဲ့တွေ့ရင် မျက်နှာထားကြီးနဲ့ ကြည့်တတ် လွန်းလို့ သူ့ကို ရှောင်ရှောင်နေရတာဟဲ့"

"ဒါဆို…နှင့်မိဘတွေကို ပြလိုက်ပါလား"

"အဲလိုလည်း မဖြစ်သေးပါဘူး ကြည်ပြာရယ်၊ ဖေဖေ့ကို တော့ အဲဒီဓာတ်ပုံတွေ ငါလုံးဝမပြရဲဘူး၊ မေမေ့ကြပြန်တော့လည်း ခုချိန်မှာ သူ့ရောဂါနဲ့သူဟာ၊ ပြီးတော့ မေမေက နှယ့်အကြောင်းတွေ ကို ငါ့ထက်ပိုပြီး သိထားပုံရတယ်၊ မယားရှိတဲ့ယောကျ်ားနဲ့ ဖြစ်နေ တယ်ဆိုတာကိုလည်း မေမေ ပြောတာ ငါကြားလိုက်တယ်၊ ဒါပေမယ့် ကိုကို သိပ်ပြီးမွှန်နေတော့ မေမေပြောတာကို လုံးဝ လက်မခံဘူး"

"ဒါဖြင့် အခု နှင့်အစ်ကိုအနေအထားက"

အဖြစ်တွေတူနေသည်မို့ သက်ထားအပေါ် နားလည်မှုရှိ သော ကြည်ပြာက စိုးရိမ်တကြီး မေးလာသည်။

"မေမေ့ကျန်းမာရေးက ထင်သလောက် သိပ်မကောင်းတော့ ကိုကိုက မေမေ့ကို နည်းနည်းတော့ အလျှော့ပေးလာတယ်၊ ခုကြည့်ပါလား…မေမေက ကိုကို့ကို ဘယ်မှမသွားရဘူးလို့ ပြောတာနဲ့ ခြေငြိမ်နေတာလေ၊ ဒါပေမယ့် သိတယ်မဟုတ်လား မျက်နှာကြီးကတော့ တစ်လောကလုံးကို သူလုပ်ကျွေးထားရသလိုမျိုး စူပုပ်နေတာလေ"

"အင်း…နင်တို့လည်း ဒုက္ခပဲနော်၊ အို…နင်တို့မှ မဟုတ်ပါဘူးလေ အဲဒီမိန်းမနဲ့ ပတ်သက်လာရင် ဘယ်မိသားစုမဆို ဒုက္ခရောက်ရတာပါပဲ"

"အေးပေါ့ဟာ…ကိုကိုက မပတ်သက်သင့်တဲ့ မိန်းမနဲ့ သွားပတ်သက်နေမိတာကိုး၊ မေမေကတော့ ကိုကို့ကို အပြတ်ပြောထားတယ်ကွ"

"အန်တီက ဘာတဲ့လဲ သက်ထား"

"သူသဘောမတူဘူး ပြောထားရက်နဲ့ အဲဒီမိန်းမကို ဖွတ်တိုးလက်ထပ်လို့ကတော့ သူသေတာကို ကြည့်ချင်တာနဲ့ အတူတူပဲတဲ့"

သူငယ်ချင်းနှစ်ယောက် ထိုအကြောင်းကို ပြောနေသည်မှာ အချိန်လေးများပင် ကုန်မှန်းမသိ ကုန်သွားရသည်။



ကြည်ပြာ နှုတ်ဆက်ကာ ပြန်သွားချိန်မှာတော့ ညနေစောင်းနေပြီဖြစ်သည်။

"တကတည်းတော်…သူငယ်ချင်းနှစ်ယောက် ဆုံပြီးဆိုတာနဲ့ စကားတွေများ ပြောနေလိုက်တာ ပြီးမပြီးနိုင်တော့ဘူး၊ ဘာတွေများ ဒီလောက်စကားပြောနေရတာလဲ၊ တန်တော့ ရည်းစားအကြောင်း ပြောနေတာပဲဖြစ်မယ်၊ ဟုတ်လား သက်ကလေး"

"ကြီးကြီးကလည်းလေ…သက်ထားတို့က အခုမှ ကလေးပဲရှိသေးတာ၊ ဘယ်ကရည်းစားအကြောင်း ပြောရမှာလဲ၊ ကြီးကြီးတူမက ရည်းစားထားမယ့်ရုပ်လားလို့ ကြည့်ထား၊ သက်ထားတို့က အပျိုကြီးလုပ်မှာသိလား"

"ပြောတာပဲ…ခုတော့ ယုံရမှာပေါ့လေ၊ တော်ကြာမှ ငါ့သမီးလေး တော်လှ တော်လှနဲ့ ယောက်မြင်းစီးထွက်သွားဦးမယ်၊ မောင်မျိုးနောင်ကလည်း ခုတလော အိမ်ကို အဝင်အထွက်များနေတာ၊ တော်ကြာ တစ်ယောက်ပြီးတစ်ယောက် ရည်းစားထားနေလို့ ကြည်ကြည် အိပ်ရာထဲက မထနိုင်ဖြစ်နေပါဦးမယ်"

"ကြီးကြီးနော်…သက်ထားကြောင့် မေမေ့ကို ဘယ်တော့မှ အိပ်ရာထဲ မလဲစေရဘူး သိလား၊ သက်ထားက သက်ထားပဲ"

မေမေ့ဝမ်းကွဲအစ်မ အပျိုကြီး ကြီးကြီးကို သက်ထားသည်

ထမင်းပွဲကူပြင်ပေးရင်းက ဘာရယ်မဟုတ် သက်ထားရင်ထဲမှာ ရှိသည့်အတိုင်း စိတ်ရင်းအခံနှင့် ပြောလိုက်တော့ ကိုကိုသည် သူ့ကိုစောင်းပြောသည်ဟု ထင်သွားပုံရ၏။

ခုံတစ်လုံးတွင် ဝင်ထိုင်နေရင်းက မှုန်တည်နေရသော မျက်နှာကြီးဖြင့် ချက်ချင်းဆိုသလို အခန်းထဲက ထွက်သွားလေသည်။

"တွေ့လား ကြီးကြီး၊ ကိုကို သူ့ကိုယ်သူ မလုံမလဲဖြစ်သွားတာ၊ သက်ထားက ရိုးရိုးသားသားပြောတာကို"

သက်ထားက ကြီးကြီးနားကပ်ကာ ပြောတော့ ကြီးကြီးသည် သဘောကျသလို ရယ်နေလေသည်။

သက်ထားလည်း ကိုယ့်အဖြစ်ကို ကိုယ်သဘောကျသလို ရယ်မိတော့ ဧည့်ခန်းအလယ်တွင် ထိုင်နေသည့် ဘုန်းဇော်ဟန်မှာ သက်ထား၏ ရယ်သံလွင်လွင်ကြောင့် မျက်မှောင်ကြီး ငွေ့ကြုတ်သွားရလေသည်။

မေမေသည် သူ့ကျန်းမာရေးနှင့် ဘုန်းဇော်ဟန်အား အကျပ်ကိုင်ကာ သူ့ဘဝကို ချုပ်ကိုင်ဖို့ ကြိုးစားနေသည့်အတွက် စိတ်ညစ်နေပါသည်ဆိုကာမှ မိသက်ထားကလည်း နည်းနည်းလေးမှ အလိုက်ကမ်းဆိုးမသိ သူ့အား စောင်းလားမြောင်းလားနှင့် ရယ်နေ



သေးသည်က တကယ့်ကို ဒေါသဖြစ်ချင်စရာ။

အလုပ်ကခွင့်ယူကာ…ရန်ကုန်ပြန်ရောက်တာ ကြာပြီဖြစ်ပေမယ့် ချစ်သောနွယ်နှင့် ဘာအဆက်အသွယ်မှ မလုပ်ရသေး။ ဒီတော့လည်း ဘုန်းဇော်ဟန်တစ်ယောက် အကြီးအကျယ် စိတ်မာတ်ကျရသည်ပေါ့။

မေမေသည် သူ့အား ကလေးတစ်ယောက်ကို ချုပ်ကိုင်သလို မျက်စိအောက်က အပျောက်မခံအောင် သူ့ကျန်းမာရေးနှင့် ကိုင်ပေါက်နေသည်က သူ့အား အလိမ္မာနည်းနှင့် နွယ်နဲ့ဝေးအောင် လုပ်နေမှန်း ဘုန်းဇော်ဟန် သိပါသည်။

သိ၍လည်း ဘုန်းဇော်ဟန် ငြိမ်နေရလေသည်။ မငြိမ်လို့ကလည်းမဖြစ်။ အကြောင်းကား…

ဖေဖေနှင့် မေမေသည် သူ့အား နွယ်နှင့် သဘောမတူကြောင်းကို သူ့အား ပြင်းပြင်းထန်ထန် ရာဇသံပေးထားလေသည်။

ဘုန်းဇော်ဟန် ဘာလုပ်ရမှန်းမသိ။

မေမေ့ကျန်းမာရေးကြောင့် ငြိမ်နေရပေမယ့် ဘုန်းဇော်ဟန်သည် အချစ်ဦးနွယ်ကို ဘယ်လိုမှ မေ့လို့မရတာကို သူ့ကိုယ်သူသာ အသိဆုံးဖြစ်သည်။

သူ့အနေနှင့် ချစ်သောနွယ်ကို အလွယ်တကူ စွန့်ပစ်ဖို့ဆို

တာ သူ့ကို သေခိုင်းတာနှင့် အတူတူဖြစ်သည်မို့ ချစ်သူကို သူ့အနေနှင့် ဘယ်လိုမှ မစွန့်လွှတ်နိုင်။

မေမေ့ကျန်းမာရေးသာ ယခုလောက် အခြေအနေမဆိုးဘူးဆိုပါက သူသည်လည်း ဘာပဲဖြစ်ဖြစ် ချစ်သောနွယ်ကို မဖြစ်မနေ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမှာပင်ဖြစ်သည်။

ဘုန်းဇော်ဟန်မှာ ရင်ထဲကဝေဒနာများကို မျိုသိပ်ထားရင်း ချစ်သောနွယ်အား ရင်မှာ တမ်းတမ်းတတကြီး သတိရနေရသလောက်....။

ဒေါ်ကြည်ကြည်ကတော့ သားအတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံးလမ်းကို တွေ့ပြီမို့ ကျေနပ်ပြုံးများဖြင့် ကြည့်နေရလေသည်။

သားဖြစ်သူရင်ထဲက ဝေဒနာတွေကို ဒေါ်ကြည်ကြည်သည် မသိမဟုတ် သိပါသည်။ သိ၍လည်း သားဖြစ်သူအတွက် အကောင်းဆုံးနည်းလမ်းကို ရှာတွေ့ထားပြီးဖြစ်၏။

သို့ပေမယ့် သားရင်ထဲကဝေဒနာကို အနည်းနှင့်အများ သက်သာစေရန်အတွက် အချိန်တစ်ခုတော့ ပေးရမည်ကို ဒေါ်ကြည်ကြည် နားလည်ပါသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မိဘရင်ထဲက စေတနာ



ကို ဘုန်းဇော်ဟန် ကောင်းစွာနားလည်လာမည်ဆိုတာ ဒေါ်ကြည်ကြည်သည် အချိန်ကိုစောင့်ရင်း မျှော်ရပေဦးမည်။

# အခန်း (၈)

"ရှင်"

"ဘယ်လိုမေမေ…မေမေ ဘာပြောလိုက်တယ်"

ရစ်ဝဲလာသော မျက်ရည်ကြည်များနှင့်အတူ ရုတ်တရ ကြားလိုက်ရသည့်စကားကြောင့် သက်ထား သူမနားကို သ မယုံနိုင်အောင် ဖြစ်သွားရသည်။

မြတ်စွာဘုရား…သူမ နားကြားလွဲတာ ဖြစ်ပါစေ၊ ဒါ တကယ်မဟုတ်ပါစေနဲ့။

သို့ပေမယ့် သက်ထားဆုတောင်း မပြည့်ပါ။ သက်ထ နှင့် ကိုကိုသည် မောင်နှမအရင်း မဟုတ်ဟု ကြားလိုက်ရသ



စကားကြောင့် သက်ထားကား တုန်လှုပ်ထိတ်လန့်သွားရသည်။

ဘုရား…ဘုရား ဘာတွေဖြစ်ကုန်ပါလိမ့်။

သက်ထားဘဝတွင် ဘယ်တုန်းကမှ မမျှော်လင့်ထားသည့် အပြောင်းအလဲ အဖြစ်အပျက်များကို သက်ထားသည် ရုတ်တရက် မှာတော့ ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေရသည်။

"မေမေ…မေမေ ပြောနေတာတွေဟာ တကယ်မဟုတ် ဘူးမို့လား၊ ကိုကိုနဲ့သမီးဟာ မောင်နှမအရင်းတွေပဲ မဟုတ်လား၊ ပြောစမ်းပါ မေမေ၊ သမီးမေးတာ ပြောစမ်းပါ"

"သမီး…သမီး လုံးဝမယုံဘူး၊ မေမေ သမီးကို ညာပြော နေတာမဟုတ်လား၊ အဟင့်…ဟင့်…ဟင့်"

တုန်လှုပ်ချောက်ချားမှုများနှင့်အတူ သူမဘဝမှာ တစ်ခါမှ မစဉ်းစားခဲ့ဘူးသည့် အဖြစ်အပျက်များကို ကြားလိုက်ရသည်မို့ သက်ထားသည် ကိုယ့်အဖြစ်ကို မချိတင်ကဲ ဖြစ်ရလွန်းစွာ မျက်ရည် မိုးများ ဖြိုင်ဖြိုင်ရွာသွန်းရင်းက မေမေ့ရင်ခွင်ထဲသို့ ကလေး တစ်ယောက်လို တိုးဝင်ကာ ချုံးပွဲချငိုလိုက်လေသည်။

ဒေါ်ကြည်ကြည်မှာ သမီးဖြစ်သူကြည့်ကာ စိတ်မကောင်း ဖြစ်ရလွန်းသောကြောင့် ရင်မှာ စို့နင့်နေရကာ သက်ထားကိုယ်လေး ကို တယုတယ ထွေးပွေ့ရင်းက ပါးပြင်နုနုပေါ်က မျက်ရည်စများ

ကို အသာအယာပွတ်သုတ်ပေးရင်း…

"မငိုပါနဲ့သမီးရယ်…မေမေလည်း ဒီစကားကို မတတ်သာလွန်းလို့ သမီးကို ဖွင့်ပြောရတာပါ၊ သမီးကို မေမေ ဒီစကားပြောလိုက်ရတဲ့အတွက် မေမေ့ရင်ထဲမှာ ဘယ်လောက်နာကျင်နေရတယ်ဆိုတာ သမီးသိမှာမဟုတ်ပါဘူးကွယ်"

"အဟင့်…ဟင့်…ဟင့်…မေမေရယ်"

ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုရှိုက်နေသော သမီးအဖြူကို မကြည့်ရက်စွာ ဒေါ်ကြည်ကြည်သည် မျက်နှာလေးလွှဲလိုက်သည်။

"တကယ်ဆို…မေမေ ဒီစကားကို သမီးတစ်သက် ဘယ်တော့မှ ဖွင့်မပြောဘူးလို့ ဆုံးဖြတ်ထားပေမယ့် သားမိုး ကြောင့် သမီးကိုကိုဘုန်းဇော်ဟန်ကြောင့် မေမေ သမီးကို ရင်နာ နဲ့ ဖွင့်ပြောလိုက်တာရတာပဲ"

ပြောရင်းက ဒေါ်ကြည်ကြည်သည် တစ်စုံတစ်ရာ နာကြည်းနေရသလို အံကိုတင်းတင်းကြိတ်လိုက်ပြီး…

"နှယ်ကြောင့် သမီးကိုကို ဘဝပျက်စီးရတော့မှာကို သမီး သိတယ်နော်၊ သမီးကိုကိုဘဝကို ဒီနွံထဲက ကယ်တင်နိုင်တဲ့သူ လို့ မေမေ့မျက်စိထဲမှာ သမီးတစ်ယောက်ပဲ မြင်တယ်၊ ဒါကြောင့်



သမီးကို မေမေ ဒီအကြောင်းတွေကို ဖွင့်ပြောပြီး အကူအညီတောင်းတာပါ သမီးရယ်၊ အဲဒီအတွက် ငယ်ရွယ်သေးတဲ့သမီးကို မေမေ ..ပ်နှမြောပါတယ်၊ ဖြစ်နိုင်ရင် ငါ့သမီးကို မေမေ့မျက်စိရှေ့အောက် ..ပဲ ကလေးတစ်ယောက်လို ပျော်ရွှင်နေတာမျိုးကို အမြဲမြင်ချင်တဲ့ ..ပါကွယ်"

ထိုစကားကို ဒေါ်ကြည်ကြည်ကိုယ်တိုင် မနည်းအားယူ ပြောလိုက်မှန်း သိသာနေရသည်။ အကြောင်းကား…ဒေါ်ကြည် ကြည်သည် ထိုစကားပြောပြီးသည်နှင့် သူကိုယ်တိုင် ချုံးပွဲချကာ ငိုလိုက်သောကြောင့်ဖြစ်သည်။

တစ်သက်လုံး ဒီမေမေနှင့် ဖေဖေကို မိခင်ရင်း ဖခင်ရင်း ..လို့ ထင်မှတ်လာခဲ့သူ သက်ထားမှာ ရုတ်ခြည်း အမေရင်း အဖေ ..င်း မဟုတ်ဟု သိလိုက်ရတော့ ရင်မှာ ဘာနဲ့မှ အစားထိုးလို့မရ ..သည့် အရာတစ်ခု ဆုံးရှုံးသွားရသလို နှလုံးသားကို နုတ်ယူသွား ..သလို တဆစ်ဆစ်နဲ့ နာကျင်သွားရပေမယ့် မေမေနှင့်ဖေဖေသည် ..ကို တကယ့်သမီးရင်းလေးတစ်ယောက်လို ကျွေးမွေး ..လာသည့်အထိ ကျေးဇူးရှင်များဖြစ်သည်ဆိုတာတော့ ငြင်း၍ ..ပါ။

ထိုသို့ သူမအပေါ် သမီးရင်းလေးတစ်ယောက်လို အစစ

အရာရာ ကောင်းရှာလွန်းသည့် မိဘများကို သက်ထားသည် သူမ အတွက်နှင့် စိတ်မညစ်၊ စိတ်မဆင်းရဲစေချင်တာက သက်ထားရဲ့ စေတနာဖြစ်သည်။

မေမေ၏ ပြောပြချက်အရ သက်ထား၏ မိဘရင်းများ သည် သက်ထားငယ်ငယ်လေးကတည်းက ဆုံးပါးသွားသည်ဆို တာနှင့် သက်ထားမိဘရင်းများသည် ဖေဖေ မေမေတို့၏ တပည့် ရင်းများဖြစ်သည်ဆိုတာကို သက်ထား သိခွင့်ရခဲ့သည်။

ဒါဆို သက်ထားဘဝသည် ငယ်ငယ်ကတည်းက မိဘမဲ့ ခဲ့ရရှာသည်ပေါ့။

"ဒီအကြောင်းတွေကို ကိုကိုရောသိလား မေမေ သက်ထားဟာ မေမေတို့ရဲ့ မွေးစားသမီးဆိုတာ ကိုကိုသိလား"

နာကျင်ရသော ရင်အစုံဖြင့် သက်ထားသည် သူမအဖြေ ကို သူမ ဝမ်းနည်းကြေကွဲစွာ မေးလိုက်တော့ မေမေသည် အံ့ဩ နေရသော မရှင်သည့် မျက်နှာဖြင့် ခေါင်းညိတ်ပြလေသည်။

"မေမေရယ်"

သက်ထားသည် ရင်မှာကျင်ခနဲ နာကျင်သွားရသည်။

"သမီးလေးကို မေမေတို့ မွေးစားလိုက်တော့ သား သူမှာ ညီမလေးရပြီဆိုပြီး သိပ်ဝမ်းသာရှာတယ်၊ ပြီးတော့ သမီး



လည်း သူ သိပ်ချစ်ရှာပါတယ်ကွယ်၊ ဘယ်သူတွေကမေးမေး သမီးကို မွေးစားသမီးပါဆိုတာ သူဘယ်တော့မှ အပြောမခံဘူး၊ သူ့ရဲ့ ညီမအရင်းလို့ပဲ ပြောတယ်၊ အဲဒီလောက်ထိ သမီးကိုချစ်ပါ တယ်"

"သမီးကို ဒီစကားတွေပြောဖို့ ဖေဖေနဲ့ မေမေဟာ တော် တော်ကြီးကို တိုင်ပင်ခဲ့ရတာပါ၊ တကယ်တော့ သမီးရဲ့အိမ်ထောင် ရေးကို ဖေဖေရော မေမေပါ လွတ်လွတ်လပ်လပ် ရွေးချယ်စေချင် ပေမယ့် ဘုန်းဇော်ဟန်ကြောင့် အခြေအနေတွေက မထင်မှတ်ဘဲ ရှုပ်ထွေးခဲ့ရတယ်၊ မေမေ စီစဉ်ထားသမျှတွေလည်း ပျက်ခဲ့ရတယ်၊ မေမေတို့အနေနဲ့ကလည်း ဒီသားမိုက်ကို သမီးလေးလက်ထဲကလွဲ ပြီး တခြားဘယ်မိန်းကလေးနဲ့မှ စိတ်မချနိုင်ဘူး၊ ဒီတော့ ငါ့သမီး မေမေ့ကိုချစ်တယ်၊ သနားတယ်ဆိုရင် မေမေပြောတာကို သမီးလေး လက်ခံပေးပါလားကွယ်"

"မေမေရယ်"

မျက်ရည်စက်လက်နှင့် ပြောလာသည့် မေမေ့စကားကို သက်ထားသည် ဘယ်လိုအင်အားနှင့် ငြင်းနိုင်စွမ်းရှိမှာတဲ့လဲ။

သက်ထား ခေါင်းငုံ့ချပစ်လိုက်တော့ မျက်ရည်စများက မြမ်းပြင်ပေါ် တစ်ပေါက်ချင်း စီးဆင်းကျသွားရသည်။

သက်ထားဘဝက ကံဆိုးလွန်းပါတယ်ရှင်။ မမေ့ရဲ့ မျက်ရည်စက်လက်နဲ့ တောင်းဆိုလာတဲ့ စကားတွေကို သက်ထား ဘယ်လိုဖြေရမလဲ။

တစ်သက်လုံး အစ်ကိုရင်းတစ်ယောက်လို ချစ်ကြောင် ရှိသေလာခဲ့တဲ့ ကိုကို့ကို လက်ထပ်ဖို့ဆိုတာ သက်ထားအတွက် ဘယ်လိုဖြစ်နိုင်မှာလဲရှင်။

သက်ထားလေ…သက်ထားအဖြစ်ကို ရှက်လည်းရှက် တယ်၊ ကြောက်လည်းကြောက်တယ်၊ အို…သက်ထား အားလုံးရဲ့ ဝေးရာကို ထွက်ပြေးပါရစေတော့ရှင်။

သက်ထားသည် ထိုစကားများကို ပြင်းပြင်းထန်ထန် ပေါက်ကွဲပစ်လိုက်ချင်ပေမယ့် တစ်သက်လုံး သူမအပေါ် ကောင်းလာခဲ့သည့် ဖေဖေ မေမေတို့၏ မျက်နှာနှင့် ကျေးဇူးတရား များက သူမအတွက် ဘာနဲ့မှ ဆပ်လို့မကုန်တော့သည်မို့ ထိုခံစား ချက်များကို ရင်မှာ ကျိတ်မှိတ်မျိုသိပ်လိုက်ရသည်။

သက်ထားသည် ဘယ်လိုပင် ဒီအရိပ်အောက်က ရုန်းထွက်ဖို့ ကြိုးစားပေမယ့် နောက်ဆုံးမှာတော့ သူမအပေါ် ကြီးမား လွန်းလှသည့် မိဘနှစ်ပါး၏ မေတ္တာရိပ်က ဘယ်လိုမှ ရုန်းမထွက် နိုင်မှန်း သက်ထားသည် ဝမ်းနည်းစွာ သိလိုက်ရသည်။



"သမီးလေး…မေမေ့စကားကို နားထောင်မယ်မဟုတ် လားဟင်"

သက်ထားထံမှ အဖြေကို မျှော်လင့်နေသော မေမေ၏ ညှိုးငယ်လွန်းနေသည့် မျက်နှာကို သက်ထား ဘယ်လိုမှ မကြည့် ရက်နိုင်ပါ။

သက်ထားဆိုတာက ဖေဖေ မေမေတို့ရဲ့ သမီးအလိမ္မာပီပီ မိဘစိတ်ဆင်းရဲမည့်အဖြစ်ကို ဘယ်အခါတုန်းကမှ လုပ်ခဲ့ဖူးသူ မဟုတ်။

ယခုအခြေအနေက သူမအတွက် ပို၍ပင် မေမေ ဖေဖေ မျက်နှာကို ထောက်ရဦးမည်ဖြစ်သည်။

သက်ထားကို တစ်သက်လုံး ကျွေးမွေးပြုစုလာသည့် ကျေးဇူးများကို သက်ထား ဒီနည်းနှင့်ပဲ ကျေးဇူးဆပ်ရတော့မည် ဖြစ်သည်။

သက်ထားဘဝအတွက် မိခင်ကြီး၏ စိတ်ချမ်းသာမှုသည် သာ အရေးကြီးဆုံးဖြစ်သည်မို့ သက်ထားကြောင့် မေမေ စိတ်ချမ်း သာတာကိုပဲ မြင်လိုပါသည်။

ထို့ကြောင့် သက်ထားသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင် ချလိုက်ပြီး…

"သက်ထား...သက်ထား မေမေ့စကားကို နားထောင်ပါ့မယ် မေမေ"

ထိုစကားကို သက်ထားသည် သူမကိုယ်သူမ အားတင်းပြောလိုက်ရသည့်တိုင် တိုးတိုးမျှ ထွက်ပေါ်လာရသော အသံလေးက အဖျားခတ်တုန်ခါသွားရသည်ကိုလည်း သူမကိုယ်သူမ သတိထားမိလိုက်ရသည်။

"သမီးရယ်...လိမ္မာလိုက်တဲ့ ကလေးရယ်၊ မေမေ့ရင်မှာ မချိတော့ပါဘူးကွယ်"

သက်ထားအဖြေကြောင့် ဝမ်းသာရိပ်များဖြင့် ပျော်ရွှင်သွားရသော မေမေသည် သက်ထားကိုယ်လေးကို ထွေးပွေ့ထားရင်းက ရင်မှာ မချိတင်ကဲစွာဖြင့် ဆိုလိုက်လေသည်။

ထို့အတူ...

သက်ထားသည်လည်း မေမေ့ရင်ခွင်ထဲမှနေ မျက်ရည်များ တသွင်သွင်စီးကျနေရလေသည်။

"မိဘစိတ်ချမ်းသာမှုကို ပေးတတ်တဲ့ မေမေသမီးလေး ဘဝမှာ ဒီထက်မက တိုးတက်အောင်မြင်ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပါစေကွယ်၊ ကဲ...သမီးလေး အိပ်တော့နော်၊ ညဉ့်နက်နေပြီ ဟုတ်လား"



"ဟုတ်ကဲ့ပါ မေမေ"

သက်ထားကိုယ်လေးပေါ် စောင်ကို ဆွဲခြုံပေးသွားရင်းက သူမနဖူးကို ခပ်ဖွဖွနမ်းရှိုက်ကာ အခန်းထဲက မေမေထွက်သွားတော့မှ သက်ထားသည်လည်း တင်းထားသမျှ စိတ်များကို လျှော့ချလိုက်လေသည်။

ဪ...မေမေ သူမကြောင့် စိတ်ချမ်းသာသွားပြီမို့ သက်ထားကျေနပ်ပါသည်။ သို့သော်...

အပူရုပ်ကို ဟန်လုပ်ကာ မေမေ့ရှေ့တွင် ဟန်ဆောင်ခဲ့ရသမျှ သက်ထားသည် သူမတစ်ယောက်တည်း ကျန်ခဲ့သည့်အချိန်မှာတော့ ဆိုးရွားလှသည့် သူမဘဝကို သူမပြန်တွေးရင်း ရင်မှာ သောကစိတ်တို့က ကိုယ်ထဲ တဟုန်းဟုန်း တောက်လောင်ကျွမ်းနေရသည်။

သက်ထားအဖြစ်က ဆုပ်လည်းဆူး၊ စားလည်းရူးရမည့်အဖြစ်။ မေမေ့စကားကို နားမထောင်ပြန်ရင်လည်း သူမသည် ဘစ်သက်လုံး ကျွေးမွေးလာသည့် မိဘကျေးဇူးကို မသိတတ်သည့် သမီးမိုက်ဖြစ်ရုံမက မေမေသည် သူမကြောင့် တကယ်ပင် အိပ်ရာထဲ ဘုန်းဘုန်းလဲသွားနိုင်သည်။

မေမေ့စကားကို နားထောင်ပြန်တော့လည်း ကိုကိုသည်

သူနှင့်နွယ်တို့ အချစ်ရေးကို သိပါရက်နှင့် မျက်နှာပြောင်တိုက်ကာ သူ့ဘဝထဲကို ဝင်ရဲသူအဖြစ် သက်ထားကို အထင်သေးကာ တစ်သက်လုံး နာကြည်းနေမည့်အဖြစ်။

သက်ထားအတွက် ဒုက္ခက တကယ့်ကို မဟာဒုက္ခဖြစ်သည်။ သို့ပေမယ့် မိဘကျေးဇူးကို ဆပ်ဖို့ရာကလည်း သက်ထားတွင် ဒီနည်းလမ်းကလွဲ၍ တခြားနည်းလမ်းမရှိ။

ကံကြမ္မာ၏ အလှည့်အပြောင်းက သက်ထားဘဝလေးကို ကြောက်စရာကောင်းလောက်အောင် ရိုက်ခတ်လာရသည်က သက်ထားဘဝအား မလှူးသာ မလှုပ်သာအောင်ဖြစ်သည်။

သက်ထားသည် မေမေ့ကို အဖြေပေးလိုက်ရပေမယ့် ကိုကို့ကိုတော့ ရင်မဆိုင်ရဲပါ။

သို့တိုင် ရင်မဆိုင်လို့ကလည်း မဖြစ်။

အစ်ကိုရင်းတစ်ယောက်ဆိုသော အသိဖြင့် ကိုကို့အပေါ် အရင်က ချွဲနွဲ့ချစ်ခင်မှုက သူမအတွက် ပြန်မရနိုင်တော့သည့် ဆုံးရှုံးမှုများပင် ဖြစ်သည်။

ကိုကိုရယ်...ကိုကိုလည်း အခုချိန်လောက်ဆို ဒီအဖြစ်တွေကို သိနေလေပြီလား။ ကံကြမ္မာက သက်ထားတို့မောင်နှမအပေါ် ဘာဖြစ်လို့များ ဒီလောက်ထိ ရက်စက်ရတာပါလဲနော်။



တစ်သက်လုံး အစ်ကိုရင်းလို့ ထင်လာခဲ့တဲ့ ကိုကိုက ခုတော့ သက်ထားနဲ့ ဘာမှမတော်စပ်ပါဘူးတဲ့လေ။

ရက်စက်လိုက်တာ။

သည်အဖြစ်တွေကို သက်ထားသည် စိတ်ထဲရှိသလောက် အော်ဟစ်၍သာ ပေါက်ကွဲပစ်ချင်ပါတော့သည်။ သို့သော် သက်ထားဘဝက ဘာဆိုဘာမှ စိတ်ရှိတိုင်း လုပ်ခွင့်မရတဲ့ ဘဝပါလား။

မိဘနှစ်ပါး စိတ်ချမ်းသာဖို့နှင့် ကိုကို့ဘဝကို မိန်းမယုတ်တစ်ယောက်ကြောင့် ဘဝမပျက်အောင် ကယ်တင်ဖို့ဆိုတာ သက်ထားအတွက် ဒီနည်းလမ်းသာရှိသည်မို့ သက်ထားသည် သူမဘဝကို သူမ အနစ်နာခံလိုက်ရသည့်တိုင် ကိုကိုသည် သက်ထားရဲ့ စေတနာနှင့် အနစ်နာခံမှုကို သိလိမ့်မည်မဟုတ်ပါ။

သက်ထားအား သူနှင့် နွယ်ကြား ဝင်ရောက်နှောင့်ယှက်သူအဖြစ် အမုန်းပေါ်အမုန်းဆင့်နေတော့မည် မဟုတ်ပါလား။

သက်ထားအား မေမေသည် ညဥ့်နက်နေပြီဖြစ်၍ အိပ်တော့လို့ ပြောသွားပေမယ့် သက်ထားသည် ဘယ်မှာလာ အိပ်ပျော်နိုင်မှာတဲ့လဲ။ မထင်မှတ်ဘဲ အပြောင်းအလဲများစွာ ဖြစ်ရသည့် သူမဘဝကို သူမ ပြန်စဉ်းစားရင်းက စိတ်ထိခိုက်ရလွန်း

သောကြောင့် တစ်ကိုယ်လုံး အင်အားများ ပျောက်ဆုံးသွားရသလို လူက နွမ်းရိပျော့ခွေသွားရတော့သည်။



# အခန်း (၉)

"မဖြစ်နိုင်ဘူး မေမေ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မေမေ… မေမေ ဘာတွေစီစဉ်နေတာလဲဗျာ၊ သက်ထားနဲ့သားကို၊ ဟာ… မေမေရယ် လူသိရင်တောင် ကြားလို့မကောင်းပါဘူး"

"ဘုန်းဇော်ဟန်…မင်း မေမေစီစဉ်ထားတာကို ဘာမှ မပြောနဲ့၊ အေး…လူကြားလို့မကောင်းရအောင် သက်ထားနဲ့မင်းက မောင်နှမအရင်း မဟုတ်ဘူးဆိုတာ မေမေတို့ ပတ်ဝန်းကျင်မှာ သိထားတဲ့လူတွေ ရှိတာပဲ"

"ဒါပေမယ့် သက်ထားကို သား တစ်သက်လုံး ညီမလေး အရင်းလို ချစ်လာခဲ့တာပဲ"

"အေး....အခုအခြေအနေရ မင်းစိတ်ပြောင်းလိုက်တော့၊ ဒီအကြောင်းတွေကို သမီးကိုလည်း မေမေပြောပြီးပြီ၊ မင်းဘက်ကပဲ ကျန်တော့တယ်"

"သား ...သဘောမတူဘူး မေမေ၊ လုံးဝသဘောမတူဘူး၊ နွယ်ကလွဲပြီး သား ဘယ်သူနဲ့မှ လက်မထပ်နိုင်ဘူး၊ သား နွယ့်ကိုပဲချစ်တယ်"

"ဘုန်းဇော်ဟန်...မင်း ဒီစကားတွေကို ခုချက်ချင်းရုပ် လိုက်စမ်း"

တစ်ခါမှ မကြားဘူးသည့် ဒေါ်ကြည်ကြည်ထံမှ တင်းမာ ပြတ်သားလွန်းသည့် စကားသံကြောင့် ဘုန်းဇော်ဟန်မှာ ပြောလက်စစကားကိုပင် ဆုံးအောင်မပြောလိုက်ရပါ။

မေမေ၏ တင်းမာလွန်းနေရသည့် ရုပ်သွင်ကိုသာ ငေးခဲ့ ကြည့်မိသွားရသည်။

"မင်းဟာလေ သမီးလောက်တောင် မလိမ္မာပါလား ဘုန်းဇော်ဟန်၊ မိဘက ကောင်းမယ်ထင်လို့ စီစဉ်တာကို မင်းက ဖျက်ချင်တယ်ပေါ့လေ၊ ဒီမှာဘုန်းဇော်ဟန်...မင်းကို ငါ အခုက တည်းက အပြတ်ပြောလိုက်မယ်၊ မင်း ငါ့ကို မွေးကျေးဇူးဆပ်ချင် တယ်ဆို ငါ့စကားကိုနားထောင်၊ ဒီလိုမှမဟုတ်ဘူး မင်းဟာမကိုပဲ



...မယ်ဆိုရင်တော့ ငါ့ကိုအသက်ရှင်ရက် မင်း မမြင်ရတော့ဘူး ...တ်"

မမျှော်လင့်ဘဲ အခြေအနေတွေက ရှုပ်ထွေးတင်းမာလာရ ...သည်။

ထို့အတူ...

တစ်သက်လုံး ဘုရား၊ တရားနှင့် အေးအေးဆေးဆေး ...ကာ ခင်ပွန်းနှင့် သားသမီးများအပေါ်တွင် အစဉ်အမြဲ နူးညံ့ ...မွေ့စွာ စကားများကို အေးဆေးစွာ ဆိုတတ်သော မေမေ့ထံမှ ...တစ်ခါမှမကြားဘူးသည့် စကားလုံးများဖြင့် တင်းမာပြတ်သား ...န်းနေသည့် မေမေ့ဒေါသမျက်နှာကို မြင်လိုက်ရတော့ ဘုန်းဇော် ...န် မေမေ့အတွက် စိတ်မကောင်းဖြစ်သွားရသည်။

ဘုန်းဇော်ဟန်သည် မီးထွက်လုမတတ် အကြည့်စူးစူးများ ...ဖြင့် သူ့အားစိုက်ကြည့်နေသော မေမေ့အကြည့်များကို ရင်မဆိုင်ရဲ ...စွာ အကြည့်လွှဲလိုက်သည်။

ထို့အပြင် မေမေ့အား ပြောရန်ရှိနေသည့် စကားများက ...သည်း နှုတ်ဖျားမှာပင် အလိုလိုပျောက်ကွယ်သွားရ၏။

ဒါကိုပင် ဘုန်းဇော်ဟန်မှာ သူ့ကိုယ်သူ ကြိတ်မနိုင်ခဲမရ ...ကြီးနှင့် မချင့်မရဲကြီး ဖြစ်သွားရလေသည်။

အကြောင်းရှား…

နှယ်နှင့်ပတ်သက်ပြီး သူ့ဘက်က ဘာကြောင့်ဖြစ်နေ

စေ နောက်မဆုတ်ပါ။ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပါမည်ဟု ကိုယ့်ကိုယ်ကို

ဆုံးဖြတ်ထားသော ဘုန်းဇော်ဟန်သည် ယခု မေမေ့ရှေ့မှောက်တွင်

ကလေးငယ်တစ်ယောက်လို မတွန်းလှန်နိုင်တာကိုက သူ့အတွက်

အရှုံးများဖြစ်သည်။

တကယ်ဆို သူ့အသက်အရွယ်၊ သူ့အလုပ်အကိုင်နှင့် အ

ကို အခြေတကျထူထောင်ရန် သူ့စိတ်တိုင်းကျ အိမ်ထောင်ဖက်

မေမေ ရွေးချယ်ခွင့် ပေးသင့်သည်ပဲ။

ဘဝတစ်သက်လုံး ကိုယ်နှင့်ပေါင်းရမည့် မိန်းကလေး

သည် ကိုယ့်ချစ်သူမဟုတ်ဘဲ တခြားတစ်ယောက်ကို မချစ်မနှ

သက်ဘဲ မိဘစီမံတာတစ်ခုတည်းနဲ့ ခေါင်းညိတ်လက်ထပ်ရမည်

ဆိုတာကတော့ မေမေ သူ့အပေါ် မတရားရာရောက်ပါသည်။

ပြီးတော့ ကိုယ်လက်ထပ်ရမည့်သူကလည်း တခြားသူ

မဟုတ်၊ တစ်သက်လုံး ညီမအရင်းလို နေထိုင်လာခဲ့သူကို လက်ထပ်

ရမည်ဆိုတာ ဘုန်းဇော်ဟန်ဘဝကို မေမေတို့အခက်တွေ့အောင်

လုပ်နေတာနှင့် အတူတူပင်ဖြစ်သည်။

"ဘယ်လိုလဲ ဘုန်းဇော်ဟန်"



မျက်မှောင်ကြီးကြုတ်ကာ ငြိမ်တွေနေသော ဘုန်းဇော်ဟန်

ကြည့်ကာ ဒေါ်ကြည်ကြည် မေးလိုက်သည်။

"သား ဘာကိုပြောရမှာလဲ မေမေ"

"မင်းကို မေမေ ပြောပြီးပြီပဲ၊ ကျန်တာ မင်းကြိုက်သလို

လို့ရတယ်"

ဘုန်းဇော်ဟန်မှာ မေမေ့ကိုကြည့်ကာ အခက်တွေ့နေရ၏။

မေသည် သူပြောရင် ပြောသလို လုပ်တတ်မှ ကြိုက်သူဖြစ်

သည်။

သာယာချိုအေးသော စကားများဖြင့် သားသမီးများအပေါ်

လိုလိုက်ချစ်ရှာလွန်းသော မေမေသည် သူ ဒေါသဖြစ်လာပြီဆို

လည်း သားသမီးများကို ရက်ရက်စက်စက် အပြစ်ပေးတတ်သူ

သည်။

ထို့ကြောင့် ဘုန်းဇော်ဟန်တို့ မောင်နှမနှစ်ယောက်သည်

မေ ဒေါသဖြစ်မည်ကို ကြောက်ပါသည်။

ဒေါ်ကြည်ကြည်သည် နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်

က ဘုန်းဇော်ဟန်မျက်နှာကို အဖြေရှာသလို စိုက်ကြည့်နေ

သည်။

သို့တိုင်…

ဘုန်းဇော်ဟန်ကား မေမေ့မျက်နှာကို မော့မကြည့်ပါ။

မေမေ၏ အကြည့်များအောက်တွင် သူ့ကိုယ်သူ အပြစ်ရှိ သည့် ကျောင်းသားတစ်ယောက်လို ခေါင်းကိုငုံ့ထားရင်းက အဖြေ တစ်ခုကို ရှာဖွေသလိုမျိုး စဉ်းစားနေရသည်။

မကြာလိုက်…ဘုန်းဇော်ဟန်သည် အဖြေကိုရှာဖွေ စဉ်းစားပြီးသည့်ဟန်နှင့် မေမေ့အား မော့ကြည့်လာပြီး…

"သက်ထားနဲ့သား ဒီကိစ္စကို တိုင်ပင်ချင်သေးတယ် မေမေ"

"ဒီတော့"

ဘုန်းဇော်ဟန်စကားကို ဒေါ်ကြည်ကြည် ဝင်ထောက်လ လိုက်သည်။

"သားကို အချိန်နည်းနည်းပေးပါ"

"ကောင်းပြီလေ…မင်းကို ဒီနေ့တစ်ရက် အချိန်ပေးမယ် ဒါပေမယ့် မင်း သမီးကိုတော့ ဘာမှစိတ်ညစ်အောင် မပြောရဘူး မလုပ်ရဘူးနော် ဘုန်းဇော်ဟန်၊ အဲဒီကတိကိုတော့ မင်း မေမေ့ ပေးရမယ်"

မေမေတို့များ အကွက်မြင်သည့်နေရာတွင် နှစ်ယောက်မျှ ပါလား။ ဘုန်းဇော်ဟန်အကြံကို ကြိုသိနေသလိုမျိုး သက်ထား



အတွက် စိတ်မချဟန်ဖြင့် သူ့အား ကဲ့တိတွေတောင်းနေသည့် မေမေ့ ကို ဘုန်းဇော်ဟန် စိတ်ဓာတ်ကျနေရသော အကြည့်များဖြင့် ကြည့် ျက်က သက်ပြင်းရှည်ကြီးကို ရှိုက်ထုတ်လိုက်ပြီး…

"ကတိပေးပါတယ် မေမေ၊ မေမေ့သမီးကို သား စိတ် ဆင်းရဲအောင် ဘာမှမလုပ်ပါဘူး"

သူ့အဖြေကိုရမှ မေမေသည် စိတ်အေးသွားရသလိုမျိုး သူ့အနားကနေ ထွက်သွားလေသည်။

မေမေထွက်သွားသည်နှင့် ဘုန်းဇော်ဟန်သည်လည်း သက်ထားရှိရာ ပန်းခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။

ရုတ်တရက် သက်ထားမှာ ကိုကို့ကို မြင်လိုက်ရ၍ ရင်မှာ ထိတ်ခနဲ ဖြစ်သွားရကာ လူကလည်း ထိုင်နေရာမှ အလိုလို ထရပ် ်သား ဖြစ်သွားရသည်။

"သက်ထား"

"ရှင်…ကိုကို"

မျက်လွှာလေးချကာ ပြန်ထူးနေသည့် သက်ထားကို ကြည့် ပြီး ဘုန်းဇော်ဟန်မှာ ပြောရမည့်စကားများအတွက် ရင်မှာ အစပျိုး နေလိုက်သည်။

အတန်ကြာ ငြိမ်သက်သွားရာမှ…

"တို့နှစ်ယောက်ကိစ္စကို နင်သိပြီးပြီလား သက်ထား"

"ရှင်…ဟုတ်ကဲ့"

သက်ထားအသံက တိုးတိုးလေးဆိုမှ တကယ့်ကို တိုးတိုးလေးဖြစ်သည်။

ဘုန်းဇော်ဟန်မှာ သက်ထားအဖြေကြောင့် မျက်နှာချေချောကြီးမှာ တင်းခနဲဖြစ်သွားရသလို မျက်ခုံးထူထူကြီးမှာလည်း တွန့်ကြုတ်သွားရသည်။

ကြည့်စမ်း…။

သည်ကောင်မလေး ဒီအကြောင်းတွေ ကြိုသိနေသည်ဆိုလား။ သိနေရက်နဲ့ ဒီလောက်တည်တည်ငြိမ်ငြိမ် ရှိလွန်းသည့် သက်ထားကို ဘုန်းဇော်ဟန် နားမလည်နိုင်အောင် ရှိနေသည်မို့…

"ဒီအကြောင်းတွေ နင်သိနေတယ် ဟုတ်လား သက်ထား"

"မေမေ မနေ့ညက ပြောလို့ သက်ထားသိတာပါ"

"အေး…အဲဒီကိစ္စကို နင်ဘယ်လိုသဘောရလဲ၊ ငါနဲ့နင်ဆိုတာက တစ်သက်လုံး မောင်နှမအရင်းလို နေလာခဲ့တဲ့သူတွေ ငါကိုယ်တိုင်ကလည်း နင့်ကို ညီမလေးတစ်ယောက်လိုပဲ သဘောထားတယ်၊ အဲဒီသဘောထားကလည်း နင်နဲ့ ငါ့ကြားမှာ ဘယ်တော့



ပြောင်းလဲလာမှာမဟုတ်ဘူး၊ ပြီးတော့ ငါ့မှာ နွယ်ရှိတယ်ဆိုတာ …ည်း နင်သိတယ်နော်"

"သိပါတယ်ကိုကို"

"အေးဟာ…ဒါကို မေမေက လူငယ်တွေရဲ့ နှလုံးသား…းကို နားမလည်ဘဲ တစ်သက်လုံး မောင်နှမရင်းလို နေလာတဲ့ …တို့နှစ်ယောက်ကို ဖွတ်လက်ထပ်ပေးဖို့ စီစဉ်နေတယ်လေ၊ ဒါ…ယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ၊ နင်ရော ငါ့လိုပဲမဟုတ်လား …က်ထား"

သက်ထားမှာ ရင်ထဲတွင် တထိတ်ထိတ်ရှိနေရသလို သူ့…ကားကို ပြန်ဖြေဖို့ရန်လည်း ရုတ်တရက် အဖြေက ရှာမရမို့ …ခေါင်တွေပင် ခြောက်သွေ့လာရသည်။

"ငါပြောတာကို နင်လက်ခံတယ်မဟုတ်လား …က်ထား"

"ဟုတ်ကဲ့…သက်ထား လက်ခံပါတယ်ကိုကို၊ ဒါပေ…ယ့်…ဟို…ဟို"

အကြည့်လေးလွှဲကာ မဝံ့မရဲဟန်ရှိနေရသော သက်ထား…ကို ဘုန်းဇော်ဟန် တစ်ချက် စူးခနဲစိုက်ကြည့်မိသွားရသည်။

ဒီကောင်မလေး ဒီနေ့မှ ဘာဖြစ်နေသည်မသိ။ ခါတိုင်းများ

ဆို သူနှင့်တွေ့သည်နှင့် သာလိကာရှုံးလောက်အောင် စကားများ
တတ်သော သက်ထားသည် ယခုမှ ထူးထူးခြားခြား စကားတွေ
အထစ်ထစ်ငေါ့ငေါ့နှင့် မဝံ့မရဲဖြစ်နေပုံက အတော့်ကို ထူးဆန်း
ရသည်။

"သက်ထား နင် ဘာဖြစ်နေတာလဲ"

"ရှင်"

သူ့အမေးကို သက်ထားသည် ထိတ်လန့်သွားရသည့်
မျက်ဝန်းနက်ကြီးများဖြင့် ဖျတ်ခနဲ မော့ကြည့်လာလေသည်။

"ဟင့်အင်း...ဟို သက်ထား ဘာမှမဖြစ်ပါဘူး ကို
ဘာဖြစ်လို့လဲဟင်"

"အေးဟာ...ဘာမှမဖြစ်ရင်လည်း ပြီးတာပါပဲ၊ ငါ
မေမေစီစဉ်ထားတဲ့ကိစ္စကို နင့်ကိုငြင်းခိုင်းမလို့ဟာ"

"ရှင်"

"သက်ထား...နင် ဒီနေ့ တစ်ခုခုဖြစ်နေတာတော့ သေ
တယ်၊ ဘာဖြစ်တယ်ဆိုတာ ငါ့ကိုပြောပြစမ်း"

သက်ထား၏ ထူးခြားနေသည့်ဟန်ကြောင့် ဘုန်းဇော်ဟ
ထိုစကားကို မေးလိုက်ခြင်းဖြစ်သည်။

"သက်ထားက ဘာဖြစ်လို့လဲ"



"နင်နဲ့ စကားပြောလိုက်တိုင်း တရှင်ရှင်နဲ့ ဘာဖြစ်နေတာ
လဲဟ၊ ဒီမှာ မေမေ့ကြောင့် စိတ်ညစ်နေရတဲ့ကြားထဲ နင်ကတစ်မျိုး၊
ငါပြောတာ နင်နားလည်လား"

"သက်ထား နားလည်ပါတယ်"

သူ့စကားကို နားလည်ပါတယ်ဆို၍ ဘုန်းဇော်ဟန်အား
တက်သွားရသည်။

"အေး...ငါပြောရင် နင်နားလည်မယ်ဆိုတာ ငါသိပါ
တယ်၊ ငါ့ညီမက ဒီလောက်လိမ္မာနေတာ မဟုတ်ဘူးလား"

ဟုတ်ပါတယ်ကိုကို...ဟုတ်ပါတယ်၊ ကိုကိုပြောသလို
လိမ္မာလွန်းလို့ သက်ထား အခုအခက်တွေ့နေရတာပေါ့။

သက်ထားသည် ထိုစကားများကို ရင်မှာကြိတ်ဆိုလိုက်
သည်ကိုတော့ ကိုကိုသိမည်မဟုတ်ပါ။

"အဲဒါ နင် မေမေ့ကို မဖြစ်နိုင်ဘူးဆိုတာ ငြင်းပေးစမ်း
ပါဟာ၊ ငါ့မှာလည်း နှယ်ရှိနေတာ ငါ နှယ့်ကိုပဲသိပ်ချစ်တယ်၊
ပြီးတော့ သူ့ကို ငါလက်ထပ်မယ်လို့လည်း ကတိပေးပြီးပြီ"

"ဒီကိစ္စကို ကိုကိုကိုယ်တိုင်ငြင်းရင် ပိုမကောင်းဘူးလား"

"ငြင်းပြီးပြီ သက်ထား၊ ဒီစကား နင့်ကိုမပြောခင်က
တည်းက ငါ မေမေ့ကို ငြင်းပြီးပြီ၊ ဒါပေမယ့် မေမေ့အကြောင်း

လည်း နင်သိရက်နဲ့ဟာ၊ မေမေက ဒါဆိုဒါမှ ကြိုက်တယ်ဆိုတာ ငါနဲ့နှယ်ကို သဘောမတူတာနဲ့ နင်နဲ့ငါ့ကိစ္စကို မေမေက စီစဉ်တော့တာပဲ၊ စိတ်ညစ်တယ်ဟာ"

တကယ်ပင် စိတ်မှာရှုပ်ထွေးနေရသည့် အမူအရာဖြင့် ခပ်ညည်းညည်းပြောနေသည့် ဘုန်းဇော်ဟန်ကိုကြည့်ပြီး သက်ထားလည်း စိတ်ညစ်ပါတယ်ကိုကိုဟု စိတ်မှာပြောနေလိုက်သည်။

"နင် စဉ်းစားကြည့်စမ်း သက်ထား၊ ငါတို့က တစ်သက်လုံး မောင်နှမလို နေလာကြတာ၊ ဒါကို မေမေက ဘာစိတ်ကူးနဲ့ အရောင်ပြောင်းပေးဖို့ စဉ်းစားရတာလည်း မသိပါဘူးဟာ"

အဲဒါ ကိုကို့ကြောင့်၊ ကိုကို ဟိုမိန်းမကိုသွားချစ်လို့၊ ကိုကို မလိမ္မာလို့ သက်ထားတို့မောင်နှမဘဝလေး ပြိုကွဲပျက်စီးရတာဟု ဘုန်းဇော်ဟန်အား သက်ထားသည် စိတ်မှာအကြိမ်ကြိမ် ရန်တွေ့နေလိုက်သည်။

"မေမေစီစဉ်တာကို နင်ငြင်းမယ်မဟုတ်လား သက်ထား"

"ကိုကိုရယ်…ဒီကိစ္စ ကိုကိုတောင် ငြင်းလို့မရတာ၊ သက်ထားက မေမေ့ကို ဘယ်လိုငြင်းရဲမှာလဲ၊ အဲလိုငြင်းလိုက်ရင် ရော သက်ထား ဘာဖြစ်သွားမလဲ၊ တစ်သက်လုံး ကျွေးမွေးပြုစု



စောင့်ရှောက်လာတဲ့ ကျေးဇူးကိုမှ မသိတတ်ရက်သူလို့ မေမေ ထင်သွားမှာပေါ့"

"ဒါဆို ဒီကိစ္စကို နင်လက်ခံမယ်ပေါ့ ဟုတ်လား သက်ထား"

"သက်ထား…သက်ထား ဘာတတ်နိုင်ဦးမှာလဲ ကိုကို"

"ဘာ"

"နင်…နင် ဒါတကယ်ပြောနေတာလား သက်ထား၊ မြန်မြန်ပြောစမ်းပါ"

"မေမေမေးလို့ သက်ထား မေမေ့ကို အဲလိုမျိုး ဖြေလိုက်ရပြီကိုကို၊ သက်ထားကို ခွင့်လွှတ်ပါ"

"ခွင့်မလွှတ်ဘူး…ခွင့်မလွှတ်ဘူး သက်ထား၊ နင် ဒီကိစ္စကို ရအောင်ငြင်းရမယ်၊ ငါ နင့်ကို ညီမလေးတစ်ယောက်ထက်ပိုပြီး သဘောထားမပြောင်းနိုင်ဘူး၊ နင်…နင် ငါစိတ်ညစ်တာကို မြင်ချင်လို့လား သက်ထား"

"သက်ထားလည်း ကိုကို့လိုပဲ စိတ်ညစ်တာပါပဲ၊ ဒါပေမယ့် သက်ထားတို့ထက် မေမေ့ကို ပိုပြီးဂရုစိုက်ရမယ်ကိုကို၊ မေမေ့မှာ ရောဂါနဲ့၊ မတော် သက်ထားတို့ကြောင့် မေမေသာ တစ်ခုခုဖြစ်သွားရင် သက်ထားကိုယ့်ကိုယ်ကို တစ်သက်လုံး ဖြေလို့ရမှာမဟုတ်

ဘူး၊ သက်ထား နောင်တမရချင်ဘူး ကိုကို"

"ဘာ…နောင်တမရချင်ဘူး ဟုတ်လား သက်ထား၊ အေး…နင် ငါ့ကိုလက်ထပ်လိုက်လို့ကတော့ နင်မရချင်တဲ့နောင်တ တစ်သက်လုံးရနေမယ်ဆိုတာ နင်မြဲမြဲမှတ်ထားလိုက် သက်ထား"

"အို…ကိုကို"

သက်ထားစကားကြောင့် ဘုန်းဇော်ဟန်သည် ဒေါသ တကြီး ဖြစ်သွားရင်းက စိတ်လှုပ်ရှားစွာဖြင့် ပေါက်ပေါက်ကွဲကွဲ သက်ထားပခုံးလေးကို ကိုင်လှုပ်ဆွဲခါရင်းက ဒေါသတကြီး ပြော လိုက်သည်။

သက်ထားမှာလည်း ဖြစ်လာမှတော့ ရင်ဆိုင်ရန်သာ ရှိတော့သည်မို့ ရှောင်ပြေးလို့မရသည့်ဘဝမှာ ဖြစ်လာသမျှ အံကြိတ် ခံရန် ဆုံးဖြတ်လိုက်ပြီး…

"ကိုကို သက်ထားကို ပြောချင်သလိုသာ ပြောပါတော့၊ သက်ထားဘဝက ကိုကိုပြောသမျှ ခံရတော့မယ့်ဘဝပါ၊ ဒါပေမယ့် သက်ထား ကိုကိုသိအောင်တော့ တစ်ခုပြောပါရစေ၊ သက်ထား မေမေစီစဉ်တာကို လက်ခံလိုက်တာဟာ ဖေဖေ မေမေတို့ ကျေးဇူး ကို စိတ်ချမ်းသာမှုနဲ့ ဆပ်ချင်တာအပြင် ကိုကို့အပေါ်မှာ သက်ထား စေတနာထားလို့ဆိုတာ ကိုကိုတစ်ချိန်မှာ သိလာမှာပါကိုကို၊





သက်ထားစေတနာကို ကိုကို နားလည်လာမှာပါ"

"အဟွန်း…ဟွန်း အပြောကတော့ တော်တော်ကောင်းပါ လား သက်ထား၊ နင့်စေတနာက ဘာစေတနာလဲ၊ ငါ့ကို ငါ့ချစ်သူ နဲ့ ကွဲအောင်၊ ဝေးအောင်လုပ်ရက်တဲ့ နင့်စေတနာလား၊ နင့်စေတနာ က တော်တော်လည်း ကြီးမားပါလား မိသက်ထား"

"ထင်ချင်သလိုသာ ထင်ပါတော့ ကိုကို၊ ခုချိန်မှာ သက်ထား ဘာပြောပြော ကိုကို ဘယ်လိုမှ အကောင်းမမြင်နိုင်ဘူး ဆိုတာ သက်ထား သိပါတယ်၊ ဒါကြောင့် ကိုကို သက်ထားကို ကြိုက်သလိုသာ ကိုကိုစိတ်ချမ်းသာသလိုသာ ပြောသွားပါတော့ရှင် အဟင့်…ဟင့်…ဟင့်"

ပြောရင်းက သက်ထားသည် သူမဘဝကို သူမ ယူကျုံး မရဖြစ်စွာ …က်နှာကို လက်ဝါးလေးနှင့် အုပ်မိုးရင်း ဝမ်းနည်းစွာ ငိုချလိုက်တော့သည်။

ဒီကိစ္စကိုသာ လက်ခံခဲ့ရင် ဒီလိုဖြစ်မည်ဆိုတာ သူမ အနေနှင့် ကြိုတင်တွေးပြီးသားမို့ ခံနိုင်ရည်ရှိအောင် ကြိုးစားထား သည့်ကြားက တကယ်တမ်း ကိုကိုပြောလာတော့လည်း သက်ထား သည် ဘယ်လိုပင် ခံနိုင်ရည်ရှိအောင် ကြိုးစားထားသော်လည်း နောက်ဆုံးမှာတော့ မျက်ရည်နှင့်သာ အဖော်ပြုခဲ့ရသည့်အဖြစ်။

မောင်နှမဆိုတဲ့ သံယောဇဉ်လေးပင် ပျောက်ကာ ရက်စက်စိမ်းကားလွန်းသည့် စကားများဖြင့် တင်းမာပြတ်သားစွာ ဆိုလာသည့် စကားများကြောင့် သက်ထားရင်မှာ ကျဉ်သွားရသည်။

တစ်ဆက်တည်း ပြောရက်လိုက်တာ ကိုကိုရယ်ဟုလည်း ဝမ်းနည်းစွာ တွေးလိုက်မိသည်။

“ငိုမနေနဲ့၊ ငါ့ရှေ့မှာ နင့်မျက်ရည်တွေ ကျပြနေလို့လည်း နင့်ကို ငါသနားမှာမဟုတ်ဘူး၊ မသနားတဲ့အပြင် နင့်ကို ငါ မုန်းတောင်မုန်းမိသွားဦးမယ်၊ အေး…ငါ့အမုန်းကိုမခံချင်ရင် နင် မေမေ့ကို ငြင်း၊ ဒါပဲ”

ဒေါသမျက်ဝန်းစူးစူးများဖြင့် သက်ထားအား စားတော့ဝါးတော့မတတ် စူးစိုက်ကြည့်ရင်းက အနားကနေ ခြေသံပြင်းပြင်းဖြင့် လှည့်ထွက်သွားသည့် ကိုကို့နောက်ကျော မြင့်မြင့်မားမားကြီးကို ကြည့်ပြီး သက်ထားသည် အသားများ တဆတ်ဆတ် တုန်လာရသည့်အထိ ဒေါသများဖြစ်လာရပေမယ့် ချက်ချင်းဆိုသလို ထိုဒေါသစိတ်ကို လျှော့ချလိုက်ပြီး နှုတ်ခမ်းလေးကို ဖိကိုက်ရင်းက ရင်တွင်းက ဒေါသများကို ပျောက်အောင် ဖျောက်နေလိုက်သည်။

ဪ…တကယ်တော့ ဒီအဖြစ်များသည် ဘယ်သူမပြုမိမိမှုဆိုတာကို ကံကြမ္မာကိုက ဒီလိုမျိုးဖြစ်အောင် ဖန်တီးလာရသည်





မို့ သက်ထားသည် ကိုကို့ကိုလည်း အပြစ်မဆိုရက်သလို ဘယ်သူ့ကိုမှလည်း အပြစ်မဆိုရက်အောင် ရှိနေရလေတော့သည်။

## အခန်း (၁၀)

ရုတ်တရက်ဖောက်ပြန်လာသည့် မေမေ့ကျန်းမာရေးကြောင့် သက်ထားအား လုံးဝမယူနိုင်ပါဟု အပြင်းအထန် ငြင်းနေသော ဘုန်းဇော်ဟန်မှာ ဒီတစ်ခါတော့ဖြင့် ဘယ်လိုမှ ငြင်းချိန်မရတော့ဘဲ မေမေ့အား အရှုံးပေးလိုက်ရလေတော့သည်။

သို့တိုင် သူမလုပ်ချင်သည့်ကိစ္စကို လုပ်ရသည်မို့ ဘုန်းဇော်ဟန်၏ မျက်နှာချောချောမှာ မှုန်တည်ခက်ထန်နေရကာ သက်ထားအား ကြည့်သည့် သူ့အကြည့်များက တရားခံတစ်ယောက်လို အပြစ်ရှာကြည့်သလိုမျိုး ကျရောက်နေတတ်သည်။

ဒါကို သက်ထားသည် မသိမဟုတ် သိပါ၏။ သို့သော်





ပြေးသော်လည်း ကန်ရာရှိဆိုသလို ဖြစ်လာပြီမှတော့ ပေါက်သည့်နေ့ မထူးဘူးဟုဆိုကာ ကိုကို့အကြည့်များကို ဗွတ်မှိတ်မသိဟန်ဆောင်လျက် နေနေလိုက်သည်။

ထို့အတူ…

ဘုန်းဇော်ဟန်မှာလည်း သက်ထားအပေါ် ဒေါသဖြစ်လွန်းသဖြင့် မကြည့်ချင် မမြင်ချင်သည့်ကြားက လက်ထပ်ယူလိုက်ရသည်မို့ သူ့အမုန်းများက သက်ထားထံ ပို၍စုပုံကျရောက်နေသည်။

သက်ထားတို့ လက်ထပ်သတင်းကို ကြားသည်နှင့် ကြည်ပြာနှင့် နိုင်နိုင်သည် ထိုသတင်းကို မယုံသလိုမျိုး သက်ထားထံကို သူတို့ကိုယ်တိုင် ရောက်ရှိလာကြသည်။

"သက်ထားရယ်…နင်တို့လက်ထပ်တဲ့အကြောင်း သတင်းစာထဲမှာပါလာတော့ ငါဖြင့် ယုံတောင်မယုံပါဘူးဟယ်၊ ဘယ်လိုဖြစ်ကြတာလဲဟင်၊ နင်နဲ့ အစ်ကိုဘုန်းဇော်ဟန်က မောင်နှမအရင်း မဟုတ်ဘူးလား"

"အေးဟယ်…ငါတော့ မျက်စိကိုလည်ကုန်ရော၊ ဘယ်လိုဖြစ်တာလဲ ငါတို့ကိုလည်း နားလည်အောင် ရှင်းပြစမ်းပါဦး သက်ထားရယ်"

ကြည်ပြာနှင့် နိုင်နိုင်မှာ သူတို့သိလိုသည့်အကြောင်းကိုသာ

အဆောတလျင် အလုအယက်မေးနေသည်။

သက်ထားမှာ နဂိုကတည်းက ငိုချင်ရက်လက်တို့ ဖြစ်နေ သည်မို့ သူငယ်ချင်းတွေကိုတွေ့ရတော့ ရင်မှာတစ်ယောက်တည်း မျိုသိပ်ထိန်းချုပ်သမျှ ဘယ်လိုမှ ဆက်၍ မအောင့်ထားနိုင်တော့ သူငယ်ချင်းများရှေ့တွင် အီးခနဲ ငိုချပစ်လိုက်သည်။

သက်ထား မျက်ရည်များကို မြင်တော့ ကြည်ပြာနှင့် နိုင်နိုင်မှာ ပျာပျာသလဲဖြစ်သွားကာ…

"သက်ထားရယ်…မငိုပါနဲ့ဟယ်၊ ငါတို့လည်း မေးသာ မေးရတာပါ၊ နင် စိတ်မကောင်းဖြစ်မယ်ဆိုတာ သိပါတယ်ဟယ် ငါတို့ကို ခွင့်လွှတ်ပါ"

သက်ထားပါးပြင်ပေါ်က မျက်ရည်များကို သုတ်ပေးရင်း က သက်ထားအား တစ်ယောက်တစ်မျိုး ဝိုင်းချော့ကြလေသည်။

"ရပါတယ်ဟာ…နင်တို့ကိုမြင်တော့ ငါ့ဘဝကို ငါတွေး ပြီး ဝမ်းနည်းသွားလို့ပါ၊ တကယ်တော့ ငါက နင်တို့ထင်သလို ကိုကိုနဲ့ မောင်နှမအရင်း မဟုတ်ဘူးတဲ့ဟာ"

"ဟင်…နင့်စကားကလည်း နင်နဲ့ ကိုဘုန်းဇော်ဟန် မောင်နှမအရင်းမဟုတ်ဘူးဆိုတာ နင်က အရင်ကတည်းက မသိဘူး လား"





"ဒါကြောင့် ငါခံစားရတာပေါ့၊ ငါက ငါ့ကိုယ်ငါ ဖေဖေ မေမေတို့ရဲ့ သမီးရင်း၊ ကိုကို့ရဲ့ ညီမရင်းလို့ပဲ သိလာခဲ့ရတာ ဒီ အကြောင်းတွေကို မေမေ့ဆီက မထင်မှတ်ဘဲ ကြားလိုက်ရတော့ ရုတ်တရက်မှာတော့ ငါတစ်ယောက်တည်း ကမ္ဘာကြီးပျက်သွား သလိုပါပဲဟာ၊ နင့်ကို ငါ့အဖြစ်ကို ကိုယ်ချင်းစာပေးကြစမ်းပါ၊ ငါ…ငါ ဘယ်လောက်ထိ ခံစားသွားရမလဲဆိုတာ"

"ဒီအကြောင်းတွေကို မေမေက ငါ့ကို ဘာဖြစ်လို့ဖွင့် ပြောရတာလဲ သိလား"

"ဟင့်အင်း"

"ပြောပါဦး…အန်တီက အခုမှ ဘာကြောင့်ဖွင့်ပြောရ တာလဲ"

"အဟင်း…ဟင်း…ကိုကိုပေါ့ဟာ၊ ကိုကို့ကြောင့် ပေါ့"

"ဘယ်လို…အစ်ကိုဘုန်းဇော်ဟန်ကြောင့် ဟုတ်လား"

"ဟုတ်တယ်…မေမေက ကိုကိုနဲ့နွယ် ဖြစ်နေတာကိုသိ ပြီး နွယ်နဲ့ အကျင့်စာရိတ္တပျက်မှုကိုပါသိတော့ ကိုကိုနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးလေ၊ ကိုကို့ကို နွယ်နဲ့မယူဖို့ ပြောပေမယ့် ကိုကို ဟာ မေမေ့စကားကို နားမဝင်နိုင်တော့ဘူး၊ ဒီတော့ မေမေက

ကိုကို့စိတ်ကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲပါရော၊ ဒါတောင် ကိုကိုက မလျှော့ဘူး၊ နွယ့်ကိုပဲ လက်ထပ်မယ်တကဲကဲ လုပ်လာ တယ်လေ၊ ဒါကြောင့် မေမေလည်း ကြံရာမရတော့တဲ့အဆုံး ငါ့ကို ဒီအကြောင်းတွေ ဖွင့်ပြောပြီး အကူအညီတောင်းလာတယ်၊ နင်တို့ စဉ်းစားကြည့်စမ်း၊ ငါ…ငါ ဘယ်လို မေမေ့ကို ပြန်ဖြေရမလဲဆို တာ''

''တစ်သက်လုံး မိဘရင်းလို့ သိထားတဲ့လူတွေက မိဘရင်းမဟုတ်ဘူးဆိုတာ သိရတဲ့အပြင် ငါ့အပေါ် သမီးရင်းလို ကောင်းလာခဲ့တဲ့ ဖေဖေ မေမေတို့ရဲ့ ကျေးဇူးတွေက ငါ့အတွက် ဘယ်လိုမှ ပြန်ဆပ်လို့မကုန်ဘူး၊ ဒီတော့ ငါ့ဖေဖေနဲ့ မေမေ့ကို ဒီနည်းနဲ့မှ ကျေးဇူးမဆပ်ရင် ငါ့အတွက် ကျေးဇူးဆပ်ခွင့်ဆိုတာ ရှိတော့မှာ မဟုတ်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေမေဟာ ကိုကို့စိတ်နဲ့ တော်တော်လေး စိတ်ထိခိုက်ခံစားနေရပြီလေ၊ ဒါတွေကို ငါတွေးမိပြီး ကိုကို့ဘဝကိုလည်း ဟိုမိန်းမလက်ထဲက ကယ်တင်ရာ ရောက်ပါတယ်ဆိုပြီး အားလုံး ငါသေချာစဉ်းစားပြီးမှ ကိုကို့ကို လက်ထပ်ခဲ့ရတယ်၊ အဲလို ငါလုပ်တာ မှားလားဟင်၊ ကိုကိုကတော့ ငါ့ကို သူနဲ့နွယ်ကြား ဝင်ဖျက်ရတဲ့သူဆိုပြီး အမုန်းကြီးမုန်းသွားပြီ ပေါ့ဟယ်၊ ငါ့ကုသိုလ်ကံက ဆိုးပါတယ်၊ အဟင့်…ဟင့်''





သက်ထားစကားကို နားထောင်ပြီး ကြည်ပြာရော နိုင်နိုင် ပါ ဘာပြန်ပြောရမှန်းမသိ အသက်ရှူများပင် မဝချင်သလိုလိုနှင့် လူကလည်း မွန်းကြပ်ကြပ်ကြီး ဖြစ်သွားရသည်။

သြော်…တကယ်တော့ ဒီနေရာမှာသာ သက်ထားလို ရှေ့နောက်ကိုမြင်တတ်ပြီး ကျေးဇူးတရားကို အမုန်းနှင့် လဲလှယ် လိုက်တတ်သူမို့သာပေါ့။ သူမနေရာ တခြားမိန်းကလေးတစ်ယောက် ဆိုပါက သက်ထားလို သတ္တိကောင်းကောင်းနှင့် လူကြီး တစ်ယောက်လို တွေးခေါ်ပြီး ဒီလိုကိစ္စမျိုးကို ဆုံးဖြတ်ရဲပါ့မလား သိ။

သက်ထားနေရာမှာ ကြည်ပြာဆိုရင်ရော…

''ဟူး''

''မလွယ်ပါလား''

သက်ထားရယ်…မင်းဟာ မိဘကျေးဇူးကို သိပ်ပြီး သိတတ်နားလည်တတ်တဲ့ မိန်းကလေးပါလားကွယ်။

ကြည်ပြာမှာ သက်ထားမျက်နှာ နွမ်းနွမ်းလေးကိုကြည့် ပြီး ရင်မှာ စကားများစွာ ဆိုလိုက်လေသည်။

''သက်ထားရယ်…မငိုပါနဲ့ကွာ၊ မင်းလုပ်ရပ်က တော်ရုံ မိန်းကလေး ဘယ်သူမှမလုပ်ရဲတဲ့အလုပ်ကို မင်း လုပ်လိုက်တာ

သိပ်ကိုချီးကျူးစရာကောင်းပါတယ်၊ အဲဒီအတွက် မင်း လုံးဝမမှား ပါဘူး၊ မမှားတဲ့အပြင် မင်းရဲ့မြင့်မြတ်တဲ့ စိတ်ထားကို ငါတို့ တကယ်လေးစားပါတယ်ကွာ"

"ဟုတ်ပါတယ်ဟယ်…တကယ်တော့ ဒီအဖြစ်တွေဟာ ဟိုမိန်းမနွယ်ကြောင့် ဖြစ်ရတာပါ၊ ဒီမိန်းမဟာ အားလုံးဘဝကို ဖျက်စီးမယ့်သူပဲ၊ သူ့ကြောင့်မဟုတ်ရင် နှင် ကိုဘုန်းဇော်ဟန်ကို လက်ထပ်စရာမလိုသလို ဒီပြဿနာလည်း ဖြစ်လာမှာမဟုတ်ဘူး"

ကြည်ပြာမှာ နွယ့်အပေါ် ဒေါပွသလိုဆိုလာတော့ သက်ထားသည် ကြည်ပြာကိုကြည့်ကာ မချိပြုံး ပြုံးလိုက်ပြီး…

"သူ့ကိုချည်း အပြစ်ပြောလို့မရပါဘူးဟာ ကိုကိုသာ သူနဲ့ သွားမပတ်သက်ခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ပါဘူး၊ ကဲပါလေ… ငါ့သူငယ်ချင်းတွေ ရောက်တုန်း ငါ့ကြောင့် စိတ်ညစ်ကုန်ရပြီနော်"

"အဲလိုမပြောပါနဲ့ သက်ထားရယ်၊ နှင်နဲ့ ငါတို့ဟာ ညီအစ်မအရင်းတွေလို နေလာကြတာပဲ၊ နှင့်အပူ ငါတို့အပူ အတူ ပေါ့၊ ဒါနဲ့ နှင် ကိုဘုန်းဇော်ဟန်နောက်ကို လိုက်သွားမှာပေါ့နော်"

"မသိပါဘူးဟာ…ငါဘာမှမသိချင်တော့ဘူး၊ ဖြစ်လာ သမျှ ရင်ဆိုင်ရတော့မှာပဲ"

"သက်ထားရယ်"



စကားတွေသာမက ပြောဆိုလှုပ်ရှားမှုများပါ သက်ဝင် လှုပ်ရှားမှု မရှိတော့ဘဲ ငေးငေးငိုင်ငိုင်လေး ရှိနေသည့် သက်ထား၏ လှပသော မျက်နှာလေးကိုကြည့်ပြီး ကြည်ပြာနှင့် နိုင်နိုင်မှာ သူငယ် ချင်းအတွက် ဘယ်လိုမှ စိတ်မကောင်းနိုင်တော့။

တကယ်တော့ သက်ထားသည် အားလုံးကို စိတ်ချမ်းသာ စေရန် ဟန်ဆောင်အပြုံးနှင့် ဟန်လုပ်နေရပေမယ့် သူမရင်ထဲ ကြေကွဲ နေရသည်ကိုတော့ ကြည်ပြာရော နိုင်နိုင်ပါ သိကြလေသည်။

## အခန်း (၁၁)

"မေမေ…သမီး မေမေတို့နဲ့ ခုလိုမျိုးပဲနေပါရစေ၊ ကိုကို့နောက် မလိုက်ပါရစေနဲ့နော်"

ခွင့်စေ့၍ တာဝန်ကျရာမြို့ကို ပြန်ရတော့မည့် ဘုန်းဇော်ဟန်နောက်ကို သက်ထားသည် မလိုက်ချင်သည်မို့ မိခင်ကြီး၏ ရင်ခွင်တွင် ခေါင်းတိုးဝင်ရင်းက ပြောလိုက်တော့ ဒေါ်ကြည်ကြည်သည် သမီးချောကို အပြုံးနှင့်ကြည့်ကာ…

"သမီးက အခု အိမ်ထောင်သည်ဖြစ်သွားပြီ၊ အရင်တုန်းကလို ကလေးလိုနေလို့ မရတော့ဘူး၊ အိမ်ထောင်သည်ဆိုတာ ခင်ပွန်းသွားတဲ့နောက်ကို ဇနီးသည်က လိုက်ရမှာပဲ၊ အိမ်ထောင်ပြု



ပြီးမှ တစ်ယောက်နဲ့တစ်ယောက် တခြားစီနေလို့မကောင်းဘူး သမီးရဲ့၊ သမီးက လိမ္မာပြီးသားပါ၊ မေမေ့စကားကို နားထောင်နော်၊ သမီးကိုကိုနောက်ကို လိုက်သွား၊ ဟုတ်လား"

သက်ထားနဖူးတွင် ဝဲဖြာကျနေသည့် ဆံနွယ်လေးများကို သပ်တင်ပေးရင်းက ဒေါ်ကြည်ကြည်သည် သက်ထားအား လေပြေအေးနှင့် ဖျောင်းဖျနှစ်သိမ့်ချော့နေလိုက်သည်။

လိမ္မာပါသည်ဆိုသော စကားနှင့် ချည်ပြီးတုပ်ပြီး အပိုင်ပြောနေသော မေမေ့ကို သက်ထား ဘာမှမပြောလိုတော့ပါ။ သက်ထားဘဝက သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့။

ဒေါ်ကြည်ကြည်မှာ သမီးရင်ထဲက ဝေဒနာကို သိပေမယ့် ဒီအခြေအနေရောက်မှတော့ နောက်မဆုတ်ချင်တော့သည်မို့ သက်ထားရင်ထဲက ဝေဒနာကို မသိဟန်ပြုကာ လျစ်လျူရှုထားလိုက်ရသည်။ ရင်ထဲမှာတော့ သမီးအလိမ္မာအတွက် နာနေရလေသည်။

သို့သော်…

စထဲကိုက ပျက်စီးတော့မည့် သားဘဝအတွက် သားကို အနီးကပ် ထိန်းသိမ်းရန် ရည်ရွယ်ပြီး သမီးနှင့် လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။

ခုမှတော့ ထိုရည်ရွယ်ချက်ကို အပျက်မခံတော့ပါ။

သမီးသည် သူပြောသမျှ ဟုတ်ကဲ့ဟုသာ ခေါင်းညိတ်တတ်သလို သားဖြစ်သူ ဘုန်းဇော်ဟန်ကလည်း သူ့အဖြစ်ကို သူ စိတ်လျှော့ထားပုံရသည်။ ကောင်းသည်ဆိုးသည် သူ့နှုတ်က ဘာတစ်ခွန်းမှ မပြောတော့ ဘာလုပ်လုပ် သူနှင့်မဆိုင်သလိုသာ နေလိုက်သည်။

သက်ထားမှာ မေမေ့အမိန့်အတိုင်း ကိုကို့နောက်ကို လိုက်ဆိုလို့သာ လိုက်ရမည်။ စိတ်နှင့်ကိုယ်က ကပ်သည်တော့ မဟုတ်။ မေမေကိုယ်တိုင် သူမအတွက် လိုအပ်သည့် ပစ္စည်းအသုံးအဆောင်များ ထည့်ပေးနေသည်မို့ သက်ထားသည် မေမေ့ကိုကြည့်ရင်း မျက်ရည်လည်လာရသည်။

မေမေစိတ်ချမ်းသာဖို့အတွက် သူမ တစ်ဘဝလုံး ပေးဆပ်လိုက်ပြီမဟုတ်ပါလား။

ကျလုဆဲဆဲ မျက်ရည်များကို သက်ထား မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ပြန့်ထိန်းလိုက်သည်။ ခရီးသွားခါနီး မေမေ့ရှေ့မှာ သူမ မျက်ရည်မကျချင်ပါ။

သူမနှင့်ပတ်သက်ကာ မေမေ့ကို ဘာအတွက်နှင့်မှ စိတ်မဆင်းရဲစေလို။ အားလုံးပြီးတော့ ဖေဖေနဲ့ မေမေ့ကို ကန်တော့ကြ





လေသည်။

သက်ထားဘေးငွင် မျက်နှာကြီးမှုန်တည်လျက် တင်းမာခက်ထန်နေသော ကိုကို့မျက်နှာကို သက်ထားသည် မကြည့်မိအောင်ထိန်းရင်း နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်သည်။

ဖေဖေနဲ့မေမေ၏ ဆုပေးစကားသံသည် သက်ထားနားထဲတွင် ကြားတစ်ချက် မကြားတစ်ချက်နှင့် သူမ၏ အာရုံများက ရှေ့ဆက်ရမည့်ခရီးအတွက် ရင်လေးနေရသည်။

သို့သော်…

သူမအဖြစ်ကို မေမေ့အား မသိစေချင်ပါ။

အို…ဖြစ်လာမှတော့လည်း နောင်ခါလာ နောင်ခါချေးပေါ့၊ သူမတွေးပူနေလို့ရော ဘာများတတ်နိုင်မှာတဲ့လဲ။

သက်ထားသည် သူမကိုယ်သူမ အားပေးရင်းက ဖေဖေမေမေတို့ကို နှုတ်ဆက်ကာ ဘူတာသို့ ထွက်လာခဲ့လိုက်သည်။

သားနဲ့သမီး ခွဲသွားတာကို မမြင်ရက် မကြည့်ရက်ဟုဆိုကာ မေမေသည် နေခဲ့တော့ ဖေဖေသည်လည်း ရောဂါသည်မေမေ့အနားတွင် ကျန်ခဲ့ရလေသည်။

ကြီးကြီးသာ ဒရိုင်ဘာနှင့်အတူ သက်ထားတို့ကို ဘူတာကြီးသို့ လိုက်ပို့လေသည်။

တကယ်တမ်း ခွဲရမည်ဆိုတော့ သက်ထား မပြောနှင့် လူကြီးဖြစ်သည့် ကြီးကြီးသည်လည်း မျက်ရည်ကျလေသည်။

"သမီး ဟိုရောက်ရင် ဖုန်းဆက်ဖို့ မမေ့နဲ့နော်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး၊ ကြားလား"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"သားလည်း သမီးလေးကို ဂရုစိုက်နော် ကိုဘုန်း၊ မင်းညီမက ကျန်းမာရေးသိပ်ကောင်းတာ မဟုတ်ဘူး၊ ကြီးကြီးပြောတာ ကြားလားသား"

သက်ထားအတွက် စိတ်ပူစွာမှာနေသည့် ကြီးကြီးကို ဘုန်းဇော်ဟန်သည် မကောင်းတတ်၍လားမသိ ခေါင်းတစ်ချက် ညိတ်ပြလေ၏။

မကြာလိုက် ရထားသည်လည်း ဘူတာကြီးမှ စထွက်လေသည်။ ကြီးကြီးအား သက်ထားသည် မျက်ရည်လည်နေသော မျက်ဝန်းဖြင့် လက်ပြနှုတ်ဆက်ရင်း ရထားကြီးသည် ဘူတာမှနေ ဝေး၍ဝေး၍ လာခဲ့သည်။

အထူးအမြန်တွဲမို့ ထိုင်ခုံက ကိုကိုနှင့်သူမ ဘေးချင်းယှဉ်ထိုင်ရပေမယ့် ကိုကိုသည် မျက်နှာကြီးတည်တည်နှင့် စကားမပြောသလို သက်ထားကလည်း ကိုယ့်မာနနှင့်ကိုယ် စကားမပြောဘဲ



နေနေလိုက်သည်။

သို့ပေမယ့် ရင်ထဲမှာတော့ ကိုကို၏ စိမ်းကားလွန်းသည့် အပြုအမူများကြောင့် ဝမ်းနည်းချင်သလိုလို ငိုချင်သလိုလိုနှင့် တစ်မျိုးမှ တကယ့်တစ်မျိုးကြီး ဖြစ်သည်။

ကိုကိုနှင့်သက်ထား လက်ထပ်ခဲ့တာ တစ်ပတ်ရှိပြီဖြစ်ပေမယ့် ကိုကိုသည် သက်ထားအား ကြည့်လည်းမကြည့်၊ ထိလည်းမထိခဲ့ပါ။ သူမုန်းသည့် သက်ထားကို ကြည့်ရ ထိရမှာပင် တီကိုဆားနှင့်ထိသလို ကြောက်ရွံ့နေပုံရသော ကိုကို့ကို သက်ထားကလည်း ကျေးဇူးတင်ပါသည်။

အများ၏အမြင်တွင် သက်ထားနှင့်ကိုကိုသည် အိမ်ထောင်သည်တွေဆိုပေမယ့် ယခုချိန်ထိ နှစ်ဦးစလုံးသည် သန့်ရှင်းနေဆဲဆိုတာတော့ ကာယကံရှင်တွေသာ သိကြပါသည်။

တစ်သက်လုံး ချစ်ခင်တွယ်တာလာသည့် မောင်ချစ်နှမချစ် သံယောဇဉ်များကို စိမ်းစိမ်းကားကား ဖြတ်ရက်သည့် ကိုကိုသည် သက်ထားကိုကြည့်ပြန်ရင်လည်း အလိုမကျသည့် မျက်ဝန်းများဖြင့် ရန်လိုစွာ ကြည့်တတ်သူဖြစ်သည်။

ကိုကိုတောင် သူမအပေါ် စိမ်းကားနိုင်သေးလျှင် သက်ထားကရော ကိုကို့အပေါ် ဘာလို့မစိမ်းကားနိုင်ရမှာတဲ့လဲ။

နဂိုမဟုတ်မခံစိတ်ဓာတ်လေးက ကိုယ့်ကိုယ်ကို သတိပေး နေသည့်ကြားက ရုတ်ခြည်းပေါ်လာတာမို့ သက်ထားသည် မဲ့ပြုံး လေးတစ်ချက်ကို ပြုံးကာ ကိုကို့အား ဥပေက္ခာပြုထားလိုက်သည်။

တစ်ဖက်သတ် ခံစားနေရသည့် သက်ထားရင်ထဲက ခံစား ချက်တွေကို မသိသည့် ဘုန်းဇော်ဟန်ကတော့ သူ့အတွေး သူ့မျက်ဝန်းထဲတွင် နွယ်၏ သိပ်လှသော ရုပ်သွင်လေးက သူ့မျက် ဝန်းထဲက မထွက်နိုင်အောင် သူ့နှလုံးသားကို စိုးမိုးနေရသည်။

"နွယ်ရယ်"

ချစ်သူအား တမ်းတမ်းတတ စိတ်မှာရေရွတ်လိုက်၏။

နွယ်သည်လည်း ခုချိန်လောက်ဆို သူ၏လက်ထပ်သတင်း ကို ဖတ်ပြီးလောက်ရောပေါ့။

အတွေးနှင့်ပင် ဘုန်းဇော်ဟန်ရင်မှာ မချိအောင် နာကျင် သွားရသည်။

ဒါတွေအားလုံးရဲ့ တရားခံသည် သက်ထားကြောင့်ပင် ဖြစ်သည်။ သူနှင့်နွယ် သိပ်ချစ်ကြသည့် ချစ်သူတွေမှန်းသိပါရက် နှင့် သင်းသည် သူတို့နှစ်ယောက်၏ အချစ်ကို သက်သက်ဝင် ရောက် ဖျက်စီးရက်သူဖြစ်သည်။

ချစ်သူနွယ်ကို သတိရတော့ သူ၏ဒေါသများက





သက်ထားထံကို ရောက်ရှိသွားရ၏။ သူမကိုယ်သူမ သူ့ရဲ့ကောင်း သမီးအလိမ္မာကြီး ဝင်လုပ်ပြသည့် သင်းသည် မကြာတော့သည့် အချိန်တွင် ထိုအလုပ်၏အကျိုးအဆက်များကို ခံစားရပေတော့မည် ဖြစ်သည်။

သက်ထားရယ်…နင် ငါ့စကားကို နားမထောင်ခဲ့သမျှ မကြာခင် ဒုက္ခလှလှရောက်တော့မယ်ဆိုတာ နင့်ကိုယ်နင် မသိပါ လား။

ဘုန်းဇော်ဟန်သည် ချစ်သူနှင့် ကွေကွင်းရခြင်း၏ တရားခံ ကို သက်ထားဟု စွဲထင်နေသည်မို့ သူ့အမုန်းများက သက်ထားထံ စုပြုံရောက်ရှိနေရတော့သည်။

## အခန်း (၁၂)

သက်ထားတစ်ယောက် ဘာလိုလို့နှင့် ကိုကိုတာဝန်ကျရာ မြို့လေးကို ရောက်နေသည်မှာ ရက်လေးများ အတော်ကြာပြီဖြစ် သည်။

ရက်လေးတွေကြာပေမယ့် ကိုကိုနဲ့ သက်ထားအခြေအနေ က ထူးမလာပါ။ မထူးသည့်အပြင် ဒီရောက်မှ ကိုကိုသည် သက်ထားအပေါ် ပို၍စိမ်းကားရက်စက်နေသည်ဟု ထင်ပါသည်။

အဘယ်ကြောင့်ဆိုရသော်…

ထာဝစဉ် တည်တင်းခက်ထန် မှုန်တည်နေရသော ရှုတည်တည်မျက်နှာထားကြီးနှင့် သက်ထားအား အပြစ်မရှိ အပြ





ရာကာ ရန်လိုတက်သလို အလုပ်ကပြန်လာပါရင်လည်း ညဥ့်နက် သန်းခေါင် အရက်လေးတမြမြနှင့် သောက်လာတတ်သောကြောင့် ဖြစ်သည်။

မိဘအရိပ်မှာ နေတုန်းကတော့ အရက်ကို သောက်ဖို့နေနေ သာသာ လှည့်တောင်မကြည့်တတ်သော ကိုကိုသည် ယခု သက်ထားရောက်ပြီးမှ မြင်တွေ့ရသည်က ကိုကို့ပုံစံသည် တကယ့် ပါရင့်အရက်သမားကြီးတစ်ယောက်လို နေ့စဉ်ရက်ဆက် သောက်နေ ပုံက ဘယ်လိုနားလည်ရမှန်း မသိတော့။

ကိုကိုသည် နွယ့်အား သိပ်ချစ်ပုံရလေ၏။ ထိုမိန်းမကို အကြောင်းပြကာ အသည်းကွဲသည်ဟုဆိုပြီး အရက်ကိုပင် နေ့စဉ် ရက်ဆက် သောက်တတ်နေသည်က သက်ထားအတွက် မယုံ ကြည်နိုင်အောင် ဖြစ်သည်။

"ကိုကိုရယ်…ကိုယ့်ကိုယ်ကို ဘာလို့ဖျက်စီးရတာလဲ ရှင်"

ကိုကို့အဖြစ်ကိုကြည့်ကာ သက်ထားသည် စိတ်ပျက် လက်ပျက်နှင့် ညည်းညူလိုက်သည်။

ကိုကိုသည် သက်ထားအား လက်ထပ်ခဲ့သော်လည်း ဇနီး သည်တစ်ယောက်အဖြစ် အသိအမှတ်မပြုပါ။ ဒါကို သက်ထား

လက်ခံနိုင်ပါသည်။ သို့သော် မိန်းမတစ်ယောက်၏ မာနကို ထိပါး
လာအောင် ပြုရက်သည့် ကိုကို့အပြုအမူများကိုတော့ သက်ထား
ခွင့်မလွှတ်ချင်ပါ။

ကြည့်လေ…ည ၁၀ နာရီထိုးနေပြီ ခုချိန်ထိ ကိုကို
ပြန်မလာသေးပါ။ တစ်မြို့တစ်ရွာတွင် သက်ထားတစ်ယောက်
တည်းဆိုပြီး ကိုယ်ချင်းစာအတွေးနှင့် ရှိလိမ့်မည်မထင်နှင့် ဒီလိုမျိုး
ညတွေက သက်ထားအတွက် ညစဉ်ရက်ဆက်ဖြစ်သည်။

တော်ပါသေးသည် သက်ထားအတွက် အစ်ကိုမျိုးနှော
က အဖော်အဖြစ် ရှာထားပေးသည့် ကောင်မလေးရှိနေ၍သာ ကိုကို့
အလိုဆိုပါက သက်ထားတစ်ယောက်တည်း ဘယ်လောက်ထိ ဒုက္ခ
ရောက်လိုက်မည်မသိ။

အချိန်သည် တဖြည်းဖြည်း ကုန်လွန်လာခဲ့သလို ကိုကို
၏ အရိပ်အယောင်ကိုလည်း သက်ထား ခုချိန်ထိ မမြင်ရသေး
သက်ထားရင်မှာ ကိုကို့အတွက် စိုးရိမ်စိတ်များက တစ်စထက်
တစ်စ ပိုလာရသည်။

ကောင်မလေးတော့ ကလေးသာသာမို့ အပူအပင်မဲ့
အိပ်ပျော်နေပြီဖြစ်ပေမယ့် အိပ်မပျော်နိုင်သူ သက်ထားမှာတော့ ကိုကို
ပြန်လာမည့်အချိန်ကို မျှော်ရင်း စောင့်နေမိသည်။





အချိန်သာကုန်သွားသည် ကိုကိုက ပြန်မလာ။ ထိုအခါ
မျက်ဝန်းတွင် မျက်ရည်များ အိုင်ဖွဲ့လာရသူက သက်ထားရယ်ဖြစ်
သည်။

မှန်သည်။

သက်ထားသည် ကိုကိုနဲ့ လက်ထပ်ပြီးကတည်းက
မျက်ရည်နှင့်မျက်ခွက် ပြတ်တယ်ရယ်လို့ မရှိ။ ကိုကိုနှင့်ပတ်သက်
ကာ တစ်ကြောင်းမဟုတ်တစ်ကြောင်းနှင့်တော့ မျက်ရည်ကျနေရသူ
ဖြစ်သည်။

မျက်ရည်နှင့်သက်ထား သက်ထားနှင့်မျက်ရည်ဆိုတာ
ခွဲမရအောင် တစ်သားတည်းဖြစ်နေရသည်။

သက်ထားမှာ ကိုကို့ကြောင့် စိတ်တွေညစ်၊ စိတ်ဆင်းရဲ
ဖြစ်နေရသလို သက်ထားနည်းတူ ဘုန်းဇော်ဟန်ကြောင့် စိတ်ညစ်၊
စိတ်ပျက်နေရသူက မျိုးနောင်ပင်ဖြစ်သည်။

ဘုန်းဇော်ဟန်တစ်ယောက် မူးမူးရူးရူးနှင့် ရောက်နေသော
ကြောင့်ဖြစ်သည်။

အိမ်တွင် သက်ထားစောင့်နေမှန်းသိ၍ ပြန်ရန်ပြောသော်
လည်း ဘုန်းဇော်ဟန်သည် လက်မခံ မပြန်ဟုဆိုကာ သူ့အိပ်ရာထဲ
ခွေတိုးဝင်အိပ်နေသည်။

တကယ်ဆို ဘာအပြစ်မှမရှိသည့် သက်ထားကို ဘုန်းဇော်ဟန်အနေနှင့် ထိုသို့လုပ်ဖို့မကောင်း။ ခုတော့ ဘုန်းဇော်ဟန် အပြုအမူတွေက သက်ထားအတွက် လွန်နေရပြီဖြစ်သလို သည်းမခံနိုင်စရာလည်း ကောင်းနေရသည်။

သက်ထား ဒီမြို့လေးကို ပါလာစဉ်က ဘုန်းဇော်ဟန်နှင့် အလည်လိုက်လာသည်လို့ မျိုးနောင် ထင်ခဲ့လေသည်။

သို့သော်…

ညီမဖြစ်သူ သက်ထားအပေါ် မျက်နှာကြီးတည်တင်းကာ စိမ်းစိမ်းကားကား ပြုမူပြောဆိုဆက်ဆံနေသည့် ဘုန်းဇော်ဟန် အပြုအမူများကြောင့် မျိုးနောင်သည် နားမလည်ဖြစ်ကာ အခြေအနေမှန်ကို နောက်မှသိခွင့်ရခဲ့လေသည်။

တကယ်တမ်း အကြောင်းစုံကို သိရပြန်တော့လည်း သက်ထားအား မျိုးနောင်သည် အပြစ်မတင်ရက်ပေ။

အပြစ်တင်ဖို့ထက် အသိစိတ်ဓာတ်မြင့်မားလွန်းသည့် သက်ထားကို အသက်ငယ်သော်လည်း သူ မလေးစားဘဲမနေနိုင်တော့။ သက်ထား၏ စိတ်ဓာတ်လေးသည် တကယ့်ကို ဖြူစင်ရိုးသားလွန်းသည်မဟုတ်ပါလား။

အိမ်ထောင်ရေးကံမကောင်းသူလို့ သက်ထားကို ပြော





လားမသိပါ။ ဘုန်းဇော်ဟန် အိမ်ပြန်မလာသည်ကို တမျှော်မျှော်နှင့် စောင့်နေမှာဖြစ်သည်။

သည့်လိုအဖြစ်မျိုးကို သိနေသည်မို့ ဘုန်းဇော်ဟန်ကို အိမ်ပြန်ရန် သူပြောရလေတော့သည်။

"ဟေ့ကောင်…ဘုန်းဇော်ဟန် ထကွာ၊ ဒီလောက်ညဉ့်နက်နေတာ မင်းကို သက်ထားမျှော်နေလောက်ပြီ၊ အိမ်ပြန်မယ်ထ"

"မပြန်ဘူးကွာ…မပြန်ဘူး၊ သူဘယ်လောက်မျှော်မျှော် ငါက ဘာလို့အိမ်ပြန်ရမှာလဲ၊ သင်းလိုမိန်းမကို ငါဘာမှဂရုစိုက်နေစရာမလိုဘူး၊ နွယ်နဲ့ငါ ကွဲရတာ သူ့ကြောင့်ကွ၊ သူ့ကြောင့်ကွ ငါဒီမှာပဲအိပ်မယ်"

"ကျွတ်…ဘုန်းဇော်ဟန် မင်းကွာ သက်ထားမှာ အပြစ်ရှိမှန်း သိရက်နဲ့ မင်းဒီလိုမပြောပါနဲ့၊ မင်းအပေါ် သက်ထား ဘယ်လောက်ထိ ကောင်းတယ်ဆိုတာ ငါအသိဆုံးပါ၊ သက်ထားကို မင်း ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် လက်ထပ်ပြီးမှတော့ ဒီလိုမရက်စက်သင့်ပါဘူးကွာ၊ အန်တီနဲ့ အန်ကယ်(လ်) သိလည်း စိတ်ကောင်းကြမှာမဟုတ်ဘူး"

"အဟွန်း…ဒီအကြောင်းတွေကို မင်းပြန်မပြောသွေ့

ဖေဖေနဲ့မေမေ မသိပါဘူးကွာ၊ မိသက်ထားကတော့ ဒီအကြောင်းတွေကို ဖေဖေနဲ့ မေမေကို ဘယ်တော့မှ ပြန်မပြောတဲ့ သမီးအလိမ္မာကြီးဆိုတာ ငါသိပြီးသားကွ"

"ဘုန်းဇော်ဟန်…မင်းကွာ အပြောရခက်လှချည်လား၊ မင်းက အရင်ကလို လူပျိုလူလွတ်မဟုတ်တော့ဘူး၊ မင်းဘေးနားမှာ မင်းရဲ့ဘဝအဖော်ဖြစ်တဲ့ သက်ထားတစ်ယောက်လုံး ရှိနေပြီ၊ သက်ထားကို မင်းငဲ့ရမယ်၊ ပြီးတော့ အိမ်ထောင်တစ်ခုကို သာယာအောင် ကြိုးစားရမယ်"

ဘုန်းဇော်ဟန်မှာ မျိုးနောင်စကားကို နားထောင်ပြီး မဲ့ခနဲတစ်ချက်ပြုံးလိုက်သည်။

"ငါချစ်လို့ယူထားတဲ့ ငါ့ချစ်သူနဲ့ ဆိုရင်တော့ မင်းပြောသလို အိမ်ထောင်ရေးကို သာသာယာယာနဲ့ဖြစ်အောင် ငါကြိုးစားမှာပေါ့ကွာ၊ ဒါပေမယ့် ခုဟာက ငါ သူ့ကိုချစ်ဖို့နေနေသာသာ ငါ့အချစ်ကို ဖျက်စီးရက်သူကို ငါသိပ်မုန်းတယ်၊ မုန်းတယ်"

"ဘုန်းဇော်ဟန်…မင်း"

မူးမူးရူးရူးနှင့် ပြောလေဆိုးလေဖြစ်နေသည့် ဘုန်းဇော်ဟန်ကို မျိုးနောင် ဆက်၍စကားမပြောချင်တော့လောက်အောင် စိတ်ပျက်သွားရသည်။





"မင်း သူ့ကို ဒီလောက်မုန်းနေရင်လည်း ဘာဖြစ်လို့လက်ထပ်ခဲ့သေးလဲ၊ မင်းယောကျ်ားပဲ ပြတ်ပြတ်သားသား ငြင်းခဲ့ပါလား"

"ငြင်းတာပေါ့ကွာ…ငြင်းတာမှ သိပ်ကိုငြင်းတာပေါ့၊ ဒါပေမယ့် မေမေက သူ့အသက်နဲ့ ခြိမ်းခြောက်နေလို့ ငါ့မှာငြင်းလို့ရခဲ့ဘူး၊ ဒါကြောင့် ငါ သူ့ကိုငြင်းခိုင်းတယ်၊ အဟွန်း…သူကငါ့ပြောစကားကို နားမထောင်ဘဲ သမီးအလိမ္မာကြီးလုပ်ပြခဲ့တာ၊ ခုတော့ သူ့အပြစ်နဲ့သူခံပေါ့"

"မဟုတ်သေးဘူးကွာ…မဟုတ်သေးဘူး မင်းလိုယောကျ်ားရင့်မာကြီးကတောင် ဒီကိစ္စကို မငြင်းနိုင်တာ သက်ထားက နုနယ်တဲ့မိန်းမသား၊ ဘယ်လိုလုပ်ငြင်းနိုင်မှာလဲကွ ပြီးတော့သူက မင်းလိုသားသမီးရင်းမဟုတ်ဘူး၊ ဒီတစ်ချက်နဲ့တင် သူ့အတွက် တော်တော်အခက်တွေ့ရပြီဆိုတာ မင်းစဉ်းစားဖို့ကောင်းတယ် ဘုန်းဇော်ဟန်"

"မလိုပါဘူးကွာ…ငါက ဘာကိစ္စ သူ့အတွက် စဉ်းစားပေးရမှာလဲ၊ စဉ်းစားရင်စဉ်းစား နှယ်အတွက်ပဲ ငါစဉ်းစားရမှာပေါ့"

"တော်ကွာ"

ဘယ်လိုပြောပြော တစ်ခါလာလည်း နှယ်၊ တစ်ခါလာ

လည်း နွယ်နှင့် အသီခေါက်ခက် အဝင်နက်နေသော ဘုန်းဇော်ဟန်ကို မျိုးနောင် သည်းမခံနိုင်တော့သလို အော်လိုက်သည်။

သက်ထားမှာ သူ့လိုအစ်ကိုရှိကြည့် ဒီကောင် သူ့လက်ချက်နှင့် လွယ်မည်မထင်ပါ။

ခုတော့ သူ့အဖြစ်က သက်ထားကို ကိုယ်ချင်းစာသနားရုံကလွဲလို့ ယခုလောလောဆယ်တွင် ခေါင်းမာမာနှင့် တဇွတ်ထိုးထင်ရာမြင်ရာတွေ ပြောနေသော ဘုန်းဇော်ဟန်ကို သက်ထားဆီလျှော့ခေါ်ဖို့ရာသာ ရှိတော့သည်မို့ အိမ်ပြန်ရန်သာ ပြောရလေတော့သည်။

"ဘုန်းဇော်ဟန်…ထကွာ အိမ်ပြန်မယ်၊ မင်းနဲ့ငါ အဖော်လုပ်ပေးမယ်၊ ဒါပေမယ့် မင်းအိမ်တော့ပြန်ရမယ်"

"မင်းတကယ် ငါနဲ့လိုက်အိပ်မှာလား"

"အေးပေါ့ကွ…အခု ငါ့အိမ်မှာလည်း ဘာမှမရှိဘူးမင်းအိမ်မှာပဲ ညစာလိုက်စားရင်း အဲဒီမှာပဲအိပ်မယ်၊ ဟုတ်လား…ထကွာ သွားကြမယ်၊ သက်ထားမင်းကို မျှော်နေလောက်ပြီ"

သည်လိုကျပြန်တော့ ဘုန်းဇော်ဟန်သည် မျိုးနောင်စကားကို မငြင်း။ မျိုးနောင်စကားကို နားထောင်ကာ အိမ်ပြန်လာခဲ့လေသည်။





မျိုးနောင်လိုချင်တာကလည်း ဒါပါပဲလေ။ ဒီကောင်ကို ဒီလိုနည်းနှင့်မှ မပြောလျှင် မရသည်မို့ သူ့ကိုဒီလိုကြံဖန်ကာ ပြောလိုက်ရခြင်းဖြစ်သည်။

တကယ်တော့ ဘုန်းဇော်ဟန် ဒီလိုမျိုးဖြစ်ချင်တိုင်းဖြစ်နေသည့် အဖြစ်များကိုလည်း မျိုးနောင် မကြည့်ရက်ပါ။

အလုပ်ကိုကြိုးစားလုပ်ကာ ထာဝစဉ် အေးချမ်းတည်ငြိမ်စွာ နေ‌ထိုင်ခဲ့သော ဘုန်းဇော်ဟန်ကို ယခုလို သက်ထားနှင့်လက်ထပ်ပြီးကာမှ အသည်းကွဲသည်ကို အကြောင်းပြကာ မူးမူးရူးရူးဖြစ်နေသည့် အနေအထားကို သူ့အနေနှင့် မကြည့်ရက်သလိုအဖြစ်လည်းမခံနိုင်ပါ။

သူငယ်ချင်းကောင်းပီသစွာ ဘုန်းဇော်ဟန်အား ဟိုယခင်ကလို အေးချမ်းတည်ငြိမ်သည့်ဘဝကို သက်ထားနှင့်အတူ လက်တွဲရင်ဆိုင်ရန်ကိုလည်း သူ့ဘက်က တတ်နိုင်သလောက် ကြိုးစားသွားရန်လည်း ဆုံးဖြတ်ခဲ့လေသည်။

ထိုဆုံးဖြတ်ချက်အတိုင်း ယခုလည်း သူသည် ဘုန်းဇော်ဟန်ကို အကြိုက်ပေးပြောကာ သက်ထားဆီသို့ ခေါ်လာခဲ့လိုက်သည်။

သူထင်သည့်အတိုင်း သက်ထားက မအိပ်သေး။ ဘုန်းဇော်

ဟန် ပြန်အလာကို မျက်နှာငယ်လေးနှင့် မျှော်နေရှာလေသည်။

"ဆောရီးကွာ...သက်ထား အစ်ကိုတို့ကြောင့် အိပ်ရေးပျက်သွားပြီ၊ ဒီကောင်လေ အစ်ကို့ဆီမှာ မူးမူးရူးရူးနဲ့ ဂျီကျနေလို့ အစ်ကိုမနည်းခေါ်လာခဲ့ရတယ်၊ ကဲ...ကဲ သက်ထားလည်းအိပ်တော့၊ ညဥ့်နက်နေပြီ၊ အစ်ကိုသွားတော့မယ်"

မျက်နှာနွမ်းနွမ်းနှင့် အပြုံးယဲ့ယဲ့လေးသာ ရှိနေသည့် သက်ထားမျက်နှာလှလှလေးကို မျိုးနောင်သည် တစ်ချက်ကြည့်ရင်း စကားဖြတ်ကာ ပြန်လာခဲ့လိုက်သည်။

ဘုန်းဇော်ဟန်ကို လိုက်ပို့စဉ် သူ့ကို အခန်းထဲရောက်အောင် ပို့ပေးခဲ့ရသည်မို့ ဘုန်းဇော်ဟန်နှင့် သက်ထားတို့သည် တစ်ယောက်တစ်ခန်းစီ ခွဲအိပ်နေတာကိုလည်း မျိုးနောင် သိလိုက်ရတော့ သက်ထားတို့အိမ်ထောင်ရေးအတွက် စိတ်မကောင်းဖြစ်သွားရသည်။

ဘုန်းဇော်ဟန်တို့ အိမ်ထောင်ရေးသည် သူထင်ထားတာထက်ပင် ပို၍အခြေအနေဆိုးနေပါလား။

အခြယ်အသကင်းမဲ့နေရသည့်ကြားက ဖူးစင်နေအောင် ကြွေရုပ်လေးလို အပြစ်ဆိုစရာမရှိအောင် နုနုငယ်ငယ်နှင့် လှပလွန်းသည့် သက်ထားကို ပိုင်ဆိုင်ထားပါလျက်နှင့် သက်ထားအပေါ်





ဥပေက္ခာပြုနေပုံကတော့ ဒီကောင် ဘုန်းဇော်ဟန် လွန်နေပြီဖြစ်သည်။

တကယ်တော့ မျိုးနောင်သည် ဘုန်းဇော်ဟန် တမ်းတနေသည့် သူချစ်သူနွယ်ကို ဓါတ်ပုံထဲမှာ မြင်ဖူးပါသည်။ သူမလှသည်ဆိုတာ သက်ထားအလှ၏ ခြေဖျားကိုပင် မမီချင်ပါ။

ဒါကိုမှ ဘုန်းဇော်ဟန်က တကယ့်အသည်းအသန် တမ်းတမ်းစွဲဖြစ်နေရပုံက အရူးအမဲသားကျွေးထားသည့်အတိုင်း ဖြစ်၏။

ကိုယ့်ဘေးနားတွင် အဖိုးမဖြတ်နိုင်သည့် ဖြူစင်ရိုးသားရှင်းသန့်သူလေး တစ်ယောက်လုံး ရှိပါလျက် တန်ဖိုးထားရကောင်းမှန်းမသိသော ဘုန်းဇော်ဟန်ကို သူစိတ်တွေ တိုပြီးရင်သာ တိုနေရတော့သည်။

မနေ့ညကတည်းက ကိုကို့အတွက် ပြင်ဆင်အုပ်ဆိုင်းထားသည့် ထမင်းဟင်းများက ဒီနေ့မနက်ထိ ဒီအတိုင်းရှိနေသည်ကို ကြည့်ပြီး သက်ထားရင်မှာ ဆို့နင့်သွားရသည်။

မနေ့ကတစ်နေ့လုံး ကိုကို့အကြိုက် ဟင်းများကို သူမကိုယ်တိုင် စိတ်ကြိုက်ချက်ပြုတ် ထားပါသော်လည်း ကိုကိုသည် သူမလက်ရာ ထမင်းဟင်းများကို မစားပါ။

ကိုကို ထမင်းစားခဲ့ရလားလို့မေးလိုက်ချင်ပေမယ့် မူးမူးရူးရူးနှင့် သောက်ထားသည့် ကိုကို့ကို သက်ထား မမေးရဲပါ။ မေးလိုက်လို့လည်း ကိုကိုသည် သူမစေတနာကို စေတနာရယ်လို့ သိမြင်မည်မဟုတ်။

သက်ထားကိုသာ စိတ်ဆိုးဒေါသဖြစ်ကာ အပြစ်ပြောလို့ မဆုံးအောင် ရှိနေမှာဖြစ်သည်။ ထို့ကြောင့် သက်ထားသည် ကိုကို့ကို ဒီအတိုင်းကြည့်ကာ မိုးလင်းခဲ့ရသည်။





သက်ထားသည် ကိုကိုနှင့်လက်ထပ်ပြီး ဒီကိုရောက်ကတည်းက ကိုကို့ကြောင့် စိတ်ချမ်းသာရသည်ဆိုတာ တစ်ကွက်မှ မရှိခဲ့။ နေ့စဉ် မျက်ရည်များကိုသာ အဖေါ်ပြုရင်း ရက်များကုန်ဆုံးခဲ့ရသည်မို့ သက်ထားသည်လည်း ယခင်က သက်ထား မဟုတ်တော့။

လူက စိတ်ဆင်းရဲလှသောကြောင့် သိသိသာသာ ပိန်ကျသွားရသည်က ယူပစ်လိုက်သလိုပင်ဖြစ်သည်။

သို့ပေမယ့် သက်ထားသည် သူမဘယ်လောက်ပဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေပါစေ ဖေဖေနဲ့ မေမေထံကိုတော့ ထိုအကြောင်း တစ်ခွန်းတလေမှ မပေါက်ကြားစေရ။

မိဘများကို သတိရလို့ ဖုန်းဆက်တိုင်း နေကောင်းပါသည် အဆင်ပြေပါသည်။ ကျန်းကျန်းမာမာနှင့် စိတ်ချမ်းသာပါသည်ဆိုသော စကားများဖြင့် ရွှန်းရွှန်းဝေအောင် မိဘများကို ပျော်ရွှင်နေရသော အသံလေးဖြင့် မိဘများကို စိတ်ချမ်းသာအောင် ပြောတတ်သူလေးဖြစ်သည်။

ဒီကြားထဲ ဘုန်းဇော်ဟန် သူမအပေါ် ဘယ်လောက်ဆိုးဆိုး ဒေါသထွက်အောင်လုပ်လုပ် သက်ထားသည် သူမကိုယ်သူမ သည်းခံစိတ်မွေးကာ ဘုန်းဇော်ဟန်အား သူမဘက်က အပြုအစု

မပျက် ထာဝစဉ် တာဝန်ကျေတတ်သူလေးဖြစ်သည်။

ကံကြမ္မာအလှည့်အပြောင်းအရ ဘုန်းဇော်ဟန်နှင့် သက်ထားသည် မိဘများ၏ဆန္ဒအရ လက်ထပ်လိုက်ရပေမယ့် တကယ်ဆိုတော့လည်း ဘုန်းဇော်ဟန်သည် သူမငယ်ငယ်လေးကတည်းက အစ်ကိုရင်းတစ်ယောက်ဆိုသော.အသိဖြင့် တွယ်တာသံယောဇဉ်ကြီးခဲ့ရသူ ဖြစ်သည့်အတိုင်း ယခုလည်း ဘုန်းဇော်ဟန်အပေါ်မှာ ထိုထားရှိဖူးသည့် သံယောဇဉ်ကို လွယ်လွယ်နှင့် မဖြတ်ရက်ဘဲ ဖြူစင်လွန်းသည့် မေတ္တာများဖြင့် ဘုန်းဇော်ဟန်အပေါ် ယခုထက်တိုင် တယ်ငြိနေရသူလေးဖြစ်သည်။

ကိုကိုရယ်…ကိုကိုနဲ့အတူ ပျော်ရွှင်ခဲ့တဲ့ ဟိုတုန်းကလို ဖြူစင်သန့်ရှင်းတဲ့ မောင်နှမဘဝလေးကို သက်ထား ပြန်လိုချင်လိုက်တာရှင်။

သက်ထားကား အတိတ်ကို ပြန်လည်သတိရသလိုမျိုး ဆွေးရိပ်သမ်းနေသော မျက်ဝန်းများဖြင့် အဝေးတစ်နေရာကို ငေးမျှော်ရင်းက ဟိုတုန်းက ဘဝလေးကို တမ်းတမ်းတတ ညည်းညူလိုက်လေသည်။

သို့သော်…

ကြာကြာတော့ဖြင့် မဟုတ်ပါ။





ခဏနေ ကိုကို နိုးလာတော့မည်မို့ သက်ထားသည် ကိုကို အဆင်သင့်စားသောက်ရန် စီစဉ်စရာရှိတာများကို သူမ စီစဉ်ရလေတော့သည်။

ညကတည်းက ဘာမှမစားရသေးသည့် ကိုကို့ကို သက်ထား ကောင်းကောင်းမွန်မွန် စားစေချင်သည်က ကိုကို့အပေါ် ထားရှိနေသေးသည့် သံယောဇဉ်မေတ္တာများကြောင့် ဖြစ်သည်ဆိုတာကိုတော့ သူမကိုယ်သူမပင် သတိမထားမိလိုက်တော့။

ကိုကို မနိုးခင်အားလုံး ပြင်ဆင်ချက်ပြုတ်ပြီးရန် သက်ထားသည် ကိုကိုစားကောင်းမည်ထင်သည့် ကိုကို့အကြိုက်များကို ပြင်ဆင်ချက်ပြုတ်နေသည်မှာ မောရကောင်းမှန်းပင် မသိတော့။

ကိုကိုစားတာ မစားတာက နောက်ထား။ သက်ထားဘက်ကတော့ သူမဝတ္တရားရှိသည့်အတိုင်း ကိုကို့ကို တာဝန်မပျက် ပြုစုလုပ်ကိုင်ပေးနေရသည်ကိုပင် သူမဘဝလို့ ထင်မှတ်နေရတော့သည်။

အားလုံးပြင်ဆင်ပြီးသည်နှင့် သက်ထားသည် သူမပြင်ဆင်ထားသမျှကို ဘာလိုမလို ကြည့်လိုက်သည်။ အားလုံးပြည့်စုံပြီထင်မှ သက်ထားသည် မီးဖိုခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

အဘယ်ကြောင့်ဆိုရသော်…

ကိုကိုသည် သက်ထားကို တွေ့နေမြင်နေလျှင် တမင်ပင် အပြစ်မရှိမပြစ်ရှာကာ ရန်လုပ်နေမည်ကို သိနေသောကြောင့်ဖြစ်သည်။

ကိုကိုသည် သက်ထားအပေါ်မှာ ဘယ်လိုပင် မကြည့်ချင်အောင် မုန်းနေပါစေ သက်ထားသည်ကတော့ ကိုကို့ကို တစ်သက်လုံး အစ်ကိုရင်းတစ်ယောက်လို့ ချစ်ခဲ့ရသူမို့ ကိုကို့လို မုန်းနိုင်ဖို့ဆိုတာ သက်ထားအတွက် တော်တော်နှင့် မလွယ်ကူနိုင်ပါ။

ထိုအပြင် သက်ထားနှင့်ကိုကိုသည် အများအမြင်တွင် အိမ်ထောင်သည် ဇနီးမောင်နှံဆိုပေမယ့် သက်ထားဘက်ကတော့ ကိုကို့ကို ယခုချိန်ထိ ဟိုတုန်းကအတိုင်း အစ်ကိုရင်းတစ်ယောက်လို့ ထင်မှတ်နေဆဲဖြစ်သည်။

ဒါကြောင့်လည်း သက်ထားသည် ကိုကို့အပေါ် ညီမတစ်ယောက်၏ သံယောဇဉ်ဖြင့် ခွင့်လွှတ်ချစ်နေခြင်းသာဖြစ်၏။

ဒါကိုဖြင့် ဒေါသကုမ္ဘာကိုကိုသည် သိမည်မထင်ပါ။ ထို့အတူ သိအောင်လည်း ကြိုးစားလိမ့်မည်မဟုတ်။

သက်ထားသည် အတွေးနှင့် အခန်းထဲက ကိုကိုထွက်လာမည်ကို စောင့်မျှော်နေပေမယ့် ကိုကိုသည် တော်တော်နှင့် ထွက်မလာသည့်အခါမှာတော့ သက်ထားသည်လည်း ဆက်ထိုင်နေလို့





ရတော့။

သက်ထားသည် သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ ကိုကိုနှင့် မျက်နှာချင်းမဆိုင်လိုပေမယ့် သူမဘက်က အသိနှင့်ဝတ္တရားက ရှိသေးသည်မို့ သက်ထားသည် ကိုကိုနှင့်တွေ့ဖို့အရေး ကိုယ့်ကိုယ်ကို အားပေးရင်းက ကိုကို့အား ထမင်းစားခေါ်ရန် ထွက်လာခဲ့သည်။

ကိုကို့အခန်းရှေ့ရောက်တော့ တံခါးက စေ့ရုံစေ့ထားသည်မို့ တံခါးက တွန်းလိုက်ရုံနှင့် ပွင့်သွားလေ၏။

"ကိုကို"

ခေါ်သံနှင့်အတူ အခန်းထဲသို့ဝင်လာသည့် သက်ထားကို တွေ့လိုက်ရတော့ အိပ်ရာထက်တွင် မှိန်းနေဆဲဖြစ်သော ဘုန်းဇော်ဟန်မှာ မျက်နှာကြီး မည်းတက်သွားရကာ လူကလည်း အိပ်နေရာမှ ဝေါက်ခနဲ ထထိုင်မိရက်သား ဖြစ်သွားရသည်။

"ဟင်…နင် ငါ့အခန်းထဲ ဘာလို့ဝင်လာရတာလဲ"

ရှစ်ခေါက်ချိုးမျက်နှာကြီးနှင့် မတူမတန်သလို အပေါ်စီးမှနေ သက်ထားအား အထင်သေးသည့် အကြည့်များဖြင့် ကြည့်ကာဆိုလာသည့် ကိုကို့စကားကြောင့် သက်ထားသည် မျက်နှာလေးချက်ချင်းတွတ်နီမြန်းသွားရသည်။

ရှက်လိုက်တာ…သိပ်ရှက်တာပဲ။

ကိုကို…ကိုကို့အကြည့်တွေက ငါ့အပေါ် အထင်သေးသည့် အကြည့်တွေနဲ့ပါလား။

သက်ထားမှာ သူမအဖြစ်ကို သူမ ရှက်လွန်းသဖြင့် ချက်ချင်းဆိုသလို မျက်ရည်ကြည်များ ရစ်ဖွဲ့ဝိုင်းတက်လာရပြီး ကိုကို့အမေးကို ရုတ်တရက် ပြန်မဖြေနိုင်အောင် ရှိသွားရသည်။

"ဟော့…ငါမေးနေတယ်လေ၊ နှင် ငါ့အခန်းထဲကိုဝင်လာပြီး ဘာလာလုပ်တာလဲလို့"

ခပ်ဆတ်ဆတ်ထွက်လာသည့် ကိုကို့ထံက စိတ်မရှည်သံကို ကြားမှ သက်ထားသည်လည်း အသိနှင့်ကိုယ် ပြန်လည်ကပ်သွားရကာ…

"အို..ကိုကို ညကလည်း ဘာမှမစားခဲ့ရတော့ မနက်စာအတွက် ကိုကို့ကို ထမင်းစားလာခေါ်တာ"

"ငါ့ဘာသာငါစားစား မစားစား နှင့်အလုပ်လား သက်ထား၊ ငါဆာရင် ငါ့ဘာသာငါ လာစားမှာပေါ့၊ နှင်ဘာ အပိုအလုပ်တွေ လုပ်နေစရာမလိုပါဘူး၊ နှင့်ကိုလည်း အဲဒီအပို အလုပ်တွေ ဘယ်သူကမှ မလုပ်ခိုင်းဘူး၊ နောက်ပြီး နှင့်ကို ငါ တစ်ခါတည်းပြောထားမယ်၊ နောက်တစ်ခါ နှင် ငါ့အခန်းထဲကို





င်မလာပါနဲ့၊ နှင် ငါ့အခန်းထဲလာတာကို ငါအလိုမရှိဘူး၊ ကြိုက်သည်းမကြိုက်ဘူး၊ နှင့်ကိုယ်နှင် ဆင်ခြင်ပါ"

"အို"

အကြည့်တွေကတင် အထင်သေးသည်မဟုတ် ပြောသည့်ကားများကပါ သက်ထားအပေါ် ရက်ရက်စက်စက်နှင့် အထင်သေး နှိမ့်ချလွန်းသည်မို့ သက်ထားသည် မိန်းမသားဂုဏ်သိက္ခာသေးနှင့် မာနက မခံနိုင်အောင် ဖြစ်သွားရသလို မဟုတ်မခံ ဆတ်ဆတ်ကျဲစိတ်လေးကလည်း ဆက်ပြီးသည်းမခံနိုင်တော့သည်မို့…

"ကိုကို သက်ထားကို အဲဒီလိုမပြောပါနဲ့၊ သက်ထားက ကိုထင်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူး၊ သက်ထားသိက္ခာကို ာက်ရုံပဲ ကိုကိုစော်ကားပါ၊ အခုဟာက ကိုကို့ကို ထမင်းစားပါ တော့ဆိုတဲ့ စိတ်နဲ့ စေတနာထားပြီး သက်ထားဘက်က ဝတ္တရား တဲ့အတိုင်း ကိုကို့ကို လာခေါ်တာ ဒီအပြင် သက်ထားမှာ ဘာ ည်ရွယ်ချက်မှ မရှိဘူး"

"အဟွန်း…အေးလေ ဒါကတော့ နှင့်ကိုယ်နှင် ပိုသိမှာ ငါကတော့ တတ်နိုင်ရင် နှင်နဲ့ ကင်းကင်းရှင်းရှင်းကို နေချင် ယ်၊ ငါ့ချစ်သူ နွယ်နေရာမှာ ငါ ဘယ်သူ့ကိုမှ အစားမထိုးနိုင် အဲဒါ နှင်မြဲမြဲမှတ်ထား"

"သက်ထားကလည်း ကိုကို့ချစ်သူ နှယ်နေရာကို ဘယ်တော့မှ မရောက်စေရပါဘူး၊ သက်ထား ကိုကို့အပေါ် အခုလို ပြုစုလုပ်ကိုင်ပေးနေတယ်ဆိုတာ အရင်တုန်းကထားခဲ့တဲ့ မောင်နှမသံယောဇဉ်နဲ့ လုပ်ကိုင်ပေးနေတာ ဒါကိုမှ ကိုကိုက သက်ထားသိက္ခာ၊ သက်ထားမာနကို စော်ကားနေမယ်ဆိုရင်တော့ သက်ထားကုသိုလ်ကံနဲ့ သက်ထားပါပဲ"

ရှက်ကြောက်ဝမ်းနည်းမှုများဖြင့် တုန်ခါချင်နေရသည့်အသံကို မနည်းထိန်းရင်း ကိုကို့ရှေ့တွင် သက်ထားသည် မျက်ရည်မကျမိစေရန် ထိန်းပြီး အခန်းအပြင်သို့ ချာခနဲ ထွက်လာခဲ့လိုက်သည်။

နောက်ပိုင်းတွင် ကိုကို ဘယ်လိုပုံစံဖြင့် ကျန်ရစ်မည်ကို သက်ထားမသိပါ။ သိလည်းမသိချင်တော့ပါ။

သက်ထားရင်ထဲတွင် ကိုကိုပြောလိုက်သည့် စကားများအတွက် ကိုကို့အပေါ် တူးခါးနေအောင် မုန်းမိသွားရလေသည်။

တစ်ဖက်သားကို မငဲ့ညှာတော့ဘဲ ကိုယ်ပြောတာအမှန် ကိုယ်လုပ်တာအမှန်ထင်ကာ သူမှာသာ စိတ်ရှိတယ်ထင်ပြီး မပြောချင်ရာစကားများကို ပြောနေသော ကိုကို့ကို သက်ထား ခွင့်မလွှတ်ချင်တော့ပါ။





ထို့အတူ။

ကိုကို့ကိုလည်း ရင်မဆိုင်ချင်တော့။ ကိုကို သက်ထားကို ပြောလိုက်သည့်စကားများက သက်ထား၏သိက္ခာနှင့် မာနကို နေစရာမရှိတော့လောက်အောင်ပင် ဖြစ်သည်။

ဘာတဲ့ . . . သူ့ချစ်သူနှယ်နေရာမှာ ဘယ်သူ့ကိုမှ အစားထိုးနိုင်ပါဆိုတော့ သက်ထားကပဲ သူ့ချစ်သူနှယ်နေရာကို အစားထိုးရန် သူ့အခန်းထဲသို့ပင် ရောက်ရှိလာသလိုလို။

သက်ထားသည် ကိုကို့အပေါ် မောင်ချစ်နှမချစ်ကလွဲလို့ အခြားဆန်းပြားသည့် စိတ်မျိုး စိတ်ကူးမျှနှင့်ပင် မရှိခဲ့သလို ထားလည်းမထားခဲ့ပါ။

ကိုကို့ထံမှလည်း ထိုအချစ်မျိုး၊ ထိုမေတ္တာမျိုးကို သက်ထားသည် နည်းနည်းလေးမှ မမျှော်လင့်ခဲ့။ ဘယ်တော့မှလည်း သက်ထားအနေနှင့် မျှော်လင့်လိမ့်မည်မဟုတ်။

သက်ထားလိုချင်သည်က ဟိုတုန်းက ရခဲ့ဖူးသည့် ကိုကို့ထံမှ အေးချမ်းနွေးမြလှသည့် အစ်ကိုတစ်ယောက်၏ ချစ်ခြင်းမေတ္တာသာလျှင်ပင်ဖြစ်သည်။

ဒါကို ကိုကိုသည် သက်ထားအပေါ် လုံးဝနားလည်မှုမထားဘဲ ရန်သူကြီးတစ်ယောက်လို သက်ထားကို အမြဲတိုက်ခိုက်

ဖို့သာ စိတ်ကူးနေပုံက သက်ထားသိခဲ့သည့် ဟိုတုန်းက ကိုင်ဘုန်းဇော်ဟန်နှင့် တခြားစီမှ တကယ့်ကို တခြားစီကွာခြားနေ သည်ဖြစ်သည်။

တကယ်ဆို ကိုကို့မှာ ကိုယ်ချင်းစာစိတ်လေးတော့ ထား သင့်ပါသည်။ သို့သော် ကိုကိုသည် သက်ထားအပေါ် ထိုစိတ်မျိုး မထားခဲ့ပါ။

ဖြစ်ချင်တာကို ဖြစ်ခွင့်မရတာ တစ်ခုတည်းနဲ့ သက်ထား အပေါ် အငြိုးအတေးထားကာ ရန်သူတစ်ယောက်လို ဆက်ဆံနေ ကတော့ သက်ထားအပေါ် ရက်စက်လွန်းရာကျပါသည်။

ဒါကို ကိုကိုသည် မသိဘူး မစဉ်းစားမိတော့ဘူးတဲ့လား

သက်ထားသည် သူမအဖြစ်ကိုတွေးရင်း တွေးရင်း ထုံးစံအတိုင်းပဲ နောက်ဆုံးမှာတော့ မျက်ရည်များနှင့် ကျန်ခဲ့ရ သည်။

ဩော်...သက်ထားဘဝသည်လည်း ဘယ်တော့များ ဒီဝဋ်ကြွေး ကုန်ပါ့မလဲမသိ မသိတော့ပါလား။



# အခန်း (၁၃)

"အစ်ကိုမျိုးနောင် ပြောသလို လုပ်ဖို့ကလွယ်ပါ့မလား အစ်ကိုရယ်၊ ကိုကိုက အလကားနေမှ သက်ထားကို ကြည့်မရ အောင်ဖြစ်နေတဲ့ကြားက အခုလိုလုပ်ရင် သက်ထားကို ပိုပြီးမုန်းနေ မလားပဲ"

သက်ထားသည် မျက်လုံးကြီးများ ကလည်ကလည်နှင့် မျိုးနောင်ကို ပြန်ကြည့်ရင်းက စိုးရိမ်သလိုပြောလိုက်သည်။

မျိုးနောင်မှာ ဖြူစင်ရိုးသားလွန်းသည့် သက်ထားကို ကြည့်ပြီး ရင်မောသွားရသည်။

မှန်သည်။

အဘယ်ကြောင့်ဆိုရသော်…

ဘုန်းဇော်ဟန် မရှိခိုက်မှာ ဘုန်းဇော်ဟန်နှင့် ပတ်သက်သမျှသူသိထားသမျှကို ပြန်ပြောရင်း သက်ထားအား လုပ်သင့်လုပ်ထိုက်တာများလုပ်ရန် ပြောနေသည့် မှိုးနှောင်မှာ သူ့စကားကို နားထောင်ပြီး ကြောက်ရွံ့သလို ဘုန်းဇော်ဟန်၏ ဒေါသနှင့် အမုန်းများကိုကြောက်နေရသည့် သက်ထားကြောင့် သူပြုံးချင်ချင်ဖြစ်သွားရသည်။

"သက်ထား ဘာကိုကြောက်နေတာလဲ၊ ဘုန်းဇော်ဟန်က အစ်ကိုနဲ့ ညီအစ်ကိုရင်းလိုနေလာတဲ့ သူငယ်ချင်းပါ၊ သူ့အတွက်မကောင်းတာကို အစ်ကိုလုပ်ခိုင်းပါ့မလား၊ ခုဟာက သက်ထားနဲ့ဘုန်းဇော်ဟန်အတွက် အဆင်မပြေတဲ့ အိမ်ထောင်ရေးကို ဒီနည်းနဲ့စမ်းသပ်ရုံမို့ အစ်ကို သက်ထားကိုပြောနေတာပေါ့၊ သက်ထားကိုသူက ရှိတယ်လို့တောင်မထင်တဲ့အချိန်မှာ သက်ထားကလည်းသူ့နည်းပြန်သုံးပြီး သူ့ကို ရှိတယ်မထင်ဘဲ သူလုပ်သလို ပြန်အရွဲ့တိုက်ရင် သူဘယ်ခံနိုင်ပါ့မလဲ၊ သက်ထားက သူထားတဲ့အတိုင်းဒီလိုငြိမ်နေရင် သူကလည်း ဒီဘက်ကို စိတ်ဝင်စားလာမှာ မဟုတ်ဘူး၊ လူဆိုတာက အတိုက်အခံနဲ့ ပြိုင်ဘက်ရှိမှ တိုးတက်တာအစ်ကိုပြောတဲ့အတိုင်းသာ လုပ်ကြည့်ပါ၊ သူ သက်ထားကို သတိ





မပြုဘဲ နေလို့မရပါဘူး"

"အင်း…အစ်ကိုပြောသလိုသာ လုပ်ရမယ်၊ သက်ထားတော့ ကိုကို့ကို ခပ်လန့်လန့်ရယ်၊ သူ သက်ထားကို ဂရုမစိုက်သည်း နေပါစေအစ်ကိုရယ်၊ သက်ထား ဒီအတိုင်းပဲနေပါရစေ"

"မဖြစ်ဘူးသက်ထား…မဖြစ်ဘူး၊ သက်ထားသာဒီအတိုင်းနေကြည့် ဒီကောင်အပေါ် သက်ထား အနစ်နာခံထားရတာတွေအားလုံး အလကားဖြစ်ကုန်တော့မှာပေါ့၊ သက်ထား သူ့ကိုသက်ထပ်ကတည်းက မိဘတွေစိတ်ချမ်းသာအောင်လို့ ဘုန်းဇော်ဟန်ရဲ့ဘဝကို ဟိုမိန်းမလက်ထဲက ကယ်တင်ဖို့မဟုတ်လား"

"အခု ဒီကောင် ဟိုမိန်းမနဲ့ ပြန်ဆက်သွယ်နေတယ်ဆိုဘာ အစ်ကို သိခဲ့ရတယ်၊ အဲဒါကိုသိရက်နဲ့ အစ်ကိုတို့ သက်ထားတို့က သူ့ကို ဒီအတိုင်း လွှတ်ထားလိုက်ရင် သူက သူ့ကိုယ်သူမှန်တယ်ထင်ပြီး ပိုပြီးအလဲထိုးတော့မှာပေါ့၊ ဒါဆို သက်ထားအနစ်နာခံထားသမျှဟာလည်း အလကား သဲထဲရေသွန်ဖြစ်ကုန်လိမ့်မယ်၊ ဒီတော့ ဒီတစ်ခါလည်း သက်ထားဘက်က အစွမ်းကုန်ကြိုးစားပြီး ဘုန်းဇော်ဟန်ကို ဟိုမိန်းမလက်ထဲက ပြန်ကယ်ထုတ်ရမယ်၊ သက်ထား အစ်ကိုပြောတာကို နားလည်ရဲ့လား"

"ဟုတ်…သက်ထားနားလည်ပါတယ် အစ်ကို၊ ဒါပေ

မယ့်''

သက်ထားသည် အစ်ကိုမျိုးနောင်စကားများက မှန်လွန်းနေသဖြင့် ရှေ့ဆက် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။

''ဒါပေမယ့်မနေပါနဲ့ ညီမရယ်၊ အစ်ကို မင်းကို ပြောသလိုသာလုပ်ပါ၊ အစ်ကိုပြောနေတဲ့ စကားတွေက မင်းတို့အိမ်ထောင်ရေး သာယာဖို့ပါကွာ''

မျိုးနောင်မှာ ထိုစကားကို လေးလေးနက်နက်ကြီး ဆိုလိုက်ခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုရသော်…

ယခု သူ့ရှေ့တွင်ရောက်နေသော သက်ထားသည် တကယ်တော့ သူ့နှလုံးသားတွင် စွဲထင်နေရသည့် ပုံရိပ်လေးပင် ဖြစ်သည်။

တစ်နေ့ ဖွင့်ပြောမည်လို့ စိတ်မှာ ရည်ရွယ်ထားပေမယ့် ကိုယ်မှမဦးရသေးခင် ပန်းလေးက နွမ်းကြွေခဲ့ပြီမို့ သူမနှင့် ခံစားရသမျှပြောရန် ပြင်ထားသည့် စကားများကို ရင်မှာသာ တစ်ဖက်သတ် ခံစားမှုဖြင့် မျိုသိပ်ခဲ့ရလေသည်။

သူမလေးကို ချစ်ခွင့်မရှိခဲ့ပေမယ့် အချစ်ဆုံးသူငယ်ချင်း၏





ဇနီးသည်ဘဝမှာ ညီမလေးတစ်ယောက်လို သဘောထားခဲ့သည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ် သူမ၏အိမ်ထောင်ရေးကို အဆင်ပြေစေချင်သည်က သူ့ရင်ထဲက မှန်ကန်သည့် စေတနာပင်ဖြစ်၏။

ဒါကြောင့်မို့လည်း ဘုန်းဇော်ဟန်နှင့် ပတ်သက်သမျှ သတင်းများကို သူ့နည်းသူ့ဟန်နှင့် တိတ်တဆိတ် စုံစမ်းကာ ခြေလှမ်းပျက်နေသည့် ဘုန်းဇော်ဟန် အခြေအနေများကို သိခွင့်ရခဲ့ခြင်းဖြစ်သည်။

သူထင်သည့်အတိုင်းပါပဲ နွယ်ဆိုတဲ့ အမျိုးသမီးနှင့် ဘုန်းဇော်ဟန် တိတ်တဆိတ် ဆက်သွယ်နေကြောင်း သိသည့်အခါမှာတော့ သူသည် ဘယ်လိုမှ နေလို့မရတော့ဘဲ သက်ထားကို ထိုအကြောင်းများ အသိပေးကာ ဘုန်းဇော်ဟန်စိတ်များကို သက်ထားထံ ပြန်လည်ရောက်ရှိလာရန်အတွက် စီစဉ်လေတော့သည်။

''အစ်ကိုပြောတာလည်း ဟုတ်ပါတယ်၊ သက်ထား ဒီလောက်အနစ်နာခံပြီးမှ ကိုကိုက ဟိုမိန်းမနဲ့ ပြန်ဆက်သွယ်နေတယ်ဆိုရင် သက်ထားအနစ်နာ ခံထားရသမျှ ဘာလုပ်တော့မှာလဲ ပြီးတော့ ဒီအကြောင်းတွေကို ဖေဖေနဲ့ မေမေသာသိရင် စိတ်ဆင်းရဲကြမှာ သေချာတယ်အစ်ကို''

"ဒါကြောင့် အစ်ကိုပြောတာပေါ့၊ ကောင်းပြီကောင်းခဲ့ရက်နဲ့မှတော့ အခုဆက်သာ ကောင်းလိုက်ပါတော့ မဟုတ်ရင် ဟိုမိန်းမနောက်ကို ဘုန်းဇော်ဟန် ပါသွားနိုင်တယ် သက်ထား"

"ဟင်"

သက်ထားမှာ သက်မတွေကိုသာ တွင်တွင်ချနေမိတော့သည်။ အစ်ကိုမျိုးနောင် ပြောသည့်စကားများက အားလုံးမှန်နေသည်။ မိဘနှစ်ပါးကို စိတ်ချမ်းသာအောင် ကိုကို့ဘဝကို နွယ်ဆီက ကယ်တင်ရန် သက်ထားဘက်က အနစ်နာခံပြီး ကိုကို့ကို လက်ထပ်ခဲ့သမျှ ကိုကိုသည် နွယ်ထံ ပြန်ပါသွားမည်ဆိုပါက နောက်ဆုံး သက်ထားသည် ကိုကို့အမုန်းနှင့် အငြိုးအတေးခံရမှုသာ သူမတွင် အဖတ်တင်ပေတော့မည်။

မဖြစ်ပါ…သူမအနေနှင့် ဒီလိုမျိုးတော့ ကိုကို့ကို အဖြစ်မခံနိုင်ပါ။

လိုက်မည့်လိုက် ရေကုန်ရေခမ်းသာ လိုက်ဖို့ရှိတော့၏။

ထို့ကြောင့် ကိုကိုနှင့် ပတ်သက်ကာ စိတ်မှာ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်သည်။

သည်တော့မှ သက်ထားမျက်နှာလေးသည်လည်း ကြည်လင်ဝင်းပလာရသည်။





"ကဲပါလေ…ငါ့ညီမလည်း အစ်ကိုပြောတာနဲ့ စိတ်ညစ်သွားပြီနဲ့တူပါတယ်၊ ကဲ ရေမိုးချိုးအလှပြင်ထားတော့ ဒီနေ့ သက်ထားကို ဘုန်းဇော်ဟန်ရော အစ်ကိုနဲ့ ဟိုဘက်အိမ်က မမသန်းတို့ မိသားစုပါ ဒီမြို့က ဘုရားစုံကို လိုက်ပို့ဖို့ စီစဉ်ထားတာ အားလုံးအသင့်ဖြစ်နေပြီ၊ သက်ထားပဲကျန်တော့တယ်၊ ဘုန်းဇော်ဟန်ကတော့ အပြင်သွားတာ ခဏနေပြန်ရောက်လာလိမ့်မယ်၊ သူလာရင် အစ်ကိုတို့အားလုံး သွားဖို့အသင့်ပဲ"

ဟုတ်ပေသားပဲ…အစ်ကိုမျိုးနောင် သတိပေးလို့သာပေါ့ မဟုတ်ပါက သက်ထားသည် ထိုကိစ္စကို လုံးလုံးမေ့လျော့နေသည့်အဖြစ်။ ကိုကိုပြန်လာလို့ သက်ထားကို ဘာမှမပြင်ဆင်ရသေးဘဲ တွေ့ပါက ဒေါ်သမင်းသားက သက်ထားအပေါ် ဒေါသများ အစွမ်းကုန်ပေါက်ကွဲမည့်အဖြစ်။

သက်ထားသည် အစ်ကိုမျိုးနောင်ကို အပြုံးလေးနှင့် ခွင့်ပန်ကာ သူမကိုယ်သူမ ရေမိုးချိုးလျက် ကိုကိုပြန်မလာခင် အချိန်မီ ပြင်ဆင်လိုက်ရသည်။

ကြည်စင်နေရသော မျက်နှာလေးထက်တွင် ဘာကို အထူးတလဲ အပြင်အဆင်ကြီးမလုပ်ဘဲ သဘာဝအတိုင်း လှနေသည့် အလှများနှင့် လှပချစ်စရာကောင်းနေရသည်။ ကျောလယ်ဝဲနေ

သည့် ဆံပင်များကို ဒီအတိုင်းဖြန့်ချလျက် အသားပျော့ပျော့နှင့် ဘာစမုန်းမသိသည့် ကော်ဖီနုရောင် ဝိတ်စအိအိလေးကို ထက် အောက်ဆင်တူ ဝတ်ဆင်ထားလိုက်သည့်အခါမှာတော့ သက်ထား ၏ အလှက တကယ့်တော်ဝင် မင်းသမီးလေးတစ်ယောက်လို ပြည့်စုံသည့်အလှတို့ဖြင့် လွန်စွာ လှပသွားရသည်။

"ကြည့်စမ်းပါဦးဟယ်…သက်ထားတို့များ ဘယ်လိုပြင် ဆင်ဆင် လှလိုက်တာ၊ တကယ်ပါပဲ၊ မမသန်းတော့ သက်ထား အလှကို သိပ်အားကျတာပဲ"

နှင်းဆီဖူးလေးလို နှုတ်ခမ်းထူထူစူစူလေး ထက်ဝယ် အပြုံးလှလှလေးနှင့် အလှတွေစုချင်တိုင်း စုနေသော သက်ထားကို သက်ထားတို့ဘေးအိမ်တွင်နေသည့် ယခုသက်ထားတို့နှင့် အတူ လိုက်မည့် မမသန်းက အားကျသလို ချီးကျူးစကားဆိုလိုက်တော့ သက်ထားသည်လည်း ရှက်ပြုံးလေးဖြင့် ခေါင်းငုံ့သွားရလေသည်။

"သက်ထားတို့များ ကံကောင်းလိုက်တာနော်၊ ဘယ်လို ဆုတောင်းများကြောင့် ဒီလောက်လှနေရတယ်မသိပါဘူး၊ ကိုဘုန်းဇော်ဟန်ကြီးတော့ တကယ်ကံကောင်းတယ်၊ ဇနီးချော ဇနီး လှကိုရထားတာ ဒီလောက်လှတဲ့ သက်ထားကို ဘုန်းဇော်ဟန် ကြီးက သိပ်ချစ်မှာပဲနော် သက်ထား"





သက်ထားနှင့် ဘုန်းဇော်ဟန်တို့၏ အိမ်ထောင်ရေးကို အတွင်းကျကျ ဘာမှမသိသည့် မမသန်းက ထိုစကားကို တိုက်တိုက်ဆိုင်ဆိုင်ပင် ဘုန်းဇော်ဟန် အပြင်ကပြန်လာသည့်အချိန် မှာမှ သူကြားအောင် ချီးကျူးလိုက်သလို ဖြစ်သွားတာမို့ ဘုန်းဇော် ဟန်မျက်နှာကြီးမှာ ပျက်သွားရသလို သက်ထားကို အကြည့်စူးစူး များဖြင့် တစ်ချက်လှမ်းကြည့်ကာ ချက်ချင်းဆိုသလို မျက်နှာကြီး တည်သွားပြီး…

"မျိုးနောင်…ငါ ဟိုမှာအလုပ်ကိစ္စတွေ မပြတ်သေးဘူး၊ မင်းပဲ မမသန်းတို့နဲ့ လိုက်သွားလိုက်ကွာ"

ပြောပြောဆိုဆို ကားပေါ်ပြန်တက်ကာ နေရာမှ ကားကို ခပ်ကြမ်းကြမ်းလေး ပြန်လည်မောင်းထွက်သွားသည့် ဘုန်းဇော်ဟန် ကို သက်ထားအပါအဝင် ဘယ်သူမှတားချိန်မရလိုက်။

သူငယ်ချင်း၏အကြောင်းကို အသိဆုံးဖြစ်နေသည့် မျိုးနောင်မှာ ဘုန်းဇော်ဟန် ဗွေဖောက်သွားသည်ကို သိသည်မို့ သက်ထားအား အရမ်းကို အားနာသွားရသည်။

သက်ထားခမျာ ဒီခရီးကို ဘုန်းဇော်ဟန် လိုက်မည်ဆို၍ မျက်နှာလေး ရွှင်မြူးနေရသမျှ ယခုတော့ သွားခါနီးလာခါနီးမှ ခရီးစဉ်ကို ဖျက်သွားသည့် ဘုန်းဇော်ဟန်ကိုသာ စိတ်မှာ အပြစ်

တင်စကားတွေ ဆိုနေလိုက်သည်။

သို့တိုင်...သူ့နှုတ်ကတော့ဖြင့် ဘုန်းဇော်ဟန်အား ဘာမှ မပြောဖြစ်ပါ။

အဘယ်ကြောင့်ဆိုသော်...

မျက်နှာလေး နွမ်းသွားရရှာသည့် သက်ထားကို သနားကရုဏာသက်သွားရသောကြောင့် ဖြစ်သည်။

ဘုန်းဇော်ဟန်အနေနှင့် တကယ်ဆို ဒီလိုလုပ်ဖို့မကောင်းပါ။ ဒီတာဝန်တွေအားလုံးသည် ဘုန်းဇော်ဟန်တာဝန်များသာ ဖြစ်လေသည်။

သက်ထား ဒီမြို့လေးကိုရောက်တာ ကြာပြီဖြစ်ပေမယ့် သက်ထားကို ဂရုတစိုက်နှင့် ဘယ်ကိုမှလိုက်ပို့သည်ဆိုတာ မရှိခဲ့။ ဒါကိုသိနေသည့် မျိုးနောင်မှာ ဘုန်းဇော်ဟန်ကို အကျိုးအကြောင်းပြောပြကာ ဘေးအိမ်က မမသန်းတို့နှင့်အတူ သက်ထားကို ဘုရားစုံ လိုက်ပို့ရန် သူတမင်စီစဉ်ခဲ့ခြင်းဖြစ်သည်။

သူ့ရည်ရွယ်ချက်က တစ်ချက်ခုတ်နှစ်ချက်ပြတ် သဘောပင်ဖြစ်သည်။ မှန်သည်။

မျိုးနောင်ကား မဆင်မပြေ မပြေလည်နိုင်သည့် သက်ထားနှင့် ဘုန်းဇော်ဟန်တို့၏ အိမ်ထောင်ရေးကို အဆင်ပြေစေချင်သည်





မို့ ယခုလို ခရီးသွားခြင်းဖြင့် သက်ထားနှင့် ဘုန်းဇော်ဟန် ဘယ်လိုမှ ရှောင်လို့မရ နီးနီးကပ်ကပ်ဖြစ်သွားကာ ဟိုယခင်ကလို ရင်းနှီးမှုများ ပြန်လည်ရရှိသွားစေရန် စိတ်ကူးကောင်းကောင်းဖြင့် စီစဉ်ခဲ့သမျှ ယခုတော့ ဘုန်းဇော်ဟန် လုပ်သွားပုံက သူစီစဉ်ထားသမျှအားလုံးကို ပျက်အောင် ဖျက်သွားတာနှင့် အတူတူပင်ဖြစ်၏။ သို့ပေမယ့် ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘုန်းဇော်ဟန်နောက်ကို လိုက်သွားကာ ဟော့ကောင်...ဘာသဘောလဲဆိုသည့်စကားကို မေးလိုက်ချင်ပေမယ့် ထိုစကားကို ရင်မှာမျိုသိပ်ကာ သက်ထားတို့နှင့်အတူ လိုက်ပါလာခဲ့ရသည်။

မျိုးနောင်မှာ လူက သက်ထားတို့နှင့်အတူ လိုက်ပါလာခဲ့ရပေမယ့် စိတ်ကတော့ ဘုန်းဇော်ဟန်ထံ မကျေမနပ်အတွေးဖြင့် ရောက်ရှိနေရကာ ဒီကောင်ကို ဘယ်လိုပညာပေးရင် ကောင်းမလဲ ဆိုတာကိုသာ သူ စဉ်းစားလာခဲ့သည်။

ဟာ...ဟုတ်ပြီ။

ဖျတ်ခနဲရလာသည့် အကြံကြောင့် မျိုးနောင်မှာ ကိုယ့်အကြံကို ကိုယ်သဘောကျသွားရသည်။ ဟုတ်တယ်...ဒီကောင်ကို ဒီအတိုင်း နှိပ်စက်ရမယ်။

အတွေးနှင့် မျိုးနောင်သည် ကိုယ့်အကြံကို ကိုယ် ရင်မှာ

တေးထားလိုက်ရင်း သက်ထားတို့ အတူဘုရားစုံဖူးရင်း မုဒိတာ

ပွားနေလိုက်သည်။

အုပ်စုလိုက်သွားရင်း လာရင်း ဘုရားဖူးရင်းမှ အချိန်တွေ ကုန်သွားသည်မှာ ကုန်လို့ကုန်သွားမှန်းပင် မသိလိုက်။ အပြန်တွင် လမ်းမှာ ကားကလည်းပျက်သွားသေးသည်မို့ သက်ထားတို့အိမ် ပြန်ရောက်ချိန်မှာ ညရှစ်နာရီကျော်နေပြီဖြစ်သည်။

ဒါတောင် အစ်ကိုမျိုးနောင်က ကားကို အမြန်ကြီးစား မောင်း ပြင်လိုက်သောကြောင့် ဖြစ်သည်။ သက်ထားတို့အုပ်စုထဲ အစ်ကို မျိုးနောင်သာ ပါမလာပါက ဒီလမ်းနှင့် ဒီခရီးကို သက်ထား မတွေးရဲပါ။

ခရီးစဉ်တစ်လျှောက်တွင် အပျော်ကြီးပျော်လာရသော သက်ထားမှာ အိမ်ပြန်ရောက်သည့်အချိန်မှာတော့ဖြင့် ဒေါသတကြီး ရနှင့် ရင်ဆိုင်ရလေတော့သည်။

"ဒီအချိန်ရောက်နေပြီ ဘာလို့ပြန်လာသေးလဲ"

"ဟင်"

သက်ထားမှ အိမ်ပေါ်မတက်ရသေး အပေါက်ဝ ခါးကြီးထောက်ကာ မျက်နှာထားကြီးနှင့် ဒေါသတကြီး ဆိုနေသော ကိုကို့ကို သက်ထားသည်လည်း ဒေါသမျက်ဝန်းရူးရူးလေး





ပြန်၍ကြည့်မိသွားရသည်။

ကြည့်စမ်းပါဦးတော့...ကိုကိုလုပ်တာ ကောင်းသေးရဲ့လားလို့၊ သက်ထားကို လိုက်ပို့သည့် အစ်ကိုမျိုးနောင်တို့ မမသန်းတို့ ပြန်သွားကြလို့သာ တော်သေးသည်ပေါ့။ မဟုတ်ပါက ကိုကို သက်ထားကို ယခုလိုပြောနေပုံနှင့် သက်ထား ရှက်တာနှင့် သေသွားနိုင်သည်။

"ဟေး...ငါ့ကို ဘာပြန်ကြည့်နေတာလဲ၊ မေးတာဖြေလေ၊ မိန်းကလေးဖြစ်ပြီး လည်တာပတ်တာ ဒီလောက်ညဥ့်နက်မှ ပြန်လာရလား၊ ဒါ မိန်းမကောင်းပြန်ချိန်လား"

မဟုတ်တော့...ကိုကို့စကားတွေက တော်တော်လွန်နေပြီဖြစ်သည်။ ညရှစ်နာရီကျော်ရုံလေး ရှိသေးသည် ဒီအချိန်ပြန်လာသည့် သက်ထားကို ဒါ မိန်းမကောင်းပြန်ချိန်လားဆိုတော့ ညတစ်နာရီ နှစ်နာရီမှ ပြန်လာတတ်သည့် နွယ်က မိန်းမကောင်းပေါ့။

ပြီးတော့ ယခုခရီးစဉ်ကလည်း သက်ထားတစ်ယောက်တည်း သွားသည့်ခရီးစဉ်မဟုတ် အစ်ကိုမျိုးနောင်ရော မမသန်းတို့ အုပ်စုပါ သက်ထားနှင့်အတူပါမှန်း သိရက်နှင့် တမင်သက်သက် သက်ထားကို အပြစ်မရှိ အပြစ်ရှာနေသော ကိုကို့ကို သက်ထား

သည် ဘာမှပြန်မပြောချင်တော့သည်မို့ အပေါက်ဝတွင် ပိတ်ရပ်နေသည့် ကိုကို့ကိုယ်ကြီးကို တွန်းတိုက်ကာ သက်ထားအိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

ဒါကိုပင် သူမ မကျေနပ်စွာ သက်ထားနောက်မှလိုက်လာပြီး…

"ဟွန်း…ရုပ်လေးကြည့်တော့ သနားကမားနဲ့ လူကတော့ အပျော်အပါးမက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ မိန်းကလေးတဲ့ ပြန်လာသင့်တဲ့အချိန် ပြန်မလာဘူး၊ တစ်စက်လေးမှ ဣန္ဒြေမရှိဘူး"

စကားနည်းရန်စဲ နေနေပေမယ့် လွန်လာပြီဖြစ်တဲ့ ကိုကို့စကားများက သက်ထားအတွက် သည်းခံနိုင်မှု အတိုင်းအတာကုန်ဆုံးသွားရပြီမို့…

"ကိုကို့စကားတွေက သိပ်လွန်နေပြီနော်၊ သက်ထားက ဣန္ဒြေမရရအောင် ဘာတွေသိက္ခာမဲ့လုပ်နေလို့ ကိုကိုက သက်ထားကို ဒီစကားပြောရတာလဲ"

"ဒီစကား ငါ့ကိုမေးတာထက် မင်းကိုယ်မင်း ပိုသိမှာပေါ့"

"ဟုတ်တယ်၊ သိတယ်၊ သက်ထားကိုယ် သက်ထား





ပိုသိတယ်၊ သိလို့လည်း ကိုကို့စကားကို သက်ထားမခံနိုင်တာပေါ့၊ သက်ထားတို့က ကိုယ့်ဣန္ဒြေသိက္ခာနဲ့ ကိုယ်နေတာသိလား၊ မိန်းမရှိတဲ့ ယောကျ်ားနဲ့လည်း ဣန္ဒြေသိက္ခာမဲ့ ဖောက်ပြန်နေတာ မဟုတ်ဘူး၊ သက်ထားကို ကိုကိုတွေ့ခဲ့တဲ့ မိန်းမနဲ့ယှဉ်ပြီး မပြောနဲ့၊ သက်ထား မခံနိုင်ဘူး"

"ဘာ…ဘာပြောတယ် သက်ထား၊ စောစောကစကားကို နင်ပြန်ပြောစမ်း၊ ငါတွေ့ခဲ့တဲ့မိန်းမနဲ့ ယှဉ်ပြီးမပြောနဲ့ဟုတ်လား"

ပြောရင်းက ဘုန်းဇော်ဟန် ဒေါသတကြီး ဖြစ်လာရသည်မို့ ခက်ထန်တင်းမာနေရသော မျက်နှာချောချောကြီးနှင့် သက်ထားအား ခုံးစိုက်ကြည့်ရင်းက သက်ထားပခုံးကို ဒေါသတကြီးကိုင်လှုပ်ဆွဲ ခါပစ်လိုက်သည်။

ကြည့်လေ…မိသက်ထားပြောတာကိုက ကိုကိုတွေ့ခဲ့တဲ့ မိန်းမနဲ့ မယှဉ်နဲ့ဆိုတော့ ဒီစကား နွယ်ကိုပြောတာနှင့် အတူတူပင် ဖြစ်သည်။ ဒါဆို နွယ်သည် ခပ်ပေါ့ပေါ့၊ ခပ်ပျက်ပျက်မိန်းမဖြစ်သွားပြီပေါ့။

တကယ်ဆို ယခုဖြစ်နေတဲ့ကိစ္စက နွယ်နှင့် ဘာမှမဆိုင် ဒါကိုပင် နွယ်ကို မရရအောင် စကားထဲဆွဲထည့်ပြောသွားသည်မို့ ဘုန်းဇော်ဟန် သည်းမခံနိုင်ခြင်းဖြစ်သည်။

"ဟော့...ပြောလေကွာ ဘာလဲ အခုမှ မင်းမှာပြောစရာ စကား မရှိတော့ဘူးလား"

နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်းက မျက်ဝန်းနက်နက် စူးစူးလေးနှင့် သူ့ကို ပြန်ကြည့်နေသော သက်ထားကို ဘုန်းဇော်ဟန် စိတ်မရှည်တော့သလို ပြောလိုက်ပေမယ့် သက်ထားထံက ဘာ စကားသံမှ ထွက်မလာပါ။

နာကြည်းမုန်းတီးရိပ်များ ပြည့်နေရသည့် မျက်ဝန်းစူးစူး တောက်တောက်ကြီးများဖြင့် ဘုန်းဇော်ဟန်ကို တစ်ခါမှမမြင်ဘူး သူတစ်ယောက်လို စိမ်းကားအေးစက်နေရသည့် မျက်ဝန်းစိမ်းကြီး များနှင့် စိုက်ကြည့်ရင်း ဘုန်းဇော်ဟန်လက်ထဲကနေ သူမကိုယ်လေး ကို ရုန်းယူနေလိုက်သည်။

ဘုန်းဇော်ဟန်ကလည်း မလွှတ်....

သူ့ကို ဒီလိုမျိုးကြည့်လာသည့် သက်ထား၏အကြည့်များ ကို မကြိုက်သည်မို့ သူမပခုံးလေးကို သူ့လက်အစုံဖြင့် ပို၍တင်းကျပ် စွာ ဆုပ်ကိုင်ထားလိုက်သည်။

"ဖယ်...လွှတ် ရှင် ကျွန်မအသားကို မထိနဲ့၊ လွှတ်-- လွှတ်"

သက်ထားထံမှ ဒီလိုမျိုးစကားများကို တစ်ကြိမ်ဟာစ်ခဲ--



မကြားဘူးသည့် ဘုန်းဇော်ဟန်မှာ အမုန်းရိပ်များ ပြည့်လျှံနေရသည့် အကြည့်စိမ်းစိမ်းများနှင့် စကားဆန်းများကြောင့် ရင်မှာ မခံချိမခံ သာ ဒေါသစိတ်များ ပို၍အုံကြွလာရပြီး သူမကို ပြန်၍အရွဲ့တိုက် ချင်လာရသည်မို့...

"မင်းအသားကိုထိတော့ ကိုင်တော့ မင်းဘာလုပ်ချင်လဲ ငါက မင်းယောကျ်ားကွ၊ ငါ့မိန်းမဖြစ်တဲ့ မင်းကို ထိချင်ထိမယ်၊ ကိုင်ချင်ကိုင်မယ် ငါ့သဘောပါ"

"ရှင်...ရှင် အောက်တန်းမကျနဲ့နော်၊ ကျွန်မ ရှင့်ကိုမုန်း တယ်၊ ရွံတယ်သိလား၊ ရှင့်လို အိမ်ထောင်ရှိမိန်းမနဲ့ ဖောက်ပြန် ထားတဲ့လက်နဲ့ ကျွန်မအသားကို ထိစရာကိုင်စရာ မလိုဘူး၊ ဖယ်... လွှတ်...ကျွန်မကို အခုလွှတ်"

"ဘာကွ...မင်းက ငါ့အသားနဲ့ ထိရမှာကို ရွံတယ် ဟုတ်လား၊ အေး...ဒီလောက်အဖြစ်သည်းတဲ့ မင်းကို ထိရုံကိုင်ရုံ ဘင်မကဘူး၊ လာခဲ့"

"အို"

ဒေါသများ အမြင့်ဆုံးကို ရောက်ရှိသွားရပြီဖြစ်တဲ့ ဘုန်းဇော်ဟန်မှာ သူ့အသားနဲ့ ထိရမှာကိုပင် တကယ့်ကို ရွံရှာ သလိုမျိုး ကဲကဲဆတ်ဖြစ်နေသည့် သက်ထားကြောင့် မခံချင်စိတ်

နှင့်အတူ ယောက်ျားမာနက ပြချင်လာရသည်မို့ ရုတ်ချည်းဆိုသလို သက်ထားကိုယ်လေးကို ကလေးတစ်ယောက်လို ဆတ်ခနဲ ပွေ့ယူ မချီလိုက်ပြီး အိပ်ခန်းထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာခဲ့လိုက် သည်။

"အို…ရှင်…ရှင် ဘာလုပ်တာလဲ၊ လွှတ်နော်…လွှတ် ရှင်မယုတ်မာနဲ့၊ ရှင်ကြီးကိုမုန်းတယ်၊ မုန်းတယ်သိလား"

သက်ထားတစ်ကိုယ်လုံး ဘုန်းဇော်ဟန် ရင်ခွင်ထဲ နစ်ဝင် သွားရသည်။ လှိုက်လှဲသိပ်သည်းနွေးထွေးသော အနမ်းတွေက သက်ထားမျက်နှာလှလှလေးထက် နေရာလပ်မကျန် ခပ်ကြမ်းကြမ်း လေး ရောက်ရှိလာရသလို သူ့ရင်ခွင်ထဲကနေ အင်အားရှိသရွေ့ ရုန်းကန်နေသော သက်ထားသည်လည်း အရာမရောက်ပါလေ တော့။

ရန်တွေ့စကားဆိုနေသော မကြည်ဖြူမလိုလားသည့် သူ့ အသံလေးက ဘုန်းဇော်ဟန်၏ အနုကြမ်းများအောက်တွင် တစ်စ ထက်တစ်စ ကွယ်ပျောက်သွားရသည်။

ထို့အတူ…

နွေးထွေးနူးညံ့သော အထိအတွေ့လေးများနှင့် ထွေးထွေး အိပြီရှိလှသော ရင်ခွင်ထဲက သက်ထားကိုယ်လေးကို ဘုန်းဇော်ဟန်





သည့် တင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ထားရင်းက တင်းထားသမျှ စိတ်ကို အဆုံးအစရှိ ဖြေလွှတ်လိုက်လေတော့သည်။

အသိစိတ်တို့ ကိုယ်မှာ ပြန်ကပ်လာချိန်မှာတော့ သူ့ဘဝ အတွက် ပြင်ဆင်လို့မရတော့သည့် အမှားကြီးတစ်ခုကို သူကျူးလွန် မိခဲ့ပြီဖြစ်သည်။

သက်ထားကို ကြည့်လိုက်တော့လည်း မျက်နှာလှလှလေး ထက်တွင် မျက်ရည်များ စိုရွှဲလျက် ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသည်မှာ တကယ့်ကို ဝမ်းနည်းပက်လက်နှင့် ကလေး တစ်ယောက်လို သည်းသည်းထန်ထန် ငိုကြွေးနေလေသည်မို့ ဘုန်းဇော်ဟန်မှာ သက်ထားကိုကြည့်ပြီး ပို၍နှောင်တရသွားရသည်။

သူတကယ်ပင် သက်ထားအပေါ် ရက်စက်လိုက်ပြီ မဟုတ်ပါလား။

သက်ထားကိုဆက်ပြီး ကြည့်နိုင်ဖို့ အင်အားမရှိတော့ လောက်အောင် ရင်မှာ တုန်လှုပ်လာရသည်မို့ ဘုန်းဇော်ဟန်သည် အခန်းထဲမှနေ လေးလံသော ခြေလှမ်းများဖြင့် ထွက်လာခဲ့လိုက် သည်။

သို့တိုင်…

သူ့ရင်ထဲမှာတော့ စောစောက အဖြစ်အပျက်များအတွက်

ရင်တစ်ခုလုံး တုန်ယင်လှုပ်ရှားလျက် နှလုံးသားလေး ပူဆွေးနေရကာ ရင်ခုန်သံစည်းချက်တွေက မမှန်နိုင်တော့သည်က သူ့ကိုယ်သူ အသိဆုံးပင်ဖြစ်တော့သည်။





## အခန်း (၁၄)

ဘုန်းဇော်ဟန်မှာ ခုတလော စိတ်တွေဘယ်လိုဖြစ်နေသည် မသိ ကိုယ့်ကိုယ်ကို မဝေခွဲနိုင်သော စိတ်ခံစားမှုများနှင့် အမြဲလို စိတ်မှာ ရှုပ်ထွေးနောက်ကျိနေရသည်မို့ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိတော့။

စိတ်ညစ်လေတိုင်း တစ်ယောက်တည်းသာ နေချင်သည်မို့ ဘယ်သူနဲ့မှလည်း မဆုံဖြစ်။

နောက်ဆုံး သူ့အသက်မက သိပ်ချစ်ပါသည်ဆိုသော နွယ်နှင့်ပင် မဆုံချင်အောင် ဖြစ်နေရသည်။

မထင်မှတ်ဘဲ သက်ထားနှုတ်ကနေ နွယ်နှင့်ပတ်သက်သည့် စကားများ ထွက်လာပြီးကတည်းက ဘုန်းဇော်ဟန်သည်

နှယ်နှင့် တွေ့ရမည့်အရေး ကိုယ့်ကိုယ်ကို အမြဲခြောက်လှန့်နေရသည်။

မျိုးသန့်ကိုယ်တိုင်က သူ့ကို နှယ်သည် အိမ်ထောင်ရှိယောကျ်ားတစ်ယောက်နှင့် ဖောက်ပြန်နေသည်ဆိုတာကို ဖွင့်ပြောခဲ့သလို ယခုသက်ထားနှုတ်ကလည်း နှယ်နှင့်ပတ်သက်ကာ ထိုအကြောင်းပဲ ပြောလာသည်မို့ သူ့အနေနှင့် ထိုအကြောင်းကို မစဉ်းစားဘဲမနေနိုင်လေတော့ နှယ်နှင့် ပတ်သက်ကာ လေးလေးနက်နက် စဉ်းစားလာရပြီဖြစ်သည်။

ထို့ကြောင့် နှယ် သူ့ထံ ဖုန်းဆက်လေတိုင်း ဘုန်းဇော်ဟန်သည် နှယ်ထံကဖုန်းများကို တတ်နိုင်သလောက် ရှောင်နေကာ အလုပ်ပြီးသည်နှင့် အိမ်မှာ ပြန်ကပ်နေသည်က များလေသည်။

သူ့အိမ်မှာမြဲနေသည့်ရက်များအတွင်း သက်ထား၏ အိမ်ထောင်ကျွမ်းကျင်မှု၊ မိန်းကလေးပီသမှုများက သူ့မျက်မြင်ကိုယ်တွေ့မို့ ဘုန်းဇော်ဟန်သည် သက်ထားကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်လာရသည်။

ပြဿနာဖြစ်ပြီးကတည်းက သက်ထားသည် သူ့ကို မခေါ်မပြောဘဲ ဘယ်လောက်ပင် စိတ်ဆိုးနေပါစေ သူမဘက်က သူ့အပေါ် လုပ်ပေးစရာရှိသည်များကိုတော့ ဝတ္တရားမပျက် လုပ်ကိုင်



ပေးသည်ကိုက သူမ၏ ချစ်စဖွယ်စိတ်ဓာတ်လေးပင် ဖြစ်သည်။

သက်ထားကိုကြည့်ပြီး ဘုန်းဇော်ဟန်က အသွင်အပြင်နှင့် အပြုအမူ၊ အပြောအဆိုနှင့် အကြည့်များကပါ သူမအပေါ် ပြောင်းလဲလာရပေမယ့် သူ၏ ထိုသို့ပြောင်းလဲမှုများကို သက်ထားကတော့ နည်းနည်းလေးမှ ဂရုမစိုက် မသိလေပါ။

သူနှင့်ဆုံတိုင်း မျက်နှာလုလုလေးက သုန်မှုန်လျက် အမြဲလို တင်းမာနေသလို သူနှင့် တတ်နိုင်သလောက် မဆုံနိုင်ရန်လည်း ရှောင်နေတတ်သူဖြစ်သည်။

ပြောစရာစကားရှိလျှင် ကောင်မလေးမှတစ်ဆင့် ပြောခိုင်းသလို သူမကို စကားပြောမည်ဆိုလည်း သိသာစွာ ရှောင်သွားတတ်သည်မို့ ဘုန်းဇော်ဟန်မှာ ကြာတော့ မနေတတ်အောင် ဖြစ်လာရသည်။

သူ့ကို သူမက မပတ်သက်ချင်ပါဘူးဆိုမှ သူ့ဘက်က သူမကိုလိုက်၍ ပတ်သက်ချင်နေရသည့်အဖြစ်။

ဘုန်းဇော်ဟန်သည် သူ့စိတ်ကို သူလည်း နားမလည်နိုင်တော့ပါ။ အရင်တုန်းကတော့ဖြင့် သက်ထားနှင့် ပတ်သက်လာလျှင် ရင်မှာ အမုန်းများသာရှိပေမယ့် ယခုတော့ သူ့ရင်ထဲ ထိုအမုန်းများက ပျောက်ကွယ်နေရသည်က သူ့အတွက် သိပ်ကိုထူး

ဆန်းနေရပြီဖြစ်သည်။

ထူးဆန်းသည်မှာ သက်ထားအပေါ် အမုန်းစိတ်များ ကွယ်ပျောက်လျက် ဟိုယခင် ချစ်ခင်ကြင်နာမှုများက ရင်ထဲ ပြန်လည်ရောက်ရှိနေရသည့်အဖြစ်။

တစ်ဆက်တည်း သူသိလိုက်သည်က သူ့ဘဝတွင် သက်ထားရှိမှ ပြီးပြည့်စုံမည်ဆိုတာကို ဘုန်းဇော်ဟန် နားလည်လိုက်ရပြီဖြစ်သည်။

ယခုလည်း အလုပ်အားရက်မို့ အိမ်တွင်ရှိနေသော သူ့ကို သက်ထားသည် နည်းနည်းလေးမှ ဂရုမစိုက်ဘဲ မျက်နှာလှလှလေးကို တည်တည်တင်းတင်းလေးထားလျက် အိမ်သန့်ရှင်းရေးလုပ်နေသော သက်ထားမျက်နှာလေးကို ဘုန်းဇော်ဟန်သည် သတင်းစာဖတ်ရင်းက သတင်းစာနှင့် ကွယ်ကာ ခိုးကြည့်နေသည့်အဖြစ်ကို သက်ထားသည်မသိပါ။

ကြက်မွေးလေးတစ်ချောင်းနှင့် သူမလုပ်စရာရှိသည်များကို မိန်းကလေးပီပီသသ လုပ်သွားသည်မှာ တကယ့်အိမ်ထောင်ကျွမ်းကျင်သည့် မိန်းကလေးပင်ဖြစ်သည်။

နဖူးပေါ် ချွေးစလေးမြမြနှင့် အလုပ်လုပ်နေသော သက်ထားပုံစံလေးက ဘုန်းဇော်ဟန်မျက်ဝန်းထဲ တစ်မျိုးပင်





ကြည့်၍ကောင်းနေရသလို သူမမျက်နှာလေးကို ကြည့်နေရသည်မှာ သူ့ရင်ထဲ ဘာနှင့်မတူသည့် ခံစားမှုဖြင့် ကြည်လင်အေးမြနေရသည်။

တစ်ဆက်တည်း သူ့မျက်ဝန်းထဲတွင်လည်း ဟိုတစ်ချိန်က မောင်နှမနှစ်ယောက် တစ်ဦးကိုတစ်ဦး စဟယ် နောက်ဟယ်နှင့် ပျော်ပျော်ပါးပါး နေခဲ့ရသည့် နေ့ရက်လေးများကိုလည်း ပြန်၍ သတိရသွားတော့ သူ့မျက်နှာချောချောကြီးမှာ အုံ့မှိုင်းသွားရသည်။

မှန်သည်။

အကြောင်းမှာ…

လက်ရှိအချိန်တွင် အခြေအနေအားလုံး လွန်ကုန်ရပြီမဟုတ်ပါလား။

ဘုန်းဇော်ဟန် တစ်ချိန်က မောင်နှမဘဝလေးကို နှမြောရသလို ယခုလက်ရှိ အနေအထားတွင်လည်း သက်ထားအပေါ် ပြောင်းလဲလာရသည့် စိတ်အတွေးအရောင်များဖြင့် သက်ထားအား ညီမလေးလိုတစ်ဖုံ ချစ်ဇနီးလိုတစ်သွယ်နှင့် အချစ်များပေါင်းကာ ရင်မှာ မြတ်မြတ်နိုးနိုး ချစ်နေမိရပြီဖြစ်သည်။

ထို့အတူ…

သက်ထား၏ အလှအပများကိုလည်း ဘုန်းဇော်ဟန် ဂရု

မပြုဘဲ မနေနိုင်အောင် သူမ၏အလှအပများက သူ့ရင်ထဲကို နက်ရှိုင်းစွာ ထိုးဖောက်နေရာယူထားခဲ့ပြီဖြစ်သည်။

"ဟင်"

"သက်ထားရယ်…မင်းလေးကို ငါ အမုန်းစကားတွေဆိုရင်း ရင်မှာမြတ်နိုးစွာ ချစ်နေမိရပါပြီကလေးရယ်"

"ဒီအတွက် မင်း ငါ့ကို ခွင့်လွှတ်မှာလား မုန်းနေမှာလား ဆိုတာ ကိုကိုသိချင်လိုက်တာဗျာ"

ဘုန်းဇော်ဟန်မှာ သက်ထားမျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ရင်းက ရင်မှာ ထိုစကားများကို လေးနက်စွာ ပြောနေလိုက်သည်။

ထို့နောက်…

သက်ထားအပေါ် တစ်ဖက်သတ် အမုန်းများဖြင့် ကုန်လွန်ခဲ့ရသည့် အချိန်များအတွက် ဘုန်းဇော်ဟန်သည် ကိုယ့်ကိုယ်ကို လိပ်ပြာမလုံဖြစ်ရသလို အပြစ်မဲ့သော ရိုးသားဖြူစင်သူလေးကိုမှ ရက်ရက်စက်စက် စိမ်းကားစွာ အမုန်းစကားများဆိုခဲ့သည့် အဖြစ်များအတွက် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် နောင်တတရားတို့က ကြီးစွာရရှိနေရတော့သည်။





ယခုတလော ပြောင်းလဲနေရသည့် ဘုန်းဇော်ဟန်ကို ကြည့်ပြီး မယုံကြည်နိုင်သော မျက်ဝန်းများဖြင့် အံ့သြနေရသူက မျိုးနောင်ရယ်ဖြစ်လေသည်။

မှန်သည်…။

ဘုန်းဇော်ဟန်ကား ယခုတလော ဘယ်လိုဖြစ်နေသည် မသိပါ။ ပြောင်းတော့ ပြောင်းလဲနေရသည်က အမှန်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်… နွယ်ထံက ဖုန်းလာလျှင်လည်း မကိုင်သလို သူကိုယ်တိုင်ကလည်း နွယ်ထံကို ဆက်သွယ်ခြင်းမပြု။

ထိုအခါ စဉ်းစားရခက်လာသူက မျိုးနောင်ရယ်ဖြစ်သည်။

"ဘုန်းဇော်ဟန်…မင်းနဲ့နွယ် အခြေအနေက ဘယ်လိုလဲ"

"အဟွန်း…ဘယ်လိုမှမဟုတ်တော့ဘူး"

"မဟုတ်တော့ဘူးဆိုတာက"

"ရှင်းရှင်းလေးပါကွာ…မဟုတ်တော့ဘူးဆိုမှတော့ သူနဲ့ ငါ ဘယ်လိုမှမပတ်သက်တော့ဘူးပေါ့"

"ဟာ…ဘုန်းဇော်ဟန် မင်း …မင်း ဒါတကယ်ပြောတာလားဟင်၊ တကယ်လားသူငယ်ချင်း"

"ကျွတ်…မျိုးနောင် မင်းဘယ်လိုဖြစ်နေတာလဲ၊ ကျား ကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား မေးနေပြန်ပြီ၊ ဒါ တကယ် ကွ၊ တကယ်၊ ငါ့ကြောင့် သက်ထားကို မခံစားစေချင်တော့ဘူး ဒါကြောင့်မို့ နွယ့်ကို ငါ့ဘဝထဲက နှင်ထုတ်ပစ်လိုက်ပြီ"

"ဟာ…ဘုန်းဇော်ဟန်ရာ မင်းစကားကို သက်ထား မပြောနဲ့ ငါ ကြားရရုံနဲ့တင် ဝမ်းသာနေပြီ သူငယ်ချင်းရာ၊ တကယ် သက်ထားသိရင်လည်း ငါ့လိုဝမ်းသာမှာပဲ"

သူ့စကားကြောင့် မျိုးနောင်သည် ဝမ်းသာနေသည်မှာ တကယ်ပင်ဖြစ်သည့်အကြောင်းမှာ သူ့မျက်နှာကြီးကြည့်တာနဲ့ပင် သိသာနေရသောကြောင့် ဖြစ်သည်။

"ဘုန်းဇော်ဟန် … ဒါဆို မင်း သက်ထားကို"

"ဟုတ်တယ်…ငါ့ရဲ့မှားခဲ့တဲ့ အမှားတွေကို ပြင်ပြီး





သက်ထားနဲ့အတူ ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်ရေးတစ်ခုကို ငါထူထောင်ဖို့ ဆုံးဖြတ်လိုက်ပြီ မျိုးနောင်"

မျိုးနောင် ဘာမေးမည်ကို သိနေရသည့် ဘုန်းဇော်ဟန်မှာ သူ့အပေါ် သူငယ်ချင်းပီသလွန်းသည့် မျိုးနောင်အား ကျေးဇူးတင်ရသည့် အကြည့်များဖြင့်ကြည့်ရင်း ထိုစကားကို တည်ငြိမ်လေးနက်စွာ ဆိုလိုက်လေသည်။

ဘယ်သူမှ မပြောင်းလဲနိုင်းဘဲနှင့် သူ့အသိနှင့်သူ ပြောင်းလဲနေရသည့် ဘုန်းဇော်ဟန်ကို မျိုးနောင်သည် အံ့သြပြီးရင်း အံ့သြနေရသည်။

ယခင်က သက်ထားအပေါ် မညှာမတာ ရက်ရက်စက်စက် စိမ်းကားခဲ့တာ သက်ထားအား ဆိုးချင်တိုင်းဆိုး အနိုင်ယူချင်တိုင်း အနိုင်ယူနိုင်ခဲ့သော အဖြစ်များကို သူ့အသိဆုံးသာဖြစ်သည်မို့ ဘုန်းဇော်ဟန်နှုတ်က ယခုလိုစကားများကို ကြားရတော့ သူသည် အံ့သြမှုနှင့်အတူ ဝမ်းသာပီတိလည်း ဖြစ်ရလေသည်။

"အေးကွာ…ငါ့သူငယ်ချင်း အခုလို အသိတရားရသွားတာ ငါသိပ်ဝမ်းသာတယ်၊ မင်းတို့အိမ်ထောင်ရေး သာယာပျော်ရွှင်စေလို့ ငါ ဆုတောင်းပေးပါတယ်ကွာ"

မျိုးနောင်သည် ထိုစကားကို ရင်မှလာသည့်အသံဖြင့်

လှိုက်လှိုက်လှဲလှဲ ဆိုလိုက်လေသည်။

သူ့အနေနှင့် ဝမ်းသာမည်ဆိုလည်း ဝမ်းသာစရာပင်ဖြစ်
သည်။ အမြင်မှန်ရသွားသည့် သူငယ်ချင်းအတွက် ရှေ့ဆက်ရမည့်
အနာဂတ်ခရီးလမ်းသည် ပျော်ရွှင်မှုများနှင့်သာ မြင်တွေ့ရမည်
ကျေနပ်မဆုံးနိုင်ပါတော့။

"မင်းအတွက် ဒီလိုဖြစ်သင့်တာ ကြာပါပြီကွာ၊ ဒါပေမယ့်
ခုလည်း နောက်မကျသေးပါဘူး၊ မင်း ဒီလိုအမြင်မှန်ရသွားတာကို
ငါဝမ်းသာလှပါပြီ၊ ကဲ…ကဲ ဒီနေ့တော့ ငါကြားရ သိရတာ
ဟာ အားလုံးမင်္ဂလာသတင်းတွေပဲ၊ ဒီတော့ မင်း ငါ့ကို မင်္ဂလာဦး
အဖြစ်နဲ့ တစ်ပွဲတော့ ကျွေးရမယ်မောင်"

မင်္ဂလာဦးဆိုသည့်စကားကြောင့် ဘုန်းဇော်ဟန်၏ နှ
သားလေးမှာ တစ်ဆတ်ဆတ်တုန်သွားရလေသည်။ ကိုယ့်ဝမ်း
ကိုယ်သာအသိဆုံးဖြစ်သည့် ဘုန်းဇော်ဟန်မှာ မျိုးနောင်အား ဘာ
ပြန်မပြောဘဲ မျက်နှာချောချောကြီးထက်ဝယ် ရက်ပြုံးလွန့်လွန့်
သာ ရှိနေလေသည်။

တကယ်တမ်း မျိုးနောင်ထင်သလို သူတို့၏ မင်္ဂလာဦး
ဖြတ်ကျော်ခဲ့ပြီဆိုလျှင် မျိုးနောင်သည် သူ့ကို ဘာပြောမည်မသိ
သို့ပေမယ့် တကယ့်တကယ်တမ်း ပြန်တွေးမိတော့





သက်ထားအပေါ် အနိုင်လိုချင်တာ တစ်ခုတည်းနဲ့ မှားခဲ့သည့်အမှား
က သူ့အတွက် တစ်ကြိမ်တစ်ခါသာ ရှိသည်မို့ သူ့အပေါ် မျိုးနောင်
ထိုသို့ထင်မည်ဆိုလည်း ထင်စရာပဲဖြစ်သည်။

ဘုန်းဇော်ဟန်အတွက် တကယ့်မင်္ဂလာဦးအစစ်အမှန်က
ယခုမှစရမည်ပဲလေ။

သို့ပေမယ့် ခက်တာက သက်ထားဖြစ်သည်။ ဘုန်းဇော်
ဟန်ဘက်က အခြေအနေတွေ ဘယ်လိုပင် ပြောင်းလဲလာပါစေ
သူမဘက်ကတော့ သူ့အပြုအမူများကို အသိအမှတ်မပြုသလို လူက
လည်း ခံစားချက်မရှိသည့်အတိုင်း မတုန်မလှုပ်နှင့် ရှိနေဆဲမို့
ဘုန်းဇော်ဟန်မှာ ခက်ပြီးရင်းခက်နေရတော့သည်။

အချစ်စစ်ဆိုတာကို နှလုံးသားက တကယ်နားလည်လာရ
ပြီမို့ သူမအပေါ် ရင်ထဲက အချစ်များ ချစ်မိုးစွေမိလေသမျှ
သက်ထားကတော့ သူ့အဖြစ်တွေကို မသိသလို နားမလည်သလို
နှင့် သူ့အား ယခုထက်တိုင် ဥပေက္ခာပြုနေသူလေးဖြစ်သည်။

သက်ထားအား မုန်းစကားများ ရက်ရက်စက်စက် ဆိုခဲ့စဉ်
တုန်းကတော့ သူမ ခံစားမှုကိုနားလည်ပေးရကောင်းမှန်း မသိခဲ့
သော ဘုန်းဇော်ဟန်သည် ယခု ကိုယ့်အလှည့်ကြပြန်တော့ သူမ၏
စိမ်းကားမှုများကို ရင်မှာမချိအောင် နာကျင်နေရသည်။

အချစ်ဆိုတာကို တကယ်ပီပီပြင်ပြင် သိလာရသည့်အချိန်မှာမှ သက်ထားအမုန်းဒဏ်ကို ဘုန်းဇော်ဟန် ခံနိုင်ရည်မရှိပါ။

တယုတယနှင့် မြတ်မြတ်နိုးနိုး ချစ်တတ်သည့် သက်ထားရင်ထဲက အချစ်များကို ဘုန်းဇော်ဟန် လိုလားတောင့်တကာ ပိုင်ဆိုင်ရယူချင်သည့်စိတ်က ရင်မှာ ကြီးစိုးနေရသည့်အဖြစ်။

မှားခဲ့သည့်အမှားများအတွက် ချစ်သောသက်ထားကို သူ့အမှားများ တောင်းပန်စကား ပြောဖို့ ကြိုးစားလိုက်တိုင်း ကိုယ့်အဖြစ်ကိုကိုယ် လိပ်ပြာမလုံ ရှက်ရွံ့စွာဖြင့် နှုတ်ဖျားမှာပင် စကားများ ပျောက်ကွယ်ခဲ့ရသည့်အဖြစ်ကလည်း သူ့အတွက်မနည်းတော့။

တကယ်ချစ်တတ်လာတော့ ရင်မှာ တကယ်ခံစားတတ်လာပြီဖြစ်တဲ့ ဘုန်းဇော်ဟန်မှာ သက်ထားနှင့်သူ့ကြားမှာ ဟိုတုန်းကလို အချစ်များကို ပြန်လည်ရရှိဖို့ဝေးလို့ သက်ထားကို သူချဉ်းကပ်ဖို့ ကြိုးစားလိုက်တိုင်းမှာ သက်ထားသည် တည်တင်းနေရသောမျက်နှာလှလှလေးဖြင့် သူ့အနားမှ လှစ်လှစ်ပါအောင် ပြေးထွက်သွားတတ်သည်မို့ ဘုန်းဇော်ဟန်မှာ သက်ထားကိုကြည့်ကာ ဘာလုပ်လို့လုပ်ရမည်ပင် မသိတော့ပါ။

ချစ်မိတော့လည်း မရှက်နိုင်တော့ပြီမို့ နောက်ဆုံး ကြံရာမရသည့်အဆုံးမှာတော့ ညအိပ်ခါနီး သက်ထားအခန်းထဲကို သူမ





အရင် သူက ကြိုရောက်နေကာ သူမအိပ်ရာပေါ်မှာ အခန့်သားဆန့်ဆန့်ကြီး ဝင်အိပ်နေလိုက်သည်။

ဖြစ်ချင်ရာဖြစ် သူ့ကို ဒီလောက်တောင် ရှောင်ချင်သည့် မရွှေချော မှတ်ရောပေါ့လား။

ဘုန်းဇော်ဟန်မှာ ကိုယ့်အကြံကို ကိုယ်ကျေနပ်နေရသလိုမျိုး သက်ထားအိပ်ရာထက်ဝယ် အပြုံးနှင့် အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

သက်ထားသာ သူမအခန်းထဲကို ဝင်လာလို့ သူ့ကိုတွေ့သွားပါက မျက်လုံးလေးပြူးကျယ်ဝိုင်းစက်သွားကာ သူ့ကိုဘယ်လောက်ထိ အံ့ဩတုန်လှုပ်ထိတ်လန့်သွားမည်လည်း မသိပါ။

ဘုန်းဇော်ဟန် အကြံတွေကို ဘာမှမသိသည့် သက်ထားမှာတော့ ခုတလော သူမအား မျက်ဝန်းညိုကြီးများ လိုက်၍ကြည့်တတ်သော ကိုကို၏ ထူးထူးကဲကဲအကြည့်များကို သူမ ရင်မဆိုင်ချင်သည်မို့ သူ့အကြည့်များနှင့် တတ်နိုင်သလောက် ဝေးအောင်ရှောင်ကာ နေတာမို့ ယခုလည်း ခြံထဲတွင် အေးအေးဆေးဆေးတစ်ယောက်တည်း ဆင်းထိုင်ရင်း အတွေးစများက ဟိုတစ်စဒီတစ်စနှင့် ပျံ့လွင့်နေရသည်။

ကောင်းကင်တွင် ထိန်ထိန်သာနေသည့် လကို မော့ကြည့်

ကြည့်ရင်းက ကိုကို့မျက်နှာချောချောကြီးက သူမမျက်ဝန်းထဲ သူ့အလိုလိုပေါ်လာရသည်။

ပြဿနာဖြစ်ပြီးကတည်းက ကိုကို့ပုံစံက သူမအပေါ် လုံးဝ ယူပစ်လိုက်သလို ပြောင်းလဲသွားသည်ကိုတော့ သက်ထား ဂရုမပြုဘဲ မနေနိုင်အောင် ကိုကိုသည် သက်ထားအပေါ် ဟိုယခင်ကလို နူးညံ့ချိုသာမှုများဖြင့် သူ့ရင်ထဲက အကြင်နာလေးများကို သက်ထားမြင်သာအောင် တစ်စွန်းတစ်စ ပြနေလေသည်။

ဒါကို သက်ထား မသိမဟုတ် သိပါသည်။ သိ၍လည်း သက်ထား ရင်နာနေရခြင်းဖြစ်သည်။ တကယ်တော့ ကိုကို့ထံက သက်ထားလိုချင်သည့် ကြင်နာယုယမှုက ယခုလိုအဖြစ်မျိုးနှင့် ကြုံတွေ့ပြီးမှ ရသည့် အကြင်နာအယုယများကို မဟုတ်ပါ။

ဟိုတုန်းက ရရှိခဲ့သည့် ဖြူစင်သန့်ရှင်းသည့် မောင်ချစ်နှမချစ်နှင့် ဖြူစင်ရိုးသားသည့် အချစ်များကိုသာ ပြန်လိုချင်တောင့်တတာဖြစ်ပေမယ့် ယခုလို သူမဘဝလေးကို အရောင်စွန်းပြီးမှ ရသည့် ကိုကို့ထံက အကြင်နာများကိုဖြင့် သက်ထားသည် မလိုချင် မတောင့်တတော့သလို ရင်မှာလည်း မကြည်ဖြူ မသာယာနိုင်တော့ပါ။

အသိတရားများ လွတ်ကင်းသွားအောင် ကိုကိုသည်





သက်ထားအပေါ် ရက်စက်ခဲ့ရက်သူဖြစ်သည်။ ဒီအဖြစ်က သက်ထားဘဝအတွက် ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်ဆိုတာကိုလည်း သူမကိုယ် သူမ သိလေသည်။

သက်ထားဘဝလေးကို နွမ်းကြေအောင် ရက်ရက်စက်စက် ဖျက်စီးခဲ့ပြီးမှတော့ ကိုကို့ထံက အကြင်နာအယုယများကိုလည်း သက်ထား မမျှော်လင့်ပါတော့။

သက်ထားဘဝက ကိုကို့ကြောင့် နွမ်းကြေခဲ့ရပြီမဟုတ်ပါလား။

သက်ထားသည် သူမဘဝကို သူမ ပြန်တွေးရင်းက ရင်မှာ ကျဉ်ခနဲ နာကျင်သွားရသည်။

ဩော်…ကိုကို…ကိုကို သက်ထားအပေါ် ထင်တာထက်တောင် ပိုရက်စက်နေရောလား။

ဘုန်းဇော်ဟန်နှင့် ပတ်သက်သည့် အတွေးများက သက်ထားရင်ကို ပြင်းထန်စွာ နှိပ်စက်နေရသည်မို့ ဘယ်လိုမှ အိပ်ပျော်နိုင်မည် မဟုတ်ပါ။ သို့သော် ညဉ့်နက်လာတာနှင့်အမျှ အပြင်တွင် အအေးဓာတ်က သိသိသာသာ ပိုလာရသည်မို့ သက်ထားသည် ခြံထဲတွင် ဆက်ထိုင်နေ၍ မဖြစ်တော့သည်မို့ အိမ်ထဲသို့ ဝင်လာခဲ့လိုက်သည်။

"ဘုရားရေ"

အခန်းထဲဝင်လာသော သက်ထားမှာ မျက်ဝန်းအပြူးသားလေးနှင့် နှုတ်မှနေ ဘုရားသာ အလန့်တကြားလေး တလိုက်လေသည်။

အကြောင်းကား…

ကိုကိုဘုန်းဇော်ဟန်သည် သူမအိပ်ရာထက်တွင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသောကြောင့် ဖြစ်သည်။

"ဟင်"

"ဒုက္ခပါပဲ…ကိုကိုတော့ သူ့အခန်းကို သူမမှတ်မိနိုင်တော့အောင် အရက်တွေဘယ်လောက်ထိ သောက်လာတယ်မသိပါဘူး၊ အခုလည်း ငါ့အခန်းကို သူ့အခန်းထင်ပြီး ဝင်အိပ်နေပုံရတယ်၊ ကိုကိုနဲ့တော့ စိတ်ညစ်ပါတယ်နော်"

ဘုန်းဇော်ဟန်၏ မျက်နှာချောချောကြီးကိုကြည့်ကာ သက်ထားမှာ ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားရသည်။

ဒီအိမ်မှာ အိပ်ခန်းကလည်း နှစ်ခန်းသာရှိသည်။ တစ်ခန်းက ကိုကိုနေသလို ကျန်တစ်ခန်းက သူမနေလေသည်။ ယခု သူမအခန်းထဲကို ကိုကိုက မူးမူးနှင့် ဝင်အိပ်နေတော့ သက်ထားသည် ဘယ်သွားအိပ်ရမှန်းမသိ။





ကိုကို့အခန်းကို သွားအိပ်လို့ကလည်း မဖြစ်ပြန်။ တော်ကြာ သူ့အမူးပြေလို့ နိုးလာပါက သက်ထားကို သူ့အခန်းမှာတွေ့က သက်ထားအား ဟိုတစ်ခါကလို သက်ထားသိက္ခာနှင့် မာနကို စော်ကားလာမည့် စကားများဖြင့် ပြောလာမည့် စကားများကိုလည်း သက်ထား မလိုလားပါ။

ဒါဖြင့် သက်ထား ဒီညတစ်ညလုံး မအိပ်ဘဲ ငုတ်တုတ်ထိုင်နေရအောင်ကလည်း အိမ်အလုပ်များကို တစ်နေကုန် သက်ထားလုပ်နေရသည်မို့ လူက နားချင်နေရပြီဖြစ်သည်။

ထို့ကြောင့် ဒီအတိုင်း ပေကတ်ပြီး ဆက်နေလို့ကလည်း မဖြစ်တော့သည်မို့ ဘုန်းဇော်ဟန်အနားသို့ ရောက်သွားကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသော ဘုန်းဇော်ဟန် မျက်နှာချောချောကြီးကို တစ်ချက်ကြည့်လိုက်ပြီး…

"ဒီမှာ…ဒီမှာ"

"ကိုကို"

သူ့အနားသို့ မဝံ့မရဲလေး တိုးကပ်လာကာ သူ့အားခေါ်နေသည့် သက်ထားအသံလေးကို ဘုန်းဇော်ဟန် ကြားပါသည်။ သို့သော် သူမဘာဆက်လုပ်မည်ဆိုတာကို သိချင်နေသည်မို့ သူမခေါ်သံကို မကြားဟန်ပြုကာ ဆက်၍ အိပ်ချင်ယောင်ဆောင်နေ

လိုက်သည်။

"ကိုကို...ကိုကို"

သူ့ပခုံးကို မငဲ့မရဲလေး ကိုင်လှုပ်ကာ ခပ်ဖွဖွခေါ်နေသည့် သက်ထားမျက်နှာလှလှလေးကို ဘုန်းဇော်ဟန်သည် လက်မောင်းကြားထဲ မျက်နှာလေးအပ်ရင်းက မျက်စိ မသိမသာဖွင့်ကြည့်နေလိုက်သည်။

ဖူးငုံနေသော အလှများဖြင့် ချစ်စဖွယ်အပြစ်ကင်းစင်လွန်းသည့် သက်ထားမျက်နှာလေးကို သူ အနီးကပ်တွေ့လိုက်ရတော့ ရင်ခုန်သံတွေက ရုတ်ခြည်း ဝုန်းဒိုင်းကျဲသွားရသည်။

ထို့အတူ ရင်ထဲတွင်လည်း သူမကို ချစ်ရလွန်းသည့် အချစ်များက ပြည့်လျှံလာရသည့်အဖြစ်ကိုတော့ သူမလေး မသိပါ။ သူ့ကိုသာ တကယ်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ထင်ပြီး စိတ်ညစ် စိတ်ပျက်နေရသည့် မျက်နှာလှလှလေးဖြင့် သူ့အားလည်း မနိူးရက် နှိုးရက် မျက်နှာလေးဖြင့် သူ့ပခုံးကို ဖွဖွလှုပ်နှိုးနေတာမို့ သူ့အား စိမ်းယောင်ပြုနေသည့်ကြားက သူမထံက အကြင်နာလေးများကို လှစ်ခနဲမြင်လိုက်ရသည့် ဘုန်းဇော်ဟန်မှာ ရင်မှာ ဘာနဲ့မှ မတူသည့် ခံစားမှုဖြင့် လှိုက်ခနဲ ပျော်မြူးသွားရလေသည်။

ထို့ကြောင့် သူဆက်၍ အိပ်ချင်ယောင်မဆောင်ရက်တော့





သည်မို့ ယခုမှ နိုးလာသည့်ဟန်ဖြင့် မျက်ဝန်းများကို ဖျတ်ခနဲ ဖွင့်လိုက်လေသည်။

"ဟင်"

"ဘာလဲသက်ထား...ကိုကို့ကို ဘာဖြစ်လို့နှိုးတာလဲ"

သည်လိုကြပြန်တော့လည်း သက်ထားသည် သူ့အကြည့်များကို မသိဟန်ပြုကာ...

"အခန်းမှားနေတယ်"

"ဟင်...ဘယ်သူ့အခန်းနဲ့ မှားနေတာလဲ"

ဘုန်းဇော်ဟန် ဘာမှမသိသည့် မျက်နှာဖြင့် သက်ထားမျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်ရင်းက မေးလိုက်သည်။

သက်ထားမှာ ဘုန်းဇော်ဟန်၏ ရွှန်းလဲ့တောက်ပသော မျက်ဝန်းအကြည့်များကြောင့် ရင်မှာ သိမ့်ခနဲ လှုပ်ရှားသွားရသလို သူ့အကြည့်များကိုလည်း ရင်မဆိုင်ချင်သဖြင့် ချက်ချင်း အကြည့်လွှဲလိုက်သည်။

"ကိုယ့်အခန်း ကိုယ်ပြန်အိပ်ပါ"

ခါတိုင်း သူ့အား ကိုကိုချင်းထပ်အောင် ခေါ်နေသူက ယခုတော့ သူ့အား ဘယ်လိုမှမခေါ်ဘဲ ပြောလိုက်တာမို့ ဘုန်းဇော်ဟန်သည် သက်ထားကိုကြည့်ပြီး အသည်းယားသွားရသည်။

ထို့ကြောင့် နှုတ်ခမ်းကို ဖွဖွစေ့ကိုက်လိုက်ပြီးနောက် မချင့်မရဲဖြစ်စွာနှင့် သက်ထားအား စူးခနဲ ကြည့်ပစ်လိုက်ပြီး…

''သက်ထား ဘယ်သူ့ကိုပြောနေတာလဲ''

''အို''

ကြည့်စမ်း…ဒီလူတော့။ ဒီအခန်းထဲမှာ ရှိသူဆိုလို့ သူရယ် သက်ထားရယ် နှစ်ယောက်တည်းရှိနေသလို သက်ထား သူ့ကိုပြောနေမှန်းသိသိကြီးနှင့် မသိသလို ပြန်မေးနေသည့် ဘုန်းဇော်ဟန်ကြောင့် သက်ထားဒေါသလေးများ ဖြစ်သွားရကာ…

''ဘယ်သူ့ကိုပြောရမှာလဲ ရှင့်ကိုပေါ့''

''သက်ထားရယ်…ကိုကို့ကို ရှင်တွေဘာတွေနဲ့တောင် ပြောနေပြီပေါ့နော်၊ ကိုကို့အပေါ် သက်ထား ဒီလောက်တောင် မုန်းနေပြီလားကွာ၊ ကိုကို့ကို မင်း ခွင့်မလွှတ်တော့ဘူးလားဟင်၊ သက်ထား ကိုကို့ကို မင်းပြောစမ်းပါ''

သက်ထားအနားသို့ သူ့ကိုယ်ကြီး ဗွေ့ခနဲရောက်ရှိလာကာ သက်ထားအား သူ့အရပ်ကြီးအုပ်မိုးလျက် သက်ထားမျက်နှာလေးအား အုပ်မိုးငုံ့လျက် ချစ်မြတ်နိုးစွာ စိုက်ကြည့်ရင်းက တိုးရှိုက်စွာ ဆိုလိုက်သည်။

သက်ထားကတော့ နေရာတွင် ငြိမ်သက်မြဲ ငြိမ်သက်ကာ





သူ့စကားများကို မကြားသလို လုပ်နေသည်မို့…

''သက်ထားရယ်…ကိုကို့အမှားတွေကို ကိုကိုသိပါပြီ၊ ဒီအတွက် သက်ထားအပေါ်မှာ ကိုကို ဘယ်တော့မှ မဆိုးတော့ပါဘူး၊ မှားခဲ့တဲ့အမှားတွေအတွက်လည်း သက်ထားကို ကိုကို ကျေနပ်အောင် တောင်းပန်ပါတယ်ဗျာ၊ ကိုကို့ကို သက်ထား ခွင့်လွှတ်ပါနော်၊ ကိုကို သက်ထားနဲ့ ဝေးပြီးမနေနိုင်တော့ဘူး၊ သက်ထားကို သက်ထားကို ကိုကိုသိပ်ချစ်တယ်၊ ညီမလေးလိုလည်းချစ်တယ်၊ ချစ်သူအိမ်သူသက်ထားအနေနဲ့လည်း သိပ်ချစ်တယ်၊ ချစ်တယ် သက်ထားရယ်၊ မင်းလေးကို ကိုကို မခွဲနိုင်တော့ပါဘူး အချစ်ရယ်''

''အို''

ဘုန်းဇော်ဟန်မှာ တကယ်ချစ်လာပြီဆိုတော့လည်း လုံးဝမရှက်နိုင်တော့ပါ။ နှလုံးသားမှာ သူတကယ်ချစ်မြတ်နိုးရသူသည် သက်ထားပါလားဆိုတာကို ပီပီပြင်ပြင် သိလိုက်ရပြီမို့ ချစ်ဇနီးလေးကို သူ့အမှားများအတွက် သူ ဝန်ချတောင်းပန်ကာ နှစ်ကိုယ်တူသာယာသည့် အနာဂတ်ချစ်ခရီးကို ထူထောင်ရန်အတွက် ရင်မှာခံစားရသမျှ ချစ်စကားတို့ကို ချစ်သူလေးအား နားလည်သဘောပေါက်ရန် ရင်ခွင်တွင်းက သက်ထားကိုယ်နွေးနွေးအိအိလေးကို

လွတ်ထွက်သွားမှာ စိုးသည့်အလား ရင်ခွင်ထဲသို့ တင်းတင်းကျပ်ကျပ်လေး သိမ်းကျုံးဆွဲယူလျက် ရင်ချင်းဆွဲကပ်ပစ်လိုက်သည်။

ရဲတွတ်သွားရသော မျက်နှာနီနီလေးဖြင့် သက်ထားသည် သူ့ရင်ခွင်ထဲက ရှက်လန့်တကြားလေး ရုန်းထွက်လိုက်တော့ ဘုန်းဇော်ဟန်သည် နာကျင်သွားရသောရင်အစုံဖြင့် သက်ထားကိုယ်လေးကို ရင်ခွင်ထဲ တင်းကျပ်အောင် ပိုမိုဖက်ထားလိုက်ရင်းက…

"မင်းလေး ကိုကို့ကို ဘယ်လိုမှ ခွင့်မလွှတ်တော့ဘူးလား သက်ထား၊ ဟင်…ပြောစမ်းပါကွ၊ ကိုကို့ကို မင်း ပြောစမ်းပါ"

သက်ထားမျက်နှာလှလှလေးကို ဆွဲမော့ယူရင်းက ရင်မှာ ခံစားရမှုတို့ကြောင့် ပေါက်ကွဲနာကျင်နေရသည့် ရင်အစုံဖြင့် တိုးရှိုက်စွာဆိုရင်း သက်ထားမျက်နှာလေးထက်သို့ သူ့အနမ်းတွေက ဖျတ်ခနဲ ရောက်ရှိသွားရသည်။

"အို…ဟင့်အင်း…ဖယ်…လွှတ်ပါ"

"ဟင့်အင်း…မလွှတ်ပါရစေနဲ့တော့ သက်ထားရယ် သက်ထားကို ကိုကိုသိပ်ချစ်တယ်၊ ကိုကို့အချစ်တွေကို မင်းလေး ယုံပါတော့လားဗျာ"

ချစ်စကားတွေ တွင်တွင်ဆိုကာ သက်ထားကိုယ်လေးအား





ရင်ခွင်ထဲက လွှတ်မပေးတော့ဘဲ သွေးရောင်လွှမ်းနေသည့် သက်ထားပါးပြင်လေးအား ရှိုက်ရှိုက်နမ်းနေတာကြောင့် သက်ထားမှာ မျက်နှာရဲရဲလေးနှင့် ဘုန်းဇော်ဟန်ကို အတင်းတွန်းလွှတ်နေလိုက်သည်။

အချစ်ဆိုတာကို ဘာမှန်းမသိလိုက်ရပါဘဲ အိမ်ထောင်သည်ဘဝကို ရောက်ခဲ့ရသည့် သက်ထားမှာ ဘုန်းဇော်ဟန်ထံမှ ယခုလို ပွင့်လင်းစွာဆိုလာရသည့် ချစ်စကားများကြောင့် သူမ မျက်နှာတစ်ပြင်လုံး သွေးရောင်လွှမ်းလျက် အရှက်ကြီးရှက်နေသည်မှာ ခေါင်းလေးမော့မလာပါတော့။

ဒါကိုပင် အသည်းတယားယားနှင့် မချင့်မရဲဖြစ်ရသည့် ဘုန်းဇော်ဟန်မှာ ချစ်ဇနီးကိုယ်လေးကို တိုးဖက်ရင်းက နူတ်ခမ်းဖူးဖူးလေးကို ဖိကပ်ငုံခဲထားလိုက်သည်။

"အို…ဟင့်အင်း"

သက်ထား သူ့အနမ်းများကို ဖွတ်အတင်း ရှောင်တိမ်းပါသော်လည်း မရ။

"ကိုကို့ကို မင်း ခွင့်မလွှတ်နိုင်ဘူးလားဟင် သက်ထား၊ မင်းပြောစမ်းပါ"

သက်ထားအား ရီဝေစူးရှသော အကြည့်များဖြင့် စိုက်

ကြည့်ရင်းက ဘုန်းဇော်ဟန်သည် ကလေးဆိုးကြီးတစ်ယောက်လို မေးနေလိုက်၏။

"ဖယ်...လွှတ်...လွှတ်ပါ၊ သက်ထားကိုလွှတ်"

သက်ထားသည် ဘုန်းဇော်ဟန် ရင်ဘတ်ကြီးကို သူမ လက်လေးနှင့် တွန်းထောက်ထားရင်းက သူ့ရင်ခွင်ထဲက လူးလွန့် ရုန်းထွက်နေလိုက်သည်။

"မလွှတ်ဘူး...ကိုကိုမေးတာကို မင်းဖြေ"

"အို...သက်ထားက ဘာဖြေရမှာလဲ"

"မင်း ကိုကို့ကို ခွင့်လွှတ်လား၊ ခွင့်မလွှတ်ဘူးလားဆို တာ"

"မသိဘူး...ဘာတွေလဲ၊ လွှတ်ပါ"

"သက်ထားနော်...မင်း ကိုကို့ကို အသည်းယားအောင် မလုပ်နဲ့"

"အို...သက်ထားက ဘာလုပ်လို့လဲ"

"မင်းလေး အဲလိုမေးနေတာကိုက ကိုကို့ကို အသည်း ယားအောင်လုပ်နေတာနဲ့ အတူတူပဲ"

"အဓိပ္ပာယ်မရှိတာနော်"

"အဓိပ္ပာယ်ရှိစေချင်ရင် သက်ထား ကိုကို့ကို ခွင့်လွှတ်





တယ်လို့ ပြောပါလား"

"သက်ထားမှမသိဘဲ"

သည်တစ်ခါ ငြိမ်သွားရသူက ဘုန်းဇော်ဟန်ဖြစ်သည်။ ဘုန်းဇော်ဟန်သည် သက်ထားမျက်နှာလှလှလေးကို တွေတွေကြီး တစ်ချက်စိုက်ကြည့်ပြီး ရင်မှာ ပူလောင်သွားရသည်။

သေချာပါပြီ...သက်ထား သူ့ကို ခွင့်မလွှတ်နိုင်ဘူးဆို တာ။ သက်ထားမျက်နှာလေးက စိတ်ရှုပ်ထွေးနေတာကို သူမြင် လိုက်ရသည်။ သက်ထား သူ့ကိုမုန်းနေသည်က သေချာသည်ပေါ့။ ဒါကြောင့်သာ သူ သက်ထားအပေါ် ဒီလောက်ကြီး တောင်းပန် နေပါရက်နဲ့ သူ့အပေါ် တင်းမာနေရသည်ပဲ။

သူ့မှာတော့ တကယ့်အချစ်စစ်ဆိုတာကို နားလည်လာရ ဘာနှင့်အတူ နှလုံးသားမှာ သက်ထားအား နက်ရှိုင်းစူးနစ်စွာ ချစ်မိ နေရပြီဖြစ်ပေမယ့် သက်ထားကတော့ သူ့အချစ်များကို နည်းနည်း လေးမှ ဂရုမစိုက်၊ အသိအမှတ်ပြု အလေးမထားပါဘဲ သူ့အပေါ် အမုန်းရိပ်များ ရှိနေသည့်အဖြစ်။

"သက်ထား"

"ဖယ်ပါ"

"ဘယ်သွားမလို့လဲ"

"ကျွန်မ ရှေ့မှာပဲ အိပ်တော့မယ်"

"မဟုတ်တာ"

သက်ထား၏ အေးစက်စက်ပုံစံလေးကြောင့် ဘုန်းဇော်ဟန် ရင်မှာ နာကျင်သွားရသည်။

"ရှေ့မှာ သက်ထားတစ်ယောက်တည်း မအိပ်ရဘူး"

"ရှင်နော်"

ဘုန်းဇော်ဟန့်စကားကြောင့် သက်ထားမှာ မျက်နှာရဲ့ရဲ့လေးဖြင့် ရှက်လန့်တုန်လှုပ်စွာ ပြောလိုက်တော့ သက်ထားပုံစံလေးကို စိုက်ကြည့်ပြီး သူ့ရင်ထဲက အချစ်များက ဘယ်လိုမှ ထိန်းလို့မရတော့သည့်အဆုံး ဘုန်းဇော်ဟန်သည် သက်ထားကိုယ်လေးကို ဆတ်ခနဲ ပွေ့ယူမချီကာ ခုတင်ပေါ်တင်လိုက်တော့…

"အို"

သက်ထားသည် ရှက်လန့်တကြားလေး ရုန်းလိုက်သေးသည်။

"ချစ်တယ်…သက်ထားကို ကိုကိုသိပ်ချစ်တယ်"

သက်ထားကိုယ်လေးကို ရုန်းမထွက်နိုင်အောင် သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ပွေ့ဖက်ထားရင်းက သက်ထားမျက်နှာလှလှလေးထက်သို့ သူ့မျက်နှာကြီးက အုပ်မိုးပူးကပ်လျက် ကျရောက်သွား





တော့သည်။

"အို…အို"

ထိုထက်ပို၍ သက်ထားနှုတ်မှ စကားမဆက်နိုင်တော့အောင် လှိုက်လှဲမွှန်းကျပ်လွန်းသည့် ဘုန်းဇော်ဟန် အနမ်းများက သက်ထားပါးပြင်နှင့် မျက်နှာလေးအနှံ့မှ လည်တိုင်နုနုလေးပေါ်သို့ သူ့အနမ်းတွေက ဆက်တိုက်ဆိုသလို ကျလာရလာပြီ။ နောက်ဆုံးမှာတော့ သူ့အနမ်းတွေက သက်ထားနှုတ်ခမ်းနွေးနွေးလေးထက် အချိန်ကြာမြင့်စွာ ရောက်ရှိသွားရတော့သည်။

"သိပ်ချစ်တယ် သက်ထားရယ်၊ ကိုကို့ကို ပြန်ချစ်ပါကွာ၊ ကိုကို့ဘဝမှာလေ သက်ထားမရှိလို့ မဖြစ်တော့ဘူး၊ သက်ထားသာ ကိုကို့ဘဝရဲ့ အလိုအပ်ဆုံး၊ အချစ်မြတ်နိုးရဆုံး ချစ်ဇနီးပါပဲဗျာ"

သက်ထားကိုယ်လေးအား တင်းတင်းလေး ထွေးပွေ့ထားရင်းက သက်ထားနဖူးလေးကို ခပ်ဖွဖွနမ်းရှိုက်ရင်း ချော့မော့နေပေမယ့် သက်ထားရင်မှာ မသာယာနိုင်ပါတော့။

ကိုကို့ထံမှ ချော့မော့နှစ်သိမ့်သည့် စကားများ၊ ကြင်နာယုယမှုများကို မြင်ရတော့ သက်ထားရင်ထဲ ဝမ်းနည်းခြင်းများက နေရာယူသွားကြလေသည်။

ထို့ကြောင့် သက်ထားသည် ဝမ်းနည်းကြေကွဲစွာ သူ့ရင်

ခွင်ထဲကနေ အင့်ခနဲ ရှိုက်ငိုလိုက်တော့ ကိုကိုသည် သက်ထား ကိုယ်လေးကို ပွေ့ဖက်ထားရင်းက သက်ထားကို နူးညံ့သိမ်မွေ့ သော ချစ်ခြင်းများစွာ ပျော်ဝင်နေသော ချစ်မျက်ဝန်းများဖြင့် ငုံ့မိုး ကြည့်လာပြီး…

"မငိုနဲ့…မငိုပါနဲ့ သက်ထားရယ်၊ ကိုကို့အပြစ်တွေကို ခွင့်လွှတ်ပေးပါ၊ ကိုကို သက်ထားကို တကယ်ချစ်ရတာပါဗျာ ဒါကို သက်ထားယုံအောင် ကိုကိုဘယ်လိုလုပ်ပြရမလဲဟင်"

ဘယ်လိုမှ လုပ်မပြပါနဲ့ ကိုကိုရယ်၊ သက်ထား ကိုကို့ အချစ်တွေကို မယုံရဲတော့ပါဘူးရှင်ဟု သက်ထား စိတ်မှဆိုနေ လိုက်၏။

"ကိုကို့ကို ခွင့်လွှတ်ပါကွာ၊ အချစ်ဆိုတာကို တကယ်ပီပီ ပြင်ပြင်မသိဘဲနှင့် သာယာမှုကို အချစ်လို့ထင်ခဲ့တဲ့ ကိုကို့ကို ကိုကို လည်း ခွင့်မလွှတ်နိုင်ပါဘူး၊ တကယ်တမ်း အချစ်ဆိုတာကို သိလာ ရတော့လည်း သက်ထားဆီက အမုန်းကိုသာ ကိုကိုရမယ်ဆိုရင် ကိုကို့နှလုံးသားတွေ ဘယ်လိုမှ ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူး ဒါကို သက်ထား သိရဲ့လားဟင်၊ ကိုကို့အချစ်တွေကို သက်ထား နားလည်ပြီ လား၊ ကိုကို လိုချင်တာ သက်ထားဆီက တုံ့ပြန်လာ မယ့် အချစ်တစ်ခုတည်းပါပဲဗျာ"





မှားခဲ့သည့် အမှားများအတွက် ရင်မှာမချိသည့် နောင်တ နှင့် ဘုန်းဇော်ဟန်မှာ ကိုယ်အပြစ်ကို ကိုယ် ဝန်ချတောင်းပန်ရင်းက သက်ထားအား ပါးလေးနမ်းလိုက်၊ နဖူးလေးနမ်းလိုက်နှင့် တယု ဘယမှ တကယ့်တယုတယကြီးကို ချော့မော့ကာ ကြင်နာချစ်ခင် ဒိုပ်များ ပြနေပေမယ့် သက်ထားထံကတော့ ဘုန်းဇော်ဟန် ကြားလို သည့်စကားများ မကြားရပါပေ။

သက်ထား သူ့အပေါ် စိတ်ဆိုးမပြေသေးတာကို သိလိုက် တော့ သူ့ရင်မှာ နာကျင်သွားပေမယ့် ဘာပဲဖြစ်ဖြစ် ချစ်ဇနီးလေး ကျေနပ်အောင် ချော့မော့နှစ်သိမ့်ရမည်က သူ့တာဝန်မို့ သက်ထား အပေါ် စွဲလမ်းချစ်ခင်တွယ်တာစိတ်များဖြင့် သူမကိုယ်လေးကို ဘင်းတင်းကျပ်ကျပ်ကြီး ပွေ့ဖက်ပစ်လိုက်သည်။

"ခုချိန်ကစပြီး ကိုကိုချစ်တဲ့ သက်ထားကို ကိုကို့အချစ် ကိုကို့မေတ္တာတွေနဲ့ ဆထက်တိုးပြီး ရာသက်ပန် ကြင်နာယုယသွား မယ်ဆိုတာ ကိုကို သစ္စာဆိုရဲပါတယ်၊ သက်ထားကို သိပ်ချစ် ဘယ်"

"ချစ်တယ်သက်ထားရယ်"

တစ်ချိန်က မောင်နှမဆိုတဲ့ သံယောဇဉ် ဘယ်လိုပင် ဘားခဲ့ထားခဲ့ ခုချိန်မှာတော့ သက်ထားအပေါ် ချစ်ဇနီးဆိုသည့်

အသိစိတ်ကလည်း သူ့စိတ်ကို အချိန်အခါ အခြေအနေနှင့် အချစ်များကပါ ပြောင်းလဲလာစေရသည်မို့ ရင်ခွင်ထဲက ချစ်ဇနီးကိုယ်လေးကို လုံးဝပေးမလွှတ်ပေးတော့ဘဲ သူ့ သက်ထားမျက်နှာလေးကို ရင်ခုန်စွာ စူးစိုက်ကြည့်လိုက်သည်။

"သက်ထား"

သူခေါ်ပေမယ့် သက်ထား မထူးပါ။ မျက်နှာလေးလွှဲကာ သူ့ရင်ခွင်ထဲက လွတ်မြောက်ဖို့ကိုသာ ကြိုးစားနေတာမို့ ဘုန်းဇော်ဟန် အသည်းယားသွားရပြီး သက်ထားကိုယ်လေးကို တင်းခနဲ တစ်ချက်ဖျစ်ညှစ်ပစ်လိုက်သည်။

"အင့်"

"အို…လွှတ်ပါ၊ ဘာလုပ်တာလဲ"

"မလွှတ်ဘူး…သက်ထားကို သိပ်ချစ်တယ်၊ ကိုကို့ကို ခွင့်လွှတ်ပြီး မင်းပြန်ချစ်ပြီလားပြော"

"ဟင်"

သက်ထား သူ့အား မျက်စောင်းလှဲ့လှဲ့လေး ထိုးလိုက်တော့ ဘယ်အချိန်ကတည်းက သက်ထားအား စူးစိုက်ကြည့်နေသည်မသိသော ရီဝေစိမ်းညို့သော အကြည့်စိုစိုများက အရည်လှဲ့လှဲ့ပြေးလျှက် တောက်ပနေသော သူ့အကြည့်များကြောင့် သက်ထားရင်တွေ ဖိုနွေး





လှိုက်ဖြာသွားရသည်။

"အို"

"သက်ထား"

"ဖယ်…လွှတ် သက်ထားကိုမခေါ်နဲ့"

"အဟွန်း…ဟွန်း သက်ထားကို မခေါ်လို့ ကိုကိုက ဘယ်သူ့ကို ခေါ်ရမှာလဲဗျာ"

"မသိဘူး…ခေါ်ချင်တဲ့လူသွားခေါ်"

"ကိုကိုခေါ်ချင်တာက ဟောဒီကောင်မလေးတစ်ယောက်ပဲရှိတယ်၊ ဟောဒီကောင်မလေးကိုပဲ ချစ်တယ်၊ သိပ်ချစ်တယ်"

"အမေ့"

"အို"

"သက်ထားကိုလွှတ်"

"ဟင့်အင်း…ရှင်နော်"

"ကြည့်စမ်း…ဘယ်ကရှင်လဲ၊ ကိုကို့ကို မင်းလေး ဘယ်လိုခေါ်လိုက်တာလဲ"

သူ့အား ရှင်လို့ပြောလိုက်သည်ကို မခံမရပ်နိုင်တဲ့ ချစ်ဒေါသတွေနှင့် သက်ထားကိုယ် အိအိနွေးနွေးလေးကို ရင်ခွင်ထဲ နစ်နေအောင် သိမ်းကျုံးဖက်ထားလျှက် စူးရဲသောအကြည့်များဖြင့်

ခပ်စိုက်စိုက်လေးကြည့်ကာ ဆိုလိုက်တော့ သက်ထားမျက်နှာလေးမှာ ရဲတက်သွားရသည်။

"ပြောစမ်း…ကိုကို့ကို ရှင်လို့ပြောဦးမှာလား"

သူ့အမေးကို သက်ထားသည် ဘာမှပြန်မဖြေ မျက်လွှာလေးချကာ ငြိမ်သက်နေလေသည်။

"အေးကွ…မေးတာကိုမဖြေဘူး၊ ဒီလောက်ခေါင်းမာတဲ့ ကောင်မလေး လာခဲ့စမ်း"

"အို…ကိုကို"

"အဟွန်း…ဟွန်း…ဟွန်း"

"ချစ်ရယ်…သိပ်ချစ်တယ်ကွာ"

"ကိုကိုနော်"

"ဟင့်အင်းဆို"

"အို"





## အခန်း (၁၅)

မကြည်ဖြူ မကျေနပ်ပါသည် ဆိုတဲ့ကြားက သူ့အား သက်ထားသည် ခွင့်လွှတ်စကား တစ်ခွန်းမဆိုဘဲ နေလာခဲ့သည့် အိမ်ထောင်ရက်လေးများက ဘာလိုလိုနဲ့ ရက်မှလသို့ပင် တိုင်ခဲ့ပြီ ဖြစ်သည်။

သက်ထားအပေါ် ကိုကို ဘယ်လိုပဲ ကြင်နာယုယံစွာ ဆက်ဆံနေပါစေ သက်ထားသည်ကတော့ ကိုကို့အပေါ် နာကြည်း မုန်းတီးစိတ်များ မပျောက်သေးသည်မို့ ကိုကို့အား မတုန်မလှုပ် အေးစက်စက်ပုံစံလေးနှင့်သာ ပြောဆိုဆက်ဆံနေလေသည်။

တကယ်တော့ သက်ထားလိုချင်သည်က ကိုကို့ထံမှ ဒီလို အကြင်နာ အယုယများကိုမဟုတ်။

ဖြူစင်သန့်ရှင်းသည့် မောင်နှမအချစ်ကို မရရှိတော့သည့်တိုင် ကိုကို့ရင်ထဲက သက်ထားအပေါ် သူ့အလိုလို နားလည်လာသည့် ရင်မှာ ဖြစ်ပေါ်လာရသော အချစ်များကိုသာ လိုချင်ခဲ့သူဖြစ်သည်။

ယခု သက်ထား လိုချင်သည့်အချစ်က ကိုကို့ထံက ရရှိမလာခဲ့။ ဒီတော့ သက်ထားသည်လည်း ရင်နာရသည်ပေါ့။

သို့ပေမယ့် ပြောင်းလဲလာရသော ကိုကို့ပုံစံက သက်ထားအပေါ် တကယ့်ကို လေးလေးနက်နက် ချစ်တတ်လွန်းသူတစ်ယောက်လို ခိုင်မြဲလာသည့် အိမ်ထောင်ရေးဆိုသည့် နှောင်ကြိုးလေးကလည်း သက်ထားနှင့် သူ့ကြားမှာ အထပ်ထပ်အခါခါ ရစ်ပတ်ချည်နှောင်ထားရလေပြီဖြစ်သည်။

ကိုကို့အား ခွင့်မလွှတ်ပါ၊ မုန်းပါသည်ဆိုတဲ့ကြားက သက်ထား၏ဘဝလေးသည်လည်း ကိုကို့ရင်ခွင် ကိုကို့အချစ်များအောက်ကနေ ဘယ်လိုမှ ရုန်းထွက်လို့မရတော့ပြီဆိုတာလည်း သက်ထား ဝမ်းနည်းစွာ သိလိုက်ရလေသည်။

ကိုကို့နှင့် ပတ်သက်သည့် အတွေးစိတ်များက သက်ထားကိုယ်ထဲ ဟိုတစ်စ ဒီတစ်စနှင့် အတွေးများ ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်နေရသော သက်ထားမှာ သူ့မျက်ဝန်းထဲ ကိုကို့မျက်နှာ





ချောချောကြီးက ပေါ်လာရတော့ ရင်မှာ လှုပ်ခနဲ ဖိုနွေးသွားရပြန်သည်။

ကိုကို…ကိုကို သက်ထားကို မချစ်တာလည်းမဟုတ်ဘဲနဲ့ သက်ထားကို ဘာလို့အမုန်းတွေ ပေးခဲ့ရတာလဲ ကိုကိုရယ်၊ သက်ထားကိုသာ ကိုကိုအမုန်းတွေ မပေးခဲ့ဘူးဆိုရင် ခုချိန်မှာ ကိုကို့ကို သက်ထားလည်း…

''ဟင်း''

သူမအပေါ် တစ်ချိန်က ရက်စက်ခဲ့သည့် ကိုကို့အပြုအမူများကို ပြန်မြင်ယောင်ရင်း သက်ထား သက်ပြင်းချလိုက်သည်။

ထိုစဉ်…

''မမလေး…မမလေး''

ခေါ်သံနှင့်အတူ သူမအနား ရောက်လာသည့် အေးပုလေးကို သက်ထား ဘာလဲဆိုသည့် အကြည့်နှင့် ကြည့်လိုက်တော့…

''ဒီမှာ မမလေးအတွက် စာလာလို့ အေးပု ယူလာခဲ့တယ်''

အေးပု ယူလာသည့် စာလေးကို သက်ထား ဖွင့်ဖတ်လိုက်မိသည်။

*သက်ထား…*

*အစ်ကိုစာရေးလိုက်တယ်။ အစ်ကို စာရေးလိုက်လို့ သက်ထား အံ့သြနေလား။ မအံ့သြပါနဲ့ သက်ထား၊ အစ်ကိုလည်း သက်ထားတို့နဲ့ခွဲပြီး ပြောင်းလာရကတည်းက သက်ထားတို့ကို တစ်ရက်မှ မမေ့ပါဘူး၊ ဘုန်းဇော်ဟန်ရော ဘယ်လိုလဲ၊ ဒီကောင် ငါ့ညီမအပေး အရင်လိုမဆိုးတော့ဘူးမို့လား၊ ဒီကောင် ငါ့ညီမအပေါ် ဆိုးနေသေးတယ်ဆိုရင် အစ်ကို့ကို လှမ်းတိုင်နော် သက်ထား၊ အစ်ကို ဒီကောင်ကို ကောင်းကောင်းဆုံးမပေးရမယ်၊ ငါ့ညီမတို့ရော နေကောင်းတယ်မဟုတ်လား၊ အစ်ကိုလည်း နေကောင်းပါတယ်ကွာ၊ ဘုန်းဇော်ဟန်ကိုလည်း အစ်ကိုသတိရတဲ့အကြောင်း ပြောလိုက်ပါဦး။ အစ်ကိုကတော့ ငါ့ညီမတို့နဲ့အတူနေခဲ့တဲ့ အချိန်လေးတွေကိုပဲ သတိရနေမိတယ်၊ ဒီမှာက အစ်ကိုတစ်ယောက်တည်းဆိုတော့ ပျင်းစရာကြီးကွ၊ အစ်ကို့ဆီကို ညီမနဲ့ ဘုန်းဇော်ဟန် လာလည်ကြပါဦး၊ အစ်ကိုကတော့ မင်းတို့လာမယ့်ရက်ကို အမြဲမျှော်နေတယ်၊ ညီမတို့လည်း ကျန်းမာရေးဂရုစိုက်ကြပါ။*

*ဒါပါပဲကွာ…*

*အစ်ကိုမျိုးနောင်*

စာလေးက ဒီမျှနှင့် ဆုံးသွားရပြီဖြစ်သည်။ ဩော်… ဘာလိုလိုနဲ့ အစ်ကိုမျိုးနောင်တစ်ယောက် သူမတို့ရှိရာ ဒီတောင်ပေါ်





မြို့လေးကနေ ခွဲသွားသည်မှာ ကြာခဲ့ပြီပဲလေ။

တာဝန်နှင့် ဝတ္တရားမို့ မခွဲချင်ပေမယ့်လည်း ခွဲရသည်မို့ သူမတို့နှင့်ခွဲကာ သူ့အလုပ်တာဝန်ကျရာ မြို့လေးကို ပြောင်းသွားတော့ ဘာပဲဖြစ်ဖြစ် သက်ထား အားငယ်ကျန်ရစ်ခဲ့တာတော့ အမှန်ပင်ဖြစ်သည်။

အစ်ကိုမျိုးနောင် ရှိပါက ဘာပဲဖြစ်ဖြစ် သက်ထား အတွက် တအားဖြစ်စေရသည်။ ယခုစာသည် သူမထံကို အစ်ကိုမျိုးနောင်ထံက ပထမဦးဆုံး ရောက်လာသော စာလေးဖြစ်သည်။

အစ်ကိုမျိုးနောင် သူမတို့ကို သတိရသေးသည်ဆိုတော့ သက်ထားသည် ကလေးဆန်ဆန် ပျော်သွားမိတာတော့ အမှန်ပဲဖြစ်သည်။

တကယ်တော့ အစ်ကိုမျိုးနောင်သည် သက်ထားအပေါ် တကယ့်အစ်ကိုရင်းတစ်ယောက်လို ကောင်းရှာလွန်းသူဖြစ်သည်။

ထို့ကြောင့် သက်ထားကလည်း အစ်ကိုမျိုးနောင်အပေါ် အစ်ကိုရင်းတစ်ယောက်လို ခင်မင်ရခြင်းဖြစ်သည်။

သက်ထားမှာ အစ်ကိုမျိုးနောင်ထံမှ စာလေးကို ဖတ်ပြီးသည်နှင့် မျက်နှာလှလှလေးထက်တွင် ကျေနပ်ရိပ်ဖြင့် အပြုံးလှလှလေး ခိုတွဲသွားရကာ အစ်ကိုမျိုးနောင်ထံမှ စာလေးကို သိမ်းရန်

အတွက် ထိုင်ရာမှ ရုတ်တရက်ထလိုက်တော့…

"အို"

"မြတ်စွာဘုရား"

"မူး…မူးလိုက်တာ"

ရုတ်တရက်မှာတော့ ကမ္ဘာကြီးသည် ချာချာလည်သွားသလား ထင်ရသည်။ သက်ထားမှာ ကိုယ့်ကိုယ်ကို ဆက်လက်ရပ်တည်ဖို့ပင် မတန်နိုင်တော့သည်မို့ နေရာမှာ ပြန်ထိုင်ရန် ကြိုးစားလိုက်ပေမယ့် တလှပ်လှပ် မူးဝေနောက်ကျိလာရသည့် ရင်မှာ ပျို့တက်လာရသော ဝေဒနာကြောင့် ဘယ်လိုမှ မဟန်နိုင်တော့ဘဲ နောက်ဆုံးမှာတော့ သက်ထားသည် အသိနှင့် ခန္ဓာ လွတ်သွားရလေတော့သည်။

"ဒေါက်တာ…သက်ထားအခြေအနေ"

"အဟွန်း…သိပ်လည်းမစိုးရိမ်ပါနဲ့ ဦးဘုန်းဇော်ဟန် ခင်ဗျားဇနီးက အားလုံးအိုကေပါပဲ၊ အဲ…ဒါပေမယ့် ခင်ဗျား အတွက် တစ်ခုထူးတာက"

ပြောလက်စစကား ရပ်သွားရသည့် ဒေါက်တာဖေသိန်းကြောင့် ဘုန်းဇော်ဟန်က သက်ထားအတွက် စိုးရိမ်စိတ်များနှင့် သိလိုစိတ်များ ပို၍ပြင်းပြလာရကာ…





"ဘာဖြစ်လဲ ဒေါက်တာ၊ သက်ထား ဘာဖြစ်လဲ၊ ကျွန်တော့်အတွက် ဘာထူးတာလဲ"

"ဟား…ဟား…ဟား ပြောမှာပေါ့ဗျာ ဖြည်းဖြည်းပေါ့၊ ဒါမျိုးဆိုတာက ဖြည်းဖြည်းချင်း ပြောရတယ်ဗျာ"

"အဟွန်း…ဒေါက်တာကလည်း အချင်းချင်း လှို့နေပြန်ပြီ၊ ဘာများလဲ၊ ကျွန်တော်သိချင်လှပြီဗျာ"

"ခင်ဗျားဇနီးက ခင်ဗျားအတွက် ရတနာလေး မွေးပေးတော့မှာဗျာ"

"ဗျာ"

"ဘယ်လို…ဘယ်လိုဒေါက်တာ၊ ဒေါက်တာ ဘာပြောလိုက်တာလဲ၊ ကျွန်တော့်ကို ရှင်းအောင်ပြောစမ်းပါဗျာ"

"ရှင်းအောင်ပြောရရင်တော့ ခု ခင်ဗျားဇနီးမှာ ခင်ဗျားရဲ့ ကိုယ်ဝန်ရှိနေပြီဆိုတာပဲ"

"ဟာ"

"ဒေါက်တာ…ဒါ…ဒါ တကယ်ပဲလားဗျာ၊ ကျွန်တော် ကျွန်တော် ကလေးအဖေဖြစ်တော့မယ်ပေါ့နော်၊ ဟုတ်လား ဒေါက်တာ ပြောစမ်းပါ"

"ဟုတ်ပါတယ်ဗျာ…ကိုဘုန်းဇော်ဟန် မကြာခင်

ကလေးအဖေ ဖြစ်တော့မှာပါ၊ ခင်ဗျား ဝမ်းသာပေတော့"

ဘုန်းဇော်ဟာန်မှာ ကြားလိုက်ရသည့် စကားအတွက် သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်သွားရသည်။

ဒီစကားက သူ့အတွက် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူးတဲ့ စကားပင်ဖြစ်သည်။ သူ့အတွက် သက်ထားသည် ဒီလောက် အဖိုးမဖြတ်နိုင်သည့် ရတနာကို လက်ဆောင်အဖြစ် ပေးလိမ့်မည်ဟုလည်း ဘယ်လိုမှ စိတ်မှာ ထင်မထားခဲ့သမျှ ယခု ယခုတော့ဖြင့်…

"ဟား…ကိုကို့သက်ထားရယ်"

ရင်ခုန်ခြင်း၊ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်းတွေနှင့် ဘုန်းဇော်ဟာန် ပင့်သက်ရှည်ကြီးကို ချလိုက်ပြီး ရင်မှာလှိုက်ဖိုခြင်းများစွာဖြင့် တသိမ့်သိမ့်ကြည်နူးပီတိများ ဖြာသွားရသည်။

သက်ထားထံမှ ပျောက်ဆုံးသွားသော အကြင်နာလေးများ မရတော့ဟု သူထင်ထားသမျှ ယခုတော့ နှောင်ကြိုးဆိုသည့် မမြင်မတွေ့ရသေးသည့် ရင်သွေးလေးကြောင့် သူသည် သက်ထားထံမှ ထိုအရာလေးများကို ပြန်လည်ရရှိတော့မည်မို့ တကယ့်ကို လှိုက်လှဲစွာ ပျော်ရွှင်မြူးနေသည့်အဖြစ်။

သည်အဖြစ် ဒီအပျော်တွေက သူ့အတွက် ဘာနဲ့မှ မလဲ





နိုင်။ သူ့ဘဝတွင် သူ့အချစ်ဆုံးဇနီး၊ သူ့အချစ်ဆုံး သားသမီးနှင့် ပြည့်စုံတော့မည်မို့ သူ့ရင်ထဲက အပျော်တွေကို ဘယ်သူသိနိုင်မှာတဲ့လဲ။

သက်ထားရယ်…မင်းလေးအပေါ် ကိုကို့အမှားတွေ လုပ်ခဲ့တဲ့ အပြစ်တွေအတွက် သက်ထားကို ကိုကို့တစ်ဘဝလုံးနဲ့ ပေးဆပ်ပြီး ကျေနပ်အောင် တောင်းပန်သွားပါမယ် အချစ်ရယ်။

သက်ထားအပေါ် တစ်ဖက်သတ် အနိုင်ယူခဲ့သည့် အဖြစ်တွေအတွက် ချစ်သူလေး၏ မျက်နှာလှလှလေးကို ငေးစိုက်ကြည့်ရင်းက ရင်မှာ ထိုစကားများကို လေးနက်စွာဆိုရင်း တောင်းပန်နေလိုက်သည်။

သည်နောက် သူ့အကြည့်များက အိပ်ရာထက်တွင် ယခုထက်တိုင် သတိမရသေးသော သက်ထားမျက်နှာလေးကို ငေးကြည့်လျက် နဖူးပေါ်ဝဲကျနေသည့် ဆံနွယ်လေးများကို ဖွဖွညင်ညင် သပ်တင်ပေးလိုက်၏။

သက်ထားရယ်…ချစ်လိုက်ရတာဗျာ။

သိပ်လှသော ချစ်သူမျက်နှာလှလှလေးကို ငေးစိုက်ကြည့်ရင်း ဘုန်းဇော်ဟာန်ရင်မှာ အချစ်စိတ်များ အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်လာရသည်။

ဒေါက်တာဖေသိန်းမှာ သက်ထားအား စိတ်မပူဖို့ပြောပေမယ့် မနေနိုင်သူ သူ့မှာတော့ သက်ထားအတွက် ရင်မအေးနိုင်သည်မို့ သက်ထားအနားတွင် စောင့်ကြည့်ရင်း သူမအိပ်ရာဘေးနား ဝင်ထိုင်လိုက်သည်။

"ဟင်"

"ဘာပါလိမ့်"

သူမခေါင်းအုံးအောက်တွင် တစ်စွန်းတစ်စ ထွက်နေသည့် အရာလေးကို တွေ့လိုက်တာကြောင့် ဘုန်းဇော်ဟန်သည် ဘာရယ် မဟုတ် ယူကြည့်လိုက်တော့ ဓာတ်ပုံများကို တွေ့ရလေသည်။

"ဘယ်သူ့ပုံတွေပါလိမ့်"

"ဟင်"

"နွယ်...နွယ်ပါလား"

ယောကျ်ားတစ်ဦးနှင့် ကဲချင်တိုင်းကဲ၊ ဖြစ်ချင်တိုင်းဖြစ်နေသော နွယ်၏ဓာတ်ပုံများကို မြင်တွေ့လိုက်ရသဖြင့် ဘုန်းဇော်ဟန်မှာ အံ့သြမှုတို့နှင့် ကိုယ့်မျက်စိကို ကိုယ်ပင် မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

ဘာတွေဘယ်လို ဖြစ်ကုန်တာပါလိမ့်။

သက်ထားကရော ဒီပုံတွေကို ဘယ်ကရလို့ သူမထံမှာ





ဘယ်အချိန်ကတည်းက ရှိနေတာပါလိမ့်။

ဒါဆို သက်ထားသည် နွယ်ရဲ့ အကျင့်စာရိတ္တပျက်စီးမှုအပေါ် ဟိုအရင်ကတည်းက သိနေတာပါလားဆိုသည့် အတွေးကဝင်လာရတော့ သက်ထားအပေါ် အထင်အမြင် မှားခဲ့သည့် သူ့အဖြစ်များအတွက် သူ့ကိုယ်သူ ယူကျုံးမရသည့်စိတ်နှင့် နောင်တရလို့ မဆုံးနိုင်အောင် ဖြစ်သွားရသည်။

သက်ထား...သက်ထားရယ် ကိုကို မင်းလေးအပေါ်မှာ အရမ်းကို အထင်လွဲခဲ့ပါလား ကလေးရယ်၊ မင်း...မင်း ကိုကို့ကို ခွင့်မလွှတ်နိုင်တာ ဘာကြောင့်လဲဆိုတာ ခုတော့ ကိုကိုသိရပါပြီဗျာ။ သိရပါပြီ။ ဒီအတွက် မင်းကြိုက်သလိုသာ ကိုကို့ကို အပြစ်ပေးပါတော့။ ကိုကို မင်းပေးတဲ့အပြစ်ကို ခံယူဖို့ အသင့်ပါပဲကွာ။

နောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့် ဘုန်းဇော်ဟန်မှာ သက်ထားမျက်နှာလေးကို ချစ်မြတ်နိုးစွာ စိုက်ကြည့်လျက် သတိလက်လွှတ် တီးတိုးဆိုလိုက်သည်။

တစ်ဆက်တည်း နွယ်လိုမိန်းမနှင့် ပတ်သက်ခဲ့တဲ့ သူ့ကိုယ်သူလည်း အော့နှလုံးနာလွန်းသည်မို့ နွယ်ဆိုတာနှင့် အသံပင်မကြားချင်လောက်အောင် ရင်မှာ အမုန်းကြီး ရွံမုန်းနာကြည်း ကြောက်ရွံ့သွားရလေတော့သည်။

ထို့အတူ···။

သူ့ဘဝ၊ သူ့နှလုံးသား၊ သူ့အချိန်များကိုလည်း ကြင်သူ သက်ထား ချစ်ဇနီးလေးနှင့် မမြင်ရသေးသည့် ရင်သွေးလေးအတွက် ပေးဆပ်မြှုပ်နှံရန်နှင့် သူ၏ ရှေ့ဆက်ရမည့် အိမ်ထောင်ရေးကိုလည်း ချစ်ဇနီးလေးနှင့်အတူ သာယာပျော်ရွှင်ဖွယ် ကောင်းသည့် မိသားစု ဘဝလေးအဖြစ် တူထောင်ရန်ကိုလည်း ရင်မှာ ဆုံးဖြတ်လိုက်လေသည်။

"အင်း···အင်း"

"ဟင်"

"သက်ထား···သက်ထား"

"သတိရလာပြီလား သက်ထား၊ ကိုကိုလေ···ကိုကို မျက်စိဖွင့်ကြည့်ပါဦး"

အသံက ဝေးသွားလိုက် နီးလာလိုက်နှင့် ရှိနေရာမှ တဖြည်းဖြည်း အသံရှင်ကို ကောင်းစွာမှတ်မိလာသည့်အခါမှာတော့···

"အို"

ဖျတ်ခနဲ မျက်လုံးလေး ဖွင့်လာရသည့် သက်ထားမှာ သူမမျက်နှာကို စိုးရိမ်ပူပန်မှုများဖြင့် အပေါ်စီးမှနေ အုပ်မိုးငုံ့စိုက်





ကြည့်နေသော ကိုကို့မျက်နှာချောချောကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရတာမို့ နီမြန်းနေရသော ရှက်မျက်နှာလေးနှင့် အိပ်ရာမှ ငေါက်ခနဲ ထထိုင်မိလျက်သား ဖြစ်သွားရသည်။

"ဟာ···မထနဲ့လေ သက်ထား၊ လှဲနေပါ၊ နေကောင်းသေးတာလည်း မဟုတ်ဘဲနဲ့"

"သက်ထား···ဘာဖြစ်တာလဲဟင်"

ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ဖြစ်မှန်း မသိသည့် သက်ထား၏ ဖြူစင်ရိုးသားမှုလေးကိုကြည့်ပြီး ဘုန်းဇော်ဟန်သည် သက်ထားအပေါ် အချစ်များ ပို၍တိုးသွားရလေသည်။

သက်ထားရယ် မင်းလေးဟာ ကိုကိုထင်တာထက်တောင် ပိုပြီး ရိုးသားဖြူစင်သူလေးပါလားကွယ်။

"ပြောလေ···သက်ထား ဘာဖြစ်တာလဲလို့"

မထင်မှတ်ဘဲ သူ့အပေါ် နွဲ့သလိုဖြစ်သွားရတာမို့ သက်ထားမျက်နှာရဲရဲလေးဖြင့် ရှက်သွေးဖြန်းသွားရသည်။

ဒါကိုကြည့်ပြီး မချင့်မရဲဖြစ်သွားရသူ ဘုန်းဇော်ဟန်မှာ ချစ်ဇနီးလေး၏ အရှက်သည်းနေမှုကို မသိဟန်ပြုကာ···

"သက်ထားမူးလဲလို့"

"အို"

ဟုတ်ပေသားပဲ၊ ရုတ်တရက် သက်ထားသည် သူမ မှုးလဲသွားရသည့်အဖြစ်ကို သတိရသွားမိသည်။

သူမကိုယ်သူမလည်း ယခုတလော ဘာဖြစ်လို့ဖြစ်နေမှန်း ပင်မသိ။ အစားအသောက်များ ပျက်ကာ လူက ရင်မှာတလှပ်လှပ် နှင့် နေရခက်သည့်ဝေဒနာတစ်မျိုးက ရင်မှာ ခံစားနေရတာ အမှန် ဖြစ်သည်။

"သက်ထားကိုယ် သက်ထား ဘာဖြစ်တာလဲ သိလား"

"ဟင့်အင်း"

အပြုံးလွန့်လွန့်နှင့် မေးလာသည့် ကိုကို့စကားကို သက်ထားသည် အမှန်တကယ်မသိတာမို့ ခေါင်းလေးခါပြလိုက် သည်။

"အဟွန်း…ဟွန်း…ဟွန်း"

"အို…သက်ထားကိုကြည့်ပြီး ဘာရယ်တာလဲလို့"

"ကိုကိုဝမ်းသာလို့ပါဗျာ"

"ရှင်နော်…သက်ထား နေမကောင်းဖြစ်တာကို ဝမ်းသာ တယ်ဟုတ်လား"

သူမ နေမကောင်းဖြစ်သည်ကို ဝမ်းသာရမလားဆိုပြီး လှပလွန်းသော မျက်နှာလေးကို စူတင်းတင်းလေးထားရင်းက



ကလေးတစ်ယောက်လို ရန်တွေ့နေသော သက်ထားကို ဘုန်းဇော် ဟန်သည် အသည်းယားစွာ စိုက်ကြည့်ပစ်လိုက်ရင်း…

"ဟေး…ဘယ်နှယ် လူကိုရန်လုပ်နေရတာလဲကွ၊ သက်ထား နေမကောင်းတာ ကိုကိုက ဝမ်းသာပါ့မလား"

"ဒါဆို လူကိုကြည့်ပြီး ဘာလို့ရယ်တာလဲ"

သက်ထားမှာ ကျွဲမြီးတိုစွာ ရန်တွေ့ရင်း မျက်စောင်းထိုး လိုက်မိသည်။

ဘုန်းဇော်ဟန်မျက်နှာက ပြုံးစိစိ။

သူ့လက်အစုံက သက်ထားလက်လေးတစ်ဖက်ကို တင်း တင်းဆုပ်ကိုင်လိုက်တော့ သက်ထားသည် သူ့လက်ထဲက သူမ လက်ဆေးကို ရုန်းယူလိုက်သည့်တိုင် ဘုန်းဇော်ဟန်သည် သက်ထား လက်လေးကို မလွှတ်ပါ။ မလွှတ်သည့်အပြင် ပို၍ပင် တင်းတင်း ကျပ်ကျပ်ကြီး ဆုပ်ကိုင်ထားလိုက်ရင်းက…

"ကိုကို့မိန်းမ ဒုက္ခရောက်နေတာကို ကိုကိုက ကြည့်ပြီး ရယ်ပါ့မလားဗျာ၊ ခင်ဗျားလေးကိုကြည့်ပြီး ကိုကိုရယ်တာက ဝမ်းသာလွန်းလို့ဗျာ ဝမ်းသာလွန်းလို့"

"ရှင်နော်…ဘာဝမ်းသာစရာရှိလဲ"

"အဟွန်း…ဟွန်း ရှိတာပေါ့ကွာ၊ ဘယ့်နှယ်ပြောပါလိမ့်

ခု သက်ထား ဘာဖြစ်တာလဲသိလား"

"ဟင်…မသိပါဘူးဆို"

"မသိရင်မှတ်ထားလိုက် ခင်ဗျားလေးမှာလေ ခု ကိုကို့ရဲ့ ရင်သွေးလေး ရှိနေပြီတဲ့"

"ရှင်"

"ဟို…ဟို ဒါတကယ်…တကယ်လားဟင်"

"တကယ်ပေါ့ သက်ထားရဲ့"

"အို"

သက်ထားသည် သူမအဖြစ်ကို သူမ မယုံကြည်နိုင်ခြင်းများစွာဖြင့် အံ့ဩမှင်သက်သွားရသလို ရင်သွေးဟူသောအသိကြောင့်လည်း သူမကိုယ်ထဲရှိ အကြောပေါင်းများစွာက ကိုယ်ထဲ စိမ့်တက်သွားရသည်။

ဘုရားရေ…။

သူမကြားရတာတွေဟာ အမှန်တွေပဲလား။ ဒါ…ဒါတွေဟာ တကယ့်အဖြစ်အပျက်တွေပဲပေါ့။

သက်ထားကား ရင်တွင် တစ်ခါမှ မခံစားဘူးသည့် ခံစားမှုများဖြင့် ရင်ထဲတွင် ဘယ်ကဘယ်လို ရောက်ရှိလာသည်မသိတဲ့ ကြည်နူးခြင်းပီတိများက သူမနှလုံးသားထဲထိတိုင် နက်ရှိုင်းစူးနစ်



စွာဖြင့် ထိုးဖောက်သွားရသည်။

တစ်ဆက်တည်း သူမသည် သားရဲ့မိခင်ဖြစ်ရတော့မှာပါလားဆိုတဲ့ အသိက ဝင်လာရတော့ သက်ထားတစ်ကိုယ်လုံး သိမ့်သိမ့်လေးနှင့် ငြိမ့်ငြိမ့်လေး ခံစားသွားရသည်။

ထို့အတူ ရင်ထဲတွင် စိတ်လှုပ်ရှားလွန်းသလို ပျော်သလိုလို ငိုချင်သလိုလိုနှင့် ဝေဒနာရသပေါင်းစုံကလည်း ရင်ထဲ တဖျပ်ဖျပ် ခါလူးနေရသည်။

"သက်ထား"

"….."

"သက်ထား"

အိထွေးမွေးမြသော ပျော့ပျောင်းနူးညံ့တဲ့ အတွေ့အထိလေးများကြောင့် ဘုန်းဇော်ဟန်သည် နှလုံးသားတွေ တဒိတ်ဒိတ်ခုန်နေရသလို ချစ်ရသူလေး၏ အရှက်သည်းနေမှုများကြောင့်လည်း နှလုံးသားလေးက တုန်ခါမတတ် သွေးကြောလေးများ ပွက်ပွက်ဆူနေရသည်ကိုတော့ ချစ်သူလေး သိလိမ့်မည်မဟုတ်ပါ။

သူ့မှာသာ ပေါက်ကွဲချင်နေရသည့် သူ့ရင်ထဲက အချစ်စိတ်များကို ထိန်းချုပ်ထားရင်း သူ့အား သိပ်ရှက်နေသည့် ချစ်ဇနီးချော၏အဖြစ်ကို မြတ်နိုးစွာ ငုံ့မိုးစိုက်ကြည့်ရင်းက ဆံနွယ်ပျော့ပျော့

လေးများကို သူ့လက်များဖြင့် တို့ထိလျက် ဖွဖွဆော့ကစားနေလိုက်သည်။

"သက်ထား"

သူ့အသံက အချစ်၏စွမ်းအားကြောင့် နူးညံ့သိမ်မွေ့လျက် ချိုမြိန်နွေးထွေးနေရသည်။

"သက်ထား"

"အို...လူကိုဘာဖြစ်လို့ ခဏခဏခေါ်နေရတာလဲ"

"ခဏ...ခဏမခေါ်စေချင်ရင် ကိုကိုခေါ်ရင် ထူးပါလားကွ"

"မထူးချင်ပါဘူး"

"ဘာဖြစ်လို့"

"မုန်းလို့"

"ဘယ်သူ့ကိုမုန်းတာလဲ"

"ရှင့်ကို"

"ရတယ်...ရှင့်ကိုမုန်း၊ ကိုကို့ကိုတော့ မင်းလေးမမုန်းနဲ့"

"ဟာ...မသိဘူး...သွား"

"အဟွန်း...ဟွန်း...ဟွန်း"

သက်ထားမှာ သူမစကားနှင့်သူမ ချောင်ပိတ်မိသွားရသည်



မို့ သူ့ရင်ခွင်ထဲကနေ ရုက်ရုက်နှင့် ရွတ်ရုန်းထွက်လိုက်သည်။

သို့သော်...

ဘုန်းဇော်ဟန်သည် သက်ထားအား နည်းနည်းလေးမှ မလွှတ်ပေးသည့်အပြင် ပို၍ပင် တိုးဖက်ထားလိုက်ပြီး...

"အေး...ဘာလို့ ဒီလောက်ရုန်းနေရတာလဲ"

"ဟင့်အင်း...ဟင့်အင်း"

ဘုန်းဇော်ဟန်မှာ သူ့ရင်ခွင်ထဲက သက်ထားမျက်နှာလေးကို ဆွဲမော့ယူဖို့ ကြိုးစားပေမယ့် သက်ထားသည် လက်မခံပါ။

နီရဲတောက်ပနေသော မျက်နှာလေးဖြင့် သူ့ရင်ခွင်ထဲမှာ သူမ မျက်နှာလေးကို ဖွတ်ဖွက်ထားတာမို့ သူပြုံးမိသွားရသည်။

"ကိုကို့ကိုချစ်လား"

သက်ထား မဖြေပါ။

ထိုအခါ ထုံးစံအတိုင်း ချစ်ရသူအပေါ် မချင့်မရဲဖြစ်ရသည့် ဘုန်းဇော်ဟန်မှာ အသည်းယားလာရသည်။

ဒါကို သူမကမသိ။ သူ့ရင်ခွင်ထဲကသာ ရုန်းထွက်ဖို့ ကြိုးစားနေသည်မို့ သူမကိုယ်လေးကို သူ ချစ်အသည်းယားစွာဖြင့် တအားဆွဲဖျစ်ညှစ်လိုက်သည်။

"အင့်"

"ဘာလုပ်တာလဲ၊ အသက်ရှုကျပ်တယ်၊ လွှတ်...လွှတ်ပါ"

"ရှင်နော်"

"ကြည့်စမ်း...ဒီလိုခေါ်တာ မကြိုက်ပါဘူးပြောရက်နဲ့ အမှတ်မရှိ ကောင်မလေး မင်းတော့လား"

"အို...ကိုကို"

"ဟောဗျာ"

"အဟွန်း...ဟွန်း...ဟွန်း"

သက်ထားကိုကြည့်ပြီး ဘုန်းဇော်ဟန် မရယ်ဘဲမနေနိုင်အောင် ဖြစ်သွားရသည်။

"ဟား...သက်ထား...သက်ထားရယ်"

ဘုန်းဇော်ဟန်ကား သူ့ရင်ထဲ ဘယ်လောက်ထိ ပျော်ရွှင်မြူးတူးသွားရသည်မသိပါ။

ရင်မှာဖုံးဖိမရသည့် ပျော်ရွှင်မှုများကြောင့် သက်ထားအား ခပ်ကြမ်းကြမ်းလေး မွေးကြူပစ်လိုက်တော့ သက်ထားသည် ရှက်ရွံ့တုန်လှုပ်ခြင်းများစွာဖြင့် သူ့ကိုယ်ကြီးအား တွန်းဖယ်ကာ အနားကလှည့်ထွက်ပြေးရန်အလုပ်...

"ဟော့...နေဦးလေ"





နေရာမှ ချာခနဲလှည့်ထွက်ပြေးရန် ပြင်သူလေးကို ဘုန်းဇော်ဟန်သည် အလွှတ်မပေးဘဲ တင်းတင်းကျပ်ကျပ်ကြီး ထွေးဖက်ထားလိုက်သည်။

"ဖယ်...ဖယ် လွှတ်ပါ"

သူ့အား သက်ထား သိပ်ရှက်သွားမှန်း သိလိုက်တာမို့ ကြည်နူးကျေနပ်ခြင်း ပီတိများနှင့် မျက်နှာလှလှလေးပေါ် အုပ်မိုးကာထားသည့် သက်ထားလက်လေးနှစ်ဖက်ကို အသာဆွဲယူဖယ်လိုက်တော့ သက်ထားသည် အရှက်ကြီး ရှက်နေသည့် မျက်နှာလေးဖြင့် အတင်းပင် ကွယ်နေသည်မို့ ဘုန်းဇော်ဟန်မှာ ချစ်ဇနီးလေး၏ အရှက်သည်းနေမှုကို မြတ်နိုးခြင်းများစွာဖြင့် ကြည့်လျက်စိတ်ထိန်းမရစွာ ခပ်ဖွဖွရယ်မောမိသည်။

ဘုန်းဇော်ဟန်မှာ ရင်မှာပျော်ရွှင်ခြင်း ပီတိများဖြင့် မြတ်နိုးမဆုံးနိုင်အောင် ရှိနေရသည်။

"သိပ်ချစ်တယ် သက်ထားရယ်"

"အို...ဟင့်အင်း"

"ကိုကို့ကို ချစ်တယ်လို့ပြော"

ချစ်ဇနီးအဖြစ်နဲ့လည်း ရင်မှာ သက်ထားအား မြတ်မြတ်နိုးနိုး ချစ်မိပြီမို့ သက်ထားဆီမှ တုံ့ပြန်လာမည့် ချစ်စကားများကို

ဘုန်းဇော်ဟန် ကြားချင်နေရသလို ဟိုတုန်းကလို ဂယုတယ မြတ်မြတ်နိုးနိုးနှင့် ချစ်တတ်သော သက်ထား၏ တွယ်တာမြတ်နိုးခြင်းကိုသာ သူပိုင်ဆိုင်လိုခွင့် ရရှိချင်တော့သည်။

"သက်ထား"

"သူနော်...တော်ပြီဆို"

သူ့အား ခွင့်လွှတ်သည်၊ ချစ်ပါသည် မပြောပေမယ့် ညင်သာပျော့ပျောင်းနေရသည့် ရုက်မျက်နှာလှလှလေးနှင့် သူ့အပေါ် ကျန်ရှိနေသေးသည့် သံယောဇဉ်လက်ကျန် အရိပ်အငွေ့များကို သက်ထားထံမှ ဘုန်းဇော်ဟန် မြင်တွေ့လိုက်ရတော့ သူ့မျက်နှာ ချောချောကြီးထက်ဝယ် ပီတိရိပ်များ လျှမ်းတက်လာရလေသည်။

ထို့ကြောင့် သက်ထားမျက်နှာလေးကို ဖွတ်ဆွဲမော့ယူရင်း နဖူးချင်းထိကာ ချစ်သူမျက်နှာလေးကို အပြုံးများနှင့် ချစ်မြတ်နိုးစွာ စိုက်ကြည့်ပစ်လိုက်ပြီး...

"သက်ထား"

"အို...ဘယ်လိုဖြစ်နေတာလဲ လွှတ်စမ်းပါ"

"အဟွန်း...ခင်ဗျားလေးကို ဒီကကောင်က သိပ်ချစ်နေမှတော့ ဘယ်လိုလုပ် လွှတ်နိုင်တော့မှာလဲဗျာ"

"သွားပါ...ဒီစကားတွေကို သက်ထားကို လာမပြောနဲ့၊





သူ့နှယ်ကိုသွားပြော"

"ဘယ်ကသူ့နှယ်လဲ...ကိုကို့မှာ ဘယ်ကနှယ်မှ မရှိတော့ဘူး၊ ကိုကို့ရင်ထဲမှာရှိတာ ဟောဒီက ကိုကို့ဇနီးလေး တစ်ယောက်ပဲရှိတယ်၊ ဒီကောင်မလေးသာ ကိုကို့ကို ပြန်မချစ်ရင် ကိုကို့ဘဝဟာလည်း ပျက်သွားနိုင်တယ်ဆိုတာ မင်းလေးသိလား"

"ဟွန်း...မပျက်အောင် နှယ့်ဆီသွားပေါ့"

"ဟင့်အင်း...သူ့ဆီမသွားချင်ဘူး၊ သက်ထားဆီပဲ သွားချင်တယ်"

"အို"

သူ့အနမ်းများကြောင့် သက်ထားထံမှ စကားသံလေးများ တိတ်ဆိတ်သွားရလေသည်။

"သက်ထားရယ်"

"ကိုကို့အသက်ရယ်"

ဘုန်းဇော်ဟန်မှာ သက်ထားကိုယ်လေးကို ဖျစ်ညှစ်ရင်း ပါးပြင်နုနုကို ဖွဖွရှိုက်နမ်းလိုက်သည်။

"သက်ထား ကိုကို့ကို ချစ်တယ်နော်"

"သိရက်နဲ့"

အသံလေးက ခပ်ဆောင့်ဆောင့် မျက်နှာလေးက ဆေးနီ

ပက်ဖြန်းသလို ရဲရဲတောက်နေပုံလေးကြောင့် ဘုန်းဇော်ဟန် အသည်းယားစွာ ပြုံးလိုက်သည်။

“သက်ထားနှုတ်ကမပြောဘဲ ကိုကိုက ဘယ်လိုလုပ်သိမှာတုန်းဗျာ”

“ပြော…ကိုကို့ကိုချစ်လား”

“နွယ့်ကိုလည်း အဲလိုပဲမေးခဲ့တာ မဟုတ်လား”

“ကြည့်စမ်း…ခုချိန်မှာ ဘယ်ကနွယ်က ပါလာရတာလဲ၊ နွယ်ဆိုတာ မရှိတော့ဘူး၊ ကိုကို့ချစ်ဇနီးလေးပဲ ကိုကို့ဘဝမှာ ရှိတယ်၊ ပြောစမ်းပါကွာ ကိုကိုကြားချင်လှပြီ၊ ဒီကောင့်ရင်မှာ မင်းလေးကြောင့် ဘယ်လောက်ခံစားရလဲဆိုတာ ခင်ဗျားလေးသိရဲ့လား”

“မသိချင်ပါဘူး…နွယ်သွားပြော”

ဘုန်းဇော်ဟန် ဘာကိုဆိုလိုသည်ကို သိသည့် သက်ထားကလည်း ထိုစကားကို မဆိုင်းမတွ ပြန်ဖြေလိုက်လေသည်။

သို့ပေမယ့် စကားသံကတော့ စောစောကလောက် မတင်းမာတော့။ ထို့အတူ ခက်ထန်ခြင်းလည်း မရှိတော့ပါ။

နှုတ်ဖျားက မုန်းပါသည် နာကြည်းပါသည် ဘယ်လိုပင်ဆိုဆို တကယ်တမ်းကြတော့ တွယ်ငြိနိုင်မြဲနေရသော သံယောဇဉ်များကြောင့် ဘုန်းဇော်ဟန်ကို သက်ထား မမုန်းနိုင်ခဲ့။





ယခင်က ဘုန်းဇော်ဟန်အပေါ် ဘယ်လောက်ပဲ ဒေါသဖြစ်ခဲ့၊ စိတ်ဆိုးနာကျင်ခဲ့သော်လည်း အခုချိန်မှာတော့ တင်းထားသမျှ မာနများကလည်း သက်ထားထံကနေ ဘယ်ဆီကို လွင့်စင်ပျောက်ကွယ်ကုန်သည် မသိတော့ပါ။

သူမရင်ထဲ အမုန်းလက်ကျန်များ မရှိတော့လောက်အောင် ညင်သာပျော့ပျောင်းနေသည့် အပြုအမူလေးများက သူမအတွက် သက်သေခံနေသလို အမုန်းနေရာမှာ အချစ်များ အစားထိုးအနိုင်ယူသွားကြသည် ထင်ပါရဲ့။

သက်ထားကိုကြည့်ကာ ဘုန်းဇော်ဟန် ပြုံးလိုက်သည်။ တကယ်တော့ ဘုန်းဇော်ဟန်သည်လည်း လူပါးပေမို့ သက်ထားရင်ထဲက ပြောင်းလဲနေရသည့် အခြေအနေကို သူဒီလောက်တော့ သိသည်ပေါ့။

ဒါကြောင့်လည်း သက်ထားကိုယ်လေးကို ကြင်နာမြတ်နိုးခြင်းများစွာဖြင့် တိုးဖက်လိုက်တော့ သက်ထားမျက်နှာလေး ရဲခနဲဖြစ်သွားရသည်။

“လွှတ်ပါ…သူ့နွယ်ဆီသွားဆိုတာ”

“အေး…ဒီလောက်တောင် နွယ် နွယ်နဲ့ ပြောချင်တဲ့ကောင်မလေးကို အပြစ်ပေးရမယ်၊ လာခဲ့”

"အို…အမေ့"

"သိပ်ချစ်တာပဲ သက်ထားရယ်"

"ကိုကို့ကို ချစ်လားဟင်"

သက်ထားမျက်နှာလေးကို မြတ်နိုးစွာ ရှိုက်နမ်းရင်းက လှိုက်မောစွာ မေးလာသည့် သူ့အသံက နူးညံ့ညင်သာလွန်းလှကာ အချစ်ရည်တွေ ပျော်ဝင်စီးဆင်းနေရ၏။

ရဲပဒေါင်းခတ်နေရသော မျက်နှာလေးနှင့် သက်ထားသည် သူ့အား ရှက်နေပုံရလေသည်။ ရင်ခွင်ထဲကနေ မျက်နှာလေး လုံးဝမော့မလာပါလေတော့။

"ဟောဗျာ…ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ကိုကိုမေးတာလည်း မဖြေဘူး၊ ဒီမျက်နှာလေးက မော့စမ်းပါဦးကွာ၊ ဘာလို့ ခေါင်းကြီးငုံ့ထားရတာလဲ၊ အရှက်သည်းနေတဲ့ ကိုကို့မိန်းမ မျက်နှာလှလှလေးကိုလည်း ကိုကိုကြည့်ပါရစေဦး"

"ဟင့်အင်း…မကြည့်နဲ့"

"ဘာဖြစ်လို့"

"ရှက်လို့"

"ဘာရယ်…ချစ်လို့ဟုတ်လား"

"သူနော်…သူ"





"ကောင်မလေးနော်…ဘယ်ကသူလဲ၊ ခေါ်စမ်း ကိုကို့ကို ကိုကိုလို့"

"ဟင်…ခေါ်ချင်ပါဘူးနော်"

အမုန်းများ ရင်ထဲမရှိတော့သည့် သက်ထားမှာ နှုတ်ခမ်းလေးစူကာ မျက်စောင်းလေးခဲရင်းမှ မျက်နှာလှလှလေးကို တစ်ဖက်သို့ ဆတ်ခနဲ လွှဲပစ်လိုက်သည်။

"ဖေဖေ မေမေတို့နဲ့ အတူတူနေခဲ့ရတဲ့ ဟိုတုန်းက ဖြူစင်သန့်ရှင်းတဲ့ အချစ်နဲ့ ချစ်ခဲ့ရတဲ့ဘဝမျိုးလေးကိုပဲ ပြန်လိုချင်တယ်သိလား"

"အဟွန်း…ဟွန်း ကိုကိုကတော့ အဲဒီတုန်းကဘဝမျိုးလေးထက် ခုဒီဘဝလေးကိုပဲ ပိုပြီးသဘောကျတယ်၊ ဟိုတုန်းက ချစ်ခဲ့ရတဲ့ ၅၂၈ ချစ်ပေါ်မှာ ၁၅၀၀ အချစ်ပါ ထည့်ပေါင်းလိုက်တော့ ကိုကိုနဲ့ သက်ထားအချစ်က ဒီထက်ပိုပြီး မိုင်မာလေးနက်တဲ့အချစ် ရှိပါဦးတော့မလားကွ၊ သက်ထားကိုလေ ကိုကို ညီမလေးလိုလည်းချစ်တယ်၊ ချစ်ဇနီးလေးလိုလည်း ကြင်နာမြတ်နိုးခြင်းတွေနဲ့ ပိုချစ်ရတယ်၊ ကိုကို့အချစ်တွေကို မင်းလေး နားလည်စမ်းပါဗျာ"

"သွားပါ…ဒီလောကမှာ နွယ်ကိုသာ အချစ်ဆုံးဆို"

"ဘယ်သူပြောလဲ"

"သူပေါ့"

သက်ထားမှာ ဘုန်းဇော်ဟန့်အား မေးလေးဆတ်ပြတော့ ဘုန်းဇော်ဟန်သည် ချစ်ဇနီးလေး၏ ကလေးဆန်ဆန် ရန်တွေ့နေမှု လေးကို ချစ်မြတ်နိုးသည့် မျက်ဝန်းများဖြင့် အသည်းယားစွာ စိုက် ကြည့်လျက်က သက်ထားနှာခေါင်းလှလှလေးကို ချစ်စနိုးနှင့် ခပ်ဖွဖွ ဆွဲဖျစ်ညှစ်လိုက်ပြီး…

"သူပြောတာပဲ၊ ကိုကိုပြောတာမှမဟုတ်တာ ကိုကို့ဘဝ မှာတော့ ဒီကောင်မလေးတစ်ယောက်ပဲရှိတယ်၊ ဒီကောင်မလေးကို သိပ်သိပ်ချစ်တယ်"

"ဟွန်း…ယုံအောင်လည်းညာ"

"ဘာလဲ…ကိုကိုပြောတာကို သက်ထားက မယုံဘူး လား"

"ဘယ်သူက အဲလိုပြောလို့လဲ"

"မင်းလေးနော်…သိပ်အသည်းယားအောင် မလုပ်နဲ့ စိတ်မထိန်းနိုင်ရင် ဒီကောင်က ဖက်နမ်းပစ်လိုက်မှာဗျာ့"

"အို"

သူ့စကားကို တကယ်မှတ်ကာ ကြောက်ရွံ့သွားရသလို မျိုး မျက်နှာရဲရဲလေးနှင့် သူ့ရင်ခွင်ထဲက အတင်းရုန်းထွက်နေသည်





မို့…

"ဟိတ်…အဲဒါဘာဖြစ်တာလဲကွ"

"သက်ထားကိုလွှတ်"

"လွှတ်ရင် ကိုကို့ကိုချစ်တယ်လို့ ပြောမှာလား"

"အစကတော့ သက်ထားကိုမုန်းတယ်ဆို၊ ဘယ်တော့ မှလည်း သက်ထားကို ချစ်လာမှာမဟုတ်ဘူးဆို"

"ကြည့်စမ်း…အဲဒီစကားတွေ သက်ထားကို ဘယ် ကောင်ပြောသွားတာလဲ၊ ပြော"

ထိုစကားများကို သူမပြောခဲ့သလို ရှုတည်တည်မျက်နှာ ထားကြီးနှင့် အတည်ပေါက်ကြီး နောက်နေသည့် ကိုကို့မျက်နှာ ချောချောကြီးကို ကြည့်ရင်း ကိုကိုနဲ့ပတ်သက်ကာ ရင်မှာ တင်းထား သမျှ စိတ်တို့က ဘယ်လိုမှ မထိန်းနိုင်တော့သည်မို့ ကိုကို့လက် မောင်းကြီးကို အသည်းယားစွာ သူမ သွားချွန်ချွန်လေးများဖြင့် တအားဖိကိုက်ပစ်လိုက်သည်။

"ကဲ"

"အား"

"ဟင်…ကြည့်စမ်း"

"ကိုကို့ကို ကိုက်တယ်ဟုတ်လား"

“ဟုတ်တယ်”

“အဟွန်း…ကိုကို့မိန်းမကို လူမလေးမှတ်နေတာ ဟုတ်မှ မဟုတ်ဘဲ”

“ကိုကိုနော်”

“ဗျာ”

“ဘယ်လို…သက်ထား ကိုကို့ကို ဘယ်လိုခေါ်လိုက်တယ်”

“ကိုကိုနော် ကြားရက်နဲ့”

ပြောပြီးသည်နှင့် သက်ထားသည် ရှက်သွားရသလိုမျိုး သူ့မျက်နှာလေးကို သူ့ရင်ခွင်မှာ လာဖွက်ထားလိုက်သည်။

“ဟား…ဟား”

“သက်ထား…သက်ထား ကိုကို့ကို ပြန်ချစ်ပြီပေါ့နော်၊ ဟုတ်လား သက်ထား”

“ကိုကိုနော် သိရက်သားနဲ့၊ သက်ထား ရှက်ပါတယ်ဆို”

သက်ထားသည် သူ့အား တကယ်ပင် ရှက်နေသည်မှာ သိသာနေသည့် အသံလေးမှာ တုန်ခါနေရလေသည်။

“အဟွန်း…ဟွန်း…ဟွန်း”

“ချစ်ရယ်…ချစ်တာပဲ ရှက်စရာလားဗျာ၊ ဟောဒီနှုတ်ခမ်း



လှလှလေးက ကိုကို့ကိုချစ်တယ်ဆိုတာ ပြောစမ်းပါ”

ရှူရှူထူထူ သက်ထား၏ နှုတ်ခမ်းလှလှလေးကို ကောက်ကြောင်းလိုက်ရင်းက ဘုန်းဇော်ဟန်သည် ချစ်ဇနီးလေးအား မြတ်နိုးမဆုံးသော အကြည့်များဖြင့် ငေးစိုက်ကြည့်လျက် ပြောလိုက်သည်။

သက်ထားမှာလည်း ကိုကို့အား ပြန်လည်ချစ်မိနေရပြီမို့ သူမနှလုံးသားကို သူမ ဟန်မဆောင်ချင်တော့ပါ။

ထို့အတူ…

ကိုကို့ထံက ဘယ်တုန်းကမှ ရဲရဲဝံ့ဝံ့ မမျှော်မှန်းခဲ့သည့် ကြင်နာမြတ်နိုးခြင်းများကိုလည်း သက်ထားသည် မယုံနိုင်အောင် ကိုကို့ထံက ရရှိခဲ့ပြီမို့ ကိုကို့အချစ်တွေက သက်ထားရင်ထဲက အမုန်းများကို ချေဖျက်သွားခဲ့ရပြီဖြစ်သည်။

အချစ်စစ်…အချစ်မှန်ဆိုတာကို သေချာသိမြင်နားလည်သွားခဲ့သော ကိုကိုသည် သက်ထားအပေါ် တယုတယနှင့် မျက်စိအောက်က အပျောက်မခံနိုင်အောင် တကယ်ကို ချစ်နိုင်ရှာလွန်းသည်ပဲ။

ကိုကို့ကို ဟိုတုန်းက မောင်နှမလိုချစ်ခဲ့ရသော်လည်း ခုချိန်မှာတော့ ကိုကိုသည် သူမဘဝ၏ အိမ်ဦးသခင် သားရဲ့ဖခင်ပါလား ဆိုသည့် အတွေးနှင့် အသိကလည်း သက်ထားစိတ်ကို များစွာ

ပြောင်းလဲစေရတာနှင့်အတူ ဖြူစင်သန့်ရှင်းလွန်းသည့် သူမနှလုံးသားလေးအား အခါခါ ရစ်ပတ်ချည်နှောင်ထားသည့် အချစ်ဖွဲ့နှောင်ကြိုးများကိုလည်း သက်ထားအနေနှင့် ယခုအခါမှ ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။

သက်ထား၏ နှလုံးသားထဲတွင် ကိုကို၏ အချစ်ဖွဲ့နှောင်ကြိုးသည် ခိုင်မြဲစူးနစ်စွာ ရစ်ဖွဲ့နေရပြီဖြစ်သလို သက်ထားသည်လည်း ကိုကို့အား နက်ရှိုင်းစွာ ချစ်နေရပြီမဟုတ်ပါလား။

"ဟော့…ဘယ်လိုလဲကွ၊ ကိုကိုမေးတာကို မဖြေတော့ဘူးလား"

ကိုယ့်အတွေးနှင့်ကိုယ် အတွေးစိတ်များဖြင့် ကြည်နူးလိုက်ဖို့စွာ ငြိမ်သက်သွားရသော သက်ထားကို ဘုန်းဇော်ဟန်သည် နဖူးချင်းထိကာ အပြုံးနှင့်ဆိုလာလေသည်။

"သက်ထားက ဘာဖြေရမှာလဲ"

"ကိုကို့ကို ချစ်တယ်လို့ပေါ့"

"ကိုကိုရယ်…သက်ထား ဖြေဖို့လိုသေးလို့လားရှင်၊ ကိုကို့ကို သက်ထား ချစ်တာသိရက်နဲ့"

"အဟွန်း…သိပေမယ့်လည်း ဒီကောင်က ကြားချင်သေးတယ်ကွ"





"ပြော…ချစ်လား"

"ချစ်ပါတယ်ကိုကိုရယ်၊ သိပ်ချစ်ပါတယ်ရှင်"

"သက်ထားရယ်"

အလိုချင်ဆုံးဆု အကြားချင်ဆုံးစကားကို ကြားရပြီမို့ ဘုန်းဇော်ဟန်ရင်ထဲ အတိုင်းမသိ ပျော်ရွှင်ကြည်နူးသွားရကာ ပျော်ရလွန်းသည့်စိတ်ဖြင့် သူ၏ရင်ခုန်သံများကလည်း ဆယ်ကျော်သက်လူပျိုပေါက်တစ်ယောက်၏ ရင်ခုန်သံမျိုး တဒိတ်ဒိတ် အခုန်မြန်လာရသည်။

သက်ထား သူ့ကို ပြန်ချစ်ပြီဟူသောအသိက သူ့ရင်ကို အထိန်းအချုပ်မဲ့စေလောက်အောင် ကြည်နူးလိုက်ဖိုခြင်းများဖြင့် ဖြာဝေနေရသည်မို့ သူ့မျက်နှာချောချောကြီးမှာ လိုချင်တာရသွားသည့် ကလေးငယ်တစ်ယောက်လို ကြည်နူးကျေနပ်ခြင်းများဖြင့် ရင်ဝယ် တသိမ့်သိမ့် ခုန်လျက် သက်ထားအား တင်းတင်းလေးဖက်ထားရင်းက ပါးပြင်နုနုအား ရှိုက်ရှိုက်နမ်းလို့ မဆုံးနိုင်အောင် ရှိနေရသည်။

"ဖယ်ပါနော်…ခုမှအဖြစ်သည်းမနေပါနဲ့၊ အစကတော့ သူပဲ လူကို ခုထသတ်တော့မယ့်ပုံနဲ့ တစ်ချိန်လုံး ရန်လုပ်နေတဲ့သူကများ"

"ရန်လုပ်တယ်လို့ မပြောပါနဲ့ကွာ၊ ကိုကို မင်းလေးကို

အစကတည်းက ချစ်တာပါ''

''ဟင်…ဟုတ်လည်းဟုတ်ပဲနဲ့''

''ဟောဗျာ…ခင်ဗျားလေးက ကိုကိုချစ်တာကို မေ့နေတာ ကိုးဗျ၊ သက်ထား ပြန်စဉ်းစားကြည့်စမ်းပါဦး၊ ကိုကို သက်ထားကို ချစ်မိသွားတဲ့ အချိန်ကစပြီး သက်ထားမကြိုက်တဲ့အရာတွေကို ကိုကို လုံးဝမသောက်တော့တာ ခုထိပါ၊ နောက်ကိုလည်း ဘယ်တော့မှ သောက်မှာမဟုတ်တော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ ခင်ဗျားလေးသိ လား''

''ဘယ်သိမလဲ…ကိုကို့စိတ်နဲ့ ကိုကိုပဲ''

''ကိုကို အဲလိုလိမ္မာတာ သက်ထားကြောင့်၊ သက်ထား ကို သိပ်ချစ်သွားမိလို့ ဒီကောင်မလေး မကြိုက်တာတွေကို ဘာမှ မလုပ်တော့တာသိလား''

''ကိုကိုရယ်''

ထားဝစဉ် မျက်နှာကြီးမှုန်တည်ကာ သက်ထားအား ရန်လို နေတတ်သူ ကိုကိုမှ ဟုတ်ပါလေရဲ့လားလို့ မယုံနိုင်သည့် မျက်ဝန်း များဖြင့် ကိုကို့အား ဖျတ်ခနဲမော့အကြည့်…

''ဘာလဲ…သက်ထား ကိုကို့အချစ်တွေကို မယုံဘူး လား''





သက်ထားအကြည့်ကို နားလည်သည့် ဘုန်းဇော်ဟန်မှာ ချစ်ဇနီးလေးကို အပြုံးနှင့်ကြည့်ကာ မေးလိုက်သည်။

''မယုံတာမဟုတ်ပါဘူး ကိုကို၊ သက်ထား မယုံရဲတာ ပါ''

''ဘာလို့ အဲလိုပြောရတာလဲကွ''

''ကိုကိုက နွယ်ကိုသိပ်ချစ်ခဲ့တယ်မဟုတ်လား''

''အဟွန်း…ဒါကြောင့်ကိုး၊ အဲဒါကြောင့်ဆိုရင်တော့ သက်ထား ကိုကို့ကို စိတ်ချလက်ချ ယုံလိုက်တော့ ကိုကို့ဘဝမှာ နွယ်ဆိုတာ လုံးဝမရှိတော့ဘူး၊ နွယ်ကို ကိုကိုချစ်တယ်လို့ထင်ခဲ့ တာလည်း ခုပြန်တွေးကြည့်တော့ တကယ်မဟုတ်မှန်း သိခဲ့ရတယ်၊ ဘာဖြစ်လို့လဲသိလား''

''ဟင့်အင်း''

''မသိရင်မှတ်ထား…နွယ်က ကိုကို့ကို အခွင့်အရေးတွေ အများကြီးပေးခဲ့ပေမယ့် ကိုကိုနဲ့နွယ် ရှင်းခဲ့တယ်''

''ဟင်…မရှင်းတာဘာလဲ''

''အဟွန်း…ဟွန်း…ဟွန်း မရှင်းတာက ဟောဒီက ကောင်မလေး''

''ကိုကိုနော်…ဒါ ဘာစကားလဲ၊ သက်ထားတို့က

တစ်သက်လုံး ဘယ်ယောကျ်ားလေးနဲ့မှ အရောတဝင် နေခဲ့တာ မဟုတ်ဘူး၊ ဒါကြောင့် မရှင်းစရာ ဘာမှမရှိဘူး''

ဒေါသကြောင့် ချက်ချင်းဆိုသလို တင်းမာသွားရသည့် သက်ထားမျက်နှာလှလှလေးကို ကြည့်ပြီး ဘုန်းဇော်ဟန်သည် ရိုးရှင်းလွန်းသည့် ချစ်ဇနီးအတွက် ဂုဏ်ယူကျေနပ်ခြင်းများနှင့်အတူ ဖြူစင်လွန်းတဲ့ ချစ်သူလေးအပေါ် အချစ်များလည်း တိုး၍သွားရသည်။

တစ်ဆက်တည်း သူ့ကို စလို့စမှန်းမသိဘဲ သူ့ရင်ခွင်ထဲက အဘင်းရန်းထွက်နေသူလေးကို ဘုန်းဇော်ဟန်သည် ချစ်အသည်းယားစွာ ပို၍မချင့်မရဲဖြစ်သွားရပြီး…

''ဘာလဲကွာ…ဘာလို့စိတ်ကောက်သွားရတာလဲ၊ ကိုကို ပြောတာလည်း ဆုံးအောင်နားထောင်ဦးမှပေါ့၊ ကိုကို့ကို နွယ် အခွင့်အရေးပေးခဲ့ပေမယ့် ကိုကိုနဲ့နွယ်နဲ့ ရှင်းခဲ့တယ်၊ ကိုကိုနဲ့မရှင်းဘဲ အစွန်ဆုံးတိုင် ချစ်ခဲ့ရင်းနှီးခဲ့တာက ဟောဒီက သက်ထားဆိုတဲ့ ကိုကို့ချစ်ဇနီးလေးဆိုတာကို ပြောမလို့ဗျာ၊ ဒါကို ဘယ်နှယ့် အတင်းရုန်းထွက်နေရတာလဲ''

''အို''

သက်ထားမှာ ယခုမှ သူမအကြောင်းပြောသည်ကို သိသွား



ရတော့ မျက်နှာလှလှလေးတစ်ပြင်လုံး ရဲတွတ်နီမြန်းသွားရသည်။

ရှက်လိုက်တာနော် သိပ်ရှက်ဖို့ကောင်းတာပဲ။ ကိုကိုလူဆိုး တော်တော်ဆိုးပါလား။

စကားကို ရှင်းအောင်မပြောသည့် ကိုကို့ကို သက်ˆ : သည် မျက်စောင်းလှလှလေး ထိုးလိုက်သည်။

''အဲဒီတုန်းက ကိုကို သက်ထားကို ချစ်လို့မှမဟုတ်ဘဲ သက်ထားအပေါ် တမင်အနိုင်ယူချင်လို့များ တကယ်ချစ်တာလည်း မဟုတ်ဘဲနဲ့''

''ဒီကောင်မလေးတော့ကွာ…ခင်ဗျားလေးကို မချစ်ဘဲနဲ့ ကျုပ်က အနိုင်ယူပါ့မလား၊ ခင်ဗျားလေးပဲ စဉ်းစားကြည့်ပါဦး''

''သွားပါ…ဘာမှန်းလည်းမသိဘူး''

သည်တစ်ခါတော့ သက်ထား ဘာမှမပြောနိုင်တော့ဘဲ ရှက်ရှက်နှင့် ခေါင်းလေးငုံ့ဆင်းသွားရလေသည်။

မငုံ့လို့ကလည်း မဖြစ်တော့။

စူးရှတောက်ပလွန်းသည့် ကိုကို၏ ချစ်ရည်လျှမ်းနေသော မျက်ဝန်းအကြည့်ဒဏ်ကို သက်ထားသည် ရင်ဆိုင်နိုင်စွမ်းမရှိတော့သောကြောင့် ဖြစ်သည်။

''သက်ထား''

"ဟင့်အင်း"

"ရော…ဒါကဘာဖြစ်ရတာလဲ"

"ရှက်တယ်"

"ဘယ်သူ့ကိုလဲ"

"ကိုကို့ကို"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

ကြုံကြုံဖန်ဖန် အရှက်သည်းနေသည့် ချစ်ဇနီး၏အဖြစ်ကို ဘုန်းဇော်ဟန်သည် သဘောကျစွာ အလယ်မေးတွဲလေး ချိုင့်ဝင်သွားရသည့်အထိ ရယ်တော့ သက်ထားသည် ပို၍ရှက်လို့မဆုံးဖြစ်သွားကာ…

"ကိုကိုနော် မရယ်နဲ့ဆို"

"အင်း…မရယ်ဘူး…မရယ်ဘူး"

သက်ထားစကားကို ဘုန်းဇော်ဟန်သည် ရယ်မြူးရိပ်သမ်းနေသော မျက်ဝန်းများဖြင့်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

သို့သော် မျက်နှာချောချောကြီးကတော့ မချိုမချဉ် ရှိနေရလေသည်။

သက်ထားမှာ သူမကိုကြည့်ကာ ပြုံးစိစိဖြစ်နေရသည့်





ကိုကို့မျက်နှာချောချောကြီးကို မျက်နက်ဝန်းပြာပြာကြီးနှင့် မျက်စောင်းလေးခဲကာ ကြည့်လိုက်ပြီး…

"ကိုကိုနော် မျက်နှာကြီးကိုက ဘာဖြစ်နေတာလဲ"

"သက်ထားကို ချစ်နေတာလေ"

"ဟာ…သွား"

သွားဆိုသည့်သူက မသွားဘဲ တကယ်တမ်းသွားရသူ သက်ထားမှာ အချစ်လှုကြမ်းကြီး ကိုကို့ရင်ခွင်ထဲ သူမတစ်ကိုယ်လုံး ဈွေ့ခနဲ ရောက်ရှိသွားရလေသည်။

"ဟင်…ဘာလုပ်တာလဲ၊ လွှတ်"

"အဟွန်း…သိပ်ချစ်ရတဲ့ ကိုကို့ဇနီးလေးကို ဘယ်လိုလုပ် လွှတ်နိုင်တော့မှာလဲကွ"

"ကိုကိုလူလည်"

ပြောပြီး သက်ထားက မျက်နှာနီနီလေးဖြင့် သူ့ရင်ခွင်မှာ မျက်နှာလေးအပ်လိုက်တော့ ဘုန်းဇော်ဟန်သည် မြတ်နိုးချစ်မဝနိုင်စွာ ကြည်နူးခြင်းများစွာဖြင့် တင်းတင်းလေး ထွေးဖက်ထားလိုက်သည်။

"ချစ်"

"ဟင်"

"ကိုကို့ကိုချစ်လား"

"မုန်းတယ်"

"အေး…မုန်းတဲ့ကောင်မလေး လာခဲ့"

"အာ"

အနမ်းလေးတွေနှင်းဆီဖူးလေးလို နီရဲစိုဥနေရသော သက်ထား၏ နှုတ်ခမ်းဖူးဖူးလေးပေါ် အချိန်ကြာစွာ ဖူးပွင့်ဝေဆာသွားရသည်။

သက်ထားမှာ ကိုကို့ရင်ခွင်ထဲတွင် မျက်နှာလေးအပ်ရင်းက အချစ်လူဆိုးကြီး ကိုကို့အား ရှက်ရှက်နှင့် သူ့ဗိုက်ခေါက်ကြီးကို မနာကျင်အောင် ဆွဲလိမ်လိုက်သဖြင့် သက်ထား၏ လက်ကလေးကို မြတ်နိုးစွာ ဖမ်းယူနမ်းရှိုက်ရင်း…

"ကိုကို့ကို မုန်းသေးလား"

"ဟင့်အင်း"

"ဒါဖြင့်"

"ချစ်တယ်…သိပ်ချစ်ပါတယ် ကိုကိုရယ်"

"ကိုကို့အသက်ရယ်"

"အို"

သက်ထားမှာ ချစ်တယ်ပြောပြန်တော့လည်း မသက်သာ





ပါ။

ဩော်…တကယ်တော့ ကိုကိုဆိုတာက သက်ထားဟိုအရင်ကတည်းက ချစ်ခင်သံယောဇဉ်ရှိလာရသူ ဖြစ်သလို အိမ်ထောင်သည်ဘဝ ရောက်ပြန်တော့လည်း သား၏ဖခင်၊ သူမ၏ ချစ်ခင်ပွန်းအဖြစ် ကိုကို့အပေါ် ဘယ်လိုမှ မုန်းလို့မရဘဲ ချစ်တာကတော့ ချစ်နေရသည်မဟုတ်ပါလား။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ။

**ရွှေအဥ္ဇလီ**